# အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်း

## မဂ္ဂဇင်းစာစောင်

အမှတ်စဉ် ၃၀
၂၀၀၈ ခုနှစ် ဧပြီလ



# မောင်းနှင်ထုတ်ခံရသည့်မြန်မာလူထု

Refugee Studies Centre
USAID FROM THE AMERICAN PEOPLE
INTERNATIONAL RESCUE COMMITTEE
ဒွက္ခသည်လေ့လာရေးဌာနချုပ်၊ အောက်စ်ဖို့ဒ်တက္ကသိုလ်





# အယ်ဒီတာများထံမှ

မိမိတို့အနေနှင့် ယခုနေရပ်မှအတင်းအဓမ္မရွှေ့ပြောင်းခံရခြင်း မဂ္ဂဇင်းစာစောင် FMR က မြန်မာလူထုအပေါ် ဖိအားပေး၍ နေရပ်ပြောင်းရွှေ့စေမှု၏ အကြောင်းအရာအား နိုင်ငံတကာက ပိုမိုဂရုထားလာစေရေးအတွက် အကူအညီဖြစ်စေမည်ဟု မျှော်လင့်ပါသည်။ ဤစာစောင်တွင် ဆောင်းပါး ၂၉ ခုပါဝင်၍ နေရပ်မှမောင်းနှင်ထုတ်ခံရသည့် အကြောင်းအရာအတိုင်းအတာ၊ မောင်းနှင်ထုတ်ခံရသည့်လူထုအား ထိခိုက်စေသည့် အခြေခံအကြောင်းတရားများနှင့် အဖြေရှာဖွေမှုတို့အား လေ့လာဖော်ထုတ်ထားသည်။

ဤမဂ္ဂဇင်းသည် အခမဲ့ဖြစ်ကာ မြန်မာ၊ အင်္ဂလိပ်၊ အာရပ်၊ ပြင်သစ်နှင့် စပိန်ဘာသာတို့ဖြင့် ပုံနှိပ်ထုတ်ဝေ ထားခြင်း ဖြစ်သည်။ မိမိတို့အနေနှင့် တကမ္ဘာလုံးရှိ လူပုဂ္ဂိုလ်တစ်ဦးခြင်း၊ အဖွဲ့အစည်းများထံသို့ စာစောင်အရည်အတွက် ၁၈၀၀၀ ပို့ပေးမည်ဖြစ်သည်။

စာစောင်များထပ်မံလိုအပ်ပါက fmr@qeh.ox.ac.uk သို့ အီးမေးလ်ပို့အကြောင်းကြားခြင်း သို့မဟုတ် တဖက်ပါ လိပ်စာအတိုင်း စာရေးသားတောင်းဆိုနိုင်ပါသည်။

မြန်မာနှင့် အင်္ဂလိပ် ဘာသာစကား ပုံနှိပ်ထုတ်ဝေမှုတို့အား www.fmreview.org/burma.htm တွင် အွန်လိုင်း ဖတ်ရှုနိုင်ပါသည်။ ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ဆောင်းပါးတို့အား သို့မဟုတ် ဤစာစောင်တစ်ခုလုံးအား နေရာရွှေ့ပြောင်းထုတ်ဝေခြင်းအား လွတ်လပ်စွာ လုပ်ဆောင်နိုင်ပါသည်။ သို့သော် မူရင်းနှင့် ဝက်ဆိုဒ်တို့အား အသိအမှတ်ပြုဝန်ခံခြင်း ဆောင်ရွက်ပေးပါက မိမိတို့အနေနှင့် အလွန်ဝမ်းမြောက်မိမည်ဖြစ်ပေသည်။

မိမိတို့အနေနှင့် စာရေးသူအားလုံး၏ ထောက်ပံ့ကူညီမှုများနှင့် ဤစာစောင်ဖြန့်ချိနိုင်ရေးအတွက် အကူအညီပေးခဲ့ကြသည့် ပုဂ္ဂိုလ်အားလုံးတို့အား ကြေးဇူးတင်ရှိပါသည်။ ထိုင်းနိုင်ငံ နိုင်ငံတကာကြက်ခြေနီကော်မီတီနှင့် အမေရိကန်အထောက်အပံ့ပေးအဖွဲ့ USAID တို့အား ၎င်းတို့၏ ဤမြန်မာဘာသာဖြင့် ပုံနှိပ်ထုတ်ဝေမှုအပေါ် သဒ္ဓါတရားထက်သန်စွာ ရံပုံငွေလှူဒါန်းပေးအပ် ထောက်ပံ့မှုအားလည်း ကြေးဇူးတင်ရှိပါသည်။

နေရပ်မှအတင်းအဓမ္မပြောင်းရွှေ့ခံရခြင်းစာစောင်ကို ဗြိတိသျှနိုင်ငံ အောက်စ်ဖို့ဒ် တက္ကသိုလ်ရှိ ဒုက္ခသည်လေ့လာရေးဌာနချုပ်မှ အင်္ဂလိပ်၊ အာရပ်၊ စပိန်နှင့် ပြင်သစ်ဘာသာစကားတို့ဖြင့် တနှစ်လျှင် သုံးကြိမ်ထုတ်ဝေသည်။

FMR စာစောင်က မူဝါဒရေးဆွဲသူများ၊ လက်တွေ့ကျင့်သုံးသူများ၊ သုတေသနပညာရှင်များနှင့် အချက်အလက်နှင့် အတွေ့အကြုံနှင့် အကြံပြုချက်တို့အား ဒုက္ခသည်များ၊ စစ်ပြေးဒုက္ခသည်များနှင့် နိုင်ငံမဲ့တို့အား ထိခိုက်စေသည့် အချက်များအား ဝေမျှလိုသည့် နေရပ်မှမောင်းနှင်ထုတ်ခံရသူများကိုယ်တိုင်တို့၏ လက်တွေ့ မိတ်ဆက်ဆောင်းပါးတိုများကို တင်ပြထားသည်။ စာဖတ်ပရိသတ်တို့အနေနှင့် အခြားကွဲပြားနိုင်ငံများနှင့် မတူညီသည့်အခြေအနေများမှ လူထုတို့အနေနှင့် ပဋိပက္ခနှင့် အတင်းအကြပ်ဖိအားပေး မောင်းနှင်ထုတ်ခြင်းတို့ကြောင့် မည်သို့ ထိခိုက်မှုဖြစ်စေသည်၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် နိုင်ငံတကာဌာနအဖွဲ့အစည်းများ၊ အစိုးရများနှင့် နေရပ်မှမောင်းနှင်ထုတ်ခံရသူတို့အနေနှင့် မည်သို့ အဖြေရှာမှု လုပ်ဆောင်နေသည်တို့ကို လေ့လာကြသည်။

စာစောင်တိုင်းတွင် အဓိကဆိုလိုရင်းအာဘော်နှင့် အရန်ဆောင်းပါးများအား အတင်းအဓမ္မဖိအားပေး မောင်းနှင်ထုတ်ခြင်း ရှုထောင့်တို့ကိုပါ အသားပေးဖော်ပြထားသည်။ ယခင်အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သည့် စာစောင်များအား ဥပမာအနေနှင့် www.fmreview.org/mags1.htm တွင် တွေ့ရှိနိုင်ပါသည်။

မည်သည့် စာစောင်ကိုမဆို သို့မဟုတ် နောင်လာမည့်စာစောင်တို့အား လက်ခံရရှိလိုပါက fmr@qeh.ox.ac.uk သို့ အီးမေးပို့တောင်းခံခြင်း သို့မဟုတ် တဖက်ပါလိပ်စာအတိုင်း စာရေးအကြောင်းကြားနိုင်ပါသည်။ မှတ်ချက်အနေနှင့် ဤစာစောင်မှာ အခြေအနေအရ မြန်မာဘာသာစကားဖြင့် ထုတ်ဝေတင်ဆက်ထားနိုင်သည့် တစ်ခုတည်းသောစာစဉ် ဖြစ်ပါကြောင်း။

ဆမ္မန်ဖြင့်

မာရီယန် ကလောက်ရေး နှင့် မောရစ်စ် ဟာဆန်

အယ်ဒီတာများ

နေရပ်မှအတင်းအဓမ္မရွှေ့ပြောင်းခံရခြင်းစာစောင်
ယခင်ထုတ်ဝေခဲ့သည့်စာစောင်အားလုံးအား အင်္ဂလိပ်ဘာသာဖြင့် www.fmreview.org/mags1.htm
တွင် အင်တာနက်အွန်လိုင်း ဖတ်ရှုနိုင်ပါသည်။ ယခင်လက်ရွေးစင်စာစောင်များမှ အဓိကအာဘော်များ




ဆူနာမီ




လူကုန်ကူးခြင်း

## နေရပ်မှအတင်းအဓမ္မရွှေ့ပြောင်းခံရခြင်းစာစောင်

နေရပ်မှအတင်းအဓမ္မရွှေ့ပြောင်းခံရခြင်းစာစောင်က သုတေသနပညာရှင်များ၊ ဒုက္ခသည်များ စစ်ပြေးဒုက္ခသည်များနှင့် ၎င်းတို့နှင့်အတူ အလုပ်လုပ်နေကြသူတို့၏ လက်တွေ့အတွေ့အကြုံများ၊ သတင်းအချက်အလက်နှင့် အတွေးအခေါ်များတို့အား ပုံမှန်ဖလှယ်ကြရာ ဟစ်တိုင်တစ်ခုကို ပေးအပ်ထားသည်။ အောက်စ်ဖို့ဒ်တက္ကသိုလ်၊ ဒုက္ခသည်လေ့လာရေးဌာနချုပ်မှ အင်္ဂလိပ်၊ အာရပ်၊ စပိန်နှင့် ပြင်သစ်ဘာသာတို့ဖြင့် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည်။ နေရပ်မှအတင်းအဓမ္မရွှေ့ ပြောင်းခံရခြင်းစာစောင်အား နော်ဝေးဒုက္ခသည်ကောင်စီနှင့် ပူးပေါင်း၍ ၁၉၈၈ ခုနှစ်တွင် စတင်ဖြန့်ဝေခဲ့သည်။

## အယ်ဒီတာများ

မာရီယန် ကလောက်ရေး နှင့် မောရစ်စ် ဟာဆန်

အကျိုးဆောင်

ဟိုက်ဒီ အိုင်–မက်ဂရီစီ

ဘာသာပြန်ဆိုသူများ

ကိုမြတ်သူ myatthu@email.com

ကလူဖော kalupaw@gmail.com

Forced Migration Review
Refugee Studies Centre
Department of International Development
University of Oxford, 3 Mansfield Road,
Oxford OX1 3TB, UK
Email: fmr@qeh.ox.ac.uk
Tel: +44 (0)1865 280700
Fax: +44 (0)1865 270721
Skype: fmreview

ဝက်ဘ်ဆိုဒ်

www.fmreview.org

မူပိုင်ခွင့်နှင့် မသက်ဆိုင်ကြောင်းရှင်းလင်းချက်

မည်သည့် FMR ပုံနှိပ်ထုတ်ဝေမှု သို့မဟုတ် အွန်လိုင်းပါ အချက်အလက်တို့ကိုမဆို လွတ်လပ်စွာ ပြန်လည်ထုတ်ဝေနိုင်ပါသည်။ သို့သော် ဖြစ်နိုင်ပါက မူရင်း FMR ဝက်ဘ်ဆိုဒ်နှင့် ဆောင်းပါးမူရင်း ရရှိသည့် ဝက်ဘ်ဆိုဒ်လိပ်စာ URL အား ပြန်လည်ဖော်ပြပေးရန်ဖြစ်သည်။

FMR တွင်ပါဝင်သည့် သဘောထားများမှာ အယ်ဒီတာများ၊ ဒုက္ခသည်လေ့လာရေးဌာနချုပ် သို့မဟုတ် အောက်စ်ဖို့ဒ်တက္ကသိုလ်တို့၏ အမြင်တို့အားထင်ဟပ်မှုမရှိပါ။

ဤပုံနှိပ်ထုတ်ဝေမှုအား နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး အမေရိကန်အေဂျင်စီ USAID မှ ပူးပေါင်းထုတ်ဝေမှုသဘောတူညီချက်အမှတ် 486-A-00-05-00006-00 ဖြင့် ထုတ်ဝေခြင်းဖြစ်သည်။ ပါဝင်သည့်အကြောင်းအရာများအနေနှင့် USAID ၏ အမြင် သို့မဟုတ် အမေရိကန်အစိုးရအမြင်တို့အား ထပ်ဟပ်မှုမပြုပါကြောင်း။

ဒီဇိုင်း Art24

www.art-24.co.uk

ပုံနှိပ်စက်

ရက်တနာကူလ် ပုံနှိပ်တိုက်

rattanakul_press@hotmail.com

ISSN 1460-9819

မျက်နှာဖုံးဓာတ်ပုံ

မြန်မာ့တပ်မတော်စစ်သားများချဉ်းကပ်လာသည်ကိုကြားသိရပြီး နောက် ထွက်ပြေးနေသည့် ရွာသားများ။ ဤဓာတ်ပုံကို သတင်းမီဒီယာအခကြေးငွေမယူဘဲ မြန်မာလူထုအားကူညီသည့်အနေဖြင့် ပေးအပ်ခဲ့သည့် မြန်မာနိုင်ငံလွတ်မြောက်ရေးရိန်းဂျားတပ်ဖွဲ့ထံမှ ရရှိသည်။

# မောင်းနှင်ထုတ်ခံရသည့်မြန်မာလူထု


အဖွင့်အမှာစကား နိုင်ငံတွင်းမှမောင်းနှင်ထုတ်ခြင်းခံရသော မြန်မာပြည်သူများ
Inge Brees .......... 4

အပြောင်းအလဲ အရေးပေါ်လိုအပ်နေသည့် မြန်မာနိုင်ငံ
Douglas Alexander .......... 6

နိုင်ငံတကာအသိုင်းအဝိုင်း၏ ကာကွယ်စောင့်ရှောက်ရေးတာဝန်
Kavita Shukla .......... 7

ထွက်ပြေးရခြင်းအကြောင်းရင်းနှင့် ပြန်လမ်းခရီးအတားအဆီးဖြစ်သည့် မြေမြုပ်မိုင်းများ
Yeshua Moser-Puangsuwan .......... 9

မြန်မာ့မြို့တော်ဟောင်းမှအစမှ ပြောင်းရွှေ့စေခိုင်းခြင်း
Donald M Seekins .......... 10

ထိုးနှက်မှုအောက်ကဘဝလမ်း
David Eubank .......... 10

ကြောက်မက်ဖွယ်ရာပြည်နယ် အတ္တရယ်ကျရောက်နေသည့် အမျိုးသမီးများ
The Karen Women's Organisation .......... 12

လူသားချင်းစာနာသည့်လုပ်ပိုင်ခွင့်အားဖွဲ့ထုတ်ခြင်း
Jean-François Durieux and Sivanka Dhanapala .......... 13

မြန်မာနိုင်ငံတွင် 'ဖိအားပေးနှင်ထုတ်မှု'အား အနက်ဖွင့်ခြင်း .......... 16

ပြည်တွင်းစစ်ပြေး ဒွှသည်များအတွက် လူသားချင်းစာနာသည့် အထောက်အပံ့ (လုပ်ဆောင်ချက်များနှင့် ဆွေးနွေးချက်များ)
Ashley South .......... 17

ပြည်တွင်းစစ်ပြေး ဒုက္ခသည်များ၏ဆန့်ကျင် ခုခံရေးနည်းဗျူဟာများ
Poe Shan K Phan and Stephen Hull .......... 18

မြန်မာနိုင်ငံအရှေ့ပိုင်း၏နာတာရှည်အရေးပေါ်အနေအထားအားတုန့်ပြန်ခြင်း
The Thailand Burma Border Consortium .......... 20

မြန်မာနိုင်ငံတွင်းမျိုးဆက်ပြန့်ပွားရေး ဆိုင်ရာကျန်းမာရေး ဆောင်ရွက်ရေးဦးစားပေး
John Bercow .......... 22

နစ်ရှည်ပြည်ပရောက်အနေအထားမှ အိမ်အဖြစ်ခံစားမှု
Sandra Dudley .......... 23

နည်းပညာနှင့် နယ်စပ်မြေမှကရင်လူထု
Rachel Sharples .......... 24

ဒုက္ခသည်တို့၏ပါဝင်ဆောင်ရွက်မှုအား လစ်လျူရှုခံရခြင်း
Marie Theres Benner, Aree Muangsookjarouen,
Egbert Sondorp and Joy Townsend .......... 25

စခန်းလူ့အသိုင်းအဝိုင်းအခြေပြုစီမံခန့်ခွဲရေး
Sally Thompson .......... 26

တရားမျှတမှုအခွင့်အလမ်းနှင့် တရားဥပဒေစိုးမိုးရေး
Joel Harding, Shane Scanlon, Sean Lees,
Carson Beker and Ai Li Lim .......... 28

ထိုင်းနိုင်ငံတွင်မမြင်ရသူ ကာကွယ်စောင့်ရှောက်ရေး လိုအပ်ချက်မှတ်တမ်းတင်ခြင်း
Margaret Green, Karen Jacobsen and Sandee Pyne .......... 31

ထိုင်းနိုင်ငံတွင်း ခိုလှုံခွင့်ရရှိရေးရှာဖွေနေသည့်မြန်မာလူမျိုးများ မည်သည့်အရပ်သို့ ဦးတည်ရမည်မသိ
Chen Chen Lee and Isla Glaister .......... 33

ဘင်္ဂလားဒေ့ရှ်ရောက် ရိုဟင်ဂျာများနှင့် ဒွှသည်အဆင့်အတန်း
Pia Prytz Phiri .......... 34

ကိုးရီးယား၊ အိန္ဒိယနှင့်မလေးရှားနိုင်ငံရောက် ချင်းဒုက္ခသည်များ
Amy Alexander .......... 36

လူ့အခွင့်အရေးဆောင်ရွက်မှုများဖြစ်ပွားစေသည့် ဝင်ရောက်နေထိုင်ခြင်းနှင့်လူကုန်ကူးခြင်း
Nikolas Win Myint .......... 38

အာရှ၏ သစ်လွင်သည့် လှေလိုက်သူများ
Chris Lewa .......... 40

မြန်မာနိုင်ငံ၏ မေ့ပျောက်ထားခြင်းခံရသည့် ပြည်သူများ
Nyi Nyi Kyaw .......... 41

ကျန်နေခဲ့ရန်ခက်ခဲသည့် အစုအပြုံလိုက်ရွှေ့ပြောင်းနေရာချထားမှု၏အကျိုးဆက်
Susan Banki and Hazel Lang .......... 42

ပြန်လည်နေရာချထားရေးနှင့်ပတ်သက်သည့်အပေါ်ကရင်လူထု၏အသံများ
The Karen Women's Organisation, with Sarah Fuller
and Eileen Pittaway .......... 45

နှောင့်နှေးကြာမြင့်နေသည့်ဒုက္ခသည်အခြေအနေတရပ်၏ပညာရေးအပြောင်းအလဲ
Marc van der Stouwe and Su-Ann Oh .......... 47

မွှော်ဖြင့်ရှက်ဖီးသို့
Patricia Hynes and Yin Mon Thu .......... 49

မြန်မာနိုင်ငံနှင့် နာဂစ်စ်ဆိုင်ကလုံးမုန်တိုင်း .......... 52





လိင်ပိုင်းဆိုင်ရာရက်စက်မှု




တောင်ပိုင်းသားတို့၏ အရည်အချင်းမြှင့်တင်ရေး




လူသားချင်းစာနာရေးပြုပြင်ပြောင်းလည်းမှု

## အဖွင့်အမှာစကား

# နိုင်ငံတွင်းမှမောင်းနှင်ထုတ်ခြင်းခံရသော မြန်မာပြည်သူများ

အင့်ဂျ် ဘရီးစ်

စက်တင်ဘာ ၂၀၀၇ တွင်ဖြစ်ပွားခဲ့သည့် ရွှေဝါရောင်တော်လှန်ရေးက မြန်မာနိုင်ငံကို နိုင်ငံတကာ၏ အဓိက အာရုံစိုက်ရာ အနေအထားသို့ရောက်ရှိလာစေရန် တွန်းပို့ခဲ့ပေသည်။ အချုပ်အားဖြင့် စစ်အစိုးရအနေနှင့် မည်သို့တုန့်ပြန်မည်ကို စောင့်ကြည့်စရာ သတင်းခေါင်းကြီးဖြစ်ခဲ့၍ ဒီမိုကရေစီနှင့် အခွင့်အရေးများ ပြန်လည်ရရှိရေးဆီသို့ တိုးတက်မှုအရိပ်အငွေ့များကို မျှော်လင့်စရာဖြစ်ခဲ့ရသည်။ အတိုက်အခံနှင့် စစ်အစိုးရနှစ်ဘက်စလုံး ထပ်မံလုပ်ဆောင်ချက် အနည်းငယ်ကလေးသာရှိသည့်အတွက် (တုန့်ပြန်အကြမ်းဖက်မှု သို့မဟုတ် ထင်ရှားသည့်ဆပြုမှု ပြန်လည်ဖြစ်ပေါ်လာခြင်းလည်းမရှိ) နိုင်ငံတကာ၏ စိတ်ဝင်စားမှုမှာလည်း ယွဲ့ယွဲ့မျှသာရှိသည်။ နေရပ်မှအတင်းအဓမ္မရွှေ့ ပြောင်းခံရခြင်းစာစောင် **(FMR)** အနေနှင့် အဓိဖိအားပေးနှင်ထုတ်နေမှု ကပ်ဆိုဒ်နေသည့် မြန်မာလူမျိုးများ၏ အကြောင်းကို နိုင်ငံတကာသို့ မီးမောင်းထိုးပြနိုင်ရေးအတွက် ပြန်လည် ဖော်ထုတ်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာသံဃာတော်များဦးဆောင်သည့် စက်တင်ဘာဆပြလှုပ်ရှားမှုများကို ဆင်းရဲတွင်းနက်နေပြီးသားလူထုအား အပြင်းအထန်ထိခိုက်စေသည့် လောင်စာဆီဈေးနှုန်း များ ရုတ်တရက်မြှင့်တင်လိုက်မှုက စတင်မီးမွှေးပေးခဲ့သည်။ ရက်အနည်းငယ်ကြာပြီးနောက်တွင် ငြိမ်ဝပ်ပိပြားမှုကို ထိပါး နှောင့်ယှက်သည်ဟုဆိုကာ အစိုးရက ရက်စက်ကြမ်းကြုတ်စွာ အဆုံးသတ်ခဲ့သည်။ ကမ္ဘာပေါ်ရှိအစိုးရအားလုံးက ထိုဖြိုခွင်းချေမှုန်းမှုအား ရှုတ်ချခဲ့ကြပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မြန်မာ အာဏာပိုင်များနှင့်ဆွေးနွေးညှိနှိုင်းရန် အထူးကိုယ်စားလှယ် မစ္စတာ အီဘရာဟင် ဂမ်ဘာရီကိုစေလွှတ်ခဲ့သည်။ တချိန်တည်းတွင် တရုတ် နှင့် ရုရှားနိုင်ငံတို့က ဤကိစ္စအပေါ် မြန်မာ့ပြည်တွင်းရေးပြဿနာသက်သက်ဖြစ်၍ “နိုင်ငံတကာလုံခြုံရေးကို ခြိမ်းခြောက်မှုမရှိ” ဟု သတ်မှတ်ကာ ၎င်းတို့၏ အခွင့်အရေးဖြစ်သည့် ဗီတိုအာဏာသုံး၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာ့အရေးကိစ္စဆွေးနွေးမှုကို ပိတ်ဆို့ဟန့်တားခဲ့သည်။ ထိုအတွက်ကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏တာဝန်ယူလုပ်ပိုင်ခွင့်နှင့် မသက်ဆိုင်သည့် ပြင်ပအရေးကိစ္စအဖြစ် ရောက်ခဲ့ရသည်။

၁၉၈၈ ခုနှစ်တွင် မြန်မာအာဏာသိမ်းစစ်အုပ်စုအနေဖြင့် တပြည်လုံးအုံကြွမှုကိုဖြိုခွင်းခဲ့သည့်အတွက် ပဋိပက္ခဖြစ်ပွားရခြင်းဖြစ်သည်ဟု မြန်မာအရေးအစီရင်ခံစာ အများစုကဆိုကြသည်။ ထိုအချိန်က အဖြစ်အပျက်ကြောင့် ပဋိပက္ခ အမှန်တကယ်စတင်ခဲ့သလား၊ ၁၉၆၂ ခုနှစ် စစ်တပ်ကအာဏာသိမ်းသည့်အချိန် ကတည်းကစတင်ခဲ့သလား သို့မဟုတ် ထိုအချိန်မတိုင်ခင် ၁၉၄၈ ခုနှစ် ဗြိတိသျှထံမှ လွတ်လပ်ရေးရအပြီး အခြားလူမျိုးစုများ၏အခက်အခဲကို လျစ်လျူရှု၍ အနည်းစုဖြစ်သည့် အချို့သောတိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိုပေးအပ်ခဲ့သည့် ကာလကတည်းကလား (ထိုတိုင်းရင်းသားအုပ်စုများသည် အခြေအနေကို ကြိုတင်တွက်ဆကာ နောင်တွင် ဤမညီမျှမှုအတွက် တောခိုကာလက်နက်ကိုင်တိုက်ပွဲဝင်ခဲ့ကြသည်)။ ၁၉၈၈ ကြောင့်ဖြစ်ခဲ့ရသည်ဆိုပါက ဆယ်စုနှစ်များစွာစော၍ (မိရိုးဖလာ) ကိုယ်ပိုင်အခွင့်အရေးတောင်းဆိုကြသည့် လူနည်းစုတိုင်းရင်းသားများအား လျစ်လျူရှုရာကျပေမည်။ အမှန်မှာ ၈၀ ခုနှစ်နှောင်း ၁၉၈၈ လူထုအုံကြွမှုအကျိုးဆက်အားဖြင့်၎၊ တိုင်းရင်းသားတပ်များ၏ ကိုယ်ပိုင်နယ်မြေများဆုံးရှုံးမှုနှင့် တိုင်းပြည်၏လက်ရှိ စီးပွားရေး




အရေးပေါ်အခြေအနေတို့အရ ဒုက္ခသည်နှင့် ပြည်တွင်းစစ်ပြေးဒုက္ခသည်များ၏ အရေအတွက်မှာ ဂရုပြုသတိထားမိရလောက်အောင်ပင် မြင့်တက်လာခဲ့သည်။

ယနေ့အခါတွင် အိုးအိမ်စွန့်ခွာထွက်ပြေးရခြင်းသည် နေရာအနှံ့၌ဖြစ်ပွားနေပေသည်။ ၂၀၀၇ ခုနှစ် ဇွန်လတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ မြန်မာစစ်အစိုးရ၏ ပြည်သူလူထုအတွင်း အတောမသတ်နိုင်သည့် အကြောက်တရားကို ဖန်တီး လုပ်ဆောင်နေခြင်းနှင့် လူထောင်နှင့်ချီ၍အိုးပစ်အိမ်ပစ် ထွက်ပြေးရသည့် အနေအထား (သို့မဟုတ်) နိုင်ငံရပ်ခြားသို့ ထွက်ပြေးရသည့်အနေအထားရောက်စေရန် အားပေးလုပ်ဆောင်နေမှုအား ဖြစ်တောင့်ဖြစ်ခဲ ရှုတ်ချမှုတရပ်ထုတ်ပြန်ခဲ့သည်။ လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း လူသန်းတဝက်နီးပါး အရှေ့နယ်စပ်တလျှောက်သို့ ၎တို့ နေအိမ်များမှ အတင်းအဓမ္မမောင်းထုတ်ခံခဲ့ကြရသည်။ အချုပ်အားဖြင့် မြန်မာသန်းနှင့်ချီ၍ အိမ်နီးခြင်းနိုင်ငံများသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ကြသည်။ ခန့်မှန်းခြေအရ မြန်မာနှစ်သန်းခန့်တို့သည် ထိုင်းနိုင်ငံတွင် ဝင်ရောက်ရှာဖွေလုပ်ကိုင် စားသောက်နေထိုင်လျက်ရှိသည်။

လက်နက်ကိုင်ပဋိပက္ခများကြောင့် သို့မဟုတ် နိုင်ငံရေးနှိပ်ကွပ်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်နေရပါက ၎င်းတို့အနေနှင့် ဒုက္ခသည်စခန်းများတွင် ကာကွယ်ထောက်ပံ့မှု ရရှိနိုင်သည်။ နိုဝင်ဘာ ၂၀၀၅ နောက်ပိုင်းထွက်ပြေးရောက်ရှိလာသူများအနေန ၂င့် ဒုက္ခသည်လျှောက်ထားမှုကို တရားဝင်ဆိုင်းငံ့ထားသည့်အနေအထား အရ ထိုစောင့်ရှောက်မှုများရရှိနိုင်ရန် သင့် တော်သည့်အနေအထားမရှိတော့ပေ။ ထိုသူများအနေနှင့် အခြားရွေးချယ်စရာလမ်း မရှိဘဲ ဒုက္ခသည်စခန်းပြင်ပတွင် နေထိုင်ကြရသည့်အတွက် တရားမဝင်ခိုးဝင်လာသူများဟု သတ်မှတ်ကာ ဖမ်းဆီးပြန်ပို့ခံကြရသည်။

ထိုင်းနိုင်ငံအနေနှင့် ဤသို့ ဒုက္ခသည်နှင့် ဝင်ရောက်လာသူများအဆင့်အတန်းကို တင်းကြပ်စွာ ခွဲခြားသတ်မှတ်ထားရခြင်းအပေါ် ကောင်းမွန်သည့်အကြောင်းပြချက်များ ရှိသည်။ စခန်းများအတွင်းနေထိုင်ခွင့်ရသူများအနေနှင့် ကာကွယ်စောင့်ရှောက်မှုနှင့် အကူအညီသာမက တရားဝင်အသိအမှတ်ပြု ပြည်ပသို့ထွက်ခွာခြင်းအကြောင်းရင်း ဖြစ်သည့် ပြန်လည်နေရာချထားရေး စီမံကိန်းများ တွင်လည်းပါဝင်ခွင့်ရပေသည်။ ထိုင်းနိုင်ငံအနေနှင့် အိမ်နီးခြင်းနိုင်ငံများမှ ဝင်ရောက်လာသည့် ဒုက္ခသည်များ၏ ဝန်ပိနေသည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာနေပြီဖြစ်၍ အကျိုးစီးပွားများအရ ကိုင်တွယ်ဆောင်ရွက် နိုင်လောက်သည့် အနေအထားအပေါ်တွင် တင်းကျပ်သည့် ထိမ်းချုပ်ကိုင်တွယ်ဆောင်ရွက်ရန် ဆရှိနေပေသည်။ ထို့ကြောင့် ထိုင်းနိုင်ငံအနေနှင့် ဂျနီဗာသဘောတူညီချက်စာချုပ်တွင် ယခုတိုင် သဘောတူလက်မှတ်ရေးထိုးခြင်းမရှိသေးဘဲ ဒုက္ခသည်များကို "ပဋိပက္ခများကြောင့် ယာယီ အိုးအိမ်စွန့်ခွာလာရသည့်သူများ"ဟု အထူးခေါ်ဆိုသုံးနှုန်း ကာဒုက္ခသည်များ၏ ထိုင်းနိုင်ငံအတွင်းနေထိုင်မှုသည် မြန်မာနိုင်ငံ၏ အခြေအနေများ ပြန်လည်တည်ငြိမ်လာလျှင်လာခြင်း ရပ်တန့်သွားမည်ဟုလက်ခံထားသည်။

မြန်မာပြည်နှင့် နယ်နိမိတ်ခြင်းဆက်စပ်နေသည့် အခြားနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာဒုက္ခသည်အရေအတွက်ကို တိကျစွာသိရှိရခြင်းမရှိပေ သို့သော်လည်း ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်နှင့် မလေးရှားနိုင်ငံများတွင် အစုလိုက်အပြုံလိုက်ရောက်လာသည့် မြန်မာနိုင်ငံသားများစွာအရေး ကိုင်တွယ်ဖြေရှင်းနေရသည်။ ထိုင်းနိုင်ငံအနေနှင့် ဒုက္ခသည်အများစုကိုလက်ခံနေရပြီး မြန်မာအတိုက်အခံတို့၏ အခြေပြုလှုပ်ရှားမှု ရှိနေသဖြင့် ဤနေရပ်မှအတင်းအဓမ္မရွှေ့ပြောင်းခံရခြင်းစာစောင် (FMR) တွင် ပါဝင်သည့်ဆောင်းပါးအများစုသည် ထိုင်းနိုင်ငံ၏ အခြေအနေနှင့် ကရင်တိုင်းရင်းသားတို့ အကြောင်း အလေးထား ဖော်ပြထားသည်ကိုတွေ့ရမည်ဖြစ်သည်။ အခြားနိုင်ငံများတွင် ရှိသောမြန်မာဒုက္ခသည် များနှင့် မြန်မာနိုင်ငံအတွင်း အခြားဒေသများတွင်ရှိသော ပြည်တွင်းစစ်ပြေးဒုက္ခသည်များ ၏ အခြေအနေကို မေ့မှိန်ထားခဲ့သည်ဟု မထင်မှတ်မိစေရန်ဖြစ်သည်။ ထိုသူများ၏အကြောင်းမှာလည်း သတင်းအချက်အနည်းငယ်သာရှိသည်ဖြစ်၍ ဖော်ထုတ်တင်ပြရန် လိုအပ် နေသည့် ဟာကွက်တခုဖြစ်နေပေသည်။

ထိုဒုက္ခသည်တို့အတွက် ခိုင်မာသည့်ဖြေရှင်းမှုများဆောင်ရွက်နိုင်ရန်မှာ လက်ရှိအခြေအနေတွင် နိုင်ငံတစ်ခုခုသို့ ပြောင်းရွှေ့နေထိုင်စေရန် နေရာချထားမှု စီမံချက်သည် အဓိကဆုံချက်ဖြစ်နေပေသည်။ တာဝန်ယူမှုခွဲဝေဆောင်ရွက်ကြရာတွင် အနောက်နိုင်ငံအတော်များများက မြန်မာဒုက္ခသည်အုပ်စုများအား လက်ခံရန်သဘောတူထားကြသည်။ ဤလုပ်ဆောင်မှု၏ အကျိုးဆက်မှာ ထိုင်းနိုင်ငံဒုက္ခသည်စခန်းများမှ အနောက်တိုင်းသို့ပို့ဆောင်ရေး လှုပ်ရှားဆောင်ရွက်မှု အတိုင်းအတာများစွာရှိခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယရှိ တိုးချဲ့ဆောင်ရွက်လာသည့် ဒုက္ခသည်အချို့၏အလားတူကွိများလည်း အပါအဝင်ဖြစ်သည်။

ဤစာစောင်တွင်ပါဝင်သော ဆောင်းပါးများစွာတို့သည် ဒုက္ခသည်အဖြစ်အသိအမှတ်ပြု စောင့်ရှောက်မှုရရှိရေး စောင့်ဆိုင်းသည့်ကာလတွင် စခန်းများအတွင်း ဒုက္ခသည်များကာ ကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာသည့်ကွိများနှင့် ဒုက္ခသည်များအတွင်း စိုးရိမ်ပူပန်မှု (ဆက်ဆံရေးတင်းမာမှု) များနှင့် အခြားတစ်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ရေးအတွက် နေရာချထားရေးလုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြထားသည်။ နေရပ်ဒေသပြန်ပို့ခြင်း (သို့) ဒေသတွင်း ပေါင်းစည်းနေထိုင်စေခြင်း ကဲ့သို့သော အခြားခိုင်မာသည့် ဖြေရှင်းမှုများအားစဉ်းစားရာတွင်လည်း လိုအပ်ချက်များရှိနေပေသေးသည်။ နေရပ်ဒေသပြန်ပို့ခြင်းမှာ လက်ရှိအနေအထားတွင် မဖြစ်နိုင်သော်ငြားလည်း ဌာနများအနေနှင့် အနဲဆုံး မြန်မာပြည်၏ ဖြစ်နိုင်ခြေရှိသည့် လူထုလှုပ်ရှားမှုကိုဦးတည်မည့် မျှော်လင့်မထားသည့် အပြောင်းအလဲများကို ထည့်စဉ်းစားသင့်သည်။ ကနဦး စီမံကိန်းမှာ အလွန်အရေးကြီးပေသည်။ တချိန်တည်းတွင် ဒေသတွင်းပေါင်းစည်းနေထိုင်စေရန် မတူကွဲပြားသည့် ဖြေရှင်းမှုလုပ်ဆောင်ရေးအတွက် စဉ်းစားတွေးတောထားသင့်ပေသည်။ ဒုက္ခသည်လက်ခံသည့် အိမ်ရှင်နိုင်ငံအများစုက ဤရွေးချယ်မှုအား ဆန့်ကျင်စေကာမူ မိမိတို့၏ သုတေသနအချက်အလက်များအရ မြန်မာပြည်သားအများစုမှာ တဦးတည်းနေထိုင် သည့်ဓလေ့ကို ဆန့်ကျင်ကာ ယခင်ကတည်းက ပေါင်းစည်းနေထိုင်ကြသည့်သူများဖြစ်ခြင်း၊ အခြားတစ်ချက်မှာ ၎င်းတို့သည် ထိုအိမ်ရှင်နိုင်ငံတို့၏ စီးပွားရေးလိုအပ်ချက်များကို ဖြည့်စွမ်းနိုင်မည့် အရည်အချင်းနှင့်ဆီလျော်သူများပင် ဖြစ်သည်ဟု ညွှန်ပြထားသည်။ ခိုင်မာသည့်ဖြေရှင်းမှုများအပေါ် ပွင့်လင်းသည့် အခြေအတင်ဆွေးနွေးမှုများနှင့် (ပိတ်ထားသည့်) စခန်းများ၏ လက်ငင်းတိုးတက်မှုများသည် မြန်မာဒုက္ခသည်များနှင့် ၎င်းတို့သွားရောက်မည့် အိမ်ရှင်နိုင်ငံ တို့ အတွက် အရေးပေါ်လိုအပ်ချက်ပင်ဖြစ်ပေသည်။

အထက်ပါအတိုင်း မြန်မာလူထုအနေနှင့် ဒေသတခုလုံးအတွင်းဖြစ်ပွားနေသည့် နေရပ်မှဖိအားပေးမောင်းထုတ်ခံရမှုကိုခံစားနေရသည့် ဤလူသားတို့၏ အကျပ်အတည်းသည် ဒေသဆိုင်ရာအနေနှင့် ပြဿနာဖြေရှင်းမှုများ လိုအပ်နေသည်။ မြန်မာ့အာဏာသိမ်းစစ်အုပ်စု၏ လုပ်ရပ်များအရ ကျယ်ပြန့်သည့် လုပ်ဆောင်မှု စီမံချက်သည်ပင်လျှင် လက်ရှိအနေအထားတွင် ဖြစ်နိုင်သည့်အခြေအနေမရှိသည့်အတွက် ကုလသမဂ္ဂဒုက္ခသည်များ ဆိုင်ရာမဟာမင်းကြီးရုံး UNHCR အနေနှင့် ဒုက္ခသည်လက်ခံသည့် နိုင်ငံအားလုံးပါဝင်သည့် အကြံပေးကော်မီတီကို ဖွဲ့စည်း၍ မြန်မာဒုက္ခသည်များအရေးကို စုပေါင်းချဉ်းကပ်မှုဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာသွားရန် တိုက်တွန်းသင့်သည်။ သို့သော် လိုစ်ချာ Loescher နှင့် မေလ်နာ Milner တို့၏ အဆိုကဲ့သို့ပင် ဤအချက်သည် တခုတည်းသောအဖြေရှာမှုပင်ဖြစ်သည်။ "ဒေသတွင်း ဒုက္ခသည်များ၏လိုအပ်ချက်များအပေါ် လူသားဆန်သည့်တုန့်ပြန်ဆောင်ရွက်မှုသည် ဒုက္ခသည်များထွက်ပြေးစေရန် ဆက်လက်အဓမ္မဖိအားပေးနေသည့် ၎င်းတို့မွေးဖွားရာ ဇာတိနိုင်ငံတွင်းအခြေအနေများ ပြေလည်နိုင်ရေးအတွက် အဖြေရှာချက်တစ်ခုမဟုတ်ပေ။" အကယ်၍ မြန်မာနိုင်ငံ၏ ကျယ်ပြန့်သည့်အတိုင်းအတာရှိသည့် နေရပ်မှ ဖိအားပေးမောင်းထုတ်ခံနေရမှု အမှန်တကယ်ပပျောက်စေလိုပါက ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ အခြားအဖွဲ့ အစည်းများပါဝင်သည့် မြန်မာပြည်တွင်းတွေ့ဆုံဆွေးနွေးရေးဖြစ်မြောက်ရေး ၊ ဖိအားပေး ကြိုးပမ်းအားထုတ်မှုများသည် မလွဲမသွေလိုအပ်သည့် လိုအပ်ချက်ပင်ဖြစ်သည်။ သို့သော် ၂၀၀၈ ခုနှစ် မတ်လတွင် ၎င်း ကိုယ်စားလှယ်သွားရောက်ခဲ့သည့်ခရီးစဉ်အပြီး စစ်မှန်သည့်ဆွေးနွေးရေးအလားအလာမှာ စိတ်ပျက်စရာအဖြစ် ရှင်းလင်းစွာသိကြရသည်။

၂၀၀၈ ခုနှစ် ဇန္နဝါရီလတွင် အာဏာသိမ်းစစ်အုပ်စုက အမျိုးသားညီလာခံအနေနှင့် ဖွဲ့စည်းအ ၂ပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲပြီးပြီဖြစ်၍ မြန်မာလူထု၏ နိုင်ငံတော်လူထုဆန္ဒခံယူပွဲတွင် မဲဆပေးကြရမည်ဖြစ်ကာ ရွေးကောက်ပွဲများကိုလည်း သက္ကရာဇ် ၂၀၁၀ တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေငြာခဲ့သည်။ နောက်ဆုံးအပြုသဘောဆောင်သည့် တိုးတက်မှုပေလားဟု သို့လောသို့လောဖြစ်ကြရသည်။ ဖြစ်ချင်ဖြစ်ပေမည် သို့ သော် စဉ်းစားစရာများစွာ ကျန်ရှိနေပေသေးသည်။ ဆန့်ကျင်သူ သို့မဟုတ် အမျိုးသားညီလာခံနှင့် လူထုဆန္ဒခံယူပွဲအား ဆန့်ကျင်ရေးလှုပ်ရှားမှု လုပ်ဆောင်သူအား နိုင်ငံတော်သစ္စာဖောက်ဟု သတ်မှတ်၍ အပြစ်ပေးသည့်အနေနှင့် ထောင်ဒဏ်နှစ်ရှည်လများ ကျခံရမည်ဖြစ်သည်။ ထို့ပြင် အတိုက်အခံခေါင်းဆောင် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်အား ဗြိတိသျှလူမျိုးနှင့် လက်ထပ်ခဲ့သည့်အတွက် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် မပေးပေ။ ဂမ်ဘာရီက နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများအား လူထုဆန္ဒခံယူပွဲတွင် ဝင်ရောက်လေ့လာခွင့်ပြုရေးအတွက် မေတ္တာရပ်ခံခဲ့သည့်အခါ သူ့ အား အတိုက်အခံအား ဘက်လိုက်၍အားပေးအားမြှောက်ပြုသည်ဟု စွပ်စွဲခဲ့သည်။ လူသားချင်းစာနာသည့် အခြေအနေနှင့် နိုင်ငံရေးအတိုင်းအတာတို့သည် ထို့အတွက်ကြောင့် အလွန်ခက်ခဲသည့်အနေအထားတွင်ပင် ရှိနေပေသေးသည်။

မိမိတို့အနေနှင့် ဤစာစောင်ဖြစ်မြောက်ရေးအတွက် ပါဝင်ရေးသားကူညီကြသည့် အသိပညာရှင်အတတ်ပညာရှင်များ၊ ကုလသမဂ္ဂဌာနများ၊ အစိုးရမဟုတ်သည့်အဖွဲ့ အစည်းများနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများအပြင် ပဋိပက္ခဇုန်အတွင်းမှ ရေးသားပေးကြသည့် ဒုက္ခသည်များ၊ ပြည်တွင်းစစ်ပြေးဒုက္ခသည်များ ကိုယ်တိုင်နှင့် ၎င်းတို့၏ အမြင်များအား ကြားသိရခြင်းရှိမရှိ သေချာစေရန်စုံစမ်းပေးခဲ့ကြသည့် ဒုက္ခသည်စခန်းများအား အထူးကြေးဇူးတင်ရှိပါကြောင်း။

*အင်ဂ့်ဂျ် ဘရီးစ်* ***Inge Brees (inge.brees@ugent.be)*** *သည် ဘယ်လ်ဂျီယမ်နိုင်ငံ ဂီဟာန့်တက္ကသိုလ်အခြေစိုက် ပက္ခနှင့်ဆပ်ဆိုင်သည့်သုတေသနအဖွဲ့ ပါရဂူဘွဲ့ရကျောင်းသူဖြစ်သည်။ သူမသည် မကြာမီက ဒုက္ခသည်စခန်းတွင် ကိုယ်တိုင်အခြေချနေထိုင်နေသည့် ထိုင်းနိုင်ငံရှိဒုက္ခသည်များ၏ အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်သော သုတေသနပြုရေးအတွက် စီမံဆောင်ရွက်ခဲ့သည်။*

၁ 'ထိုင်းနိုင်ငံတွင်း နှောင့်နှေးကြန့်ကြာနေသည့်ဒုက္ခသည်များ၏အခြေအနေ – အဖြေရှာမှုများဆီသို့'။ 'Protracted refugee situation in Thailand: towards solutions.' ထိုင်းနိုင်ငံနိုင်ငံခြားစာနယ်ဇင်းများကလပ်သို့ တင်ပြချက် Foreign Correspondents Club of Thailand? ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်။

၂ ရေးသားပေးပို့ကြသည့် ဒုက္ခသည်များ၏ လုံခြုံရေးအတွက် ၎င်းတို့၏အမည်များကို ထည့်သွင်းဖော်ပြခြင်းမပြုပါ။ ၎င်းတို့၏တောင်းဆိုချက်အရ လူအမည်အစား အဖွဲ့အစည်းအမည်များကိုမှတ်တမ်းတင်ဖော်ပြပေးပါသည်။

# အပြောင်းအလဲ အရေးပေါ်လိုအပ်နေသည့် မြန်မာနိုင်ငံ

ဒေါက်ဂလပ် အလက်ဇန္ဒား

လွန်ခဲ့သည့်စက်တင်ဘာလတွင် ကမ္ဘာ့အာရုံစိုက်မှုသည် မြန်မာနိုင်ငံရွှေဝါရောင်တော်လှန်ရေးနှင့် အာဏာသိမ်းစစ်အုပ်စု၏ ရက်စက်စွာနှိမ်နင်းခဲ့မှုများအပေါ်တွင် ကျရောက်ခဲ့သည်။ ဆပြပွဲများသည် ဆင်းရဲတွင်းကျနေခြင်း၊ လူထု၏ နှစ်ပေါင်းများစွာနိုင်ငံရေးဖိနှိပ်ခံရမှုနှင့် စီးပွားရေးကျဆင်းမှုတို့ကြောင့် ဖြစ်လာသည့် ဒေါသတို့က စတင်မီးမွှေးခဲ့ခြင်းပင်ဖြစ်သည်။

စစ်အုပ်စု၏ ရက်စက်မှုကို မြန်မာပြည်မှထွက်ပြေးခဲ့ကြသည့် ဒုက္ခသည်တို့က ကိုယ်တိုင်သက်သေခံနိုင်ပေသည်။ ဇန်နဝါရီလတွင် မိမိအနေနှင့် မြန်မာနိုင်ငံမှ ငါးမိုင်အကွာတွင်သာတည်ရှိသည့် ထိုင်းနိုင်ငံရှိ မယ်လဒုက္ခသည်စခန်းသို့ အလည်အပတ်ရောက်ခဲ့စဉ်က အာဏာသိမ်းစစ်အုပ်စုကြောင့် ဒုက္ခခံစားရသူ ဒုက္ခသည် ဒါဇင်ပေါင်းများစွာ၏ အဖြစ်တို့ကို ကြားခဲ့ရသည်။ ၁၉၄၈ ခုနှစ်တွင် ဤစခန်းအနေနှင့် ဒုက္ခသည် ၁၁၀၀ ကို ခိုလှုံခွင့်ပေးစောင့်ရှောက်ခဲ့ သော်လည်း ယခုအခါ လူဦးရေ ၄၀၀၀၀ ခန့်အား လက်ခံထားရပေသည်။ ယခင်နှစ်က မယ်လတွင်နေထိုင်သူ ၇၀၀၀ အား အခြားနိုင်ငံများသို့ ပို့ဆောင်နေရာချထားပေးခဲ့သော်ငြားလည်း ဒုက္ခသည်အရေအတွက်မှာ တိုးတက်လာနေပေသည်။ လက်ရှိမယ်လတွင်ကျန်ရှိနေထိုင်သော စခန်းသားအချို့သည် မူလအစကတည်းက နေထိုင်နေသူများဖြစ်သည်။ အချို့မှာ မကြာမီရက်သတ္တပတ်များနှင့် လများအတွင်း မြေမြှုပ်မိုင်း အကြီး အကျယ် ထောင်ထားသည့် နယ်စပ်ကိုဖြတ်ကျော်၍ ဝင်ရောက်နေထိုင်ခဲ့ခြင်းဖြစ်သည်။

အများစု အနေနှင့် စစ်တပ်က ၎င်းတို့၏ကျေးရွာများအား မီးရှို့ပြာချခဲ့သဖြင့် ပြန်စရာမြေမရှိဖြစ်နေကြောင်း ပြောပြကြသည်။ ကလေးသုံးယောက်ရှိသည့် ဖခင်တစ်ဦးကမူ စစ်တပ်ကသူ့အား စစ်အသုံးအဆောင်ပစ္စည်းများ အခမဲ့ သယ်ယူပို့ဆောင်ပေးရန် အမိန့်ပေးစေခိုင်းခဲ့၍ ထွက်ပြေးခဲ့ရခြင်းဖြစ်သည်ဟု ပြောဆိုခဲ့သည်။ ၎င်းအနေနှင့် ရှင်းလင်းသည့် ရွေးစရာလမ်းမှာ အမိန့်အတိုင်းပေါ်တာအနေနှင့် လိုက်ထမ်းလျှင်လိုက်ထမ်း သို့မဟုတ် စစ်တပ်အား လာဘ်ထိုးရန်သာရှိသည်။ သို့သော်လည်းငွေမရှိသည့်အတွက် သူ့အနေနှင့်ပုန်းအောင်းနေခဲ့သည်။ စစ်တပ်မှ ၎င်းပေါ်တာကြေး အကြေအလည်ပေးချေမှုမရှိသူတို့၏ အိမ်များအား မကြာခဏစီးနင်းရှာဖွေလေ့ရှိသည်။ တခါတရံ တစ်ညတည်းတွင် သုံးလေးကြိမ် ဝင်ရောက်ရှာဖွေလေ့ရှိရာ ၎င်းအနေနှင့် အခြား ရွေးချယ်စရာလမ်းမရှိတော့သဖြင့် မိသားစုနှင့်အတူ ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးခဲ့ရပေသည်။ ဝမ်းနည်းစရာကောင်းသည်မှာ မိမိ၏ခရီးစဉ်အတွင်း အလားတူအဓမ္မလုပ်အားပေးခိုင်းစေမှု ဇာတ်လမ်းများမှာ မရိုးနိုင်သည့် အဖြစ်များပင်ဖြစ်ပေတော့သည်။




ထိုင်းနိုင်ငံရှိ ဒုက္ခသည်ကျောင်း

ကျေးရွာတွင်အတင်းအဓမ္မခိုင်းစေခြင်းမှ ကာကွယ်ရန်အတွက် အမျိုးသမီးတစ်ဦးသည် လက်နက်ကိုင် မိခင်များတပ်ကို အနီးပတ်ဝန်းကျင် ကျေးရွာများနှင့်အတူ ဖွဲ့စည်းထားကာ အဓမ္မလုပ်အားပေးခိုင်းစေမှုတို့ကို အကာအကွယ်ပေးခဲ့သည်။ မုဆိုးမတစ်ဦးကမူ စစ်တပ်မှ၎င်းတို့အားပစ်မှတ်ထားလာ၍ သူမ၏သမီးသုံးဦးကိုခေါ်ကာ နယ်စပ်သို့ ဖြတ်ကျော်ထွက်ပြေးခဲ့ရသည်။ မိသားစုတိုင်းတွင် ၎င်းတို့ထံမှ စစ်တပ်၏ (အချို့ကိစ္စများတွင် တိုင်းရင်းသားတပ်များ၏) ဆက်ကြေး သို့မဟုတ် ကာကွယ်ရေးရံပုံငွေအတွက် ခြိမ်းခြောက်ငွေညှစ်မှုများအကြောင်း ကိုယ်တွေ့ဇာတ်လမ်းများစွာရှိပေသည်။

ရွာများဖျက်ဆီးခံရခြင်း၊ စနစ်တကျစီစဉ်လုပ်ဆောင်သည့် မုဒိမ်းမှု၊ တာရှည်ဆင်းရဲမွဲတေမှု၊ အလုပ်ရှားပါးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် ပညာရေးအခွင့်အလမ်း မရရှိခြင်းတို့အား ပြောပြခဲ့ကြပေသည်။ မလူးသာမလွန့်သာအခြေအနေနှင့် ခွဲတမ်းနှင့်စားရသည့်အစားအသောက်ကိုသာ စားသောက်နေရသော်လည်း ဒုက္ခသည်စခန်းတွင် အနည်းဆုံး ကလေးများအနေနှင့် ကျောင်းတက်ရန် ကျောင်းများရှိသည်။ ထို့အပြင် စခန်းကော်မီတီကလည်း လူထုအား မြန်မာနိုင်ငံတွင် အသိအမှတ်မပြုငြင်းဆန်ခံရသည့် ဒီမိုကရေစီလွတ်လပ်ခွင့်အတိုင်းအတာတစ်ခုအား ပေးအပ်ခဲ့သည်။ မိမိရောက်ခဲ့သည့် ဒါဇာရှိစခန်းများအပါအဝင် ဒုက္ခသည်စခန်းတိုင်းတွင် ဒုက္ခသည်အများစုကြီးက ၎င်းတို့အိမ်သို့ ပြန်လိုကြသည်။ မယ်လတွင်မူ မိမိစကားပြောခဲ့သည့် တစ်ဝက်ထက်နည်းပါးသော ဒုက္ခသည်တို့သည် မိမိအိမ်သို့မိမိပြန်သွားလိုသည်ဟု ပြောခဲ့ကြသည်။ ၎င်းတို့အနေနှင့်ပြန်လိုသည်ဟု ပြောကြသူများမှာ စကားအရပြောခဲ့ကြသော်လည်း ၎င်းတို့အားလုံး၏အဆိုအရ ဒီမိုကရေစီစနစ်မထူထောင်နိုင်သေးခင်ကာလပတ်လုံး အိမ်ပြန်ရန်မျှော်လင့်ချက်မရှိဟူ၍ပင်ဖြစ်သည်။

အမှန်မှာ မြန်မာပြည်တွင်းရှိ သန်းပေါင်းများစွာသောလူထုသည် အလွန်ခက်ခဲကြမ်းတမ်းသော ဘဝတစ်ခုကို ဦးဆောင်ရုန်းကန်နေရသည်မှာ အဆန်းမဟုတ်ပါ။ ကမ္ဘာ့အမြင့်ဆုံးစီးပွားအင်အားအများစု၏ ဝန်းရံထားသော မြန်မာပြည်သူ သုံးပုံတစ်ပုံသည် တစ်ရက်လျှင် ဆင့် (၃၀) အောက်ငွေဖြင့် ရှင်သန်နေကြရသည်။ (၁၀) ရာနှုန်းမှာ လုံလောက်သည့်အစားအသောက်မရှိ၊ နိုင်ငံ့ကလေးဦးရေ သန်းနှစ်ဆယ်၏ တစ်ဝက်ခန့်မှာ မူလတန်းကျောင်းပညာ ကိုပင်ဆုံးခန်းတိုင်မသင်ရပေ။ လူထု၏ ၇၀ ရာခိုင်နှုန်းမှာ ငှက်ဖျားရောဂါ၏ အန္တရာယ်ကို ရင်ဆိုင်နေရသည်။ အောက်တိုဘာလတွင် အင်္ဂလန်နိုင်ငံ၏ အထောက်အပံ့အား ၂၀၁၀ ခုနှစ်မတိုင်မီ –၂၀၀၇–၀၈ တွင် ပေါင်ကိုးသန်းမှ ပေါင် (၁၈)သန်းအထိ– နှစ်ဆတိုးပေးရန် မိမိအနေနှင့် ကြေငြာခဲ့သည်။ မိမိတို့အနေနှင့် အကျိုးသက်ရောက်မှုရှိကြောင်း သက်သေပြထားပြီးဖြစ်သည့် မိမိတို့၏လုပ်ငန်းအား တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်သည်။ ၎င်းတွင် မြန်မာနိုင်ငံအတွင်း မြန်မာနိုင်ငံနယ်စပ်မှ ဒုက္ခသည်များနှင့် ပြည်တွင်းစစ်ပြေးဒုက္ခသည်အား စောင့်ရှောက်ရေး၊ မူလတန်းပညာရေးပြီးဆုံးသည်ထိလေ့လာနိုင်သည့် ကလေးဦးရေ တိုးတက်လာစေရေး၊ အဓိက အသက်အန္တရာယ်ပေးသတ်ဖြတ်နေသည့် ငှက်ဖျား၊ တီဘီနှင့် အိပ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်ရောဂါတို့အား တိုက်ဖျက်ရေးအကူအညီပေးခြင်းအပြင် လူထုအခြေခံအဖွဲ့အစည်းများအား ပိုမိုခိုင်မာစေရန်အကူအညီပေးလုပ်ဆောင်သွားခြင်းတို့ ပါဝင်သည်။ မိမိတို့အနေနှင့် ကုလသမဂ္ဂဌာနဆိုင်ရာဌာနများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှတဆင့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်၍ မိမိတို့၏ မည်သည့်အကူအညီကိုမဆို မြန်မာဗဟိုအစိုးရ မှတဆင့်သွားမည်မဟုတ်ပေ။

အောက်တိုဘာလမှစ၍ မြန်မာ့အရေးသည် သတင်းခေါင်းကြီးပိုင်းကဏ္ဍမှပျောက်ကွယ်သွားသည်မှာ တစုံတရာတိုးတက်လာသည့် အမှတ်မဟုတ်ပေ။ ဖေဖော်ဝါရီလ ဤဆောင်းပါးရေးနေစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်သည် အိမ်တွင်းအကျဉ်းစံဘဝနှင့်ပင် ရှိနေသည်။ အတိုက်အခံပါတီက မြန်မာနိုင်ငံ၏ အခြေခံဥပဒေသစ်ရေးဆွဲရေးတွင် အခန်းကဏ္ဍတစ်ခုအဖြစ်ပါဝင်ရန် ငြင်းဆန်ခဲ့သည်။ ထို့အပြင် အတိုက်အခံတို့၏တက်ကြွလှုပ်ရှားသူများအား ဆက်လက်ဖမ်းဆီးချုပ်နှောင်နေသည်။ စစ်အာဏာသိမ်းအုပ်စုက စက်တင်ဘာဆပြမှုအား အသေးအမွှားအဖြစ် ဖော်ပြခဲ့သည်။ လူထုဆန္ဒခံယူပွဲပြုလုပ်ရန် အချိန်သတ်မှတ်ခြင်းနှင့် နောင်တွင် ရွေးကောက်ပွဲများ ကျင်းပပေးမည်ဆိုသည်မှာ အတိုက်အခံအားလုံးဖိနှိပ်နှိမ်နင်းခံထားရပါက ဘာအဓိပ္ပါယ်မှရှိမည်မဟုတ်ပေ။

ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် အီဗရာဟင် ဂမ်ဘာရီနှင့် ဆွေးနွေးမှုမှာလည်း စစ်မှန်သည့်တိုးတက်မှု ဖြစ်မလာသေးသည့်အခြေအနေတွင် ရှိနေသည်။ တရုတ်၊ အိန္ဒိယနှင့် အာစီယံနိုင်ငံများအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့်ကုလသမဂ္ဂ၏အရေးပေါ်ဆောင်ရွက်အားထုတ်မှုအား မဖြစ်မနေအားပေးရမည်ဖြစ်သည်။ အိုမင်းသည့်အစောင့်ဟောင်းက အာဏာကိုဖက်တွယ်ထားသည့်အနေအထားတွင် မိမိတို့အနေနှင့် မြန်မာအာဏာသိမ်းစစ်အုပ်စုအတွင်းရှိလူငယ်ထုအား ၎င်းတို့၏ဥပဒေမှာ အပြောင်းအလဲအတွက် လိုအပ်ချက် သို့မဟုတ် တောင်းဆိုနေမှုအား ထိမ်းချုပ်၍ မရနိုင်သည်ကို သဘောပေါက်နားလည်လာပါစေဟူ၍သာ မျှော်လင့်ရပေတော့မည်။

*လွှတ်တော်အမတ် ဒေါက်ဂလပ် အလက်ဇန္ဒားသည် အင်္ဂလန်နိုင်ငံ (United Kingdom) ၏ နိုင်ငံတကာတိုးတက်မှုဌာန၏ အတွင်းရေးမှူးဖြစ်သည်။ (www.dfid.gov.uk)*

# နိုင်ငံတကာအသိုင်းအဝိုင်း၏ ကာကွယ်စောင့်ရှောက်ရေးတာဝန်

ကာဗီတာ ရှုကလာ

မြန်မာအစိုးရ၏ ၎တို့၏ပြည်သူပြည်သားများအားဆန့်ကျင်၍ ဆက်လက်ပြုလုပ်နေသည့် စိုးရိမ်ဖွယ် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ရင်ဆိုင်နေရသော်လည်း နိုင်ငံတကာ အသိုင်းအဝိုင်းအနေနှင့် မြန်မာနိုင်ငံအပေါ် တာဝန်ယူကာကွယ်စောင့်ရှောက်ရေးမှု **Responsibility to Protect (R2P)** အရ စတင်တုန့်ပြန်မှုများ ပြုလုပ်သွားရန် အရေးကြီးသည်။

ယနေ့ မြန်မာနိုင်ငံတွင် ကြာပေါ်ရှိ အခွနေရပ်ဒေသများမှပြောင်းရွှေ့ခံရသည့် အဆိုးရွားဆုံးလုပ်ဆောင်နေမှု များထဲမှ အဆိုးဆုံးကဒ်ဆိုက်မှုတစ်ခု ရှိနေသည်။ အနှစ် ၅၀ ကျော် ပဋိပက္ခနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများက ကျယ်ပြန့်သည့် အခွနေရပ်မှဖိအားပေး ပြောင်းရွှေ့စေခြင်းများဖြစ်ပေါ်ရေး ဦးတည်စေသည်။ အနည်းဆုံး လူတစ်သန်းအား ပြည်တွင်းတွင် ထွက်ပြေးတိမ်းရှောင်နေရစေ၍ လူတစ်သန်းကျော်က အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မလေးရှားနှင့် ထိုင်းနိုင်ငံများသို့ ထွက်ပြေးလာခဲ့ရသည်။ ထိုသို့ ကူညီရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများမှဝေး သည့်အခြေအနေတွင် မိမိတို့နေအိမ်များမှ ထွက်ပြေးလာခဲ့ကြရသူများ ရှိနေလင့်ကစား မြန်မာအစိုးရကမူ နိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ၏အကြီးဆုံး လက်သည်တရားခံ ဖြစ်နေသည်ကိုတွေ့ရသည်။ တိုင်းရင်းသားလူနည်းစု လူမျိုးစုတို့ အနေနှင့် အထူးသဖြင့် အနည်းဆုံး လူငါးသိန်းလောက်မှာ နိုင်ငံတကာလူသားခြင်းစာ နာသည့်ဥပဒေ သို့မဟုတ် လူ့အခွင့်အရေးဥပဒေများအား ချိုးဖောက်မှုတို့ကြောင့် အလွန်အမင်း အင်အားချိနဲ့၍ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရပ်များအား စွန့်ခွာထွက်ပြေး နေထိုင်ကြရသည်။ မကြာမီနှစ်များအတွင်း နိုင်ငံတကာ အသိုင်းအဝိုင်း၏ စုစည်းမှုဖြင့် ‘ကာကွယ်စောင့်ရှောက်ရေးတာဝန်ဒ အား ထိုနိုင်ငံသားတို့အတွက် အရှိန်မြှင့် လုပ်ဆောင်ခဲ့သော်လည်း ထို စိုးရိမ်ဖွယ်ရာ စော်ကားမှုများဆက်လက်ကျူးလွန်နေခြင်းဖြင့် ပြင်ပကမ္ဘာ၏ ဂရုစိုက်မှုအနည်းငယ်ကို ရရှိစေခဲ့သည်။

လက်နက်ကိုင်ပဋိပက္ခဆက်လက်ဖြစ်ပွားနေသည့် အကွက်အကွင်းများဖြစ်သည့် တိုင်းရင်းသားလူနည်းစုဒေသများ၊ အထူးသဖြင့် အရှေ့ပိုင်းနယ်စပ်တစ်လျှောက်တွင် အစိုးရတပ်များအနေနှင့် ကျယ်ပြန့်စွာဖြစ်ပေါ်နေသည့် ဖိစီးနှိပ်စက်မှု၊ ညှဉ်းပမ်းနှိပ်စက်မှု၊ ဥပဒေမဲ့ကွပ်မျက်မှု၊ ကလေးများအား အတင်းစစ်မှုထမ်းစေခြင်း၊ မုဒိန်းကျင့်ခြင်း၊ ဘာသာရေးအဆောက်အဦးများအား ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အခွလုပ်အားပေးစေခြင်းတို့ အပေါ် တာဝန်ရှိသည်။ အစိုးရတပ်များက လက်နက်ကိုင်ဆန့်ကျင်ရေးတော်လှန်ရေးအဖွဲ့တို့၏ စားရေရိက္ခာ၊ ရံပုံငွေ၊ လူသစ်စုဆောင်းရေးနှင့် သတင်းထောက်ပံ့မှုများအား ဖြတ်တောက်ရန် ရည်ရွယ်သည့် ‘ဖြတ်လေးဖြတ်’ ဟုအမည်ရသည့် တန်ပြန်တော်လှန်ရေးစီမံချက်တွင် နိုင်ငံသားတို့အား အတင်းအကြပ် ၎တို့၏နေရပ်ဒေသများမှ မောင်းထုတ်ခြင်းကိုလုပ်ဆောင်ခဲ့ကြသည်။

မြန်မာအစိုးရမှ တိုင်းရင်းသားလူနည်းစု လူမျိုးစုတို့အပေါ် တမင်ရည်ရွယ်၍ ပြုလုပ်နေသည့် ဖိစီးနှိပ်စက်မှုနှင့် အတင်းအကြပ်နေရပ်မှမောင်းထုတ်ရေးအဖြစ်တို့မှာ ရပ်တန့်နေခြင်း သို့မဟုတ် ပြတ်တောင်းပြတ်တောင်းလုပ်ခြင်းမျိုး မဟုတ်ဘဲ မြန်မာအစိုးရ၏ မဟာဗျူဟာအရ တည်ငြိမ်သည့် ထိမ်းချုပ်မှုများလုပ်ဆောင်ရန် လက်တွေ့နှင့် တသားတည်းကျနေသည့် လူပ်ရှားလုပ်ဆောင်မှုဖြစ်သည်။ ၎လုပ်ရပ်တို့အနေနှင့် လူသားဆန့်ကျင်ရေး ရာဇဝတ်မှုများကဲ့သို့ သဘောသက်ရောက်နေပေသည်။ အစိုးရတပ်များအား တိုက်ခိုက်နေသည့် တိုင်းရင်းသားတပ်တို့သည်လည်း နည်းပါးသည့်ပမာဏအနေနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအား ကြူးလွန်ကြသည်။ ရာထောင်ချီသည့် လူထုအနေနှင့် ရွေးချယ်စရာလမ်းမရှိတော့သည့်အတွက် ဇာတိမြေကိုစွန့်ခွာ၍ လုံခြုံသည့်အရပ်များသို့ သွားရောက်ကြရသည်။ အပစ်အခတ်ရပ်စဲထားသည့်နေရာများတွင်ပင် တပ်မတော်အနေနှင့် လူအခွင့်အရေးများ ဆက်လက်ချိုးဖောက်နေသည့်အတွက် နေရပ်ကိုစွန့်ခွာထွက်ပြေးရမှုများ ဆက်လက် ဖြစ်ပွားစေသည်။

စစ်ပြေးဒုက္ခသည်များအပေါ် ကာကွယ်စောင့်ရှောက်မှုနှင့် အကူအညီပေးမှု နိုင်ငံတကာကန့်သတ်ချက်ဖြစ်သည့် ပြည်တွင်းနေရပ်မှ မောင်းနှင်ထုတ်ခံရသူများအပေါ် လမ်းညွှန်စည်းကမ်းချက်များ အား တာဝန်ယူဆောင်ရွက်မှုများ လုပ်ဆောင်ရန်လိုအပ်ချက်အရ အချုပ်အခြာအာဏာအယူအဆအပေါ် ဖွဲ့စည်းချမှတ်ခဲ့သည်။ ၎တို့က နိုင်ငံ့အာဏာပိုင်များအနေနှင့် ၎တို့၏ တရားစီရင်ပိုင်ခွင့်အတွင်း စစ်ပြေးဒုက္ခသည်များအား အကူအညီပေးရေးနှင့် အကာအကွယ်ပေးရေးတို့ပေးအပ်ရန် အခြေခံတာဝန်ရှိပြီး တာဝန်ယူဆောင်ရွက်မှုများ လုပ်ဆောင်သွားရန်တို့အား အတည်ပြုခဲ့သည်။ နိုင်ငံ့အာဏာပိုင်များထံမှ ထိုနေရပ်မှမောင်းနှင်ထုတ်ခံရသူများအနေနှင့် အကူအညီတောင်းရေးနှင့် အကာအကွယ်ရရှိရေးအခွင့်အရေးတို့အား အကူအညီနှင့် အကာအကွယ်ရရှိရေးတို့အတွက်လည်း အာမခံပေးခဲ့သည်။ စည်းကမ်းချက်များက နိုင်ငံတကာ လူသားချင်းစာနာမှုအကူအညီပေးရေး လုပ်ဆောင်နေသည့် အဖွဲ့အစည်းများ၏ အခွင့်အရေးအား စစ်ပြေးဒုက္ခသည်များအား အထောက်အပံ့ပေးရေးပြုလုပ်ရန် မီးမောင်းထိုးပြခဲ့သည့်အပြင် အစိုးရတစ်ခုအနေနှင့် ထင်ရာမြင်ရာဆုတ်ကိုင်ထားကာ အထူးသဖြင့် ၎ကိုယ်တိုင် မတတ်နိုင်ခြင်း သို့မဟုတ် အကူအညီပေးအပ်လိုခြင်းမရှိသည့်အခါ ထိုအခြားသူများပေးအပ်မည့် အထောက်အပံ့တို့အား လက်မခံခြင်း၊ လိုက်လျောမှု မပြုခြင်းမျိုးမလုပ်သင့်ကြောင်း အလေးအနက်ဖော်ပြခဲ့သည်။

နေရပ်မှမောင်းထုတ်သည့် လုပ်ရပ်များအတွက် နိုင်ငံအာဏာပိုင်မှာ အကြီး အကျယ် တာဝန်ရှိနေသည့် မြန်မာနိုင်ငံအရေးတွင် စစ်ပြေးဒုက္ခသည်ကိစ္စက နိုင်ငံရေးထိလွယ်ခိုက်လွယ်ဖြစ်မှုတို့အား ဖြစ်ပေါ်နေစေသည်။ ၎အစိုးရက စစ်ပြေးဒုက္ခသည်ရှိနေသည်ကို အသိအမှတ်ပြုရန် ငြင်းဆန်ခဲ့သည့်ပြင် ၎တို့အား အသိအမှတ်ပြုရေး သို့မဟုတ် အကူအညီပေးရေး စီမံချက်လည်းမရှိပေ။ နိုင်ငံတကာ လူသားချင်းစာနာမှုဖြင့် ထောက်ပံ့ကူညီပေးသည့် အဖွဲ့များက ၎တို့၏ တာဝန်ချထားလုပ်ဆောင်မှုဖြင့် ကာကွယ်စောင့်ရှောက်မှု အနည်းငယ်မျှသာပေးအပ်နိုင်သည်။ ဥပမာအနေနှင့် မြန်မာနိုင်ငံအနောက်ပိုင်း နိုင်ငံတကာ အကူအညီပေးအဖွဲ့




ထွက်ပြေး နေကြသည့် ရွာသားများ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ

များရှိသည့် ရခိုင်ပြည်နယ်တွင် ချိုးဖောက်မှုများ လျော့ချမှုတစုံတရာရှိသည်။ သို့သော် နိုင်ငံတကာ လူသားချင်းစာနာရေး အထောက်အပံ့ပေးအဖွဲ့များ၏ ပဋိပက္ခဖြစ်ပွားနေသည့် မြန်မာနိုင်ငံအရှေ့ပိုင်း နယ်စပ်ဇုန်များအတွင်း စစ်ပြေးဒုက္ခသည်များနှင့် အခြားချည့်နဲ့ နေသည့်လူထု ထံသွားရောက်အကူအညီပေးရေးအား ခွင့်ပြုပေးရန် ငြင်းဆန်ခြင်းခံရသည်။ နိုင်ငံတကာကြက်ခြေနီကော်မီတီ International Committee of Red Cross (ICRC) အနေနှင့် ဤဒေသများအတွင်း လွတ်လပ်စွာလုပ်ဆောင်ခွင့်ရသည့် တစ်ခုတည်းသောအဖွဲ့ဖြစ်သည်။ သို့သော် လက်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) ဟုလူသိများသည့် မြန်မာအစိုးရ၏ နိုင်ငံရေးအပြောင်းအလဲ၏ ဦးတည်မှုများက ၂၀၀၄ ခုနှစ်တွင် ပို၍ အထီးကျန်စေ၍ ထိုကော်မီတီအနေနှင့်လည်း ထိစပ်လုပ်ဆောင်ခွင့်ရစေရေးအတွက် ချုပ်ချယ်ကန့်သတ်မှုအသစ်များနှင့် ရင်ဆိုင်နေရသည်။ မောင်းနှင်ထုတ်ခံရသည့် လူထုထံသို့ နယ်စပ်ဖြတ်ကျော်ခရီးစဉ်အား တာဝန်ယူလုပ်ဆောင်နေသည့် ထိုင်းနိုင်ငံရှိ အသိုင်းအဝိုင်းအခြေပြုအဖွဲ့အစည်းများ၏ ရောက်ရှိမှုက ဤဒေသအတွက် အကူအညီအနည်းငယ် ပေးအပ်သည်။ ဤအကူအညီပေးမှုက နိုင်ငံတော်အချုပ်အခြာအာဏာပိုင်မှုအတွက် လိုက်နာရန်စည်းကမ်းများအားဖောက်ဖျက် လုပ်ဆောင်မှုဖြစ်သော်လည်း တစ်ခုတည်းသော လူထုထံရောက်ရှိမည့် နည်းလမ်းပင်ဖြစ်သည်။

ကမ္ဘာပေါ်ရှိနိုင်ငံအနည်းငယ်လောက်သာ နေရပ်ဒေသများမှမောင်းထုတ်ရန် ဖိအားပေး၍ ထိုသို့သော ကြီးကျယ်သည့် အတိုင်းအဆ၊ ထိုသို့ ကန့်သတ်ထားသည့်တုန့်ပြန်မှုတို့အား ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ဌာနများမှ နှုတ်ယူလေ့ရှိသည်။ နိုင်ငံတကာအသိုင်းအဝိုင်း များစွာအနေနှင့် ထိုကြမ်းကြုတ်မှုများအတိုင်းအတာအား သတိမမူမိသည့် အနေအထားရှိသည်။ တကမ္ဘာလုံးနီးပါး ကြိုးစား၍ ၎င်းနိုင်ငံ၏ နိုင်ငံရေးနှင့် လူ့အခွင့်အရေး ပြဿနာများအား ဖြေရှင်းရေးက အဓိကအနေနှင့် စစ်အာဏာပိုင်များနှင့် ဒီမိုကရေစီလိုလားသည့် တပ်များအတွင်း ပဋိပက္ခအား ဦးစားပေးလုပ်ဆောင်ခြင်းဖြစ်သည်။ ဗမာချုပ်ကိုင်ထားသည့် ဗဟိုအစိုးရနှင့် ဗမာမဟုတ်သူ တိုင်းရင်းသားများအတွင်း ပဋိပက္ခက မြန်မာနိုင်ငံတွင်း နေရပ်မှမောင်းထုတ်မှုအများစုအား ခလုတ်ဆွဲဖြစ်ပေါ်စေ၍ ထိုပဋိပက္ခအနေနှင့် အကြီးအကျယ်ဝန်းရံဖြစ်ပွားနေသည်။

မြန်မာအစိုးရနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအများစုတို့က စိတ်ပျက်မှုဖြစ်ပွားသော်လည်း နအဖအား ကုန်သွယ်ဖက် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုပ်နှင့် အိယ တို့က နောက်ကွယ်မှ အထွေထွေအားပေးအားမြှောက်ပြုနေပေသည်။ မြန်မာနိုင်ငံအနေနှင့် အဖွဲ့ဝင်တစ်ခုအဖြစ်ပါဝင်သည့် ဒေသဟစ်တိုင်တစ်ခုဖြစ်သည့် အရှေ့တောင်အာရှ နိုင်ငံများ အစည်းအရုံး (အာဆီယံ) ကလည်း လောကထုံးတမ်းဖောက်ဖျက်မှုများပြုလုပ်မှုအပေါ် အစိုးရ၏တာဝန်ခံမှုအား ရှောင်ကြဉ်ရေးကိုင်စွဲထားကာ နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများအား ဝင်ရောက်စွက်ဖက်မှုမပြုလုပ်ရေးအမြင်ကို အပြင်းအထန်ထောက်ပံ့မှု ပြုလုပ်နေသည်။

## အကာအကွယ်ပေးရေးတာဝန်

ရဝန်ဒါနိုင်ငံရှိ သတ်ဖြတ်မျိုးဖြုတ်မှုများကတည်းက အချုပ်အခြာအာဏာပိုင်အစိုးရများက ၎င်းတို့၏လူထုအတွက် လုံခြုံမှုနှင့် သုခချမ်းသာပေးအပ်ရန် ပျက်ကွက်မှုအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် ပိုမိုမြင့်မားသည့် တာဝန်ယူမှုအား တိကျသည့်အခြေအနေများအတွင်း စတင်လုပ်ဆောင်ခဲ့ကြသည်။ ဆယ်စုနှစ်များအတွင်း ဝင်ရောက်စွက်ဖက်မှု မပြုရေးစည်းကမ်းအား မည်သည့်နိုင်ငံ၏ ပြည်တွင်းရေး တရားစီရင်ပိုင်ခွင့် အကျုံးဝင်သည့် ကိစ္စများအား အလေးအနက်ချမှတ်ထားသည့် ကုလသမဂ္ဂပဋိညာဉ်စာတမ်း ပုဒ်မ ၂.၇ အရ နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် ကျူးလွန်သူများ အပြစ်ပေးခံရခြင်းမရှိသည့် အနေအထားတစ်ခုတွင် ဆိုးရွားသည့် လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများကြောင့် လူထုအနေနှင့် ခံစားနေရသည်အကြောင်း ပြောဆိုရန်ပင်ဝန်လေးတွန့်ဆုတ်နေကြသည်။ သို့သော် မကြာမီနှစ်များအတွင်း အချုပ်အခြာအာဏာအား အချုပ်အခြာအာဏာ၏ ပြည့်စုံသည့်အမြင်ဆီသို့ နိုင်ငံသားများအား အကာအကွယ်ပေးရေးနှင့် ဆိုးဝါးသည့် ကျူးလွန်မှုများနှင့် အစုအဖွဲ့လိုက်ယုတ်မာရမ်းကားမှုတို့အား တားဆီးရေး တာဝန်တစ်ခုအနေနှင့် ပြောင်းလည်းတိုးတက်မှုများဖြစ်ပေါ်လာခဲ့သည်။

တာဝန်ယူကာကွယ်စောင့်ရှောက်ရေးမှု (R2P) ၏ စည်းကမ်းအရ အချုပ်အခြာအာဏာပိုင်နိုင်ငံများတွင် ၎င်းတို့၏ လူထုအပေါ် မျိုးဖြုတ်သတ်ဖြတ်ခြင်း၊ စစ်ရာဇဝတ်မှုများ၊ တိုင်းရင်းသားလူမျိုးစုဖျောက်ဖျက်ခြင်းနှင့် စာနာမှုကင်းမဲ့သည့် ရာဇဝတ်မှုတို့မှ အကာအကွယ်ပေးရန် အခြေခံတာဝန်ယူမှုနှင့် ၎င်းတို့အနေနှင့် ဆမရှိသည့် သို့မဟုတ် ထိုတာဝန်အား လုပ်ဆောင်ရန် မတတ်နိုင်သည့် အချိန်တွင် တာဝန်ယူဆောင်ရွက်မှုက ကျယ်ပြန့်သည့် နိုင်ငံတကာအသိုင်းအဝိုင်းထံသို့ လွှဲပြောင်းရောက်ရှိသွားသည်။ R2P ၏ လိုအပ်သည့် အရေးယူဆောင်ရွက်မှုသည် လွှမ်းခြုံသည့်ကာကွယ်ဆောင်ရွက်မှုနှင့် နိုင်ငံ၏လုပ်နိုင်စွမ်းတည်ထောင်ရေး၊ နာကြည်းချက်များအားကုစားခြင်းနှင့် တရားဥပဒေနည်းလမ်းကျမကျ လုပ်ဆောင်ခြင်းတို့ပါဝင်သည်။ သို့သော် အကယ်၍ အကာအကွယ်ပေးရန်ပျက်ကွက်ပါက R2P အနေနှင့် မည်သည့် စီးပွားရေး၊ နိုင်ငံရေး၊ သံတမန်ဆက်ဆံရေး၊ တရားဥပဒေ၊ လုံခြုံရေးအခြေအနေတွင် ဖြစ်စေ သို့မဟုတ် နောက်ဆုံးခိုကိုးရာအဖြစ် စစ်ရေးတိုင်းအတာအနေနှင့် လုပ်ဆောင်ရေးတို့မှာ အစုအဖွဲ့လိုက် ယုတ်မာရမ်းကားမှုများအား တားဆီးရန် မရှိမဖြစ်လိုအပ်ပေသည်။

၂၀၀၅ ခုနှစ် ကမ္ဘာ့ထိပ်သီးဆွေးနွေးပွဲတွင် ကမ္ဘာ့အစိုးရများက R2P စည်းကမ်းအား သဘောတူညီခဲ့ပြီး နိုင်ငံအာဏာပိုင်တို့အနေနှင့် ၎င်းတို့၏လူထုအား ယုတ်မာရက်စက်သည့် ရာဇဝတ်မှုမှ အကာအကွယ်ပေးရေး ပျက်ကွက်သည်နှင့် ပူးပေါင်း အရေးယူဆောင်ရွက်ရေးအား လုံခြုံရေးကောင်စီမှတဆင့် အခြေခံ အကြောင်းတရား တစ်ခုပြီးတစ်ခု အချိန်အတိုင်းအတာအတွင်းပြတ်သားသည့်လုပ်ဟန်အနေနှင့် လုပ်ဆောင်ရေး ချထားသတ်မှတ်ခဲ့သည်။ နိုင်ငံပေါင်း ၁၉၂ နိုင်ငံမှ ထိပ်တန်းခေါင်းဆောင်များလက်မှတ်ရေးထိုးခဲ့သည့် ကမ္ဘာ့ထိပ်သီးရလဒ်စာချုပ် World Summit Outcome Document ကလည်း အရေးကြီးသည့် နိုင်ငံတကာ ကန့်သတ်ချက်အနေနှင့် စစ်ပြေးဒုက္ခသည်များအား အကာအကွယ်ပေးရေးနှင့် ထိရောက်သည့်အတိုင်းအတာဖြင့် ၎င်းတို့၏ ကာကွယ် စောင့်ရှောက်ရေးအရှိန်မြှင့်တင်ရေး ဆုံးဖြတ်မှုလုပ်ဆောင်ရေးတို့လုပ်ဆောင်ရန် လမ်းညွှန်စည်းကမ်းများအား အသိအမှတ်ပြုခဲ့ကြသည်။

၂၀၀၆ ခုနှစ် ဧပြီလတွင်ချမှတ်ထားသည့် ဆုံးဖြတ်ချက် ၁၆၇၄ မှတဆင့် လုံခြုံရေးကောင်စီက နိုင်ငံသားတို့နှင့် အခြား ကာကွယ်စောင့်ရှောက်ထားသည့် ပုဂ္ဂိုလ်တို့အား ပြောင်ပြောင်တင်းတင်း ပစ်မှတ်ထား၍ လုပ်ဆောင်ရန်စေခိုင်းသည့် တာဝန်၊ ကြူးလွန်မှုနှင့် စစ်ရေးပဋိပက္ခအတွင်း နေရာအနှံ့ဖြစ်ပွားနေသည့် နိုင်ငံတကာ လူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေးဥပဒေ ချိုးဖောက်မှုတို့အနေနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အား ချိန်းခြောက်မှု ဖြစ်ပွားစေမည် ဟုအသိအမှတ်ပြုထားသည်။ လုံခြုံရေးကောင်စီက ထိုကဲ့သို့အခြေအနေများအား စဉ်းစားရန် အဆင်သင့်ဖြစ်နေကြောင်းနှင့် လိုအပ်ပါက သင့်တော်သည့်ဆောင်ရွက်မှုခြေလှမ်းများအား အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့ပေသည်။

တာဝန်ယူကာကွယ်စောင့်ရှောက်ရေးမှု Responsibility to Protect (R2P) အရအရေးယူခြင်း

ဆုံးဖြတ်ချက်အား အရေးယူဆောင်ရွက်မှုတကယ်လုပ်ဆောင်ရေးအတွက် အဓိပ္ပါယ်ဖွင့်ဆိုမှုပြုလုပ်ထားခြင်း မရှိသော်လည်း ဤစည်းကမ်းချက်အား မည်သို့အသုံးပြုမည်ဆိုသည့်အပေါ် သဘောတူညီချက် အနည်းငယ်သာရှိသည်။ လုံခြုံရေးကောင်စီတွင် အနောက်နိုင်ငံများ၏ အစုအဖွဲ့လိုက် ယုတ်မာရမ်းကားမှုများအား နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အား ချိန်းခြောက်မှုတစ်ခုအဖြစ် ယူဆခြင်းနှင့် တရုတ်နှင့် ရုရှားတို့ ကဲ့သို့သော ကမ္ဘာ့ထိပ်သီးရလာဒ်စာချုပ်အား လက်ခံ၍ ဆုံးဖြတ်ချက် ၁၆၇၄ အား ထောက်ခံသော်လည်း အချုပ်အခြာအာဏာပိုင်ဆိုင်မှုအရေး အငြင်းပွားခြင်းကိုမူ အပေါ်ဆက်လက်တိုးမြှင့်လုပ်ဆောင်နေသည့် ကွဲပြားခြားနားမှုများ ရှိနေပေသည်။

ဒါဖာကိစ္စတွင် အရေးယူဆောင်ရွက်မှုတို့က ကာကွယ်စောင့်ရှောက်ရေးတာဝန် အသုံးအနှုန်းအတွက် တိုးတက်ဘောင်ခတ်ခံရသည်။ ဆုံးဖြတ်ချက် ၁၇၀၆ က နိုင်ငံသား ကာကွယ်စောင့်ရှောက်ရေးနှင့် လူသားခြင်း စာနာမှုအကူအညီပေးလုပ်ဆောင်နေသည့် လုပ်သားများ၏ အရေးပါမှုကို အလေးအနက်ပြုလုပ်သည့်အခါတွင် လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၇၀၆ သည် ပထမဆုံးသာဓကအဖြစ်နှင့် R2P သဘောထားအား တိကျသည့်အခြေအနေတွင် အသုံးပြုရန်ဖြစ်ခဲ့သည်။ ဆာဟာရလက်အောက်ခံ အစိုးရများစွာက ဒါဖာကိစ္စတွင် R2P စည်းကမ်းအား အပြင်းအထန် အတိုက်အခံပြုလုပ်ခဲ့သည်။ သို့သော် လုံခြုံရေးကောင်စီထဲမှ ဌာနခွဲများအနေနှင့် ပြင်းထန်သည့် စုပေါင်းအရေးယူဆောင်ရွက်မှုအား ဒါဖာတွင် လုပ်ဆောင်ရေးအား ဟန့်တားခဲ့ကြသည်။

မြန်မာနိုင်ငံအခြေအနေက ၎င်း၏ ခေါင်းစဉ်အပေါ် မဲခွဲဆုံးဖြတ်ခဲ့သည့် ၂၀၀၆ စက်တင်ဘာအထိ လုံခြုံရေးကောင်စီ၏ အာဏာစက်အတွင်း ကျလောက်လာသည့် ပုံစံမရှိပေ။ ဤမဲခွဲဆုံးဖြတ်ချက်က အထွေထွေညီလာခံဆုံးဖြတ်ချက်နှင့် လူ့အခွင့်အရေးကော်မရှင်၏ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး နှင့် ဒီမိုကရေစီပြုပြင်ပြောင်းလည်းမှုဆောင်ရွက်ရေး တောင်းဆိုချက်အား မြန်မာအစိုးရ၏လိုက်နာဆောင်ရွက်ရန် ငြင်းဆန်လုပ်ဆောင်နေသည့် နှစ်များစွာကြာမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ၂၀၀၄ ခုနှစ်ကတည်းက အစိုးရက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံအထူးသံတမန်လာရောက်ခွင့် ငြင်းပယ်ခဲ့သည့်ပြင် ၂၀၀၃ ခုနှစ်ကတည်းက မြန်မာနိုင်ငံအစိုးရက မြန်မာနိုင်ငံအရေးအတွက်ထိစပ်ဆောင်ရွက်ခွင့်ရရန် အထူးကိုယ်စားလှယ်လာရောက်ရေးအားလည်း ငြင်းဆန်ပိတ်ပင်ထားခဲ့သည်။ လုံခြုံရေးကောင်စီ၏ ပြင်ပရှိ ကြိုးပမ်းအားထုတ်မှုအားလုံးတို့သည် ကုန်ဆုံး လက်ပန်းကျနေရသည့် အနေအထားပင်ဖြစ်သည်။

လုံခြုံရေးကောင်စီ၏ ဆွေးနွေးမှုခေါင်းစဉ်အတွင်း မြန်မာနိုင်ငံအား ရောက်ရှိစေရေး ယုံကြည်ချက်မှာ အမြဲတမ်းအဖွဲ့ဝင်များဖြစ်သည့် ရုရှားနှင့် တရုတ်နိုင်ငံတို့က ၂၀၀၇ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံအတွက် ပထမဆုံးဆုံးဖြတ်ချက်အပေါ် ဗီတိုအာဏာသုံး၍ ပယ်ချခဲ့သဖြင့် သက်ဆိုးမရှည် ဖြစ်ခဲ့သည်။ ထို့ကြောင့် အခြားတောင်းဆိုချက်များအတွင်း အစိုးရအား တိုင်းရင်းသားလူနည်းစုများအား တိုက်ခိုက်မှုအားလုံးရပ်တန့်ရေးနှင့် လူသားခြင်းစာနာသည့်အကူအညီပေးအဖွဲ့အစည်းများအား အတားအဆီးမဲ့ ဆက်သွယ်ဆောင်ရွက်မှုပေးအပ်ရေး တောင်းဆိုမှုတို့ ရှိခဲ့သည်။ ဤပယ်ချမှုမှာ လုံခြုံရေးကောင်စီ၏ ၁၉၈၉ ခုနှစ်နောက်ပိုင်း ပထမဆုံးစုပေါင်းဆောင်ရွက်ခဲ့သည့်

ဗီတိုအာဏာသုံးမှုဖြစ်သည်။ ၎တို့၏ ထုတ်ပြန်ချက်တွင် တရုတ်နှင့် ရုရှားတို့က မြန်မာနိုင်ငံ၏ အခြေအနေမှာ ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အပေါ် ခြိမ်းခြောက်မှုမဖြစ်ကြောင်းနှင့် လုံခြုံရေးကောင်စီမှာ နိုင်ငံတစ်ခု၏ပြည်တွင်းရေးကိစ္စများအား ဆွေးနွေးရန်နေရာမဟုတ်ကြောင်း ငြင်းဆိုခဲ့ကြသည်။ တရုတ်နှင့် ရုရှားတို့က မြန်မာနိုင်ငံအနေနှင့် ပြင်းထန်သည့် လူ့အခွင့်အရေးနှင့် လူသားဆိုင်ရာအခြေအနေများနှင့် ရင်ဆိုင်နေရကြောင်းကို အသိအမှတ်ပြုသော်လည်း ၎တို့က အာဏာများနှောင်ဖွဲ့တင်းကြပ်ထားမှုမရှိသည့် လူ့အခွင့်အရေးကောင်စီက မြန်မာနိုင်ငံအပေါ် အရေးယူရေးကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံး ဆွေးနွေးပွဲကျင်းပရန်နေရာဖြစ်ကြောင်း လေးနက်စွာညွှန်ပြခဲ့ကြသည်။ ထို ဗီတိုအာဏာသုံးနိုင်သည့် နိုင်ငံများက မြန်မာပြည်သူလူထုအတွက် မည်သည့် ကာကွယ်စောင့်ရှောက်ရေးများ စုပေါင်းတာဝန်ယူသွားရမည်ဆိုသည့် ညွှန်ပြမှုမျိုးကိုမျှ လုပ်ဆောင်ခဲ့ခြင်းမရှိခဲ့။

၂၀၀၇ စက်တင်ဘာလတွင် ဆယ်စုနှစ်နှစ်ခုအတွင်း အကြီးဆုံးဒီမိုကရေစီရေး လှုပ်ရှားဆန္ဒပြမှု မြန်မာနိုင်ငံအား ရိုက်ခတ်ခဲ့၍ နောက်ပိုင်း အစိုးရ၏ဖြိုခွင်းမှုက နိုင်ငံတကာအာရုံစိုက်မှုအား ထပ်မံကြီးပမ်းရေး ဆုံချက်ဖြစ်စေခဲ့သည်။ ပြင်းထန်သည့် သံတမန်ဖိအားကြောင့် နအဖက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးနှင့် အထူးကိုယ်စားလှယ်အား ၂၀၀၇ ခုနှစ်နှောင်းပိုင်းတွင် ဝင်ခွင့်ပေးခဲ့သည်။ ရှည်လျားရှုပ်ထွေးမှုများ စွာနောက်တွင် လုံခြုံရေးကောင်စီက ဥက္ကဋ္ဌထုတ်ပြန်ကြေငြာချက်ဖြင့် ငြိမ်းချမ်းစွာဆန္ဒပြသူများအပေါ် ရက်စက်စွာဖြိုခွင်းမှုအား ရှုတ်ချခဲ့သည့်အပြင် စစ်မှန်သည့်ဆွေးနွေးပွဲအား သက်ဆိုင်ရာပါတီအဖွဲ့အစည်းများ၊ တိုင်းရင်းသားအုပ်စုများဖြင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအောင်မြင်မှုရရှိရန်အတွက် လုပ်ဆောင်ရန် တောင်းဆိုခဲ့သည်။ ဆယ်စုနှစ်များစွာ အကြမ်းဖက်ရက်စက်မှုနှင့် နေရပ်မှအတင်းအဓမ္မ မောင်းထုတ်ခံရခြင်းတို့ကို တွေ့ကြုံရသည့်သည့်အပြင် အလွန်အမင်း အန္တရာယ်ရှိခြင်းနှင့် ခက်ခဲကြမ်းတမ်းမှုတို့အား ဆက်လက်ရင်ဆိုင်ရနိုင်သည့် တိုင်းရင်းသားလူနည်းစုဝင် ပြည်သူလူထု ကာကွယ်စောင့်ရှောက်ရေး ဖော်ပြချက် လုံးဝမပါဝင်ခဲ့ပေ။ မြန်မာဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူတို့အား ဖိနှိပ်ဖြိုခွင်းမှုတို့က လျော့နည်းလာပုံပေါ်သော်လည်း အစိုးရတပ်များက ၎တို့၏ တန်ပြန်တော်လှန်ရေးနည်း ဗျူဟာတစ်ခုအနေနှင့် မြန်မာတိုင်းရင်းသား လူနည်းစုဒေသများရှိ ပြည်သူလူထုအပေါ် ဆက်လက်ပစ်မှတ်ထားလုပ်ဆောင်နေသည့်ပြင် အပြစ်ပေးအရေးယူမှု မရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား ဆက်လက်ကြူးလွန်နေပေသည်။ စိုးရိမ်မှုအနေနှင့် 'ရွှေဝါရောင်တော်လှန်ရေး' အားသတိရမှုက မှေးမှိန်သွားသည့်အချက်နှင့် မြန်မာအစိုးရက နိုင်ငံရေးဆွေးနွေးပွဲတစ်ခုပြုလုပ်ပေးမည့် အရိပ်အရောင် ပေးလာသည့်အပေါ် လုံခြုံရေးကောင်စီအနေနှင့် နောက်တကြိမ် မြန်မာနိုင်ငံအား လျှော့ချဦးစားပေးအနေအထားတွင်ထားရှိ၍ အခြားကုလသမဂ္ဂအစိတ်အပိုင်းတို့အား ကိုင်တွယ်ဖြေရှင်းရန် ပိုမိုသင့်တော်သည်ဟု ထားရှိသွားမည့် ကိစ္စပင်ဖြစ်သည်။ လုံခြုံရေးကောင်စီအနေနှင့် မြန်မာ့အရေးအား R2P အနာဂတ်ဖြစ်နိုင်ခြေဇာတ်လမ်းအရ စတင်၍စောင့်ကြည့်ရန် အလွန်အရေးကြီးသည်။

အကယ်၍ R2P အယူအဆအားဒါဖာကိစ္စတွင် ယူဆောင်အသုံးချနိုင်ပါက အကြောင်းပြချက်တိုင်း မြန်မာ့အရေးနှင့် ဆက်စပ်မြှင့်တင်မှုများ ပြုလုပ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နိုင်ငံတကာ အစိတ်အပိုင်းများက လုပ်ငန်းစဉ်အား အကောင်အထည်ဖော်ရာတွင် အခက်အခဲရှိနိုင်သော်လည်း လုံခြုံရေးကောင်စီအဖွဲ့ဝင်များအနေနှင့် မြန်မာနိုင်ငံ၏ ပြည်သူလူထုအား ရက်စက်ကြမ်းကြုတ်သည့် အစုအဖွဲ့လိုက် ရာဇဝတ်မှုများမှ ကာကွယ်စောင့်ရှောက်ရန် နိုင်ငံတကာအသိုင်းအဝိုင်း၏ တာဝန်ယူဆောင်ရွက်မှုအား ဆက်လက်လစ်လျူရှုထားပါက ၎တို့အနေနှင့် အစိုးရအားလုံး မူဝါဒအရသဘောတူထားသည့် တာဝန်ယူမှုအတွက် ညံ့ဖြင်းသည့် ထုံးတမ်းချမှတ် လုပ်ဆောင်နေခြင်းသာလျှင် ဖြစ်ပေတော့မည်။

*ကာဗီတာ ရှုကလာ* ***(kshuklaus@yahoo.com)*** *သည် မြန်မာဒုက္ခသည်များနှင့် စစ်ပြေးဒုက္ခသည်တို့အပေါ် သုတေသနပြုလုပ်နေသူတစ်ဦးဖြစ်သည်။*

၁ www.brookings.edu/projects/idp/gp_page.aspx

၂ ယခင်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) ဟုလူသိများသည်။

၃ ဂရက် အဲဗန်စ် ၏ 'နိုင်ငံတော်အချုပ်အခြာအာဏာပိုင်ဆိုင်မှု ကန့်သတ်ချက်များ – ၂၁ ရာစုတွင်း ကာကွယ်စောင့်ရှောက်ရေး တာဝန်ယူဆောင်ရွက်ချက်' နီလမ်ထိုင်ရူချယ်ဗန် အမှတ်တရဟောပြောပို့ချချက်၊ နိုင်ငံတကာ တိုင်းရင်းသားလေ့လာရေးဌာန၊ ကိုလမ်ဘို၊ ၂၀၀၇ ခုနှစ် ဇူလိုင်လ ၂၉ ရက်

၄ http://daccessdds.un.org/doc/UNDOC/GEN/N05/487/60/PDF/N0548760.pdf?OpenElement

၅ ရောဘတ္တာကိုဟန်၏ 'လူသားဆိုင်ရာအရေးကြီးမှုများက အချုပ်အခြာအာဏာပိုင်ဆိုင်မှုအား ပြောင်းလည်းစေသည်'၊ နိုင်ငံတကာဆက်ဆံရေးဌာန၏ အနောက်မြောက်ဂျာနယ်၊ ၂၀၀၈ ခုနှစ် ဆောင်းရာသီ၊ စာမျက်နှာ–၆

# ထွက်ပြေးရခြင်းအကြောင်းရင်းနှင့် ပြန်လမ်းခရီးအတားအဆီးဖြစ်သည့် မြေမြှုပ်မိုင်းများ

ယေရှုဝါးမိုဆာ–ပြွန်ဆုဝမ်း

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးအဖွဲ့ (နအဖ) နှင့် တိုင်းရင်းသားလူမျိုးစုအခြေခံ လက်နက်ကိုင်ဆန့်ကျင်ရေးအဖွဲ့များအကြား ဖြစ်ပွားနေသည့် မိုင်းစစ်ပွဲ၏ဒဏ်ကို ဆယ်စုနှစ်နှစ်ခုအကြာ ခံစားနေကြရပေသည်။ နိုင်ငံအတွင်းလူသားခြင်းစာနာမှုဖြင့် မိုင်းလျှော့ချရေးစီမံချက်များလည်းမရှိပေ။

မိုင်းများအလွန့်အကျွံ ပြည့်နှက်နေသည့် မြန်မာနိုင်ငံတွင်း ပြည်နယ်များတွင် ပြည်တွင်းစစ်ပြေးဒုက္ခသည်နှင့် ဒုက္ခသည် များဖြစ်ပေါ်ရာနယ်မြေများဖြစ်နေသည်မှာ အဆန်းမဟုတ်ပေ။

အစိုးရတပ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စု များထောင်ထားသည့် လူသတ်မိုင်းတို့က ရန်သူစစ်သည်တို့ကိုသာမက မိမိတပ်သားများ၊ ပြည်သူလူထုနှင့် တိရိစ္ဆာန်တို့ကိုပါ ထိခိုက်ဒဏ်ရာရစေခြင်းနှင့် သတ်ဖြတ်ခြင်းတို့ဖြစ်ပွားနေပေသည်။

မိုင်းရှိသည့်နေရာများတွင် ရှောင်ရှားနိုင်စေရန် စနစ်တကျအမှတ်အသားပြုလုပ်ထားခြင်းမရှိပေ။ ပြည်သူတို့ သွားလာလှုပ်ရှားနေသည့်နေရာများနှင့်နီးကပ်သည့် နေရာများတွင် မိုင်းများကိုထောင်ထားကြသည်။ ရွာအလည်ပိုင်းဒေသများမှ ကီလိုမီတာဝက်အကွာအတွင် ထိခိုက်မှုများ စွာဖြစ်ပွားလေ့ရှိသည်။ စစ်သည်တို့က ၎တို့အနေနှင့် မိုင်းထောင်ထားသည့်နေရာအနီး နေထိုင်ကြသည့်ပြည်သူတို့အား 'နှုတ်ဖြင့်သတိပေးသည်' ဟုဆိုသော်လည်း နိုင်ငံတကာမြေမြှုပ်မိုင်းဖျက်သိမ်းရေးလှုပ်ရှားမှုအဖွဲ့ကြီး၏ မိုင်း ထိခိုက်ရာမှအသက်ရှင်လွတ်မြောက်သူများနှင့်ပြုလုပ်ခဲ့သည့် မည်သည့်နှုတ်မေးအင်တာဗျူးကမျှ နှုတ်ဖြင့်သတိပေးခြင်းများကို ပြောပြခဲ့သည်မရှိချေ။

ပြည်တွင်းစစ်ပြေးဒုက္ခသည်များ သို့မဟုတ် ဒုက္ခသည်များ အပြန်ခရီးချောမွေ့စေရေးအတွက် မြေပုံညွှန်းပေးခြင်း၊ မိုင်းထောင်ထားသည့်ဒေသများအား အမှတ်အသားပြုလုပ်ခြင်းနှင့် ပြန်လာမည့်သူများအား ပညာပေးခြင်းနှင့် အပြန်ခရီးလှုပ်ရှားမှုများအား ထိမ်းသိမ်းညွှန်ပြခြင်းတို့အတွက် လုပ်ငန်းအတော်များများအား လုပ်ဆောင်ရန်လိုအပ်ချက် ရှိနေပေသေးသည်။ အမှန်မှာ ထိုထောင်ပေါင်းများစွာ (သို့မဟုတ်ပါက ထောင်ပေါင်းများစွာမှ ရာနှင့်ချီသည့်) သော ပြည်တွင်းစစ်ပြေးဒုက္ခသည်များတို့သည် ၎တို့အတွက် လုံခြုံစိတ်ချရသည့်မြေနှင့် ၎တို့ဘဝများအားပြန်လည်ထူထောင်ရန်အတွက် ပြန်ရန်သင့်လျှော်သည်ဟု ယူဆသည့်အချိန်တွင် ပြန်ကြမည်ဖြစ်သည်။ မည်သည့်အဖွဲ့အစည်းကမျှ ၎တို့အား တားဆီး၍ ရကောင်းမည်မဟုတ်ပေ။

လူသားခြင်းစာနာသည့်အထောက်အပံ့ပေးနေကြသည့်အဖွဲ့အစည်းများက စစ်သည်များ၊ နိုင်ငံတွင်းမိုင်းရှိသည့် နယ်မြေများတွင်ဗဟုသုတ ရှိသည့်ပြည်သူလူထုအား သင်တန်းပေး၍ မိုင်းသစ် များအသုံးပြုခြင်းအားတရားဝင် ဆိုင်းငံ့ထားခြင်းနှင့် မိုင်းဒေသအားလုံးအား ရှင်းလင်းသည့် သတိပေးအမှတ်အသားထားရှိမှုလုပ်ဆောင်ရေး တို့အားယခုပင် တိုက်တွန်းရမည်ဖြစ်သည်။ ၎သည် အကာအကွယ်ပေးခြင်းနှင့် ဂရုထားမှု တိုးမြင့်လာခြင်းအကျိုးနှစ်ခုစလုံးရရှိမည်ဖြစ်၍ ထိခိုက်ဒဏ်ရာရမှု ဖြစ်နိုင်ခြေအနဲဆုံးအနေအထား ကေန်မလွဲဖြစ်လာပေမည်။

*ယေရှုဝါးမိုဆာပြွန်ဆုဝမ်း* ***(yeshua@icbl.org)*** *သည်နိုင်ငံတကာမြေမြှုပ်မိုင်းဖျက်သိမ်းရေးလှုပ်ရှားမှုအဖွဲ့ကြီး၏မြေမြှုပ်မိုင်းစောင့်ကြည့်စစ်ဆေးရေးအဖွဲ့* ***(www.icbl.org/lm)*** *သုတေသနပညာရှင်နှင့် အယ်ဒီတာဖြစ်သည်။*

*မြန်မာ့မြေမြှုပ်မိုင်းအစီရင်ခံစာအား* ***http://www.icbl.org/lm/2007/burma.html*** *တွင်တွေ့နိုင်ပါသည်။*

# မြန်မာ့မြို့တော်ပြောင်းမှအဓွပြောင်းရွှေ့စေခိုင်းခြင်း

ဒေါ်နယ် အမ် ဆီကင်စ်

ရန်ကုန်မြို့လူထုအနေနှင့် စစ်အုပ်ချုပ်ရေး၏ နိုင်ထက်စီးနင်းပြုခြင်းအောက်တွင် အလုံးအရင်းဖြင့် နေရပ်မှပြောင်းရွှေ့နေထိုင်စေခြင်းများအား ကြုံတွေ့နေကြရသည်။

၂၀၀၅ ခုနှစ် နိုင်ငံတော်အေးချမ်းသာရေးကောင်စီ (နအဖ) မှ အာဏာအခြေပြုမှုကို နေပြည်တော်သို့ရွှေ့ပြောင်းခဲ့သည့်အချိန်ထိ ၊ ၁၉၅၈ မှ ၁၉၆၀ ခုနှစ်များအတွင်း မြန်မာနိုင်ငံ၏ အကြီးဆုံး မြို့တော်ဖြစ်ခဲ့သည့် ရန်ကုန်မြို့အား ဗိုလ်ချုပ်နေဝင်း၏ အိမ်စောင့်အစိုးရက (တရားဝင်ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်များအစား) မြန်မာ့လက်နက်ကိုင်တပ်များ၏ တာဝန်ယူအုပ်ချုပ်မှုအောက်တွင် ထားရှိစေခဲ့သည်။ အစိုးရက ရန်ကုန်အနီးတွင် မြို့နယ် ၃ ခု တည်ထောင်ခဲ့၍ မြို့နေလူထုတစ်သန်း၏ ခြောက်ပုံတစ်ပုံဖြစ်သည့် လူဦးရေ ၁၆၇၀၀၀ တို့မှာ ၎င်းတို့၏ ဆမပါပဲပြောင်းရွှေ့ နေရာချထားမှုခံခဲ့ကြရသည်။၁ အနယ်နယ်အရပ်ရပ်မှ ထောင်သောင်းချီ၍ထွက်ပြေးလာသည့် ဆူပူအုံကြွသူများသည် မြို့တော်တွင် ကျူးကျော်နေထိုင်သူများဖြစ်၍ လူထုကျန်းမာရေးနှင့် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရေးအတွက် စိုးရိမ်ဖွယ်ရာ ခြိမ်းခြောက်မှုတစ်ခုဖြစ်လာခြင်းကြောင့် လိုအပ်ချက်တစ်ခုအနေဖြင့် ဤသို့ လုပ်ဆောင်ရခြင်းဖြစ်သည်ဟု အစိုးရက ဆင်ခြေပေးခဲ့သည်။ အိမ်ဟောင်းများဆုံးရှုံးရသည့် အပေါ်အလွန်မကြေမနပ်ဖြစ်နေကြသည့် မြို့သစ်များတွင်နေထိုင်သူများက ၁၉၈၈ ခုနှစ်၏ နွေရာသီဒီမိုကရေစီလှုပ်ရှားမှုတွင် နေဝင်းစစ်အုပ်စုအား အလုံးအရင်းအင်အားပြ၍ ဆန့်ကျင်ခဲ့ကြသည်။

ထို ၁၉၈၈ ခု နွေရာသီ ဆပြတောင်းဆိုမှုများအား တုန့်ပြန်သည့်အနေဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က (နဝတ၊ ၁၉၉၇ တွင် နအဖဟုအမည်ပြောင်းခဲ့) အာဏာသိမ်းခဲ့သည်။ တစ်နှစ်အတွင်း အတင်းအကြပ် ပြန်လည်နေရာချထားခြင်းခံရသူများ ၊ လူဦးရေ သန်းတစ်ဝက်နီးပါးနှင့် မြို့သစ် ၁၀ မြို့အားတည်ထောင်ခဲ့သည်။ လူအများအပြားမှာ ကျူးကျော်နေထိုင်သူများ ဖြစ်သော်လည်း အခြားသူများမှာ အိမ်ပိုင်ယာပိုင်ရှိ၍ ၁၉၈၈ ခုနှစ် လူထုဆပြပွဲများအား တက်ကြွစွာထောက်ခံခဲ့သည့် နဝတ၏ အပြစ်ပေးခံရသူများဖြစ်ကြသည်။ ထိုသူတို့မှာ အိမ်ယာဟောင်းများဆုံးရှုံးရုံမျှမက အစွန်အဖျားနေရာများတွင် အိမ်သစ်ဆောက်လုပ်ရန် မြေနှင့်အိမ်သစ်များဆောက်လုပ်ရေးအတွက် လိုအပ်သည့်ပစ္စည်းများ အတင်းအကြပ် ငွေတောင်းခံခြင်းခံကြရသည်။ ထိုနေရာများသည် လျှပ်စစ်အလုံအလောက်မရှိခြင်း၊ ရေအလုံအလောက်မရှိခြင်းအပြင် အခြားအဆင်ပြေမှုများမှာလည်းနည်းပါးသည့် ဒေသဖြစ်သည်။ ထိုမြို့သစ်များတွင် အလုပ်အကိုင်ရရှိရေးအခွင့်အရေးအနဲငယ်သာရှိပြီး ရန်ကုန်မြို့အချက်အခြာနေရာများရှိ သာမန်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန်လိုလားကြသည့် ပြောင်းရွှေ့ခံရသည့်ပြည်သူများအနေနှင့် ခရီးဝေးလွန်း၍ သွားလာရေးအကုန်အကျများသည့် အခြေအနေဖြစ်စေသည်။ ၂

ယနေ့အခါ ရွှေ့ပြောင်းအခြေချနေထိုင်သူများသည် ဝါးနှင့်သက်ကယ်ဖြင့်ဆောက်ထားသည့် သာမန်အိမ်များတွင် အတူတကွ ပြွတ်သိပ်နေထိုင်ရ၍ ရန်ကုန်၏ဆင်းရဲတကာ့အဆင်းရဲဆုံး အနေအထားတွင်ရှိနေကြသည်။ ၂၀၀၇ ခုနှစ် ဩဂုတ်လတွင်ဖြစ်ပွားခဲ့သည့် လောင်စာဆီဈေးများမြင့်တက်မှုက ၎င်းတို့အား အပြင်းထန်ဆုံးထိုးနှက်ခဲ့ပြီး စားသောက်ကုန်ဈေးနှုန်းနှင့် လူထုသယ်ယူပို့ဆောင်ရေးစားရိတ်များ မိုးထိအောင်မြင့်တက်လာသည်မှစ၍ နောက်လတွင် နိုင်ငံတဝှမ်း အစိုးရဆန့်ကျင်ရေးဆပြ လှုပ်ရှားမှုများ ဖြစ်ပေါ်လာစေရန် အစပြုးခဲ့သည်။ ‘တဲမှတိုက်ခန်းများဆီသို့’ ဟူသည့်၎င်း၏ အစီအစဉ်အရ ကျူးကျော်နေထိုင်သူများစွာအား အထပ်များစွာပါသည့်အိမ်ယာ သို့မဟုတ် ၎င်းတို့၏ယခင်နေအိမ်များအနီးနေရာများတွင် နေရာချထားရေးလုပ်ဆောင်ပေးမည်ဟု ဆိုခဲ့သည်။ သို့သော်လည်း ယနေ့အခါ ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ကြီးများတွင် အတင်းအဓွနေအိမ်များမှပြောင်းရွှေ့နေမှုများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။ ဥပမာ – မီးလောင်သည့်နေရာတွင်နေထိုင်ကြသူများအား နေရာဟောင်းတွင် ပြန်လည်ဆောက်လုပ်ခွင့်မပြုတော့ဘဲ ထိုနေရပ်များကိုရှင်းလင်း၍ လမ်းသစ်များဖောက်ခြင်း၊ တိုက်ခန်းများနှင့် ကုန်တိုက်များပြန်လည်တည်ဆောက်ခဲ့သည်။ မြန်မာနိုင်ငံတွင် မည်သည့်တိုင်းရင်းသားလူမျိုးမဆို ၎င်းတို့၏ နိုင်ငံသားဆိုင်ရာ မြေယာပိုင်ဆိုင်မှု အခွင့်အရေးအားလုံး မျက်ကွယ်ပြုထားခြင်းခံနေကြရပေသည်။

*ဒေါ်နယ် ဆီကင်စ် **(kenchan@ii-okinawa.ne.jp)** သည် ဂျပန်နိုင်ငံ အိုကီနာဝါပြည်နယ်၊ နာဂိုမြို့ရှိ မီယိုတက္ကသိုလ် ၊နိုင်ငံတကာလေ့လာရေးကောလိပ် အရှေ့တောင်အာရှလေ့လာရေးဌာန ပါမောက္ခဖြစ်သည်။*

၁ Centre on Housing Rights and Evictions (COHRE), Burma: displacement and Dispossession, Forced Migration and Land Rights. November 2007, pp95-98.

၂ ‘Interviews in Satellite Villages', Dawn News Bulletin, Vol.2, no 14 (July 1990), pp3-9.

# ထိုးနှက်မှုအောက်ကဘဝလမ်း

ဒေးဗစ် ယူဘန့်ခ်

မြန်မာနိုင်ငံအရှေ့ဖျားရှိ ပဋိပက္ခဇုန်အတွင်း ဖြစ်ပျက်မှုအများစုအား ဓါတ်ပုံများ၊ ဗွီဒီယို၊ အစီရင်ခံစာများနှင့် လက်ဆုတ်လက်ကိုင်ပြနိုင်ရန် ခက်ခဲသည်။ ၎င်းမှာ မီးကုန်ယမ်းကုန်ကျဲ၍ လူထုအားတိုက်ခိုက်ခြင်းထက် တဖြည်းဖြည်း မသိမသာစိမ့်ဝင်လိုက်စားသည့် လူထုအပေါ်နှိပ်ကွပ်ခြင်းပုံစံတစ်ခုပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အုပ်စိုးသူများအနေနှင့် တိုင်းပြည်အား ဇုန်နယ်မြေသုံးခုခွဲထားသည်။ အဖြူရောင်နယ်မြေ – ၎င်းတို့လုံးဝထိမ်းချုပ်ထားသည့်နယ်မြေများ၊ အညိုရောင်နယ်မြေ –၎င်းတို့ ထိမ်းချုပ်မှုအောက်ရောက်ရေး လှုပ်ရှားလုပ်ဆောင်နေသည့်နယ်မြေများနှင့် အမဲရောင်နယ်မြေ – ၎င်းတို့ထိမ်းချုပ်မှုအောက်တွင်မရှိသည့် နယ်မြေတို့ဖြစ်ကြသည်။

အမဲရောင်နယ်မြေအား ‘လွတ်လပ်စွာပစ်ခတ်နိုင်သည့်’ ဇုန်များအဖြစ်သတ်မှတ်ထား၍ မြန်မာ့တပ်မတော်အနေနှင့် ဖြတ်သန်းသွားလာရာ တလျှောက်တွေ့ရသည့် မည်သူကိုမဆို သတ်ဖြတ်နိုင်သည်။ ဤဆောင်းပါးတွင် ဖော်ပြမည့်နယ်မြေမှာ အမဲရောင်နယ်မြေ ဖြစ်သည်။

ဥပမာ – မြန်မာနိုင်ငံအရှေ့ပိုင်းတွင်တည်ရှိသည့် ကရင်နှင့် ကရင်နီ (ကယား) ပြည်နယ်များရှိ တော်လှန်ရေးသမားများ လှုပ်ရှားနေသည့် ကျေးရွာနှင့် ဒေသများ၊ မြန်မာ့တပ်မတော်က စစ်ပြေးဒုက္ခသည်များ ပုန်းအောင်းနေထိုင်နိုင်သည့်နယ် မြေဒေသတွင် ရှင်းလင်းစစ်ဆင်ရေးကွဲများအား တပ်ရင်းလေးခုအထိ ချထား၍ ပုံမှန်လုပ်ဆောင်လျှက်ရှိသည်။ စစ်သားများက မော်တာစိန်ပြောင်းများ(mortar)၊ စက်သေနတ်များနှင့်ရွာအား စတင်ပစ်ခတ်ပြီးနောက် ရွာထဲဝင်၍ ပြည်သူတို့အားနှောင့်ယှက်ခြင်း၊ အိမ်များရှိပစ္စည်းအသုံးအဆောင်များအား လုယူခြင်း၊ ရိုက်နှက်ခြင်း၊ မုဒိန်းကျင့်ခြင်းနှင့် ညှဥ်းပမ်းနှိပ်စက်ခြင်းတို့ကို အဆင်အခြင်မဲ့ပြုကာ ရံဖန်ရံခါ အိမ်များနှင့် တရွာလုံးမီးတိုက်ခြင်းများကို လုပ်ဆောင်ကြသည်။ ထို့နောက် မြေမြှုပ်မိုင်းများအား ရွာတွင်းနှင့် ရွာသားတွေ အသုံးပြုသည့် ရွာတွင်းရွာပြင်လမ်းများ တွင်ထောင်ထားကြသည်။ ရွာသားတစ်ဦးကိုတွေ့ပါက ထိုသူသည် မြင်မြင်ချင်းပစ်သတ်ခံရသည်။

ထိုနယ်မြေရှင်းလင်းရေးများတွင် တော်လှန်ရေးသမားများက လူထုအားအကာအကွယ်ပေးရန်ကြိုးစားကြသည်။ ထိတွေ့တိုက်ပွဲဖြစ်မှုသည် မိနစ်အနည်းငယ်သာကြာမည်ဖြစ်သော်လည်း စစ်သားများရောက်ရှိမလာခင် လူထုအား ၎င်းတို့ပိုင်ဆိုင်သည့်ပစ္စည်းအချို့နှင့်အတူ တောတွင်းသို့ထွက်ပြေးတိမ်းရှောင်နိုင်ရန် တိုက်ပွဲအချိန်ဆွဲ၍ လုပ်ဆောင်ကြလေ့ရှိသည်။ တိုက်ခိုက်မှုခံရခြင်းဖြင့် ရွာသားတို့သည် တောတွင်းသို့ထွက်ပြေး၍ ဖြစ်နိုင်ပါက ပုန်းအောင်းရန်နေရာပြင်ကြရသည်။ ၎င်းတို့အနေနှင့် သယ်ယူနိုင်သည့်တနိုင်စာနှင့်အတူ ထွက်ပြေးတိမ်းရှောင်ရသည်။ (နို့စို့ကလေးငယ်များ၊ အသုံးအဆောင်ပရိဘောဂအချို့၊ မိသားစုတစ်ခုလုံးအတွက် စောင်တစ်ထည်နှစ်ထည်၊ ပလတ်စတစ်အခင်းအချို့နှင့် ရက်အနည်းငယ်အတွင်း စားသုံးရန် ဆန်အချို့တို့ဖြစ်သည်။) စစ်တပ်များစခန်းသို့ ပြန်သွားသည်နှင့် ရွာသားတို့သည် ၎င်းတို့၏လယ်ယာများအနီးနှင့် ရွာများသို့ ပြန်လည် သွားရောက်ရန် အားထုတ်ကြသည်။ ၂၀၀၆ ခုနှစဖေဖော်ဝါရီလတွင်ပြုလုပ်ခဲ့သည့် ထိုးစစ်တွင် ရှေ့တန်းစစ်မျက်နှာများစွာတွင် စစ်သားအများအပြားလာရောက်တိုက်ခိုက်ခဲ့ကြသည်။

တော်လှန်ရေးခေါင်းဆောင်တစ်ဦးကပြောပြခဲ့သည်မှာ၊ "လွန်ခဲ့တဲ့လအနည်းငယ်က မြန်မာ့တပ်မတော်အနေနဲ့ ထိုးစစ်များစွာလုပ်ခဲ့တဲ့အတွက် ပုန်းအောင်းနေထိုင်တဲ့နေရာအတော်များများ အစီးနင်းခံခဲ့ရတယ်။ ယခုအချိန်မှာ တပ်မတော်အနေနှင့် သူတို့ရဲ့စခန်းသစ်တွေ ဆောက်လုပ်ရေးနဲ့ အလုပ်များနေတဲ့အတွက် တော်သေးတယ်။ ဒါပေမယ့် အဲဒီစခန်းတွေပြီးတဲ့အခါ သူတို့ပြန်လာဦးမှာဘဲ။ အဲဒါကျွန်တော်တို့အားလုံးအတွက် အလွန်ဆိုးရွားတဲ့ ထိုးစစ်ဖြစ်ပြီး ဘယ်လိုအစီအစဉ်လုပ်ရမယ် မသိသေးဘူး။ ဒါပေမယ့် ကျွန်တော်တို့ ကျွန်တော်တို့အိမ်တွေကို ချန်မထားခဲ့ရဘို့ ကြိုးစားရမှာဘဲ"။


Free Burma Rangers

မြန်မာ့တပ်မတော်၏ အတင်းအကြပ်ခိုင်းစေခြင်းကြောင့် ပစ္စည်းများသယ်နေကြရသည့် ရွာသားများ၊ ၂၀၀၇ ခုနှစ်၊ ဇွန်လ

တပ်မတော်၏ မြေပြင်ဆက်သွယ်ရေးလမ်းကြောင်းများအား ရှင်းလင်းချောမွေ့စေရေးအတွက် ယူဆောင်လာသည့် ဘူဒိုဇာများပါတ်ဝန်းကျင်တွင် လူသားဒိုင်းများသဖွယ်အသုံးပြုကာ မြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ဆောင်ရန်ရွာသားများအား အတင်းအကျပ်ခိုင်းစေခံခဲ့ရသည်။ အခွလုပ်အားပေးဆိုသည်မှာ ဖြစ်ရိုးဖြစ်စဉ်ဖြစ်၍ ရွာသားများစွာအား ရက်စက်စွာဆက်ဆံရေးနှင့် ကွပ်မြက်ခြင်းဆိုသည်မှာ ဖြစ်ခဲသည့်ကိစ္စမဟုတ်ကြောင်းပြသရန် ရည်ရွယ်၍ အတင်းအကျပ်ပေါ်တာများအဖြစ် ခိုင်းစေလုပ်ကိုင်စေသည်။

ထိုအတိုက်ခိုက်ခံရသည့်ရွာသားအချို့သည် မူလအရပ်ဒေသများသို့ပြန်သွား၍ ၎င်းတို့၏ နေအိမ်များအား ပြန်လည်ဆောက်လုပ်ကြသည်။ အများစုမှာ ဆက်လက်ပြေးလွှားပုန်းရှောင်နေထိုင်ခြင်း သို့မဟုတ် နိုင်ငံအတွင်းမှထွက်ပြေးခြင်း ကြံစည်လုပ်ဆောင်ကြသည်။ အချို့က လူနေအိမ်ခြေနှင့်ဝေးကွာ၍ ဆက်စပ်ရန်ခက်ခဲသည့်အရပ်များတွင် စခန်းတည်ထောင်၍ ရှိသမျှနှင့် ခြစ်ခြုတ်ရပ်တည်ကြရသည်။ ဥပမာ –ကရင်ပြည်နယ်အနောက်မြောက်ခြမ်းရှိ မော်တူဒါရွာကို ၂၀၀၄ ခုနှစ်တွင် မြန်မာ့တပ်မတော်က မီးရှို့ပြာချခဲ့သည်။ ထိုအချိန်မှစ၍နောက်ပိုင်း ရွာသားများအနေနှင့် တောထဲတွင် တောက်လျှောက်ပုန်းအောင်းနေကြရသည်။ ၎င်းတို့အနေနှင့် သွားလာရေးခက်ခဲစေရန်တမင်ထားရှိသည့် တောလမ်းငယ်အနီး သစ်ပင်ပေါင်းပင်များဖြင့် ပိတ်ဆို့နေသည့်နေရာတွင် ပုန်းအောင်းနေထိုင်ရန် တဲများအား ဖြစ်သလိုဆောက်လုပ်ကြသည်။ ၎င်းတို့တွင် အစစအဆက်ပြတ်နေသည့်အတွက် လုံခြုံရေးပုံစံအချို့ထားရှိသည့်အပြင် ဒေသခံတော်လှန်ရေးသမားများ၏ အကူအညီ (အများအားဖြင့် စစ်တပ်၏လှုပ်ရှားမှုများအပေါ် ကြိုတင်သတိပေးခြင်း) ရရှိသည်။ သို့သော် စားနပ်ရိက္ခာ ထုတ်လုပ်မှုက ထိုးကျသွားသည့်အတွက် အဝတ်အစား၊ စောင်၊ မီးဖိုချောင်အသုံးအဆောင်များနှင့် လယ်ယာသုံး ကရိယာများ ဝယ်ယူရန် ငွေအနည်းငယ်သာရှိကြသည်။ စားစရာအနည်းအကျဉ်းသာရှိခြင်း၊ အကာအကွယ်ကင်းမဲ့ခြင်းနှင့် မလုံလောက်သည့် ရေကိုမျှတသုံးစွဲရခြင်းတို့ကြောင့် ကျန်းမာရေးဆိုးရွားသည့်ဒဏ် ကိုလည်း သိသိသာသာခံကြရသည်။ အနီးပတ်ဝန်းကျင်တွင် ဆေးခန်းမရှိသည့်အပြင် တပ်မတော်လှည့်ကင်းများက ပုံမှန်ဝင်ရောက်ရှာဖွေသည့်အတွက် ဆေးဝါးအဖွဲ့တို့လည်းသွားရောက်ရန် ခက်ခဲသည်။ မြန်မာပြည်လွတ်မြောက်ရေးရိန်းဂျားအဖွဲ့

Free Burma Rangers နှင့် ကရင်လူ့အခွင့်အရေးအဖွဲ့ Karen Human Rights Group တို့နှစ်ဖွဲ့စလုံးနှင့် ကျောပိုးအိပ်ကျန်းမာရေးလုပ်သားများအသင်း[၁] နှင့် [၂] တို့က မြန်မာ့တပ်မတော်၏ ဖိနှိပ်ရေးဆောင်ရွက်မှုများနှင့် လူထု၏ဆိုးရွားသည့်ကျန်းမာရေးတို့ တိုက်ရိုက်ပါတ်သက်မှုအား ကျယ်ပြန့်စွာ မှတ်တမ်းတင်လုပ်ဆောင်နေကြသည်။ ဤလုပ်ဆောင်မှုသည် တော်လှန်ရေးအုပ်စုများ (သတင်း၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် လုံခြုံရေးအထောက်အပံ့ပေးနေသည့်) ကြိုးပမ်းမှုတစ်ခုတည်းမှတဆင့် လူသားချင်းစာနာထောက်ထားမှုဖြင့်ပေးအပ်သည့်အကူအညီတို့သည် ထိုထိုးနှက်တိုက်ခိုက်မှုခံရသူများထံရောက်ရှိနိုင်ခြင်းဖြစ်သည်။

၎ထိုးစစ်တွင် ကရင်ပြည်နယ်မြောက်ပိုင်း ခရိုင်သုံးခုရှိ ရွာသား ၃၇၀ ကျော်သေဆုံး၍ သုံးသောင်းကျော် စစ်ပြေးဒုက္ခသည်ဘဝရောက်ခဲ့သည်။ ထိုစစ်ပြေးဒုက္ခသည်များစွာတို့သည် ယခုအခါပုန်းအောင်းနေထိုင်ကြရသည်။ မြန်မာ့တပ်မတော် စခန်းသစ် ၆၀ ကျော်နှင့် လမ်းသစ် ၃ ခု တို့အား တည်ဆောက်ဖောက်လုပ်ခဲ့ကြသည်။ တတိတိနှင့်ပင်၊ သို့သော် အတောမသတ်သည့် ထိုးနှက်တိုက်ခိုက်မှုများဖြစ်၍ စခန်းသစ်များနှင့် လမ်းများဆောက်လုပ်ခြင်းသည် ၎တို့ကြီးစိုးရေးနှင့် ဒေသတွင်းရှိကရင်တိုင်းရင်းသားများအား ရှာဖွေခြေမှုန်းရေး စီမံကိန်းတစ်ခု ပြုလုပ်နေပုံပေါ်သည်။ ၁၉၉၇ ခုနှစ်မှစ၍ ကရင်ဆန့်ကျင်ရေးအတွက်ပြုလုပ်ခဲ့သည့် ဤထိုးစစ်သည် အပြင်းထန်ဆုံးဖြစ်သည်။ အိမ်ယာစွန့်ခွာထွက်ပြေးရသူနှင့် ဖျက်ဆီးမှု အလွန်များပြားကြီးမား၍ အသေအပျောက်နှင့် အစားထိုးမရသည့် ဆုံးရှုံးမှုများ အတိုင်းအတာမြင့်မားလှသည်။

အစာရေစာထုတ်လုပ်မှုအားနှောက်ယှက်ခြင်း၊ အိမ်များအားမီးရှို့ခြင်းနှင့် မြန်မာ့တပ်မတော်၏ မြင်ရာပစ်အမိန့်များက ထောင်ပေါင်းများစွာသော ကရင်ထုအား ၎တို့မွေးဖွားကြီးပြင်းရာမြေတွင် ခုခံကာကွယ်ရန် မစွမ်းနိုင်သည့်အခြေအနေဖြင့် နေထိုင်ရသည့်ဘဝသို့ရောက်စေသည်။ လူသုံးသောင်းထက်ပို၍ နေရပ်မှမောင်းထုတ်ခံရသည့် ဒုက္ခသည်ဖြစ်လာကြ၍ လူ ၇၀၀၀ ကျော်တို့မှာ အိမ်ပစ်ယာပစ်နှင့် ထိုင်းနိုင်ငံနယ်စပ်သို့ ထွက်ခွာခဲ့ကြရသည်။ ဤလူထုအနေနှင့် အစားအသောက်၊ ဆေးဝါး၊ ခိုလှုံရာနှင့် ၎တို့ အိမ်များ၊ ကျောင်းများနှင့် ဘဝများအား ပြန်လည်ဆောက်ရန် အကူအညီလိုအပ်သည်။ ၎တို့ အနေနှင့် အရေးပေါ်ကာကွယ်စောင့်ရှောက်မှုနှင့် လွတ်လပ်စွာ ၎တို့အိမ်များသို့ ပြန်သွားနိုင်ရန်လည်း လိုအပ်နေပေသည်။

*ဒေးဗစ် ယူဘန့်ခ်* ***(eubank@pobox.com; info@freeburmarangers.org)*** *သည် မြန်မာနိုင်ငံ၏ ပဋိပ္ခနယ်မြေများတွင် အရေးပေါ်အကူအညီပေးအပ်ခြင်းနှင့် လူ့အခွင့်အရေးမှတ်တမ်းများ ဖော်ထုတ်မှုများလုပ်ဆောင်နေသည့် မြန်မာပြည်လွတ်မြောက်ရေးရိန်းဂျားများအဖွဲ့၏ ညွန်ကြားရေးမှူးဖြစ်သည်။* ***(www.freeburmarangers.org)***

၁ www.khrg.org

၂ www.geocities.com/maesothtml/bphwt/

၃ နေရပ်မှအတင်းအဓမ္မရွှေ့ပြောင်းခံရခြင်းစာစောင် အမှတ် (၂၈)တွင် ဟယ်သာရေးသားထားသည့် 'မြန်မာပြည်အရှေ့ဖျားရှိ ပြည်တွင်းနေရပ်မှမောင်းထုတ်မှု' ဆောင်းပါး www.fmreview.org/FMRpdfs/FMR28/25.pdf နှင့် ကျောပိုးအိပ်ကျန်းမာရေးလုပ်သားများအသင်း၏ 'နာတာရှည် အရေးပေါ် – မြန်မာနိုင်ငံအရှေ့ပိုင်းရှိ ကျန်းမာရေးနှင့် လူ့အခွင့်အရေး' ၂၀၀၆ အစီရင်ခံစာ www.geocities.com/maesothtml/bphwt တွင် တွေ့နိုင်သည်။

> ယခုစစ်ပြေးဒုက္ခသည်ဖြစ်နေသည့် ကရင်နီအမျိုးသား စောနူနူ –
>
> ကျွန်တော်တို့ အနားပတ်ဝန်းကျင်ကကျေးရွာဆယ်ခုစုပြီး ဆုတောင်းပွဲလုပ်တဲ့အချိန် မြန်မာစစ်တပ် ပေါ်လာပြီး ကျွန်တော်တို့ထဲက တစ်ချို့ကိုဖမ်းတယ်။ ကျွန်တော်တို့ကိုကြိုးတုတ်ထားပြီး ရိုက်နှက်ထိုးကြိတ်တာတွေလုပ်တယ်။ နောက်ပြီးတော့ ကျွန်တော်တို့ရဲ့ကိုယ်ကို ကျဉ်စက်နဲ့တို့တယ်။ ကျွန်တော့သူငယ်ချင်း စောကွယ်အသတ်ခံရတယ်။ ကျွန်တော်ထွက်ပြေးဘို့ကြံတယ်။ မြန်မာစစ်တပ်က ကျွန်တော်တို့ကို သူပုန်တွေလို့စွပ်စွဲတယ် ဒါ ပေမယ့် ကျွန်တော်တို့မှ သူပုန်မဟုတ်တာ။ ကျွန်တော်တို့ကလယ်သမားတွေ။ ကျွန်တော်တို့ အခု ဒီမှာနေလို့မဖြစ်နိုင်တော့ဘူး အဲဒီတော့ ဒုက္ခသည်စခန်းတစ်ခုခုကိုသွားမယ်။
>
> ကရင်နီသင်းအုပ်ဆရာ –
>
> ဘာဖြစ်လို့မြန်မာစစ်တပ်က ကျွန်တော်တို့ရွာတွေကို လာပြီးမီးရှို့ရတာလဲ။ ကျွန်တော်တို့က သူတို့ရွာတွေကိုမီးရှို့တာ မလုပ်ဘူး။ ဘာဖြစ်လို့သူတို့ ကျွန်တော်တို့ကို ဒုက္ခပေးခြင်ရတာလဲ။ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ လယ်ယာတွေကို လိုချင်တယ်၊ ကိုယ့်အလုပ်ကိုယ်လုပ်ကိုင်စားမယ်၊ နောက် ငြိမ်းငြိမ်းချမ်းချမ်းနေချင်တယ် ဒါလောက်ပါဘဲ။ ကျွန်တော်တို့ရဲ့ တောင်ပေါ်ဘဝကနဂိုထဲကခက်ခဲပြီးသား။ ဘာဖြစ်လို့ သူတို့က ပိုပြီးခက်သထက်ခက်အောင် လုပ်ချင်ကြတာလဲမသိဘူး။

# ကြောက်မက်ဖွယ်ရာပြည်နယ် အန္တရာယ်ကျရောက်နေသည့် အမျိုးသမီးများ

ကရင်အမျိုးသမီးအဖွဲ့အစည်း

ကရင်အမျိုးသမီးအဖွဲ့အစည်း၏ သုတေသနလုပ်၍ ပြုစုခဲ့သည့် အစီရင်ခံချက်နှစ်ခု – ၂၀၀၄ ခုနှစ်တွင် 'ကြေကွဲစရာ တိတ်ဆိတ်မှု' နှင့် ၂၀၀၇ ခုနှစ်တွင်ထုတ်ပြန်ခဲ့သည့် 'ကြောက်မက်ဖွယ်ပြည်နယ်' – သည် မြန်မာအမျိုးသမီးများနှင့် မိန်းကလေးများတို့အပေါ် ကျယ်ပြန့်သည့် လူ့အခွင့်အရေးချိုးဖောက်မှုအား မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

စော်ကားနှောက်ယှက်မှုများအား ကရင်ပြည်နယ်တစ်လျှောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (နအဖ)၏ ဒုက္ခပေးရေးအားပေးသည့်လုပ်ရှားမှုအနေနှင့် ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ ထိုအစီရင်ခံချက်တို့မှာ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရသည့် မှုခင်းကွဲ လေးထောင်ကျော်အား အဓိကထား၍ တင်ပြထားသည်။ အထူးသဖြင့် မုဒိန်းကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာစော်ကားနှောက်ယှက်ခြင်းနှင့် အဓမ္မလုပ်အားပေးစေခိုင်းခြင်းတို့ဖြစ်သည်။ အဓမ္မလုပ်အားပေးခိုင်းစေခြင်းတစ်ခုတည်းတွင်ပင် မကြာခဏ မုဒိန်းကျင့်ခြင်း၊ ရိုက်နှက်ခြင်း၊ ကိုယ်လက်အင်္ဂါဖျက်ဆီးခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် အစာရေစာ၊ အရိပ်အာဝါသနှင့် မတရားမှုအား တရားဝင်ဖြစ်စေခြင်းတို့ကဲ့သို့ အခြားလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပေါင်းဆုံကျူးလွန်ခြင်းခံကြရသည်။ ထိုမှုခင်းများက ၁၉၈၁ မှ ၂၀၀၆ ခုနှစ်အထိ ၂၅ နှစ်အတွင်းဖြစ်ပွားမှုများအား ခြုံငုံတင်ပြထားခြင်းဖြစ်သော်လည်း ယနေ့အခါ လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွားလျှက်ရှိသည်။

## မုဒိန်းမှု

မုဒိန်းကျင့်သည့်လုပ်ရပ်များကို ရက်စက်မှုဖြင့်ခြောက်လှန့်သည့်အနေနှင့်၎၊ အရှက်ရစေသည့် ရည်ရွယ်ချက်၏ နည်းတစ်ခုအဖြစ် ပြည်သူလူထုအပေါ် ဆက်လက်အသုံးပြုလျှက်ရှိသည်။ မုဒိန်းမှုများစွာအား စစ်တပ်အထက်ပိုင်းအရာရှိများကိုယ်တိုင် သို့မဟုတ် ၎တို့၏ ကြံရာပါတို့ဖြင့် ကျူးလွန်လေ့ရှိသည်။ ထိုကျူးလွန်သူတို့က ပြည်သူအများစုအနေနှင့် တိုင်ကြားမှုပြုရန်အလွန်ကြောက်ခြင်း သို့မဟုတ် တိုင်ကြားမှုအား အရေးတယူမလုပ်ခြင်းအား သိထားကြသည်။ အကျိုးဆက်အနေနှင့် ကရင်ပြည်နယ်တစ်လျှောက်နှင့် အခြားပြည်နယ်များတွင် ဖြစ်ပွားသည့် အမျိုးသမီးများနှင့် မိန်းကလေးများအား မုဒိန်းကျင့်ခြင်းအား နအဖစစ်သားများအနေနှင့် ဆက်လက်ပြုလုပ်လျှက်ရှိပြီး ဒဏ်ခတ်အရေးယူခံရခြင်းလည်းမရှိပေ။

မကြာမီကဖြစ်ပွားခဲ့သည့် စော်ကားမှုတစ်ခုတွင် စစ်သားအုပ်စုလိုက် မုဒိန်းကျင့်ခံခဲ့ရသည့် အသက်နှစ်ဆယ့်ငါးနှစ်ရှိ အမျိုးသမီးက 'ရွာကို နအဖစစ်သားသုံးယောက်လာတယ်။ ရွာသူကြီးကို ကရင်အမျိုးသမီးတစ်ယောက် ပေးရမယ်ဆိုပြီးတောင်းတယ်။ သူကြီးက မပို့ပေးဘူးဆိုယင် သူကြီးကိုသတ်ပစ်မယ် ချိမ်းခြောက်တယ်။ အဲဒီစစ်သားတွေက အမျိုးသမီးကိုအနီးဆုံး ခြုံထဲခေါ်သွားပြီး နှစ်ယောက်က မုဒိန်းကျင့်စော်ကားတော့တာဘဲ' ဟုပြောပြခဲ့သည်။

အမျိုးသမီးနှစ်ဦးက စစ်သားတစ်ဦး၏လက်တွင် ၎တို့၏ တုန်လှုပ်ခြောက်ခြားဖွယ်အတွေ့အကြုံအား အောက်ပါအတိုင်းထုတ်ဖော်ပြောဆိုခဲ့၍ ယင်းစစ်သားအားမည်သည့်အရေးယူမှုကိုမျှ လုပ်ဆောင်ခြင်းမရှိခြေ။ "စစ်သားတွေက ကျမတို့ကို သူတို့နဲ့လိုက်ခဲ့ဘို့ခေါ်တယ်၊ နောက်ပြီး ကျမတို့ဘယ်ကိုသွားနေမှန်းလည်းမသိရဘူး။ အဲဒီကောင်က 'မငိုနဲ့၊ ငိုရင်သတ်ပစ်မယ်လို့ပြောတယ်'။ တောင်ကြားအတိုင်းလျှောက်လာခဲ့ပြီး သူက ငါတို့ဒီမှာရပ်မယ်လို့ပြောတယ်။ နောက် ကျွန်မတို့အဝတ်တွေကိုချွတ်ခိုင်းတယ်။ ပထမတော့ ငြင်းနေသေးတာပေ့ါ နောက် သူအသံမာလာတော့ ကျမတို့အဝတ်တွေချွတ်ပေးရတယ်။ သူ့သေနတ်ကို သူ့ဘေးနားမှာဘဲချထားတယ်။ ကျမကိုအရင်ဆုံး မတရားကျင့်တယ်။ ကျမသူငယ်ချင်းကို သူ့ဘေးမှာဘဲ လှဲအိပ်ခိုင်းထားတယ်။ ကျမအလှည့်ပြီးတော့ ကျမသူငယ်ချင်းကို မုဒိန်းကျင့်တယ်။ နောက်မကြာခင်မှာ ထပ်ပြီးကျမတို့ကို အဲဒီလိုစော်ကားပြန်တယ်။" အခြားခရိုင်တွင် အမျိုးသမီးငယ်တစ်ဦးအနေနှင့် သူမနေအိမ်တွင် စစ်သားလေးဦးတို့၏ အုပ်စုလိုက် မုဒိန်းကျင့်စော်ကားမှုအား ခံခဲ့ရသည်။ သူမအား သားမယားပြုကျင့်ပြီးသည့်အခါ သူမ၏ မိန်းမအင်္ဂါအား သေနတ်နှင့်ပစ်၍ သတ်ဖြတ်ခဲ့ကြသည်။ မည်သည့်အရေးယူမှုအပြစ်ပေးမှုမျှ မရှိပေ။ ထို မှတ်တမ်းတင်ထားသည့် အမှုများတွင် ကလေးငယ်များနှင့် ဗုဒ္ဓဘာသာဝင် သီလရှင်အား မုဒိန်းကျင့် စော်ကားခြင်းများလည်း ပါဝင်သည်။ ရွာသူကြီးများအနေနှင့် နအဖ၏အမိန့်များအတိုင်းမဖြည့်စည်းပေးနိုင်ပါက အတောမသတ်သည့်စော်ကားမှုနှင့် ရက်စက်ကြမ်းကျုတ်မှုတို့၏ အန္တရာယ်မှာ ၎တို့အပေါ် ကျရောက်နေပေသည်။ မည်သို့ပင်ဖြစ်စေ ယခုအခါ အမျိုးသားများလာရောက်နိုင်ခြင်းမရှိသည့်အတွက် အမျိုးသမီးကြီးများက ထိုတာဝန်ကို မကြာခဏယူရသည်။ ၎တို့အနေနှင့် အပိုဆောင်း အန္တရာယ်အဖြစ် ကိုယ်တိုင်မုဒိန်းကျင့်ခံရမှုနှင့် နအဖစစ်သားတို့၏မုဒိန်းကျင့်မှုခံအား ကိုယ့်ကိုယ်ကိုကာကွယ်ရန်နှင့် မိသားစုများနှင့် အသိုင်းအဝိုင်းတို့အားကာကွယ်ကြေးအဖြစ် ပေးဆောင်ခံရမည့် အခြေအား အမှန်တကယ်ရောက်နေကြရသည်။

ကရင်ပြည်နယ်တဝှမ်းရှိ အမျိုးသမီးနှင့် မိန်းကလေးများအနေဖြင့် အတင်းအဓမ္မစုဆောင်း၍ လမ်းများတံတားများ ဆောက်လုပ်ရေးတွင် လုပ်အားပေးရန်၊ မြေမြှုပ်မိုင်းများရှင်းလင်းရန်နှင့် စစ်အထောက်အကူပစ္စည်းများအား သယ်ဆောင်ရန်အတွက် ခိုင်းစေခံရသည်ဟု သတင်းပေးခဲ့ကြသည်။ ၎တို့သည် ယောကျ်ားများနှင့် ကောင်လေးငယ်များထွက်ပြေးသွား၍ အဖမ်းခံရမည်၊ နှိပ်စက်ခံရမည် သို့မဟုတ်က အသတ်ခံရမည်ကိုစိုးရိမ်၍ တောတွင်းတွင်ရှောင် ရှားပုန်းအောင်းနေကြသည့်အချိန်မှစကာ အထူးအန္တရာယ်ရှိနေပေသည်။ ထိုအတင်းအဓမ္မစုဆောင်းခံကြရသည့်သူများထဲတွင် အဘွားအိုများ၊ ချည့်နဲ့သည့်အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်နှင့် ကလေးမွေးကာစမိခင်များအပြင် ၁၁ နှစ်သမီးအရွယ်လောက်ထိငယ်ရွယ်သည့် ကျောင်းသူများပါဝင်သည်။ ပေါ်တာအဖြစ်ခေါ်ဆောင်သွားခံရသည့် အမျိုးသမီးအများစုသည်လည်း မတရားပြုကျင့်ခံကြရသည်။

"ကျမ ပေါ်တာအနေနဲ့ တစ်လသွားလုပ်ပေးရတယ်။ နေ့တိုင်း ကျမတို့ တောင်တက်တောင်ဆင်း သယ်ပေးရတယ်။ ကျမ အသက်ကြီးလို့ အရမ်းချွေးထွက်ပြီး အသက်မရှူနိုင်ဖြစ်တော့ စစ်သားတွေက ကျမသွားတာနှေးတယ်ဆိုပြီး သေနတ်နဲ့ဆောင့်ထိုးပြီး သွားခိုင်းတယ်။ ကျမနှလုံးတွေ ကွဲကုန်ပြီလားလို့တောင်ထင်မိတယ်။"

## အကြံပြုချက်

ကရင်အမျိုးသမီးအဖွဲ့အစည်းအနေနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအား အောက်ပါအကြံပြုချက်များအား အကောင်အထည်ဖော်လုပ်ဆောင်ရန် တိုက်တွန်းအကြံပြုအပ်ပါသည်။

နအဖအတွက် –

- နအဖအား အထူးသဖြင့် တိုင်းရင်းသားတို့နေထိုင်သည့်ဒေသများတွင် အမျိုးသမီးနှင့် မိန်းကလေးငယ်များအား လိင်စော်ကားမှုနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုပြုလုပ်နေခြင်းကို ရပ်တန်းမှရပ်ရန်၊

- ထိုင်းအာဏာပိုင်အစိုးရအား မုဒိန်းကျင့်ခံရခြင်းနှင့် လိင်စော်ကားမှုအပြုခံရသူများ ထိုင်းနိုင်ငံသို့ ထွက်ပြေးရောက်ရှိလာပါက လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် စိတ်ပိုင်းဆိုင်ရာ အားပေးမှုစနစ်များ လက်ခံရရှိခြင်း ရှိမရှိ သေခြာစွာဆောင်ရွက်ကြပ်မတ်ပေးရန်၊

- နိုင်ငံတကာအသိုင်းအဝိုင်းအား ပထမဆုံးခိုလှုံရာနိုင်ငံများ၏ လုံခြုံမှုရှိသည့်ခိုလှုံရာနှင့် အချိန်နှင့်အညီ သင့်တော်သည့် ထောက်ပံ့မှုတို့အား မုဒိန်းကျင့်လိင်စော်ကားခံခဲ့ရသည့် အမျိုးသမီးနှင့် မိန်းကလေးငယ်များအား ပေးအပ်ရန်။ ထို့အပြင် အလွန့်အကျွန် အန္တရာယ်များနေသည့် ဒုက္ခသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား အမှုအကြောင်းအရာအား စီမံခန့်ခွဲမှု၊ လုံခြုံစိတ်ချရသည့် နေစရာအဆောက်အဦးတို့ပါဝင်သည့် သင့်လျော်သည့် ကာကွယ်စောင့်လျှောက်မှုများ ပေးအပ်ခြင်း ရှိမရှိ သေချာစွာစစ်ဆေးလုပ်ဆောင်ပေးရန်နှင့် သင့်လျော်မည်ဆိုပါက ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အန္တရာယ်ကျရောက်နေသည့်အမျိုးသမီးများစီမံကိန်း အောက်တွင် တတိယနိုင်ငံသို့ ပြောင်းရွှေ့နေရာချထားခြင်းတို့အား ထောက်ပံ့ဆောင်ရွက်ပေးရန် တို့ဖြစ်သည်။

*အမျိုးသမီးအားလုံးအား ၎တို့၏ သက်သေခံထွက်ဆိုချက်များအား ခွင့်ပြုပေးအပ်ခြင်း၊ အချိန်ပေးခြင်းနှင့် ဤဆောင်းပါးတွင် အသုံးပြုရေးအတွက် အစီရင်ခံသတင်းပေးခဲ့သည့် ခွန်အားစိုက်ထုတ်ခဲ့မှု တို့အပေါ် ကရင်အမျိုးသမီးအဖွဲ့အစည်းအနေနှင့် ကြေးဇူးတင်ရှိပါသည်။ UNSW ဒုက္ခသည်သုတေသနဗဟိုဌာနချုပ်မှ လင်ဒါ ဘာတိုလိုမိုင်၊ အိုင်းလင်း ပစ်တာဝေး နှင့် ကောလင်း ဘာတိုလိုမိုင်တို့အား အထူးကြေးဇူးတင်ရှိပါကြောင်း။*

*၁၉၄၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့၍ အဖွဲ့ဝင်အမျိုးသမီး သုံးသောင်းကျော်ရှိသည့် ကရင်အမျိုးသမီးအဖွဲ့အစည်း (www.karenwomen.org) သည် လူထုအသိုင်းအဝိုင်းအခြေပြုအဖွဲ့အစည်းဖြစ်၍ ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းများနှင့် မြန်မာပြည်တွင်း စစ်ပြေးဒုက္ခသည်များ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထောက်ပံ့ရေးအကူအညီများအား ပေးအပ်လုပ်ဆောင်လျှက်ရှိသည်။ ကရင်အမျိုးသမီးအဖွဲ့အစည်းက အမျိုးသမီးအခွင့်အရေးအား သိရှိနားလည်စေရန်နှင့် အသိုင်းအဝိုင်းအတွင်း လူထုဆုံးဖြတ်ချက်များနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများပူးပေါင်းပါဝင်စေရေးအားလည်း အားပေးလုပ်ဆောင်နေပေသည်။*

၁ www.karenwomen.org

# လူသားချင်းစာနာသည့်လုပ်ပိုင်ခွင့်အားဖွဲ့ထုတ်ခြင်း

ဂျင်းဖရန်ကိုအိစ် ဒူးရစ် နှင့် စီဗင်ခါ ဒါနာဖလာ

မြန်မာနိုင်ငံအတွင်းလုပ်ငန်းဆောင်ရွက်နေသော ကိုယ်စားလှယ်လုပ်ငန်းများက ပြင်းထန်သည့်စစ်ဆင်ရေးဒဏ်ကို ခံနေရသည့် ဒေသများအတွင်း အတင်းအဓမ္မရွှေ့ပြောင်းခြင်းခံနေရသော ပြည်သူများအား ကူညီရန်ဖြစ်သည်။ တစ်ခါတစ်ရံ မျှော်လင့်ချက်ရေးရေးသာရှိသော်လည်း လုံလောက်သည့် လူသား ချင်းစာနာထောက်ထားသည့် လုပ်ပိုင်ခွင့်အား အရေးပေါ်လိုအပ်မဖြည့်စည်းပေးရန် ခက်ခဲစွာ ကြိုးစားလျက်ရှိသည်။

၂၀၀၇ခုနှစ်၊ အောက်တိုဘာလ ၂၄ရက်နေ့တွင် ကျရောက်သောကုလသမဂ္ဂနေ့တွင် ရန်ကုန်ရှိ မြန်မာနိုင်ငံရှိကုလသမဂ္ဂ၏ ဒေသဆိုင်ရာလူသားခြင်းစာနာထောက်ထားရေးတာဝန်ခံက ဖြစ်ရပ်တစ်ခု၏ လက်ငင်းအကျိုးရလဒ်ကြောင့်နိုင်ငံတကာသတင်းဌာနသို့ရောက်ရှိသွားသည့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ကြေငြာစာတမ်း တစ်စောင်အား ကုလသမဂ္ဂနိုင်ငံအသင်း ကိုယ်စား ထုတ်ပြန်လိုက်သည်။ အကြောင်းအရာများထဲမှ တစ်ခုမှာ–

ဩဂုတ်လ ၁၅ ရက်နေ့တွင် ရုတ်တရက်ဆီဈေးမြင့်တက်မှုကြောင့် ငြိမ်းချမ်းစွာဆပြခြင်းက အခြေခံလိုအပ်မှုကို ရရှိရေးအတွက် နေ့စဉ်ရုန်းကန်မှု တိုင်းပြည်၌ လူသားချင်းစာနာထောက်ထားရန်လိုအပ်သည့် အခြေအနေဆိုးဝါးမှုကို အရေးတကြီးဖော်ပြရန်အတွက် ၄င်းဆပြမှု၌ ထင်ထင်ရှားရှား ပြသလျက်ရှိသည်။ ထိုအချက်တို့သည် မြန်မာနိုင်ငံအစိုးရအားအထူးဂရုပြုစလိုသောကုလသမဂ္ဂ နိုင်ငံအသင်းက ကြိုးစားလှုပ်ရှားလျက်ရှိသည့် အချက်ပင်ဖြစ်သည်။

လူထုအတွင်းပျံ့နှံ့သည်နှင့်တပြိုင်နက်၊ ဤထုတ်ပြန်ကြေငြာချက်က အစိုးရအသိုင်းအဝိုင်းအား နှိုးဆော်မှုကို အရှိန်မြှင့်တင်ပေးလျက်ရှိသည်။ အထူးသဖြင့် တိုင်းပြည်အတွင်း လာရောက် အလုပ်လုပ်သည့် ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် လှုပ်ရှားဆောင်ရွက်ရန် တာဝန်ရှိနိုင်ငံခြားရေးဝန်ကြီး နှိုးဆော်ပေးခဲ့သည်။ ဤဘာ့ကုလသမဂ္ဂနိုင်ငံအသင်း၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေဆိုးရွားမှု၏ အခိုင်အမာထွက်ဆိုချက်ကို ကန့်ကွက်ရန်နှင့် ၎င်းတို့၏ ကြေငြာစာအားလုံးမှာ မမှန်ကန်ကြောင်း ငြင်းဆိုရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ စာတမ်းတစ်စောင် ချက်ချင်းထုတ်ပြန်လိုက်သည်။ ထို့အပြင် ဝန်ကြီးဌာနက ဤဘာ့ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်အား လုပ်သင့်သည်ထက်ကျော်လွန်၍ ထုတ်ပြန်ကြေငြာသည်ဟု စွပ်စွဲပြီး နောက်ဆုံး၌ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရက ၎င်းဌာနေကိုယ်စားလှယ်အား မြန်မာနိုင်ငံအတွင်း ဆက်လက် မထားရှိလိုကြောင်း၊ အထူးသဖြင့် ယခုမြန်မာနိုင်ငံနှင့် ဤဘာ့ကုလသမဂ္ဂတို့အကြား အခြေအနေမှာ အတိမ်းအစောင်းမခံသည့် အခြေအနေ၌ရှိနေသည်ဟု အကြောင်းပြခဲ့သည်။

အလွန်ဝမ်းနည်းစရာကောင်းသည်မှာ ဤကဲ့သို့ လွန်လွန်ကဲကဲ တုံ့ပြန်အရေးယူခြင်းသည် ဒေသဆိုင်ရာ လုပ်ငန်းလည်ပတ်ခြင်း၏ ရောင်ပြန်ဟပ်မှုတစ်ခုဖြစ်သည်။ အဓိပ္ပါယ်မှာ ကြိမ်ဖန်များစွာချုပ်ခြယ်ခြင်းဖြင့် စစ်အစိုးရ၏ ခိုင်မာသော ယူဆချက်သဘောထား၏ ရလဒ်နှစ်ခုဖြစ်သည်။ ပထမအချက်အနေဖြင့် ဤဘာ့ကုလသမဂ္ဂကိုယ်စားလှယ်လုပ်ငန်းများနှင့် အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများသည် အမိနိုင်ငံအား ဆန့်ကျင်သောအင်အားကြီးနိုင်ငံများ၏ လက်ကိုင်တုတ်ဖြစ်ခြင်း နှင့် ဒုတိယအချက်မှာ မြန်မာနိုင်ငံတွင်း မည်သည့်နေရာမှ စစ်ရေးပဋိပက္ခမရှိကြောင်းနှင့် နိုင်ငံတကာမှ ပါဝင်ပတ်သက်လောက်အောင် ပြည်တွင်းနေရပ်များမှရွှေ့ပြောင်းနေထိုင်ရမှု ယခုအခါတွင်မရှိပါဟု ဆိုခြင်းဖြစ်သည်။



Free Burma Rangers

မြန်မာနိုင်ငံ အရှေ့ပိုင်းရှိ စစ်ပြေး ဒုက္ခသည် တို့အား ဆေးဝါး ကုသခြင်း

## အတွင်းလူနှင့်အပြင်လူများ

ထိုသို့သောလိုအပ်မှုစိန်ခေါ်ချက်များအတွက် လုံလောက်စွာ လုပ်ဆောင်မပေးနိုင်သော မြန်မာနိုင်ငံအတွင်း လုပ်ဆောင်နေသည့် လူသားချင်းစာနာထောက်ထားသော အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများကို လုပ်ငန်းကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံအခြေစိုက် မြန်မာအတိုက်အခံအုပ်စု (အတိုက်အခံတို့အားထောက်ပံ့သည့်အနောက်နိုင်ငံများ )မှ ဝေဖန်သုံးသပ်လျက်ရှိသည်။ ၎တို့၏အကျိုးစီးပွားအတွက်၊ ထိုင်းနိုင်ငံအခြေစိုက် လူသားချင်းစာနာထောက်ထားသည့် အကူအညီပေးလုပ်ငန်း လုပ်ဆောင်သူများ၊ အရှေ့တောင်မြန်မာနယ်စပ်ဘက်သို့ ရွှေ့ပြောင်းခဲ့ရသော အားကိုးရာမဲ့လူများအား မုချလိုအပ်သော ကာယ်ဆယ်ရေးများ ဝေငှလုပ်ဆောင်ခြင်း၊ စစ်အစိုးရ၏ရက်စက်မှုနှင့် နှိပ်စက်ညှဉ်းပန်းမှုခံနေရသော ဒုက္ခသည်များ၏ကိုယ်စား အရေးကြီးသောကဏ္ဍ၌ သမိုင်းနောက်ခံကျကျ ထောက်ခံပေးခြင်းတို့ဖြစ်သည်။ ဤအာရုံစိုက်လာစရာအချက်များကား ၎တို့အရဲစွန့်၍ နယ်စပ်ဖြတ်ကျော်ခြင်း၊ ဒုက္ခသည်များရှိနေခြင်း၏ သက်သေခံချက်များ အရှေ့တောင်ဒေသတွင် ပြည်တွင်းရွှေ့ပြောင်းနေထိုင်ရသူများအား မှတ်တမ်းပြုခဲ့ခြင်း တို့ကြောင့် ဖြစ်သည်။ စိတ်မကောင်းစရာအနေနှင့် စွပ်စွဲခံနေရသည့်ကိုယ်စားလှယ်များ အလားတူ ဂုဏ်သိက္ခာဆုံးရှုံးခြင်းနှင့် မြန်မာပြည်အတွင်း လူသားချင်းစာနာထောက်ထားသော ဦးတည်ချက်များအပေါ် တစ်ခြားနည်းလမ်းနှင့် အတင်းအကျပ် လုပ်ဆောင်နေရခြင်း ပင်ဖြစ်သည်။

သို့တိုင်အောင် ၂၀၀၃ခုနှစ် နှစ်ကုန်ပိုင်းတွင် မှိန်နေသောအလင်းရောင်သည် လင်းလက်စပြုလာသည့် ကားချပ်ဖြစ်လာခဲ့သည်။ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ခေါ်ယူတွေ့ဆုံမှုသည် ထူးခြားသော အရေးကြီးသည့် အပြောင်းအလည်းတရပ်ကို ဖော်ဆောင်ခဲ့သည်။ နယ်စပ်ဒေသတွင်း ငြိမ်သက်အေးချမ်းစေမှုသာမက နိုင်ငံတကာအထိ ရင်းနှီးသည့်အမှုအရာပေါ်လွှင်စေသည့် ဆအားဖြင့် ဝန်ကြီးချုပ်သည် အရှေ့ဘက်နှင့် အရှေ့တောင်ဒေသများတွင် လူသားချင်းစာနာထောက်ထားမှုနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများအား အကူအညီပေးမှုများဆောင်ရွက်ရန် လမ်းဖွင့်ပေးခဲ့သည်။ ထို့ကြောင့် ၂၀၀၄ခုနှစ် တွင် ဤကုလသမဂ္ဂမှ ပြည်တွင်းစစ်ပြေးဒုက္ခသည်များအား ကူညီရန်အတွက် အခွင့်အခါရရှိခဲ့ပေသည်။ အစိုးရအာဏာရှိသူများအနေဖြင့် ပြည်တွင်းစစ်ပြေးဒုက္ခသည်အဖြစ် သုံးနှုံးခေါ်ဝေါ်မည့် အစားအမိမြေသို့ပြန်လာသူများဟု သတိပြုခေါ်ဝေါ်ခဲ့ကြသည်။

## ဖြတ်တောက်ခြင်း

၂၀၀၄နှစ်ကုန်ပိုင်းနှင့် ၂၀၀၅နှစ်ဦးပိုင်းအချိန်တွင် ၎အခြေအနေကောင်းသည့်အနေအထားများမှာ မမျှော်လင့်ဘဲ ရုတ်တရက် ကုန်ဆုံးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ဗိုလ်ချုပ်ကြီးခင်ညွန့်အား အာဏာမှဖယ်ရှားလိုက်ခြင်းနှင့် ထောင်သွင်းအကျဉ်းချလိုက်မှုကြောင့် အုပ်ချုပ်ရေးစနစ် စတင်လှုပ်ရမ်းလာကာ စိတ်ဓါတ်ခိုင်မာစွာဖြင့် မူလအခြေအနေသို့၎၊ နိုင်ငံတကာ အသိုင်းအဝန်းမှ အာဏာရှိသူများနှင့် ဒုက္ခရောက်နေသည့်ပြည်သူများကြား လူသားချင်းစာနာသော အပြန်အလှန်ပြောဆိုမှု၏ ရင်းနှီးမှုလမ်းများအား ပိတ်ပင်လိုက်ကြသည်။

ဤသို့ဖြင့် ၂၀၀၅ခု မေလအကုန်တွင် ပြည်ထဲရေးဝန်ကြီးအသစ်က လူသားချင်းစာနာသောအဖွဲ့အစည်းများနှင့် ဆက်ဆံရေးကို ပြန်လည်သုံးသပ်လာသည်။ ဒုက္ခသည်များဆိုင်ရာကုလသမဂ္ဂမဟာမင်းကြီးရုံးမှ အရှေ့တောင်ဘက်သို့ လုပ်ငန်းများ အကျယ်တဝင့်လုပ်ဆောင်ရန်အခွင့်အရေးကို ငြင်းပယ်ခြင်းခံခဲ့ရသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှလည်း ၎တို့၏နယ်စပ်ဒေသအတွင်း လှုပ်ရှားဆောင်ရွက်မှုသည် တရားဝင်ထင်ပေါ်ခြင်းမရှိသောကြောင့် ၎တို့မှ သေချာစွာစစ်ဆေးရန် အကြောင်းကြားခြင်းခံခဲ့ရသည်။ (ဆိုလိုသည်မှာ နှုတ်ဂတိဖြင့်သာရှိခြင်း)။ သို့ဖြစ်၍ ခေတ်သစ်၏ဆောင်ပုဒ်မှာ ရှင်းလင်းစွာဖြင့် မသက်ာဖွယ်ရာ ဖြစ်ခဲ့ရသည်။

အစိုးရအနေဖြင့် ၎တို့၏အစဉ်အလာဓလေ့ထုံးတမ်းအရ နားလည်ထားသည့်အတိုင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတိပေးခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသားစီမံကိန်းဝန်ကြီးက နိုင်ငံတကာကိုယ်စားလှယ်များအပေါ် မိမိ၏အာဏာ ပြန်လည်ခိုင်မာရန်အတွက် ၎အခွင့်အရေးကို ဥပဒေအရသိမ်းယူခဲ့သည်။ ထိုဖြစ်စဉ်သည် ၂၀၀၆ခုနှစ်၊ ဖေဖော်ဝါရီလတွင် အငြင်းပွားစေသည့် လမ်းညွှန်မှုများကြောင့်ဖြစ်သည်။ တုံ့ပြန်ချက်အနေနှင့် ကုလသမဂ္ဂနိုင်ငံအသင်းမှလည်း လူသားချင်းစာနာထောက်ထားသော အကူအညီများပေးကမ်းထောက်ပံ့ရန်အတွက် လမ်းညွှန်မှုဥဒေသ တစ်စုံကို ဝန်ကြီးနှင့် အခြားလုပ်ဖော်ကိုင်ဘက်များသို့ တင်ပြခဲ့သည်။ ၎မှာ မြန်မာနိုင်ငံတွင် မရှိမဖြစ် လိုအပ်မှု အခြေအနေအပေါ် ကုလသမဂ္ဂဦးတည်ချက်များနှင့် တိကျသောလုပ်ငန်းဆောင်ရွက်မှုလမ်းညွှန်များပါဝင်သည်။

ဝမ်းနည်းစရာကောင်းသည်မှာ၊ လူသားချင်းစာနာထောက်ထားမှု လိုအပ်ချက်များ အရှေ့တောင်တန်းဒေသတွင် သိသာထင်ရှားစွာ တိုးပွားလာသည်နှင့် ဒေသတွင်းစစ်ဆင်ရေးတင်းကျပ်မှုများ အစဉ်ဖြစ်ပွားလျက်ရှိသည်။ ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရာထူးမှဖယ်ရှားလိုက်ခြင်းက ကရင့်တော်လှန်ရေးသမားများနှင့် စမ်းသပ်သည့်အနေအထားအရသာ ငြိမ်းချမ်းရေးရယူခဲ့သည့် ဖြစ်စဉ်တစ်ခုဖြစ်ကြောင်းဖော်ပြနေသည်။ ထို့ကြောင့်နှစ်ဦးနှစ်ဖက်မှ စစ်အင်အားများ တဖန်ထိပ်တိုက်တွေ့ဆုံရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်လာသည်။ ၂၀၀၅ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ပဲခူးတိုင်းရှေ့ပိုင်းရှိ တောင်ပေါ်ဒေသများတွင် စစ်မီးများဖြစ်ပေါ်လျက်ရှိသည်။ ၎ကြောင့် နှစ်ပေါင်းများစွာအကြာ မမြင်ခဲ့ရသော ရွှေ့ပြောင်းနေထိုင်သူများ ထောင်နှင့်ချီ၍ ဖြစ်ပွားခဲ့ရသည်။

ကုလသမဂ္ဂနှင့် နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC) တို့သည်ထိုနိုင်ငံရေးမငြိမ်မသက်ဖြစ်နေသော ဒေသများသို့ သွားရောက်ခွင့် မရရှိခဲ့ကြပေ။ ထို့အပြင် ၂၀၀၆ခုနှစ် ဇူလိုင်လတွင် ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)မှ ဝန်ကြီးချုပ်ထံသို့ ပြည်တွင်းစစ်ဒုက္ခကြောင့် လူသားချင်းစာနာသော လိုအပ်မှုများကို သွားရောက်ကူညီမှုခွင့်ပေးရန် အသနားခံလျှောက်ထားခဲ့သော်လည်း ၎တို့မှပယ်ချခဲ့သည်။ တစ်ချိန်တည်းမှာပင် အစိုးရမှ ပြည်သူများနှင့်ဆက်ဆံရေးအားထုတ်မှုကိုနိုင်ငံတကာအသိုင်းအဝိုင်းသို့ သဘောပေါက်ရန်နှင့် ကရင့်အမျိုးသားအစည်းအရုံး (KNU) တို့၏ ပြည်သူတို့အပေါ်လွှမ်းမိုးနေမှုကို တိုက်ခိုက်ရန် အထူးတလည်နေရာယူပြင်ဆင်လျက်ရှိသည်။ ထိုနည်းတူစွာ အရပ်သားပြည်သူများ၏ ထိခိုက်ခံစားမှုများသည် ကရင့်အမျိုးသားအစည်းအရုံးတို့၏ ထကြွပုန်ကန်မှုကြောင့်ဖြစ်ကြောင်း အပြစ်တင်လျက်ရှိသည်။ ပြည်သူများ၏ အတင်းအဓမ္မရွှေ့ပြောင်းခြင်းခံနေရမှု၊ ကရင့်အမျိုးသားအစည်းအရုံးတို့၏ အုပ်ချုပ်နယ်မြေအတွင်းသို့ ကျေးရွာများရွှေ့ပြောင်းရမှု (ထိုင်းနိုင်ငံအ တွင်းရှိ ဒုက္ခသည်စခန်းများအပါအဝင်) တို့သည် ကရင့်အမျိုးသားအစည်းအရုံးကြောင့်ဟုစွပ်စွဲပြန်ပါသည်။

ထို့အပြင်တောင်ပိုင်းဒေသများတွင် ၂၀၀၅နောက်ပိုင်းနှင့် ၂၀၀၆နှစ်ဦးပိုင်းက အစမ်းသဘောဖြင့် ပြုလုပ်သော အထောက်အကူများနှင့် နှောင့်နှေးမှုများက သက်သေပြနေသည်။ နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC) က ၎၏ စံရပ်တည်မှုကြောင့် လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန်အခွင့်အလမ်း နည်းပါးလာခြင်းသည်လည်း သက်သေပြနေသည်သာမက ၂၀၀၆နှစ်ကုန်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်သူများသာ လုပ်ငန်းကိုလည်ပတ်စေလျက် ၎တို့၏ အစီအစဉ်သည် အတုအယောင် ပြန်လည်ထူထောင်သူများနှင့် သာပတ်သက်နေ၍ အကျိုးအမြတ်ခံစားရသူများမှာ မြန်မာစစ်အစိုးရနှင့် အရပ်သားများသာ ဖြစ်နေသည်။ ကုလသမဂ္ဂလုပ်ငန်းကိုယ်စားလှယ်မှလည်း ၎တို့၏ ၂၀၀၅ ခုနှစ် အသေးစားလုပ်ငန်းကို ပြီးပြည့်စုံရန် စီမံခန့်ခွဲလျက်ရှိသည်။ အချို့အနေအထားများမှာမူ ၎တို့၏ လုပ်ငန်းရပ်တည်မှုအတွက်သာဖြစ်ပြီး ဒေသခံဝန်ထမ်းများမှတဆင့် လုပ်ဆောင်လျက်ရှိသည်။

နောက်ဆုံးတွင် ဒုက္ခသည်များဆိုင်ရာကုလသမဂ္ဂမဟာမင်းကြီးရုံးသည် ၎၏တရားဝင်လုံခြုံမှုအတွက် ၂၀၀၆ခုနှစ် ဧပြီလတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားများဖွံ့ဖြိုးတိုးတက် ရေးဝန်ကြီးဌာန (နတလ) နှင့် နားလည်မှုစာချုပ်လက်မှတ်ရေးထိုးခဲ့ကြသည်။ စာတမ်းပါသက်တမ်းအရ နောက်ထပ် ၂နှစ်အတွက် ၂၀၀၇ ခုနှစ် နှစ်လယ်ပိုင်းတွင် ထပ်မံသက်တမ်းတိုးခဲ့ကြသည်။ ၎အစီအစဉ်၏ ဦးတည်ချက်မှာ အရှေ့တောင်ပိုင်းဒေသများတွင် ရွှေ့ပြောင်းနေထိုင်မှုများကြောင့် တစ်မြေတည်းနေထိုင်သူများအား ရိုက်ခတ်လာမှုတို့အား ကူညီဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်ဒေသသို့ လုံခြုံမှုဦးထိပ်ထားလျက် နှောင့်နှေးမှုမရှိစေရန် ဝန်ထမ်းများအား ဝင်ထွက်ခွင့်ပြုရန် တို့ဖြစ်သည်။ကုလသမဂ္ဂ ခလေးများရံပုံငွေအဖွဲ့ (ယူနီဆက်) မှလည်း ၎တို့၏ရုံးခွဲကို မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်တွင် ဖွင့်လှစ်ခဲ့သည်။ သို့သော် နိုင်ငံခြားသားများအား အတည်တကျ နေရာချ ခန့်ထားနိုင်ခြင်းမရှိခဲ့ပေ။

နတလသည် အဖွဲ့အစည်းအသစ်တစ်ခုအနေဖြင့် နိုင်းယှည်ကြည့်သော် မြန်မာနိုင်ငံအရှေ့တောင်တွင် တစ်ဦးတည်း ဣန္ဒြေရှိရှိ ဆက်လက်တည်ရှိနေမြဲ ဖြစ်သည်။ကုလသမဂ္ဂ (UN) နှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများတို့နှင့် ပူးပေါင်းလုပ်ဆောင်သောအဖွဲ့ဝင်အများဆုံးအဖွဲ့အစည်းမှာ ကျန်းမာရေးဝန်ကြီးဌာနပင်ဖြစ်သည်။ ကျန်းမာရေးနှင့်ဆိုင်သော လူသားချင်းစာနာသည့် အထောက်အကူ ဖြစ်သည့် အားလျော်စွာ အရှေ့တောင်ဒေသတွင် ဖွံ့ဖြိုးတိုးတက်ခဲ့သော်လည်း ပြည်သူပြည်သားများအတွက် အလုပ်အကိုင်လိုအပ်မှုကို ဖြည့်စွမ်းနိုင်ခြင်းမရှိခဲ့ပေ။

## ညှိနှိုင်းဆောင်ရွက်မှု

၂၀၀၄ ခု နှစ်ကုန်ပိုင်းအချိန်မှစ၍ ညှိနှိုင်းမှုပြုနိုင်သော လုပ်ငန်းလည်ပတ်တည်ရှိမှုသည် အရှေ့တောင်ဒေသ၌ အဖွဲ့ဝင်အားလုံးကို အတူတကွ အကြောင်းအရာအချက်အလက်ဖလှယ်ရာတွင် လည်းကောင်း၊ လုပ်ငန်းလုပ်ဆောင်သူများနှင့် လှုပ်ရှားမှုများ၏ အစီအစဉ်ကိုလည်းကောင်း စတင်နိုင်ခဲ့ သည်။ ၎အချက်အလက်များသည် လူထုလှုပ်ရှားမှုဆောင်ရွက်ရေးအဖွဲ့ (PMWG) အတွက် လုပ်ငန်းဆောင်ရွက်ရာတွင် အမှီသဟဲပြုခဲ့သည်။၎ (PMWG) ကို (UNCT) မှ ၂၀၀၄ ခုနှစ်ကုန်ပိုင်းတွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ လူထုလှုပ်ရှားမှုဆောင်ရွက်ရေးအဖွဲ့ (PMWG) သည် ပြည်သူ့လှုပ်ရှားမှု ပုံစံများကို လေ့လာရာ၌ အထောက်အကူပြုသည့် ပြည်တွင်းရွှေပြောင်းနေထိုင်မှုနှင့် ဝင်ထွက်သွားလာမှုကို အဓိကလေ့လာရာတွင်လည်းကောင်း၊ သေချာသည့် ထောက်ခံချက်သော်လည်းကောင်း၊ (UNCT) ၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်အစီရင်ခံပေးလျက်ရှိသည်။ ၎အစီရင်ခံချက်သည် လူ့အသိုင်း အဝိုင်းအခြေခံအဖွဲ့

အစည်းများ (CBOs) နှင့် နီးနေရာတွင်လည်းကောင်း၊ သီးခြားအပယ်ခံ လူ့အသိုင်းအဝိုင်းများသို့ မည်သည်ကအကောင်းဆုံးနေရာနှင့် မည်ကဲ့သို့ လိုအပ်ချက်ကိုဖြည့်စွက်ရန် စသော ဆုံးဖြတ်ချက်ချရာ၌ ထောက်ပံ့ပေးသည့် တွန်းအားတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတွင် လူသားချင်းစာနာသော လုပ်ငန်း ညှိနှိုင်းမှုလုပ်ငန်းဆောင်တာကို ကုလသမဂ္ဂ (UN) ဖွဲ့စည်းပုံ အခြေခံမှု အတွင်းတွင် တည်ထောင်ဖွဲ့စည်းခြင်းက လုပ်ငန်းကိုယ်စားလှယ်ရပ်တည်မှုကော်မတီ ဖွဲ့စည်းရန်လှုံ့ဆော်ပေးခဲ့သည်။ ၎သည် လူသားချင်းစာနာထောက်ထားသော လုပ်ငန်းဗျူဟာများ စဉ်းစားဆွေးနွေးရာ၌ အရေးပါသော ထင်မြင်ယူဆချက်ပေးသည့်နေရာတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) များကို ထည့်သွင်းပါဝင်ခွင့်ပြုခဲ့သည်။ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) နှင့် အခြေခံလူ့အသိုင်းအဝိုင်းအဖွဲ့အစည်းများ (CBOs) အားလုံးပွင့်လင်းစွာပါဝင် လုပ်ရှားမှု မပြုနိုင်ခဲ့သော်ငြားလည်း နည်းလမ်းသစ်ဖြင့် ၎တို့နှင့် နီးနေ့ဖလှယ်ခြင်းအားဖြင့် အကြောင်းအရာ အလုံးစုံကို ကြားသိခွင့်ရခြင်းတို့ကို အတိအကျ ဖော်ဆောင်စေသည်။

လူထုလှုပ်ရှားမှုဆောင်ရွက်ရေးအဖွဲ့ (PMWG) နှင့် (TBBC) တို့၏ ပြည်တွင်းစစ်ပြေးဒုက္ခသည်များအပေါ် အစီရင်ခံစာ တို့သည် အယူအဆချင်းတူညီကြသည်။ ၎အစီရင်ခံစာသည် ဘန်ကောက်မြို့၌ ပြုလုပ်သော မြန်မာနှင့် ကုလသမဂ္ဂနိုင်ငံအသင်း (UNCT) အကြားနှင့် ထိုင်းနိုင်ငံသို့ နယ်စပ်ဖြတ်ကျော် အလုပ်လုပ်သူများ၏ ပထမအကြိမ် အမြင်ဖလှယ်ပွဲအပေါ် ပြဌာန်းခဲ့ခြင်းဖြစ်သည်။၎ဖလှယ်မှုများသည် ဆက်လက်တည်ရှိမည်ဖြစ်ပြီး မကြာခဏဆိုသလို အချိန်နှင့်အမျှ ပိုမိုတိုးတက်ရန်ဖြစ်သည်။ ၂၀၀၇ ခုနှစ်အတွင်း ၎တို့၏တွေ့ဆုံမှုအစည်းအဝေးမှ အကြောင်းအရာလိုက် ဖွဲ့စည်းခဲ့ကြသည့် ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကြောင်းနှင့် အခွင့်အရေးကာကွယ်မှု စသည်တို့ကြောင့် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ အပြင်လူနှင့် အတွင်းလူများအကြား ယှဉ်ပြိုင်လုပ်ဆောင်ခြင်းထက် လေးစားချီးကျူးရသည့် နေ့စဉ်ဖြစ်ပေါ်မှုကို မြင်စေရန် ၎က ဖော်ဆောင်ခဲ့သည်။ အနည်းငယ်သော မြန်မာအခြေစိုက် အစိုးရမဟုတ်သောအဖွဲ့အစည်း (NGOs) ကို ထိုင်းနိုင်ငံအခြေစိုက် ကိုယ်စားလှယ်များက အပြန်အလှန်အကျိုးအတွက် ကြိုဆိုခဲ့ကြသော်လည်း မသင်္ကာမှုတို့က တရစ်ဝဲဝဲ ရှိနေမြဲဖြစ်သည်။

မြန်မာပြည်အရှေ့ပိုင်းရှိ ရွှေ့ပြောင်းနေရာချထားရေးစခန်းများ၊ ပုန်းအောင်းရာဒေသများနှင့် အပစ်အခတ်ရပ်စဲထားသည့်ဒေသများ၊ ၂၀၀၇ ခုနှစ်




| States & Divisions | IDPs in Hiding Sites | IDPs in Relocation Sites | IDPs in Ceasefire Areas | Total IDPs |
|---|---|---|---|---|
| SHAN STATE | 13,700 | 24,100 | 126,000 | 163,800 |
| KARENNI STATE | 10,000 | 4,800 | 66,200 | 81,000 |
| PEGU DIVISION | 18,700 | 12,200 | 0 | 30,900 |
| KAREN STATE | 51,600 | 9,700 | 55,600 | 116,900 |
| MON STATE | 600 | 7,200 | 41,600 | 49,400 |
| TENASSERIM DIV. | 4,400 | 51,000 | 5,600 | 61,000 |
| TOTALS | 99,000 | 109,000 | 295,000 | 503,000 |

ပို၍အရေးကြီးသည်မှာ ကုလသမဂ္ဂမှ ပြည်တွင်းစစ်ပြေးဒုက္ခသည် များနှင့် လုံခြုံမှုမရှိသော ပြည်သူများ၊ မမြင်ရသည့် ထိခိုက်စေသော အကြောင်းအရာများအားဖော်ထုတ်ရန် လမ်းများရှာဖွေနေရဆဲ ဖြစ်သည်။ ထိုအ ကြောင်းအရာများဆွေးနွေးမှုနှင့်ပတ်သက်၍ စစ်အာဏာပိုင်အစိုးရများအနေဖြင့် ၎တို့ဂတိမတည်ခြင်း သို့မဟုတ် မရှိခြင်း စသည်တို့သာဖြစ်သည်။

၂၀၀၇၊ အောက်တိုဘာ၊ ကုလသမဂ္ဂနှစ်ပတ်လည်နေ့၏ အမှာစကားအပေါ် မုန်တိုင်းထန်ထန်တုံ့ပြန်ခြင်း၌ မလို လားအပ်သော ထွေ့လုံးငွေ့လုံးများ ပါဝင်သည်။ အကြောင်းရင်းများမှာ အရေးတကြီးလိုအပ်မှုအတွက်မြန်မာနှင့် ကုလသမဂ္ဂ ထောက်ပံ့မှုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရန် အာရုံစိုက်နေချိန်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပြန်အလှန်ဆွေးနွေးမှုများ ရရှိရန်ကြိုးပမ်းနေချိန်၌ လူမဆန်သည့် စစ်အုပ်ချုပ်ရေးစနစ်က တံခါးပိတ်လိုက်ခြင်း၊ မိမိ၏သက်တမ်းတစ်လျှောက် အားတက်သရော တာဝန်ထမ်းဆောင်ခဲ့သော ဒေသခံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အလုပ်အမှုဆောင်အဖြစ်မှ ပြင်းထန်စွာစွပ်စွဲ၍ ဖြုတ်ပစ်ခြင်း စသည်တို့ ဖြစ်သည်။

ထိုအစိုးရ၏ ရှုံ့ရှာဖွယ်အုပ်ချုပ်မှုစနစ်က ပြည်သူတို့အတွက် တစ်စုံတစ်ရာမျှအသစ်အဆန်း ပြုလုပ်နိုင်ခြင်း မရှိသေးပေ။ ဤသည်ကား မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေကို ဆန်းသစ်တီထွင်သောနည်းဖြင့် ကျင့်သုံး၍မဖြစ်နိုင်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ထို့ကြောင့် လူသားချင်း စာနာမှုဆိုင်ရာ လိုအပ်မှုသည် ကုလသမဂ္ဂ နှင့် ၎၏မြန်မာနိုင်ငံအတွင်း လုပ်ဖော်ကိုင်ဘက်များ အတွက် အရေးကြီး ဆုံးတာဝန်အဖြစ်ဆက်လက်တည်ရှိ နေမည်သာ ဖြစ်ပေတော့သည်။

*ဂျင်းဖရန်ကိုအိစ်ဒူးရစ် **jean-francois.durieux@qeh.ox.ac.uk** သည် မေလ၊ ၂၀၀၅ ခုနှစ် မှ စက်တင်ဘာလ၊ ၂၀၀၇ ခုနှစ်အထိ မြန်မာနိုင်ငံတွင် ဒုက္ခသည်များဆိုင်ရာကုလသမဂ္ဂမဟာမင်းကြီးရုံး၏ အလုပ်မှုဆောင်ကိုယ်စားလှယ်ဖြစ်သည်။ ၎သည် ယခုချိန်၌ ဒုက္ခသည်လေ့လာရေးဌာနမှ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး နှင့် ဒုက္ခသည်ဥပဒေကြောင်းဆိုင်ရာ ကထိကတဦးဖြစ်သည်။ စီဗင်ခါ်ဒါနာဖလာ **dhanapal@unhcr.org** သည် အဖ်ကာနယ်စတာ ၊ ကာဘူး မှ ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂမဟာမင်းကြီးရုံး၏ ဒေသဆိုင်ရာ တာရှည်ဖြေရှင်းရေးတာဝန်ခံအရာရှိတစ်ဦး ဖြစ်သည်။*

*ဤဆောင်းပါးသည် စာရေးသူ၏ပုဂ္ဂိုလ်ရေးဆိုင်ရာအမြင်သာဖြစ်ပြီး ဤသို့ကုလသမဂ္ဂ၏အမြင်အား ကိုယ်စားမပြုပါ။*

၁ ကုလသမဂ္ဂနိုင်ငံအသင်းတွင် FAO, ILO, IOM, UNDP, UNFPA, UNHCR, UNICEF, UNODC, UNOPS, WFP , WHO တို့ ပါဝင်သည်။

၂ နိုင်ငံခြားရေးဝန်ကြီးဌာနသည် အော်တိုဘာ ၃၁ရက် ၂၀၀၇ ခုနှစ် တွင် မြန်မာနိုင်ငံ၌ ကုလသမဂ္ဂနိုင်ငံအသင်း၏ ထုတ်ပြန်စာကို ပြန်ကြားခဲ့သည်။

၃ / အက်ရှလေ စောက်သ် 'Burma: The Changing Nature of Displacement Crises', RSC Working Paper 39, Feb 2007: www.rsc.ox.ac.uk/PDFs/WP39%20Burma%20AS.pdf

၄ Wherever there is a Humanitarian Coordinator, OCHA requires that there should also be an inter-agency coordination committee modelled on the IASC (www.humanitarianinfo.org/iasc), which includes, in addition to UNCT members, the Red Cross movement and large NGOs.

၅ Wherever there is a Humanitarian Coordinator, OCHA requires that there should also be an inter-agency coordination committee modelled on the IASC (www.humanitarianinfo.org/iasc), which includes, in addition to UNCT members, the Red Cross movement and large NGOs.

၆ 'Internal Displacement and Protection in Eastern Burma', 2005: www.tbbc.org/idps/report-2005-idp-english.pdf

# မြန်မာနိုင်ငံတွင် ‘ဖိအားပေးနှင်ထုတ်မှု’အား အနက်ဖွင့်ခြင်း

မြန်မာလူမျိုးအများစုအနေနှင့် အကြောင်းအမျိုးမျိုးကြောင့် ၎င်းတို့နေအိမ်များမှ ထွက်ပြေးကြရသည်။ မည်သို့ပင်ဖြစ်စေ ထွက်ခွာကြရခြင်း၏ အခြေခံအကြောင်းတရားများမှာ ‘စစ်ပြေးဒုက္ခသည်များ’ သို့မဟုတ် ‘စီးပွားရေးအရရွှေ့ပြောင်းဝင်ရောက်လာသူများ’ဒ စသည့် မည်သည့်ခေါင်းစဉ်နှင့် ဆီလျော်ကြောင်းကို ဆုံးဖြတ်ချက်ခြပေးထားပေသည်။ လိုက်နာရမည့် ပြည်တွင်းနေရပ်မှမောင်းနှင်ထုတ်ခံရသူများအတွက် လမ်းညွှန်ဥပဒေသ နှင့်အညီ ဘဝလမ်းရွေးချယ်မှုအတွက် ခြေကုန်လက်ပမ်းကျလာသည့်အတွက် အိမ်မှထွက်ခွာလာရသူများအား စစ်ပြေးဒုက္ခသည်များအဖြစ် သတ်မှတ်သင့်မသင့် ဆွေးနွေးမှုအချို့ရှိသည်။ အက်ရှလေစောက်သ်နှင့် အင်ဒရူးဘိုဆန် တို့က ၎င်းတို့၏အမြင်များအား အောက်ပါအတိုင်းဆွေးနွေးတင်ပြကြသည်။

နိုင်းယှဉ်ချက်အနေနှင့် ဤအပြန်အလှန်ဆွေးနွေးမှုက ပြည်ပြေးမြန်မာအသိုင်းအဝိုင်းအတွင်း တိုးချဲ့ဆွေးနွေးမှု ဖြစ်လာနိုင်သည်။ ဒုက္ခသည်စခန်းပြင်ပတွင်ရှိသည့် မြန်မာလူမျိုးများအနေနှင့် ‘စီးပွားရေးအရဝင်ရောက်လာသူများ’လော၊ သို့မဟုတ် ‘ကိုယ်တိုင်နယ်သစ်အခြေချဒုက္ခသည်များ’ပင်လော။ ‘ထိုင်းနိုင်ငံတွင် ပျောက်နေခြင်း’ ခေါင်းစဉ်ဖြင့် ဆောင်းပါးတွင် ဤကိစ္စအတွက် ပို၍အလင်းဖြန့်ကျက်ပေးထားပေသည်။

## မြန်မာနိုင်ငံတွင်းနေရပ်မှအတင်းအဓမ္မရွှေ့ပြောင်းခံရမှုအား ပုံစံခွဲခြားခြင်းဆီသို့

အက်ရှ်လေစောက်သ်

လူထု၏လုပ်ရှားလုပ်ဆောင်မှုအကြောင်းတရားများအရ မြန်မာနိုင်ငံတွင် နေရပ်မှအဓမ္မမောင်းထုတ်ခံရခြင်းအား ပုံစံသုံးမျိုးဖြင့် ကျယ်ပြန့်စွာ ခွဲခြားသတ်မှတ်နိုင်သည်။

ပုံစံ ၁ – စစ်ရေးပဋိပက္ခဖြစ်ပွားခြင်းကြောင့်ဖြစ်ပွားရသည့် နေရပ်မှပြောင်းရွှေ့ရခြင်း – တိုက်ပွဲများနှင့် တန်ပြန်တော်လှန်ရေး စစ်ဆင်ရေးများ၏ တိုက်ရိုက်အကျိုးဆက် ကြောင့် သို့မဟုတ် စစ်ရေးပဋိပက္ခက လူသားတို့လုံခြုံမှုနှင့် စားနပ်ရိက္ခာဖူလုံမှုအား လိုက်စားလာခြင်း တစ်ခုမဟုတ်တစ်ခုကြောင့်ဖြစ်ပွားရသည့်အပြင် ပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်လည်း ဆက်နွယ်နေသည်။ ကရင်ပြည်နယ်တဝှမ်း၊ တနင်္သာရီတိုင်းအရှေ့ပိုင်း၊ မွန်ပြည်နယ်တောင်ပိုင်း၊ ကရင်နီ (ကယား) ပြည်နယ် တောင်ပိုင်းနှင့် အရှေ့ပိုင်း၊ ရှမ်းပြည်တောင်ပိုင်းတို့အပြင် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အစိတ်အပိုင်းတစ်ချို့တွင် ဖြစ်ပွားခြင်းကိုတွေ့ရသည်။

ပုံစံ ၂ – စစ်မှုထမ်းခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ဆောင်မှုတို့ကြောင့်ဖြစ်ပွားသည့် နေရပ်မှပြောင်းရွှေ့ရခြင်း – ဤပုံစံအနေနှင့် အောက်ပါတို့ကြောင့်ပုံမှန်ဖြစ်ပွားရသည်။ (က) သဘာဝအရင်းအမြစ်ထုတ်ယူရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းတို့ အတွက် မြန်မာ့တပ်မတော်မှ သို့မဟုတ် အခြားလက်နက်ကိုင်အုပ်စုများမှ မြေယာသိမ်းယူခြင်း – စစ်ရေးပဋိပက္ခနောက်ဆက်တွဲ။ (ခ) ခေါင်းပုံဖြတ်ကောက်ခံသည့်အခွန်၊ အဓမ္မလုပ်အားပေးနှင့် အခြားနှောက်ယှက်အကြမ်းဖက်မှုများ။ စစ်တပ်ကြီးထွားရေး လုပ်ဆောင်မှုကြောင့် နှင့်/သို့မဟုတ် ‘ဖွံ့ဖြိုးရေး’လုပ်ဆောင်ခြင်းတို့၏ ထိခိုက်မှုကြောင့် တိုင်းနှင့်ပြည်နယ်တို့၏နယ်စပ် မြို့နေဒေသတို့တွင် (ဤဘာလှည့်ခရီးသွားလုပ်ငန်း တိုးချဲ့ခြင်း နှင့် ‘မြို့ပြအသစ်ပြုပြင်တည်ဆောက်ခြင်း’ အပါအဝင်) နေရပ်မှပြောင်းရွှေ့မှု ဖြစ်ပွားရခြင်းဖြစ်သည်။

အထက်ပါ နေရပ်မှပြောင်းရွှေ့ကြရသည့်ပုံစံနှစ်ခုမှာ ပဋိပက္ခ၏ရလဒ်များဖြစ်သည်။ ပုံစံ (၁) သည် စစ်ရေးပဋိပက္ခကြောင့် တိုက်ရိုက်ဖြစ်ပွားရခြင်းဖြစ်ပြီး၊ ပုံစံ (၂) က မီးခဲပြာဖုံးဖြစ်နေသည့်ပဋိပက္ခကြောင့် သို့မဟုတ် လက်နက်ကိုင်စစ်တပ်အားကိုး၍ ချိမ်းခြောက်မှုကြောင့်ဖြစ်ပွားရသည်။ ထိုသို့ဖြင့် အဓမ္မရွှေ့ပြောင်းခိုင်းစေမှုကို ဖြစ်စေသည့်အပြင် စစ်ပြေးဒုက္ခသည်ဘဝရောက်ကြရခြင်းဖြစ်သည်။ (လမ်းညွှန်ဥပဒေသတွင် ရှင်းပြခဲ့သည့်အတိုင်း)

ပုံစံ ၃ – နေထိုင်ရှင်သန်ရေးအားနည်းချက်ကြောင့်ဖြစ်ပွားရသည့် နေရပ်မှပြောင်းရွှေ့ရခြင်း – ဤအချက်မှာ မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပ ပြောင်းရွှေ့ဝင်ရောက်နေထိုင်ခြင်းတို့ အပေါ်တွင် အခြေပြုသည်။ အဓိက ဖြစ်ပွားမှုများမှာ အစိုးရ၏ နည်းလမ်းမကျသည့်မူဝါဒနှင့် အကောင်အထည်ဖော်ဆောင်မှုများ၊ ကုန်ထုတ်မြေ၏ ကန့်သတ်ထားရှိခြင်းစသည့်အပြင် စျေးကွက်ညံ့ဖြင်းခြင်းများတို့ကြောင့် ဖြစ်ပွားရသည်။ ဤအနေအထားများက စားရေရိက္ခာ၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု မလုံလောက်ခြင်းတို့ ဖြစ်ပွားရန် ဦးတည်သည်။ ထိုအာဏာပိုင်ပုဂ္ဂိုလ်တို့က အားနည်းသည့် စီးပွားရေးအရရွှေ့ပြောင်းဝင်ရောက်လာသူများအဖြစ် အထူးဖန်တီးဖော်ဆောင်ခဲ့သည်။

*အက်ရှလေစောက်သ်* ***(lerdoh@yahoo.co.uk)*** *သည် အလွတ်သတင်းထောက်နှင့် မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှရှိ လူသားချင်း စာနာသည့်အကူအညီပေးရေးနှင့် နိုင်ငံရေးကိစ္စများအတွက် အတိုင်ပင်ခံ ပုဂ္ဂိုလ်ဖြစ်သည်။ ၎င်း၏ ဒုက္ခသည်လေ့လာရေးဌာန၏ ၂၀၀၇ ခုနှစ် ဖေဖေါ်ဝါရီလထုတ် အစီရင်ခံစာဖြစ်သည့် နံပါတ် ၃၉ ရှိ'ဒမြန်မာ – နေရပ်မှမောင်းထုတ်ခံရမှု ပြဿနာများ၏ သဘာဝအပြောင်းအလဲဒ အသေးစိတ်အား* ***www.rsc.ox.ac.uk/PDFs/WP39%20Burma%20AS.pdf*** *တွင်တွေ့ရှိနိုင်ပါသည်။*

1. www.brookings.edu/projects/idp/gp_page.aspx

## မြန်မာပြည်တွင်းနေရပ်မှမောင်းနှင်ထုတ်ခြင်းအပေါ် နိုင်ထက်စီးနင်းလုပ်ဆောင်မှုများ၏အခန်းကဏ္ဍ

အင်ဒရူး ဘောဆန်

မြန်မာနိုင်ငံအတွင်း နေရပ်မှအဓမ္မမောင်းထုတ်ခံရခြင်းသည် စစ်တပ် သို့မဟုတ် စစ်တပ်၏ အရပ်သားအာဏာပိုင်တို့၏ အမိန့်အရ သို့မဟုတ် စီးပွားရေးရည်ရွယ်ချက်များကြောင့် သဘာဝဘေးအန္တရာယ်၊ စစ်ရေးတိုက်ခိုက်မှု သို့မဟုတ် ပြောင်းရွှေ့နေရာချထားမှု/မြေယာသိမ်းယူမှုကဲ့သို့ အဖြစ်အပျက်တစ်ခုခုကြောင့်ဖြစ်ပွားရခြင်း ဖြစ်မည်။ ပုံမှန်အနေနှင့် ရွာများအားလုံး သို့မဟုတ် လူထုအသိုင်းအဝိုင်းများ သို့မဟုတ် မြို့နေရပ်ကွက်များအား ထိုဖြစ်ရပ်တို့က ရုတ်တရက်ထိခိုက်စေသည်။

အများအားဖြင့် နေရပ်မှမောင်းနှင်ထုတ်ခံရခြင်းသည် အာဏာပိုင်တို့၏ နိုင်ထက်စီးနင်းပြဋ္ဌာန်းလုပ်ဆောင်နေသည့် အဓမ္မလုပ်အားပေးစေခိုင်းခြင်း၊ မြေယာသိမ်းယူခြင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်းနှင့် အတင်းအကြပ်မစိုက်မနေရသီးနှံတို့စိုက်ခိုင်းခြင်း တို့ ပါဝင်သည့်မှုခင်းအတွဲလိုက်ကြောင့်ဖြစ်ပွားရခြင်းပင်ဖြစ်သည်။ လူ့အခွင့်အရေးချိုးဖောက်မှု ဆိုးရွားစွာဖြစ်စေသည့် ဤအတိုင်းအတာတို့သည် အချိန်နှင့်အမျှပုံမှန် တစစတိုးလာ၍ မိသားစု၏ ပိုင်ဆိုင်မှုအရင်းအမြစ်နှင့် ဝင်ငွေကို တစ်အိမ်လုံးစီးပွားရေးပြိုလဲသည်အထိ လျော့ကျစေ၍ အိမ်မှဆင်းသွားရခြင်းသည်သာအကောင်းဆုံး သို့မဟုတ် တစ်ခုတည်းသောရွေးစရာဖြစ်လာသည်။ ဤလုပ်ငန်းစဉ်က ပထမအနေနှင့် ပိုမိုဆင်းရဲသည့်မိသားစုများအား ထိခိုက်စေ၍ တဖြည်းဖြည်း အသိုင်းအဝိုင်းတစ်ခုလုံးနှစ်အတိုင်းအတာတစ်ခုအတွင်း မိမိနေရပ်မှရွှေ့ပြောင်းအခြေချသည့်အနေအထားသို့ ရောက်ရှိခြင်းဖြစ်သည်။ ဤ လူထုအနေဖြင့် ပုဂ္ဂိုလ်တစ်ဦးချင်းအရသော်၎၊ မိသားစုအုပ်စုလိုက်သော်၎ ဆအလိုက် ‘တဖြည်းဖြည်းမောင်းထုတ်ခံရခြင်း’ ပုံစံအား ဒေသတွင်းနှင့်၊ အပစ်အခတ်ရပ်စဲထားသည့်နေရာများအပြင် အခြားမြန်မာနိုင်ငံဒေသများတွင် လက်ရှိပဋိပက္ခဖြစ်ပွားသောဒေသတွင် အသိအမှတ်ပြုထားကြသည်။ ဤနိုင်ထက်စီးနင်းအတိုင်းအတာများ လုပ်ကိုင်ခြင်း၊ ထိခိုက်စေခြင်းတို့အပြင် လွှမ်းခြုံနေသည့်ဆင်းရဲမွဲတေမှုအခြေအနေအား ပိုဆိုးစေ၍ ငွေကြေးဖောင်းပွမှုတိုးမြင့်လာကာ ဝင်ငွေမှန် ကျဆင်းသည့်အနေအထားသို့ရောက်ကြရသည်။

အခြားပြောနိုင်သည့်အချက်မှာ နိုင်ထက်စီးနင်းလုပ်ဆောင်မှုတို့၏ဆက်နွယ်စုစည်းမှုအရနှင့် စီးပွားရေးအရင်းခံအကြောင်းတရားတို့ကြောင့် လူထုအနေနှင့် အိမ်ပစ်ယာပစ်ထွက်ခွာလာကြရခြင်းဖြစ်သည်။ တစ်စုံတစ်ဦးအနေနှင့် ပြောင်းရွှေ့ခံရခြင်းဖြစ်စေသည့် လုပ်ငန်းစဉ်တစ်ခုလုံးအား၊ အနေအထားတစ်ခုခြင်းထက်ပို၍ လက်ငင်းအကြောင်းတရားအနေနှင့် စဉ်းစားပေမည်။ နိုင်ထက်စီးနင်းလုပ်ဆောင်မှုများပါလာသည့်နေရာတွင် အခြေအနေကလှုပ်ရှားမှုအတွက် မောင်းဖြုတ်ရန်သာအမှန်တကယ်လိုအပ်သည့်အနေအထားသို့ ရောက်ရှိကာ မကြာခဏဆိုသကဲ့သို့ စားရေရိက္ခာဖူလုံမှုအတွက် စိုးရိမ်ရခြင်းအား စီးပွားရေးအသုံးအနှုန်းများတွင် ဖွင့်ဆိုနိုင် သည့်အခြေရောက် နေလင့်ကစား ပုံမှန်အနေနှင့် မြန်မာနိုင်ငံတွင်ဖြစ်ပွားသည့် ဖြစ်ရပ်ကြောင့် ခံစားရသည့် ပြည်သူလူထု၏လှုပ်ရှားလုပ်ဆောင်ချက်က ပြည်တွင်းနေရပ်မှမောင်းနှင်ထုတ် ခံရသူများအတွက် လိုက်နာစောင့်ထိမ်းရမည့် လမ်းညွှန်ဥပဒေသများ၏ အတိုင်းအတာအတွင်း အတိအလင်းကျဆင်းလာရသည်။

*အင်ဒရူးဘိုဆန်သည် အလွတ်တမ်းသုတေသနပညာရှင်ဖြစ်သည်။ ‘အထူးသဖြင့် အစိုးရထိမ်းချုပ်မှုအောက်ရှိဒေသများအား မြန်မာနိုင်ငံတွင်း နေရပ်များမှအတင်းအကြပ်ရွှေ့ပြောင်းခံရခြင်း/ မောင်းထုတ်ခံရခြင်း’ အစီရင်ခံစာကို ၂၀၀၇ ခုနှစ် မေလတွင် ပြည်တွင်းနေရပ်မှပြောင်းရွှေ့စေခြင်း စောင့်ကြည့်စစ်ဆေးရေးဌာနအတွက် ရေးသားပြုစုခဲ့သူဖြစ်သည်။*

***www.ibiblio.org/obl/docs4/IDMC-Burma_report_mai07.pdf*** *တွင်တွေ့နိုင်ပါသည်။*

# ပြည်တွင်းစစ်ပြေး ဒုကၡသည်များအတွက် လူသားချင်းစာနာသည့် အထောက်အပံ့ (လုပ်ဆောင်ချက်များနှင့် ဆွေးနွေးချက်များ)

အက်ရှလေစောက်(သ်)

မြန်မာနိုင်ငံတွင်းအကူအညီပေးလုပ်ဆောင်နေကြသည့်အဖွဲ့များနှင့် နယ်စပ်ဖြတ်ကျော်၍ လှုပ်ရှားဆောင်ရွက်နေကြသည့် အဖွဲ့များအကြား နားလည်မှုကောင်းကောင်းနှင့် ဆက်စပ်လုပ်ဆောင်ရန် လိုအပ်နေပေသေးသည်။

မြန်မာနိုင်ငံတွင်း နေရပ်ဒေသမှအဓမ္မမောင်းထုတ်ခံရသည့် အခြားနိုင်ငံများသို့ရောက်ရှိခိုလှုံခဲ့ရသူများနှင့်ပတ်သက်သည့် ကူညီအားပေးမှုနှင့် သုတေသနပြုချက်အများစုက ထိုင်းနယ်စပ်တလျှောက် လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခံစားရသည့်ဒေသများအား အလေးပေးလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအရှေ့ပိုင်းရှိ ဎပဋိပက္ခထိခိုက်ခံရသည့် ဒေသအတော်များများအား နိုင်ငံတကာအကူအညီပေးအဖွဲ့များအနေနှင့် တိုက်ရိုက်ဆက်သွယ်နိုင်သည့်အနေအထားမရှိသည့်အတွက် ၎င်းတို့အနေနှင့် ဒေသခံအလုပ်အဖွဲ့များနှင့် ပူးပေါင်း၍ အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်ရသည်။

ထိုင်းနိုင်ငံ သို့မဟုတ် အခြားအိမ်နီးချင်းနိုင်ငံများမှ မြန်မာပြည်တွင်းရှိ ပြည်တွင်းစစ်ပြေးဒုက္ခသည်များအား ပေးအပ်နေသည့်အကူအညီသည် မြန်မာအစိုးရ၏ အချုပ်အခြာအာဏာအား စိမ်ခေါ်မှုပြုနေသည့်အတွက် တရားမဝင်ဟု ဆိုသည်။ အမှန်တကယ်မှာမူ နယ်စပ်ဖြတ်ကျော်၍လုပ်ဆောင်နေကြသူများကလည်း တရားဝင်ထောက်ပံ့မှုမဟုတ်ဟု သတ်မှတ်ထားကြသည်။ အချို့နယ်စပ်ဖြတ်ကျော်၍လုပ်ဆောင်နေကြသည့် (ကန့်သတ်ထားခြင်းကြောင့်အနည်းငယ်သာပေးအပ်နိုင်သည့် အကူအညီနှင့် လူ့အခွင့်အရေးအချက်အလက်များမှတ်တမ်းတင်မှု) ဘင်္ဂလားဒေ့ရှ်နှင့် အိယနိုင်ငံများမှ လှုပ်ရှားမှုများ၊ အလားတူ မထင်မရှားဆေးဝါးအကူအညီပေးအပ်ခြင်း အပါအဝင် အထောက်အပံ့အချို့ကို တရုတ်နိုင်ငံမှ တဆင့်ရလုပ်ဆောင်ကြရသည်။ ထိုင်းနိုင်ငံအခြေစိုက် နယ်စပ်ဖြတ်ကျော်အကူအညီပေးသည့်အုပ်စုအများစုအနေနှင့် ကရင်ပြည်နယ်အတွင်း ထိုအကူအညီပေးလုပ်ငန်းများအား လုပ်ဆောင်ခဲ့သည်။ သို့သော် မွန်နှင့် ကရင်နီ (ကယား) ပြည်နယ်များတွင်လည်း အလားတူလုပ်ဆောင်မှုများလည်းရှိခဲ့ပေသည်။ လုံခြုံရေးအနေအထားနှင့် ဒေသတွင်းလုပ်ဆောင်နိုင်စွမ်းကန့်သတ်မှု အတိုင်းအတာများအရ ရှမ်းပြည်နယ်တွင်မူ လုပ်ငန်းအနည်းငယ်မျှသာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြသည်။

နယ်စပ်ဖြတ်ကျော်လုပ်ဆောင်နေကြသည့် စီမံကိန်းများက သမာသမတ်ကျနိုင်သ၍ လိုအပ်ချက်များနှင့်တပြေးညီ ကူညီထောက်ပံ့မှုပေးသည်ဟုပြောနိုင်သော်လည်း ထိုအထောက်အပံ့သည် လက်လှမ်းမီနိုင်သည့်အနေအထားနှင့် ဝေးကွာနေပေသေးသည်။ နယ်စပ်ဖြတ်ကျော်သည့် ကူညီထောက်ပံ့မှုကွန်ယက်များသည် လုံခြုံမှုနှင့် ထောက်ပံ့ပို့ဆောင်ရေးအစီအစဉ်များဖော်ဆောင်နိုင်ရေးအပေါ် လက်နက်ကိုင်အတိုက်အခံအုပ်စုများနှင့် နီးကပ်စွာဆောင်ရွက်လျက်ရှိသည်။ အမှန်မှာ နယ်စပ်ဖြတ်ကျော်လုပ်ဂုားနေကြသူအများစုမှာ တော်လှန်ရေး အဖွဲ့အစည်းများ၏ တပ်ဖွဲ့ဝင်များ သို့မဟုတ် ဖွဲ့ဝင်များဖြစ်ကြသည်။ ဒေသခံအစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် နယ်စပ်ဖြတ်ကျော်အကူအညီပေးအဖွဲ့များသည်လည်း လူ့အခွင့်အရေးမှတ်တမ်းများစုဆောင်းလုပ်ဆောင်ရေးနှင့် အားပေးဆောင်ရွက်မှုလုပ်ငန်းတို့အပြင် အရည်အချင်းမြှင့်တင်ရေးလုပ်ငန်းများအား အတိုက်အခံအုပ်စုအမျိုးမျိုးနှင့် ပူးပေါင်းလုပ်ဆောင်ကြသည်။

မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူနည်းစုသူပုန်အုပ်စုများအနေနှင့် ၁၉၉၀ ခုနှစ်အစပိုင်း (သို့) အလယ်ပိုင်းလောက်တွင် ၎င်းတို့၏ ‘လွတ်မြောက်နယ်မြေများ’ ဆုံးရှုံးခဲ့ရသည့်အတွက် စစ်ပဋိပက္ခကြောင့် ရွှေ့ပြောင်းထွက်ပြေးလာရသည့် ပြည်သူလူထုအနေနှင့် စစ်မျက်နှာဖြန့်ကျက်ထားသည့်ဒေသများ၏ နောက်တန်းဒေသများတွင်ပင် အခြေချနေထိုင်နိုင်ခြင်း မရှိတော့သည့်အတွက် ပြည်တွင်းစစ်ပြေးဒုက္ခသည်အရေအတွက်မှာ အများအပြားတိုးပွားလာခဲ့သည်။ ထိုင်းနိုင်ငံအတွင်း ဒုက္ခသည်အထောက်အပံ့ပေးရေးကွန်စိုမျာ အား (၁၀) စုနှစ်များစွာလုပ်ဆောင်နေကြသည့် အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်များ၏အကူအညီကြောင့် ကရင်နှင့်မွန်တိုင်းရင်းသားတို့အတွက်ပြည်တွင်းစစ်ပြေးဒုက္ခသည်ထောက်ပံ့ရေးစီမံကိန်းများအား ထူထောင်ခဲ့သည်။ ၂၀၀၂ ခုနှစ်၊ ဧပြီလမတိုင်မီအတွင်း ဒေသခံကရင်တိုင်းရင်းသားနှင့် ၎င်းတို့ထက် ပမာဏနည်းသည့်အင်အားစုများ ဖြစ်ကြသည့် ကရင်နီနှင့် ရှမ်းတိုင်းရင်းသားအုပ်စုများ အားအကူအညီပေးရေးအတွက် နှစ်စဉ်နယ်စပ်ဖြတ်ကျော်ထောက်ပံ့ရေးရံပုံငွေမှာ ဒေါ်လာတစ်သန်း အထိမြင့်တက်လာခဲ့သည်။

လူသားချင်းစာနာသည့်အချိန်တိုအတွင်းထောက်ပံ့မှုက ရွာသားများအားဆန်ဝေငှရန်အပြင် လက်ရှိပဋိပက္ခများ ရှင်းလင်းအေးဆေးသွားသည့်အချိန်တွင် ၎င်းတို့၏လူ့ဘောင်အသိုင်းအဝိုင်းများအား ပြန်လည်ထူထောင်ရေးဆောင်ရွက်နိုင်မည့် အခြားယန္တရားများကို နိုင်နိုင်နင်းနင်းလုပ်ဆောင်ရန် ဖြည့်ဆည်းပေးရန်ရည်ရွယ်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် နယ်စပ်ဖြတ်ကျော်အကူအညီပေးလုပ်ဆောင်နေသည့်အဖွဲ့အစည်းအများအပြားက ၂၀၀၆ခုနှစ်အတွက် အရေးပါသည့် နယ်စပ်ဖြတ်ကျော်ထောက်ပံ့ရေးလုပ်ငန်းများအတွက် အမေရိကန်အစိုးရရံပုံငွေထည့်ဝင်လှူဒါန်းမှုဖြင့် အသိုင်းအဝိုင်းအခြေခံတိုးတက်ရေး ပဏာမခြေလှမ်းများအား စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ထိုအဖွဲ့အစည်းများစွာတို့သည်လည်း ဒေသခံအသိုင်းအဝိုင်းများနှင့်အတူ တခါတရံ ကျယ်ပြန့်သည့် ကျန်းမာရေးနှင့်ပညာရေးစီမံချက်များကိုလည်းအကောင်အထည်ဖော်လုပ်ဆောင်ခဲ့ကြသည်။

## မြန်မာပြည်တွင်းလုပ်ဆောင်မှုများ

နိုင်ငံတကာအကူအညီနှင့် တိုးတက်ရေးစီမံကိန်းများသည် မြန်မာနိုင်ငံတွင် ပါးလျားစွာဆက်လက်၍ ဖြန့်ကြက်နေသည်။ ရန်ကုန်အခြေစိုက်နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများသည် အပြင်းအထန်ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများမှအပ၊ နိုင်ငံမြို့ကြီးများနှင့်ထိစပ်နေသည့်ဒေသများမှအစ တဖြည်းဖြည်း ဝေးလံသည့်ဒေသများဆီသို့ဦးတည်ကာ ပုံမှန်နှစ်စဉ်တိုးမြှင့်ချဉ်းကပ်မှုဖြင့် နိုင်ငံ၏ ပဋိပက္ခကြောင့်ထိခိုက်ခံစားရသည့်ဒေသများအတွက် ကူညီထောက်ပံ့ရေး ဆောင်ရွက်လျက်ရှိသည်။ မကြာမီလများအတွင်းက စစ်အစိုးရသည် နိုင်ငံတွင်းလူသားခြင်းစာနာသည့် အကူအညီများပေးအပ်နေသော အဖွဲ့အများစု၏ လှုပ်ရှားဆောင်ရွက်မှုများအား ပိုမိုကန့်သတ်ချုပ်ချယ်မှုများ ပြုလုပ်လာခဲ့သည်။

မြန်မာအစိုးရထိန်းချုပ်ထားသည့်နယ်မြေများဖြစ်သည့် ပြည်တွင်းစစ်ပြေးဒုက္ခသည်များရှိသော ဒေသတွင်းတွင် အထူးဦးတည်လုပ်ဆောင်နေသည့် နိုင်ငံတကာအဖွဲ့အစည်းအနည်းငယ်မျှသာရှိသည်။ တစ်စိတ်တပိုင်းအားဖြင့်ဆိုရလျှင် ဤအချက်သည် နအဖအနေနှင့်အထိမခံနိုင်သည့် အကြောင်းကိစ္စဖြစ်၍၊ အခြားအစိတ်အပိုင်းအနေနှင့် သဘာဝတရားတန်ဘိုးထားမှု မပြည့်စုံခြင်းအပြင် မြန်မာနိုင်ငံအတွင်း မောင်းနှင်ထုတ်ခံရခြင်းပဋိပက္ခအတိုင်းအတာတို့၏ ရောင်ပြန်ဟပ်ခြင်းလည်း ဖြစ်သည်။

၁၉၉၀ နှစ်များအကုန်ပိုင်းမှစ၍ ဝေးလံသည့်ဒေသများနှင့် အန္တရာယ်လွယ်ကူစွာကျရောက်နိုင်သောဒေသတို့အား ဆက်စပ်မှုရရှိစေရေးအတွက် မြန်မာနိုင်ငံတွင်းရှိ နိုင်ငံတကာအဖွဲ့အစည်းများအနေနှင့် အစိုးရမဟုတ်သည့် ဒေသခံအဖွဲ့အစည်းများ၊ နယ်စပ်ဖြတ်ကျော်အထောက်အပံ့ပေးရေးအဖွဲ့များ ပူးပေါင်းလုပ်ဆောင်ရေး၏ အကျိုးအမြတ်များအား စတင်နားလည်သဘောပေါက်ခဲ့ကြသည်။ တစိတ်တပိုင်းအနေနှင့် အစိုးရနှင့် လက်နက်ကိုင်အုပ်စုအများစုကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုအကျိုးဆက်ကြောင့် ဤအတောအတွင်း မြန်မာနိုင်ငံတွင်းရှိ ပြည်သူလူထုနှင့် တိုင်းရင်းသားအမျိုးသားအသိုင်းအဝိုင်းများကြားတွင် ပြည်သူ့ရေးရာအဖွဲ့အစည်းအမြောက်အများ ပေါ်ပေါက်လာကြသည်။ ဤပြည်သူ့ရေးရာကွန်ယက်များတွင် ဘာသာရေးအဖွဲ့များ၊ ကျေးရွာယဉ်ကျေးမှုအသင်းများနှင့် ထိုထက်ပို၍စနစ်တကျဖွဲ့စည်းထားသည့် အဖွဲ့အစည်းများပါ ပါဝင်ပေသည်။

နိုင်ငံတကာအကူအညီပေးအဖွဲ့များလက်လှမ်းမမီသော ပဋိပက္ခဖြစ်ပွားသောဒေသတွင် ၎ဒေသခံလှုပ်ရှားဆောင်ရွက်နေကြသူများက ယင်းပဋိပက္ခဖြစ်ပွားသော နယ်မြေဒေသသို့ မကြာခဏ ရောက်ရှိကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ၎တို့၏ ကူညီထောက်ပံ့ရေးနှင့် တိုးတက်ရေးစီမံကိန်းများသည်

ကိုယ့်အားကိုယ်ကိုးထောက်ပံ့သည့် ခြေလှမ်းမှစတင်ခဲ့သည်။ ၎ကိုယ့်အားကိုယ်ကိုးထောက်ပံ့မှုများသည်မိသားစုအတွင်းဆက်သွယ်မှု ၊ တိုင်းရင်းသားမျိုးနွယ်စုတို့၏ဆက်သွယ်မှု ထို့အပြင် ပို၍စနစ်ကျသည့် အစီအစဉ်ကို နယ်မြေခံအဖွဲ့အစည်းများ နှင့် ဒေသခံ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ လုပ်ဆောင်ကြသည်။

၎အကူအညီအထောက်အပံ့သည် စားရေရိက္ခာ၊ ဆေးဝါးအထောက်အပံ့များ (ဒေသအတွင်း လှုပ်ရှားနေသည့်အသင်းများအပါအဝင်) နှင့် လူ့အသိုင်းအဝိုင်းပြန်လည်ပြုစုပျိုးထောင်ရေးတိုးတက်မှု လုပ်ဆောင်ချက်များတို့ပါဝင်ကြသည်။ အထူးသဖြင့် ပြည်တွင်းစစ်ပြေးဒုက္ခသည်များအတွက် ဘုရားကျောင်း အခြေပြုကွန်ယက် သုံးခုသည် တိုးတက်ကောင်းမွန် သောစွမ်းရည်များအတွက်လုပ်ဆောင်ခြင်း ၊ လိုအပ်ချက်များကို စစ်ဆေးခြင်း ၊ ၄င်းတို့၏ပေးအပ်လုပ်ဆောင်သောအကူအညီအား ပြန်လည်သုံးသပ်ခြင်းနှင့် ကွပ်ကဲခြင်းများအားလုပ်ဆောင်ခဲ့သည်။

အာဏာရှိပုဂ္ဂိုလ်များနှင့် ဆက်စပ်ဆောင်ရွက်နိုင်သည့် ဒေသခံအသိုင်းအဝိုင်းခေါင်းဆောင်များ (ဥပမာ – မြန်မာစစ်တပ်နှင့် အပစ်အခတ်ရပ်စဲထားသည့်အုပ်စုခေါင်းဆောင်များ) ကလည်း

ပဋိပက္ခဖြစ်ပွားသောနယ်မြေဒေသမှ လူ့အသိုင်းအဝိုင်းများ၏အခြေအနေတိုးတက်ရေးအတွက် အရေးပါသည့် ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို တာဝန်ယူလုပ်ဆောင်ကြသည်။ ၎င်းတို့၏ကြားဝင်ဆောင်ရွက်မှုများမှာ အာဏာပိုင်တို့အား ပြည်သူတို့ကိုအတင်းအကြပ် နေရပ်မှပြောင်းရွှေ့မှုမပြုလုပ်စေရေး ၊ ရွာသားများအား အဓမ္မလုပ်အားပေးဆင့်ခေါ်မှုမပြုရေး သို့မဟုတ် နိုင်ငံတကာနှင့် များသောအားဖြင့် ဒေသခံ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ ဒေသခံအဖွဲ့အစည်းများတို့၏ လူသားခြင်းစာနာမှုဖြင့်ပေးအပ်လာသည့် အထောက်အပံ့အကူအညီများအား ခွင့်ပြုပေးရေးတို့ပါဝင်သည်။

လူထုအသိုင်းအဝိုင်းအတွင်း လူထုအတွက် လှုပ်ရှားဆောင်ရွက်နေကြသူများသည်လည်း လူ့အခွင့်အရေးသတင်းများအား ရန်ကုန် သို့မဟုတ် ထိုင်းနိုင်ငံသို့ပေးပို့ကြမည်ဖြစ်သည်။ ထိုသို့ အသိအမှတ်မပြုထားသည့် 'အကာအကွယ်နှင့် အားပေးမှုကွန်ယက်များ' လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပွားခြင်းများ လျော့နည်းစေရန် အကူအညီပေးစေသည်။ ဥပမာ – စစ်အုပ်ချုပ်သူများအနေနှင့် ထိုင်းနိုင်ငံရှိတရားရေးအဖွဲ့အစည်းများထံ ထိုအချက်အလက်ရောက် သွားမည်ကိုစိုးရိမ်၍ ရွာသားများအား အဓမ္မလုပ်အားပေးစေခိုင်းရန် တွန့်ဆုတ်မှုဖြစ်စေပေမည်။

## နိဂုံးချုပ်

မြန်မာနိုင်ငံ၏ပြင်ပတွင် လှုပ်ရှားလုပ်ကိုင်နေကြသည့် အထူးသဖြင့် ပြည်ပရောက်အတိုက်အခံအဖွဲ့အစည်းများနှင့် ၎င်းတို့၏ ထောက်ပံ့ရေးနှင့် စည်းရုံးမှုကွန်ယက်များသည် (အစိုးရ၏ချုပ်ချယ်မှုများရှိသည့်တိုင်) လူထုအသိုင်းအဝိုင်းအတွင်း လှုပ်ရှားဆောင်ရွက်များ ၊ အရေးကြီးသည့်အကူအညီနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း များအပေါ် ပိုမိုနားလည်လာစေရန် အားပေးလုပ်ဆောင်သွားသင့်သည်။ မြန်မာနိုင်ငံတွင်းရှိ အဖွဲ့အစည်းများအနေနှင့် ထိုင်းနိုင်ငံနှင့် ပြည်ပနိုင်ငံများရှိ အဖွဲ့အစည်းများကဲ့သို့ လူထုသိရှိရန် လုပ်ဆောင်ပိုင်ခွင့်မရှိပေ။ သို့သော် ပဋိပက္ခကြောင့်ဖြစ်ပွားသည့်နေရာများတွင် ဒေသခံနှင့် နိုင်ငံတကာ လုပ်ငန်းအဖွဲ့ဝင်များတည်ရှိနေခြင်းက လူသားခြင်းစာနာရေးကွက်လပ်အား ဖန်တီးနိုင်၍ အမျိုးသား၊ ပြည်နယ်နှင့် ဒေသခံအာဏာပိုင်များဖြင့်ပေါင်း၍ ကန့်လန့်ကာနောက်ကွယ်မှ စောင့်ရှောက်အားပေးမှုလုပ်ငန်းများအား လုပ်ဆောင်ပေးနိုင်သည်မှာ အမှန်ပင်ဖြစ်သည်။

*အက်ရှလေစောက် (သ်) **(lerdoh@yahoo.co.uk)** သည် မြန်မာနိုင်ငံတွင်းနှင့် အရှေ့တောင်အာရှရှိ လူသားခြင်းစာနာမှုနှင့် နိုင်ငံရေးအကြောင်းအရာများအပေါ် လွတ်လပ်သည့် ရေးသားမှုနှင့် အကြံပေးချက်များ လုပ်ဆောင်နေသူဖြစ်သည်။*

၁ နိုင်ငံတကာအထောက်အပံ့ပေးရေးဌာနနှင့်အဖွဲ့အစည်းများ၏ ထိုင်းနိုင်ငံနယ်စပ်အသုံးစားရိတ် (ခန့်မှန်းဒုက္ခသည်လူဦးရေ ၁၅၀၀၀၀ အတွက်) အမေရိကန်ဒေါ်လာ သန်း ၅၀ရှိသည့်အချိန်တွင် မြန်မာနိုင်ငံတွင်း နိုင်ငံတကာမှရရှိသည့်အကူအညီမှာ ခန့်မှန်းခြေစုစုပေါင်း အမေရိကန် ဒေါ်လာ သန်း ၂၅၀ ရှိသည် (တဦးလျှင် ၅ ဒေါ်လာအောက်)။ နယ်စပ်ဖြတ်ကျော်ကူညီထောက်ပံ့ရေးများအတွက် အသုံးစားရိတ်မှာ ဒေါ်လာ ၇သန်းရှိသည်။

# ပြည်တွင်းစစ်ပြေး ဒုက္ခသည်များ၏ဆန့်ကျင် ခုခံရေးနည်းဗျူဟာများ

ဖိုးရှမ်းကေဖန်းနှင့် စတီဖင်ဟူးလ်

စစ်အုပ်ချုပ်မှုအောက်တွင် ပုန်းရှောင်နေကြသည့် သို့မဟုတ် နေထိုင်နေကြသည့် နေရပ်မှမောင်းနှင်ထုတ်ခံရသည့် ကရင်ပြည်နယ်နှင့် အခြားမြန်မာနိုင်ငံကျေးလက်ဒေသများရှိရွာသားများအနေနှင့် စစ်တပ်၏စော်ကားနှောက်ယှက်မှုများအပေါ် ခုခံတွန်းလှန်မှုများအား ၎င်းတို့ကိုယ်တိုင် ဆန်းသစ်ရဲဝံ့စွာ လုပ်ဆောင်ပြသနေကြသည်။ ၎င်းတို့အနေနှင့် အကူအညီ ပိုမိုတိုးမြှင့်ပေးရန်အတွက် အရေးပေါ်လိုအပ်ချက်ရှိနေသော်လည်း ၎င်းတို့ကိုယ်တိုင်သာလျှင် ကြားဝင်အကူအညီပေးဖြေရှင်းသူတို့အား မည်သည့်နေရာသို့ပေးအပ်သင့်ကြောင်း အဆုံးအဖြတ်ပေးသင့်ပေသည်။

မြန်မာနိုင်ငံအရှေ့ပိုင်းရှိ ပဋိပက္ခနှင့် နေရပ်မှမောင်းနှင်ထုတ်ခြင်းတို့အပေါ် ပြင်ပမှအာရုံမဲ့တစေဖော်ပြလေ့ရှိသည့် မှားယွင်းမှုမှာ၊ ပြည်သူလူထုမျှော်လင့်မထားသည့် အခြေအနေဆိုးများနှင့် မောင်းနှင်အထုတ်ခံရခြင်းတို့က ၊နအဖစစ်တပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA ကဲ့သို့သော အတိုက်အခံလက်နက်ကိုင်အုပ်စုတို့ကြား ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခ၏အကျိုးဆက်ဖြစ်သည်ဟူ၍ ပြည်တွင်းစစ်တစ်ခုတည်းကိုသာ ကျဉ်းမြောင်းစွာဖော်ပြခြင်းဖြစ်သည်။ လူထုနှင့် ပိုမိုနီးကပ်သည့် ပြည်သူတို့ပြောစကားအားတိုက်ရိုက်သွား၍နားထောင်သည့်စစ်ဆေးဖော်ထုတ် မှုက အထက်ပါအချက်မှာ ဖြစ်ပွားရသည့် အဓိကအရေးကိစ္စမဟုတ်ဟုဖော်ပြနေသည်။ နအဖစစ်တပ်သည် လူထုဆန့်ကျင်သည့် စစ်ဆင်ရေးများကိုသာအထူးသဖြင့်ဆောင်ရွက်နေပြီး အခြေအနေအတော်များများတွင် KNLA ကင်းလှည့်တပ်များနှင့် ထိပ်တိုက်တွေ့ဆုံတိုက်ပွဲဖြစ်ပွားမှုအား စစ်တပ်အနေနှင့် အားထုတ် ရှောင်ရှား၍ လှုပ်ရှားလုပ်ဆောင်နေသည်ကိုတွေ့ရသည်။

ကရင်ပြည်နယ်ရှိ နအဖလှုပ်ရှားစစ်ကြောင်းများသည် ၎င်းတို့၏ နေ့စဉ်စစ်ဆင်ရေးလုပ်ငန်းများအဖြစ် ပေါ်တာ၊ ငွေ၊ စားနပ်ရိက္ခာနှင့် အခြား အဓမ္မလုပ်အားပေးခြင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်းစသော ပုံစံမျိုးစုံဖြင့် ဒေသခံပြည်သူလူထုထံမှ နည်းမျိုးစုံညှစ်ယူထားသည့် အထောက်အပံ့တို့အပေါ် မှီခိုရပ်တည်နေကြသည်။ စစ်တပ်လက်အောက်ခံမဟုတ်သည့်ဒေသများ (အထူးသဖြင့် ကရင်ပြည်နယ်မြောက်ပိုင်းတောင်ပေါ်ဒေသများ) တွင် နအဖစစ်တပ်အနေနှင့် ယင်းအမိန့်များချမှတ်လုပ်ဆောင်ရန် ခက်ခဲပေသည်။ ထို့ကြောင့် ၎င်းတို့အနေနှင့် အလွယ်တကူအမြတ်ထုတ်နိုင်မည့် ပြောင်းရွှေ့နေရာချထားရေးစခန်းများတွင်စုပေါင်းနေထိုင်ရေးအတွက် ကွဲပြားစွာရှိနေသည့် ကျေးလက်ဒေသလူထုတို့အား ရှာဖွေ၍ အတင်းအကျပ်ဖိအားပေးပြောင်းရွှေ့ခြင်း လုပ်ဆောင်နေကြသည်။ ဤနည်းဖြင့် ခရီးသွား၍ အခြားနေရာတွင်အလုပ်လုပ်ခွင့် (သို့) ကုန်ကူးသန်းရောင်းဝယ်ခွင့်ပိတ်ပင်ခြင်းဖြင့် ရွာသားတို့၏အသက်မွေးဝမ်းကျောင်းဘဝများကို တတိတိ လိုက်စားလုပ်ဆောင်နေကြသည်။ ထို့အပြင် အခမဲ့လုပ်အားပေးမှကင်းလွတ်ခွင့်ရှုပြီး လက်ရှိအလုပ်အကိုင်တို့တွင် ဆက်လက်လုပ်ကိုင်နိုင်ခွင့်ရရှိရေးအတွက် ၎င်းတို့၏ငွေနှင့် အရင်းအမြစ်တို့အား စစ်တပ်တာဝန်ရှိသူများထံ ပေးအပ်တင်သွင်း လုပ်ဆောင်ရေးမှာလိုအပ်ချက်တစ်ခုဖြစ်သည်။ ဤ စနစ်တကျပြုလုပ်နေသည့် ဖိနှိပ်စော်ကားအမြတ်ထုတ်မှုများက ဆင်းရဲမွဲတေခြင်း၊ ဝတ်မွတ်ခေါင်းပါးခြင်းတို့ကို ပိုမိုများပြားလာစေခြင်းအပြင် ပိုမိုဆိုးရွားသည့် ဒေသတွင်းလူသားကဒ်ဆိုက်မှုတို့အား အလွန်အမင်း ပေါင်းစပ်ဖြစ်ပေါ်လာစေသည်။

စစ်အုပ်ချုပ်ရေးလက်အောက် ဘဝအခြေအနေကိုသတိမူမိသည့် ရွာသားအများစုမှာ အထက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည့်အစား ပုန်းအောင်းနေထိုင်ရေးလမ်းကြောင်းကို ရွေးခဲ့ကြသည်။ အမိန့်နှင့် ချုပ်ချယ်မှုများအား ရှောင်လွှဲသည့်လုပ်ဆောင်မှုသည် ရွာသားတို့အနေနှင့် ၎င်းတို့၏ ထိုနိုင်ထက်စီးနင်းလုပ်ဆောင်မှုတို့မှ ကင်းလွတ်ခွင့်ရသည့်အခွင့်အရေးကို ပြန်လည်ရယူသည်သာမက ဒေသခံတပ်တို့၏ စစ်ဆင်ရေးတို့ကိုလည်း အားနည်းသွားစေသည်။ ထို့ကြောင့် ကရင်ပြည်နယ်အတွင်း စစ်တပ်ကြီးစိုးရေးချဲ့ထွင်မှုအား အနှောက်အယှက်ဖြစ်စေတော့သည်။ နအဖက တုန့်ပြန်သည့်အနေနှင့် ထိုပုန်းအောင်းနေထိုင်သည့်ရွာသားများအား နိုင်ငံတော်ရန်သူအဖြစ်သတ်မှတ်ကာ စစ်ဆင်ရေးများအတွင်း ၎င်းတို့အားတွေ့ရာသချိုင်းခေါ်မဆိုင်းပစ်ခတ်သုတ်သင်ခြင်း၊ နေအိမ်များ၊ တောင်ယာများနှင့် ရိက္ခာဂိုဒေါင်များအား မီးရှို့ဖျက်ဆီးခြင်းတို့အား ပစ်မှတ်ထား၍ လုပ်ဆောင်ကြသည်။

## နိုင်ငံရေးလှုပ်ရှားသူများကဲ့သို့ဖြစ်နေသည့် ပြည်တွင်းစစ်ပြေးဒုက္ခသည်များ

ယေဘူယျအားဖြင့် နေရပ်မှမောင်းနှင်ထုတ်ခံရသည့် ရွာသားအများစုအနေနှင့် ကရင်ပြည်နယ်အတွင်း နအဖအုပ်ချုပ်ရေးဥပဒေအောက်တွင်သာ နေထိုင်ကြခြင်းဖြစ်သည်။ အမှန်မှာ ထွက်ပြေးပုန်းအောင်းနေထိုင်သည့်သူများ များပြားလာခြင်းသည် ဖိနှိပ်အုပ်ချုပ်သည့် စစ်တပ်ထိမ်းချုပ်မှုအောက်တွင်မနေလိုသည့် ရွာသားတို့၏ ပြင်းပြသည့်ဆကို ဖော်ညွှန်းနေပြီး ၎င်းတို့အပေါ် နအဖစစ်တပ်၏ ထိမ်းချုပ်လုပ်ဆောင်မှုကိုလည်း အောင်မြင်စွာ ခုခံနိုင်ခြင်းပင်ဖြစ်ပေသည်။ ထို့ကြောင့် တောထဲသို့ထွက်ပြေးခြင်းမှာ ကြောက်ရွံ့၍ သို့မဟုတ် ကယ်ဆယ်သူမဲ့၍ လုပ်ဆောင်သည့်လုပ်ဆောင်မှုမဟုတ်ပါ ။ အမှန်မှာ နအဖ၏ဥပဒေကို ရဲဝံ့စွာဆန့်ကျင်ရေးနည်းလမ်းတစ်ခု ပင်ဖြစ်ပေတော့သည်။ အခြားထွက်မပြေးနိုင်သူများက ကိုယ့်ကိုယ်ကိုသက်သာစေရန် နေ့စဉ် သိမ်မွေ့သောဆန့်ကျင်ခြင်းနှင့် မလိုက်နာခြင်းတို့အားလုပ်ဆောင်ကြခြင်း သို့မဟုတ် ၎င်းတို့အပေါ်တွင်ရှိနေသည့် အမိန့်များ၊ ချုပ်ချယ်မှုများအား ရာနှုန်းပြည့်ရှောင်ရှားခြင်း စသောအခြားနည်းလမ်းများဖြင့် ခုခံဆန့်ကျင်ကြသည်။


KHRG

တောင်ငူခရိုင်အတွင်း နအဖထံမှ ထွက်ပြေးကြသည့် မောင်းထုတ်ခံရသည့် ရွာသားများ

ထွက်ပြေးပုန်းရှောင်နေထိုင်သည့်လမ်းကိုရွေးချယ်သည့်ရွာသားများအနေနှင့်လည်း နအဖ၏ ရန်ကိုစိုးရိမ်သည့်အတွက် ထပ်မံ၍ တုန့်ပြန်နိုင်ရေးနည်းလမ်းသစ်များကို တည်ထွင်ကြံဆရသည်။ ဥပမာ – ထွက်ပြေးရန်မျှော်လင့်ထားသည့် လက်ရှိရွာသားများအနေနှင့် လျှို့ဝှက်စပါးကျီများအား တောတွင်းလုံခြုံသည့်နေရာများတွင်ဆောက်လုပ်၍ နအဖတပ်များချက်ခြင်းရောက်လာပါက အလွယ်တကူထွက်ပြေးနိုင်ရန် ပုန်းတဲများကိုပါတည်ဆောက်ထားရှိ ကြသည်။ မိမိတို့အသိုင်းအဝိုင်းများအတွင်း တိုးတက်သည့်လက်ဆင့်ကမ်း သတိပေးစနစ်များကိုထားရှိကာ ရွာသားများအနေနှင့် စစ်သားများရောက်ရှိလာသည်နှင့် ပစ္စည်းများအားထုပ်ပိုး၍ တောတွင်းသို့ထွက်ပြေးတိမ်းရှောင်နိုင်ရန်စီစဉ်ထားသည်။ ပိုမိုလုံခြုံသည့်ပုန်းအောင်းနေထိုင်နိုင်သည့်နေရာများတွင် နေရပ်မှမောင်းထုတ်ခံရသည့်မိသားစုတို့အနေနှင့် ကလေးများပညာရေးအတွက် မြန်ဆန်စွာကျောင်းများပြန်လည်ဆောက်လုပ်ရေး လုပ်ကိုင်နိုင်ကြပေသည်။ ထို့အပြင် ပြေးလွှားနေရသည့်အကျဉ်းအကျပ်အခြေအနေကြားထဲတွင် အချို့လိုအပ်ချက်တို့အား အတိုင်းအတာအစုံတရာဖြည့်စည်းပေးနိုင်ကြသည်။ ထွက်ပြေးချိန်တွင် အရံရှိအနေနှင့်အလုံအလောက် မသယ်ဆောင်နိုင်သည့် အခြားရွာသားများအား ရွာသားများအခြင်းခြင်း ဆန်ဝေငှပေးကြသည်။ ပုန်းတဲများရှိသည့်အရပ်တွင် ရေရှည်ပုန်းရှောင်နေရမည့်အနေအထားရှိပါက တောင်ယာစပါးခင်းများ သို့မဟုတ် ဖာလာ၊ ကွမ်းသီးနှင့် အခြားသီးနှံတို့အား ထွက်ပြေးနေထိုင်ရသည့်လူထုအတွက် အနည်းငယ်အားဖြစ် တာရှည်အထားခံမည့် လက်တွေ့ကုန်သွယ်ပစ္စည်းများအနေနှင့် ရံဖန်ရံခါဆိုသလို လုပ်ဆောင်ကြသည်။

သဘာဝပတ်ဝန်းကျင်မှ မိရိုးဖလာအသိပညာများအား အသုံးပြု၍ ရွာသားများသည် ဒေသဆိုင်ရာ ဆေးဝါးများမရနိုင်သည့်အခြေအနေတွင် သဘာဝထွက်ပစ္စည်းများနှင့်ပေါင်းစပ်၍ သာမန်ဖျားနာနေထိုင်မကောင်းခြင်းရောဂါတို့အား ကုစားနိုင်ကြသည်။ နအဖက သွားလာမှုနှင့် ကုန်သန်းရောင်းဝယ်မှုအား ကန့်သတ်ချုပ်ချယ်ထားသည့်ကြားမှ ယာယီနှင့် တိတ်တိတ်ပုန်း ‘တောဈေးများ’ သည် ပုန်းအောင်းနေထိုင်ကြရသည့် ရွာသားများနှင့် စစ်တပ်အုပ်ချုပ်ရေးနယ်မြေများရှိရွာသားများတို့အား ရောင်းဝယ်ဖောက်ကားမှု ပြုနိုင်ရန် အခြေအနေပေးအပ်ထားသည်။ မောင်းထုတ်ခံရွာသားများသည် ဒေသတွင်း အကူအညီပေးအုပ်စုများမှတဆင့် နယ်စပ်ဖြတ်ကျော် ဆေးဝါးများ၊ ပညာရေးနှင့် အဟာရအထောက်အပံ့တို့ရရှိရန် ကြိုးစားကြသည်။ ပြည်သူလူထုအနေနှင့် ၎င်းတို့စွန့်ခွာခဲ့သည့်ရွာများရှိ စစ်တပ်များကိုစောင့်ကြည့်၍ ထိုစစ်ကြောင်းများထွက်ခွာသွားသည်နှင့် သတင်းပို့ကာ ၎င်းတို့ရွာရှိအိမ်မြေများတွင် ပြန်လည် သိမ်းပိုက်နေထိုင်ရန် သို့မဟုတ် အနည်းဆုံး ထွက်ပြေးစဉ်ကျန်ခဲ့သည့် ပစ္စည်းများအားပြန်လည်သယ်ယူရန်လုပ်ဆောင်ကြသည်။

ဆက်စပ်စဉ်းစားကြည့်ပါက နအဖ၏ ပြည်သူလူထုအပေါ်ထိမ်းချုပ်ခေါင်းပုံဖြတ်ရေး အားထုတ်မှုနှင့်စပ်လျဉ်း၍ ရွာသားတို့အနေဖြင့် ထိုထိမ်းချုပ်မှုကိုဆန့်ကျင်ရေး၊ ဘဝရပ်တည်ရေး၊ ကျန်းမာရေး ၊ ပညာရေးနှင့် အခြားလူမှုရေး အကူအညီပေးစီမံကိန်းများအား စစ်အုပ်ချုပ်ရေးပြင်ပတွင်ကြိုးပမ်းမှုတို့မှာ မြင့်မားသည့်နိုင်ငံရေးလှုပ်ရှားမှုတစ်ခုဖြစ်လာသည်ကို တွေ့ရပေမည်။ ထိုသို့သော နေရပ်မှမောင်းနှင်အထုတ်ခံအသိုင်းအဝိုင်းတို့အား ကျယ်ပြန့်စွာအကူအညီပေးအပ်ခြင်းသည်လည်း နိုင်ငံရေးလှုပ်ရှားမှုတစ်ခုဖြစ်လာသည်။ အကူအညီပေးစီမံကိန်းများသည် ပြည်တွင်းစစ်ပြေးဒုက္ခသည်များအား ပုန်းအောင်းရှင်သန်ရန် အထောက်အကူပေးနေသည့်အတွက် စစ်အုပ်ချုပ်သူတို့၏ ပြည်သူတို့အပေါ်ထိမ်းချုပ်ရေးလုပ်ဆောင်မှုအား တိုက်ရိုက်စိန်ခေါ်မှုဖြစ်နေသည့်အပြင် နအဖကလည်း ထိုအကူအညီကို မလိုမုန်းထားသည့်အမြင်ရှိနေပေသည်။မောင်းထုတ်ခံရသည့်ပြည်သူတို့၏ (စစ်တပ်၏နှောက်ယှက်မှုများအားဆန့်ကျင်ရေးလုပ်ဆောင်ခွင့် ) အခွင့်အရေးကိုအသိအမှတ်ပြုခြင်းသည် မရှိမဖြစ်လိုအပ်သည့် ၎င်းတို့၏လိုအပ်ချက်လက္ခဏာများပင်ဖြစ်သည်။ ယင်းရွာသားတို့အား နအဖအုပ်ချုပ်ရေးအောက်တွင်ရှိသည့် ရွာများတွင် ပြန်လည်နေရာချထားရန်၊ ပြန်လည်အခြေချရန်နှင့် ပြန်လည်ပေါင်းစပ်ရေးမျှော်လင့်၍ နအဖ၏လမ်းကြောင်းများမှတဆင့် အကူအညီပေးနေသည့် ပြင်ပမှဝင်ရောက်လုပ်ဆောင်နေမှုက နအဖအားအင်အား ပိုမိုကြီးမားလာစေ၍ ထိုရွာသားတို့အား အင်အားပို၍ ယုတ်လျော့စေမည်ဖြစ်သည်။ နှိုင်းယှဉ်ကြည့်ပါက ပြည်သူ့အသိုင်းအဝိုင်းတို့အားတိုက်ရိုက် စစ်အုပ်ချုပ်ရေးပြင်ပလမ်းကြောင်းများမှ အကူအညီပေးအပ်ခြင်းသည် ယင်းရွာသားတို့အနေဖြင့် စစ်တပ်နှင့်ဆက်စပ်နေထိုင်သည့်ရွာသားတို့ထက်ပို၍ အင်အားကောင်းစေမည်ဖြစ်သည်။

## ကျေးရွာကိုယ်စားပြုအဖွဲ့

လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံ ကျေးလက်ဒေသများ၏ လူ့အခွင့်အရေးအခြေအနေများအား နိုင်ငံတကာဂရုထားမှုများပိုမိုများပြားလာသည့်အခါ ရွာသားတို့အား အသိပညာနည်းပါး၍ ကယ်သူမဲ့ ‘သားကောင်များ’ အနေနှင့် အရေးပေးစောင့်ရှောက်မှုပြုကြသည့်အပြင် ရွာသားတို့အနေဖြင့် ၎င်းတို့၏ လိုအပ်ချက်များအားလည်း ဖော်ထုတ်တင်ပြကြသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ Karen Human Rights Group (KHRG )[၁] ၏ကမကထဖြင့် ဒေသခံလူထုနှင့်ပြုလုပ်ခဲ့သည့် ထောင်နှင့်ချီသည့် လူတွေ့အမေးအဖြေ အင်တာဗျူးများက မြန်မာနိုင်ငံရှိ ကျေးလက်ရွာသားတို့တွင် ယင်းအခြေအနေများ တိုးတက်ရန်မည်သည့်ဆောင်ရွက်မှုများလိုအပ်သည်၊ ထိုရည်ရွယ်ချက်များအား မည်သို့လုပ်ဆောင်သင့်သည်စသည့် ၎င်းတို့၏အားကောင်းသည့်အမြင်အား ရှင်းလင်းစွာပြသထားပေသည်။ ထိုရွာသားတို့၏ ပြောပြချက်များအပေါ် တုန့်ပြန် ဆောင်ရွက်သည့်အနေနှင့် KHRG က၎င်း၏ ‘ကျေးရွာကိုယ်စားပြုအဖွဲ့’ စီမံကိန်းအား ၂၀၀၅ ခုနှစ်တွင် တင်ပြခဲ့သည်။ ဤစီမံကိန်းတွင် အချက်နှစ်ခုပါဝင်သည်။ ပထမအချက်အနေနှင့် ကျေးရွာလူထုရင်ဆိုင်ရသည့် နှောက်ယှက်စော်ကားမှုများနှင့် ထိုနှောက်ယှက်မှုတို့အား ၎င်းတို့မည်သို့ဆန့်ကျင်ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည် ဆိုသည့် ကိုယ်တွေ့ဇာတ်လမ်းများအား မှတ်တမ်းထားရေးနှင့် ဒုတိယအချက်တွင် ရွာသားတို့အား ၎င်းတို့၏ ထိုဆန့်ကျင်ရေးနည်းဗျူဟာများအား ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်၍အား ကောင်းလာစေရေးအတွက် ကူညီပံ့ပိုးပေးရေးတို့ဖြစ်သည်။

မိမိတို့၏ ကျေးရွာကိုယ်စားပြုအဖွဲ့ ဆွေးနွေးဝိုင်းတွင် KHRG ၏ သုတေသနပြုပုဂ္ဂိုလ်များက ဦးဆောင်ပို့ချသူများအနေနှင့် ကူညီဆောင်ရွက်မှုဖြင့် ရွာသားတို့က ၎င်းတို့၏ လူ့အခွင့်အရေးနှင့် ဒေသတွင်းအဖြစ်အပျက်များအပေါ်အမြင်ကိုဆွေးနွေးခဲ့ကြသည့်အပြင် ၎င်းတို့အား နိုင်ငံတကာ၏ အခြေခံလူ့အခွင့်အရေးစံထားချက်များကိုရှင်း လင်းတင်ပြကာ ဤအချက်များကမည်သို့၎င်းတို့၏လက်တွေ့အခြေအနေနှင့် ဆက်စပ်နေသည်ကိုဆွေးနွေးခဲ့သည်။ ၎င်းတို့လက်တွေ့လုပ်ဆောင်နေပြီးဖြစ်သည့် တုန့်ပြန်လုပ်ဆောင်မှုအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုဆန့်ကျင်ရေးတို့အား နားလည်သဘောပေါက်၍ ဆွေးနွေးမှုများပြုလုပ်နိုင်ရန် အားပေးခဲ့သည်။ အဆုံးတွင် ဒေသတွင်းလုပ်ဆောင်နေသည့်နည်းဗျူဟာတို့အား မည်သည့်နည်းဖြင့် တိုးမြှင့်ဆောင်ရွက်မည်၊ ချဲ့ထွင်လုပ်ဆောင်မည်၊ မည်သို့အကောင်အထည်ဖော်မည်တို့ကို ဆွေးနွေးခဲ့သည်။ ရည်ရွယ်ချက်မှာ ရွာသားတို့အား လူ့အခွင့်အရေးအကြောင်း ‘သင်ပေးခြင်း’ မဟုတ်ဘဲ ၎င်းတို့အား လူ့အခွင့်အရေးကိစ္စအကြောင်း ပိုမိုသတိထားတွေးတောမိစေရန်၊ ၎င်းတို့အခွင့်အရေး မည်သို့ရရှိအောင် လက်တွေ့ဆောင်ရွက်နေကြသည်ဆိုသည်ကို သိနားလည်စေရေးအကူအညီပေးရေးနှင့် ၎င်းတို့နည်းဗျူဟာများ ပိုမိုအားကောင်းစေရန် အထောက်အကူပြုဆွေးနွေးပွဲများပြုလုပ်ပေးရေးတို့ဖြစ်သည်။ မျှော်လင့်ချက်အနေနှင့် ဤလုပ်ငန်းဆွေးနွေးပွဲများမှအစပြု၍ ရွာသားများအခြင်းခြင်း ပုံမှန်ဆွေးနွေးခြင်း၊ မည်သို့ချဉ်းကပ်လုပ်ဆောင်မည်ကို တင်ပြခြင်းနှင့် သင့်လျော်သည့်နည်းသစ်များအား ဖော်ထုတ်လုပ်ဆောင်ခြင်းများဖြစ်ပေါ်လာရန် ဖြစ်သည်။ရွာသားအများစုက ၎င်းတို့၏အခွင့်အရေးများအား လက်တွေ့ရယူသည့်ကိုယ်ပိုင်နည်းများကျင့်သုံးပါက လူထုအနေနှင့် လှုပ်ရှားဆောင်ရွက်မှုအစီအစဉ်များတွင်ပိုမိုပါဝင်လာသည်ကိုတွေ့ရမည်ဖြစ်ပြီး ထိရောက်သည့်ဆုံးဖြတ်ချက်များ ကိုလည်း ချမှတ်လုပ်ဆောင်နိုင်မည်ဖြစ်ပေသည်။ အပြန်အလှန်အနေနှင့် ဒေသခံနှင့် နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်နေကြသူများသည် ရွာသားများအား နည်းဗျူဟာချမှတ်လုပ်ခိုင်းပေးသည်ထက် မိမိတို့၏ကိုယ်ပိုင်နည်းဗျူဟာတို့အားဖြင့်သာ လုပ်ဆောင်လာစေရေး အားပေးတိုက်တွန်းမှုများ ကိုပေးအပ်မည်ဖြစ်သသည်။

*ဖိုးရှမ်းကေဖန်း **(poeshan@khrg.org)** သည် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG www.khrg.org) ၏ ကွင်းဆင်းညှိနှိုင်းကြားရေးမှူးဖြစ်သည့်အပြင် အရှေ့မြန်မာပြည်မှ စစ်ပြေးဒုက္ခသည်ဟောင်းတစ်ဦးလည်းဖြစ်သည်။ စတီဖင်ဟူးလ် **(stephen@khrg.org)** သည် KHRG ၏သုတေသနပြုနေသူတစ်ဦးဖြစ်ပါသည်။ KHRG ၏ ဝန်ထမ်းအဖွဲ့ဝင် ဂျနီဖာဟိုက်ဂ် ၏အကူအညီပေးမှုများအား အထူးကျေးဇူးတင်ရှိပါကြောင်း။*

*ကရင်လူ့အခွင့်အရေးအဖွဲ့၏ အစီရင်ခံစာအသစ်များနှင့်ပတ်သက်၍ **www.khrg.org** တွင် ကြည့်နိုင်ပါသည်။*

၁ www.khrg.org

# မြန်မာနိုင်ငံအရှေ့ပိုင်း၏ နာတာရှည်အရေးပေါ်အခြေအနေအထားအားတုန့်ပြန်ခြင်း

ထိုင်းမြန်မာနယ်စပ်ယာယီစုစည်းကူညီရေးအဖွဲ့

လူသားချင်းစာနာထောက်ထားရေးအကူအညီပေးလုပ်ငန်းဌာနများ နှင့် အသိုင်းအဝိုင်းအခြေပြုအဖွဲ့အစည်းများ အတူတွဲ၍ မြန်မာနိုင်ငံအရှေ့ပိုင်း စစ်မက်ပြိုင်ဆိုင်မှုဖြစ်ပွားမှုအများဆုံးဖြစ်သော ဝေးလံခေါင်ဖျားသည့်ဒေသများမှ လူ့အသိုင်းအဝိုင်းများအား ကူညီထောက်ပံ့ရေးလုပ်ဆောင်ကြသည်။

ဤ နာတာရှည်အရေးပေါ်အခြေအနေအတွက် လူသားချင်းစာနာမှုဖြင့် တုန့်ပြန်ဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံတွင်းအခြေပြုဌာနများနှင့် အိမ်နီးချင်းနိုင်ငံများတွင်အခြေပြု၍ နိုင်ငံနယ်စပ်အား မသိမသာအကူအညီပေးနေသည့် ဌာနများအားလုံးတို့မှလာသည်။ ၂၀၀၆ ခုနှစ်တွင် အစိုးရ၏ အကူအညီပေးစီမံချက်များနှင့် ဝေးလံခေါင်ဖျားသည့်ဒေသများသို့ နိုင်ငံတကာဝန်ထမ်းတို့၏ ခရီးသွားလာရေး ကန့်သတ်မှုများအား လိုက်နာဆောင်ရွက်ရန် လမ်းညွှန်အဖြစ် လူသားချင်းစာနာသည့်အကူအညီပေးအပ်နေသည့် ဌာနနှင့် အဖွဲ့အစည်းတို့အပေါ် တရားဝင်ချမှတ်ထားခဲ့သည်။ ထိုအစိုးရစည်းမျဉ်းများက အထူးသဖြင့် ပြည်ပြေးဝန်ထမ်းများဖြင့် ကွင်းဆင်းကာကွယ်စောင့်ရှောက်မှုနည်းဗျူဟာချထား လုပ်ဆောင်နေသည့် လုပ်ငန်းများအား တင်းကြပ်ထားခြင်းဖြစ်သည်။

ဖြစ်ချင်တော့ ကျဉ်းမြောင်းသည့် လူသားချင်းစာနာမှုလုပ်ပိုင်ခွင့်သည် မြန်မာနိုင်ငံတွင်း လုပ်ငန်းဌာနများအား နိုင်ငံဝန်ထမ်းများတိုးတက်ရေး နှင့် လူထုအသိုင်းအဝိုင်းအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး ပိုမိုအဓိကထားသည့် နည်းဗျူဟာများဖြင့် ကိုင်တွယ်ဖြေရှင်းရန်အားပေးသည့် အခွင့်အရေးများရှိသင့်သည်။ နယ်စပ်ဖြတ်ကျော်အကူအညီပေးရေးစီမံချက်များ တွင် ဆယ်စုနှစ်ကျော်အတွင်း ပထမအဆင့်အနေနှင့် လူထုအသိုင်းအဝိုင်းအခြေပြုအဖွဲ့အစည်းများက စတင်အကောင်အထည်ဖော် လုပ်ကိုင်မှုများဆောင်ရွက်ခဲ့သကဲ့သို့ ပြည်တွင်းအခြေပြုလုပ်ငန်းဌာနများမှ ပဋိပက္ခဒဏ်ခံစားနေရသည့် ဒေသများအတွင်း လူသားချင်းစာနာမှုဖြင့် တုန့်ပြန်ဆောင်ရွက်မှုများသည်လည်း ယခုအခါ ဒေသခံလုပ် နိုင်စွမ်းတို့အပေါ် ပိုမိုအားထားလာရပေသည်။ နိုင်ငံတကာအသိုင်းအဝိုင်းသည် ယခုအခါ မှီခိုနေရသည်ကိုတွေ့ရသည်။ ဥပမာ – စစ်မက်ပြိုင်ဆိုင်မှု ဖြစ်ပွားနေသည့်ဒေသများတွင် မြေစာပင်ဖြစ်နေရသည့် ချို့နဲ့မှုအနေအထားအား တိုင်းတာရေးအား လူထုအသိုင်းအဝိုင်းအခြေပြုအဖွဲ့အစည်းများက လူထုအတွင်း သဘောထားကောက်ခံခဲ့ကြသည်။

မြန်မာပြည်အရှေ့ပိုင်း ဆက်တိုက်ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများတွင် မည်သို့ လူသားချင်း စာနာသည့်လုပ်ပိုင်ခွင့် တိုးမြှင့်လုပ်ဆောင်ရေးလုပ်ဆောင်ရမည်ဟူသည့်အချက်အပေါ် စိန်ခေါ်မှုတစ်ရပ်ရှိသည်။ လုပ်ငန်းဌာနများနှင့် အစိုးရများအား စစ်အုပ်စုနှင့် ဆွေးနွေးရေးအတွက် ဒေသန္တရအခွင့်အလမ်းမြှင့်တင်ရေးနှင့် စောင့်ကြပ်စစ်ဆေးတင်းကျပ်မှုအား တစ်စုံတရာလျှော့ပေါ့ရေးအပြင် စနစ်တကျပြုလုပ်နေသည့် ရက်စက်မှုနှင့် နှောင့်ယှက်စော်ကားမှုတို့မှ ပြည်သူလူထုအားကာကွယ်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာဆွေးနွေးမှုတို့လည်း လိုအပ်နေပေသည်။ ယင်းသို့လိုက်လျောမှုများအား လုံခြုံမှုဖြစ်စေနိုင်သည့်တိုင် မြန်မာနိုင်ငံအရှေ့ပိုင်းရှိ အင်အားချိနဲ့မှုအဖြစ်ဆုံး မြေစာပင်လူထုအသိုင်းအဝိုင်းအား လက်လှမ်းမီစေမည့်အဓိကလမ်းကြောင်းမှာ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ရမည့်အခြေအနေတွင်ပင်ရှိနေဦးမည်ဖြစ်သည်။

## နယ်စပ်ဖြတ်ကျော်ပေးအပ်သည့်အကူအညီ

ပြည်တွင်းအခြေပြုဌာနများနှင့် အဖွဲ့များက အစိုးရထိမ်းချုပ်ထားသည့် ရွှေ့ပြောင်းစခန်းများနှင့် တိုင်းရင်းသားအပစ်အခတ်ရပ်စဲထားသည့် ဒေသများရှိ ပိုမိုတည်ငြိမ်သည့်အချို့ ပြည်တွင်းနေရပ်မှမောင်းနှင်ထုတ်ခံရသည့်အသိုင်းအဝိုင်းများအား လက်လှမ်းမီစောင့်ရှောက်နိုင်သော်လည်း ထိုအကူအညီအတိုင်းအတာနှင့် အခွင့်အလမ်းတို့အား ထိန်းချုပ်ကန့်သတ်ခံထားရဦးမည်ဖြစ်သည်။ နယ်စပ်ဖြတ်ကျော်ပေးအပ်သည့်အကူအညီက ထိုဒေသများတွင်သာမက အဓိကအားဖြင့် နအဖ တိုက်ကင်းများအား ပုန်းအောင်းနေရသည့် ပို၍မတည်ငြိမ်သည့် ဒေသများသို့ပါရောက်ရှိစေသည်။ ၂၀၀၇ ခုနှစ်တွင် နယ်စပ်ဖြတ်ကျော်ပေးအပ်သည့် ပဏာမခြေလှမ်းအနေနှင့် အမေရိကန်ဒေါ်လာ ၇ သန်းခန့်အား အသက်မွေးမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး၊ လွတ်လပ်သည့်သတင်းမီဒီယာလုပ်ငန်းနှင့် အသိုင်းဝိုင်း ပြန်လည်ပြုစုပြိုးထောင်ရေးတို့အတွက် ပို့ဆောင် အထောက်အပံ့ပေးအပ်ခဲ့သည်။

နယ်စပ်ဖြတ်ကျော်ပေးအပ်သည့်အကူအညီ၏ အကြီးမားဆုံးကဏ္ဍမှာ နယ်စပ်အနီးရှိ စစ်ပြေးဒုက္ခသည်စခန်းများအတွက် အစာရေစာထောက်ပံ့မှုနှင့် မြန်မာပြည်အတွင်းကျကျ နေထိုင်ကြသည့် လူထုအသိုင်းအဝိုင်းများထံ ငွေသားလွှဲအပ်ခြင်းတို့ ပါဝင်သည့် အသက်မွေးမှုများအား ထောက်ပံ့ခြင်းဖြစ်သည်။ ငွေလွှဲပေးခြင်း၏ အကျိုးအမြတ်များတွင် အကူအညီပေးအဖွဲ့များအား ၎င်းတို့၏လိုအပ်ချက်များအား ဦးစားပေးလုပ်ဆောင်သည်ထက် အကျိုးခံစားရသူများအားတိုက်ရိုက်ခွင့်ပြုမှုဖြစ်စေခြင်းအပြင် နိုင်ငံရေးပဋိပက္ခလိုင်းများအားဖြတ်၍ စီးပွားရေးနှင့် လူမှုရေးဆက်စပ်မှုတို့အားထိမ်းသိမ်းထားရှိမည့် ဝေးလံခေါင်ဖျားသည့်ဒေသများမှ ဈေးကွက်များအား အားပေးမှုလုပ်ဆောင်ခြင်းဖြစ်၍ ရွှေ့လျားမှုပြုရန်လွယ်ကူခြင်း၊ မြန်ဆန်ခြင်းနှင့် လုံခြုံစိတ်ချရမှုရှိခြင်း တို့ပါဝင်သည်။

အခြားအဓိကကျသည့်ကဏ္ဍနှစ်ခုမှာ ကျန်းမာရေးနှင့်ပညာရေး စီမံချက်များဖြစ်သည်။ မြန်မာပြည်တွင်းအခြေပြု လူသားချင်းစာနာသည့်အကူအညီပေးအဖွဲ့များက သင့်တော်သည့် နအဖဝန်ကြီးဌာနများအား နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့ကူညီမှုပေးသကဲ့သို့ အချို့နယ်စပ်ဖြတ်ကျော်ပေးအပ်သည့်အကူအညီတို့က တိုင်းရင်းသားလူမျိုးစုတို့ပိုင်ဆိုင်သည့် တရားဝင် ကျန်းမာရေးနှင့်ပညာရေးဌာနများ၏ လုပ်နိုင်စွမ်းတိုးမြှင့်ရေး တဆင့်ခံ အကောင်အထည်ဖော်ဆောင်ရွက်ကြသည်။ ရိုးရာခလေ့ထုံးစံအရ မွေးဖွားရေးအကူပုဂ္ဂိုလ်များပေးအပ်ခြင်း၊ ဘုန်းကြီးကျောင်းများနှင့် မူကြိုကလေးဖွံ့ဖြိုးရေး စီမံကိန်းများအား ထောက်ပံ့ခြင်းတို့ကဲ့သို့ ကျန်းမာရေးနှင့် ပညာရေးအတွက် သမားရိုးကျမဟုတ်သည့် ချဉ်းကပ်စောင့်ရှောက်မှုများဖြင့် ဖြည့်စွက်ထားရှိသည်။

ပိုမိုနည်းပါးသည့် အကူအညီပေးမှုအတိုင်းအတာက ပဋိပက္ခအတွင်း အဖမ်းခံရသည့် ပြည်သူလူထုအား ကာကွယ်ရေးနှင့် လူထုအသိုင်းအဝိုင်းမြှင့်တင်ရေးလုပ်ငန်းတို့အတွက် စီးဆင်းသည်။ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးအတွင်း ဆင်ဆာမဲ့ သတင်းများဖြန့်ဖြူးခဲ့ကြသည့် လွတ်လပ်သည့်သတင်းမီဒီယာတို့၏ 'ပြည်သူ့သတင်းထောက်များ' သကဲ့သို့ တိုင်းရင်းသားအသိုင်းအဝိုင်းအခြေခံ အဖွဲ့အစည်းများက မြန်မာပြည်တွင်း အခြေခံလူထုနှင့် နိုင်ငံရေးရပိုင်ခွင့်များအားဖိနှိပ်မှုအား နယ်စပ်ဖြတ်ကျော်၍ ကမ်းကုန်အောင်ရက်စက်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား မှတ်တမ်းပြုလုပ်ကိုင်ခြင်းဖြင့် ဆန့်ကျင်ကြသည်။ ပဋိပက္ခဆက်လက်ဖြစ်ပွားနေသော်လည်း အချို့လူထုအသိုင်းအဝိုင်းတွင် လူမှုရေးမတည်မှုဖွံ့ဖြိုးရေးနှင့်သဘာဝ၊ ရုပ်ပိုင်းနှင့် လူမှုရေးဆိုင်ရာ တန်ဘိုးရှိသည့်အရာများအား ပြန်လည်ပြုစုပြိုးထောင်ရေးဖြင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဖြည့်စွက်လုပ်ဆောင်ရန်ဖြစ်နိုင်ခြေရှိသည်။

စစ်အာဏာသိမ်းအုပ်စု၏ ချို့တဲ့သည့် နိုင်ငံရေးအရ တရားဝင်မှုပေးထားသည့်အတွက် မြန်မာနိုင်ငံအတွင်းရှိ ကုလသမဂ္ဂဌာနအချို့သည်ပင် လမ်းညွှန်စည်းမျဉ်းအနေနှင့်ထားရှိသည့် ကြားနေဝါဒ ၏ ဆက်စပ်မှုအား စိန်ခေါ်ခဲ့ကြရသည်။ အချို့နယ်စပ်ဖြတ်ကျော်ပေးအပ်သည့်အကူအညီတို့အား လုံခြုံစိတ်ချရစေရေးအတွက် လက်နက်ကိုင်အစောင့်အရှောက်အသုံးပြုရေးသည် ဤအခြေအတင်ကွဲအတွက် အခြားရှုထောင့်ပင်ဖြစ်သည်။ လူသားရေးရာ ညှိနှိုင်းဆောင်ရွက်ရေးရုံး ကုလသမဂ္ဂရုံး UN Office for the Coordination of Humanitarian Affairs (OCHA) အနေဖြင့် လူသားချင်းစာမှုအကူအညီသယ်ဆောင်သည့်ယဉ်တန်းအနေနှင့် လက်နက်ကိုင်အစောင့်အရှောက်ထားရှိရေးအား အခြေအနေအပေါ် ချင့်ချက်ထားလုပ်ဆောင်ရမည်ဖြစ်ကြောင်း လက်ခံအသိအမှတ်ပြုထားသည်။ မြန်မာနိုင်ငံအရှေ့ပိုင်း လက်နက်ကိုင်ပဋိပက္ခ၏ ထိခိုက်မှုဖြစ်ပွားနေသည့်ဒေသများ၏ အခြေအနေက ထိုချင့်ချက်အရလုပ်ဆောင်ရမည့် အနေအထားများအား ပုံဖော်နေ၍ ထိုလက်နက်ကိုင်အစောင့်အရှောက်အသုံးပြုရေးလိုအပ်ချက်အား ရှင်းလင်းစေနေပေသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း တူညီသည့်အခြေအနေများက အစိုးရမဟုတ်သည့်အဖွဲ့အစည်းများအား လက်နက်ကိုင်အစောင့်အရှောက်ဖြင့် လူသားချင်းစာနာသည့်အထောက်အပံ့တို့အား အီရတ်၊ ဆိုမာလီယာ၊ ချက်ချင်ညာနှင့် ကင်ညာမြောက်ပိုင်းသို့ ပေးပို့ရေးအတွက် ဦးဆောင်ခဲ့သည်။

## နည်းဗျူဟာပိုင်းဆိုင်ရာစိန်ခေါ်မှုများ

မြန်မာနိုင်ငံအရှေ့ပိုင်းအတွင်း နယ်စပ်ဖြတ်ကျော်ပေးအပ်မည့် အကူအညီပေးစီမံချက်များက ထိုအကူအညီတို့အနေနှင့် မတော်တဆအနေနှင့် အကြမ်းဖက်မှု၊ နှောက်ယှက်စော်ကားမှုတို့ကြောင့် ကြန့်ကြာမှု မဖြစ်စေရေးအတွက် နည်းလမ်းသုံးသွယ်ရှိသည်။ ပထမအချက်အနေနှင့် ပိုမိုကြီးကျယ်သည့် စီမံချက်များသည် အခြေခံ လူသားချင်းစာနာရေးစည်းကမ်းများ နှင့် လေးစားရမည့် တာဝန်ယူဆောင်ရွက်မှုများရှင်းလင်းစွာပါဝင်သည့် တရားဝင်သဘောတူညီချက်များအပေါ်အခြေခံသည်။ ထိုသဘောတူညီချက်တို့က သင့်လျော်သည့်




ပုန်းအောင်းနေသည့် စစ်ပြေးဒုက္ခသည်များ မြန်မာပြည်အရှေ့ပိုင်းဒေသ၊ ၂၀၀၇ ခုနှစ်

တိုင်းရင်းသားအတိုက်အခံပါတီအား ဒေသခံလူသားခြင်းစာနာသည့်အကူအညီပေးဌာန၏ လွတ်လပ်သည့်ပိုင်နက်အား အကူအညီပေးပို့ရေးဆုံးဖြတ်ချက်ချမှတ်စဉ်တွင် တရားဝင်လုံခြုံစွာ လက်ခံရရှိနိုင်စေရေး အသိအမှတ်ပြုထားပြီးဖြစ်သည်။ ဌာနများအနေနှင့်လည်း နိုင်ငံတကာ လူသားခြင်းစာနာရေးဥပဒေအောက်တွင် အစိုးရမဟုတ်သည့် လက်နက်ကိုင်တို့ အတွင်း ဓတို့မဖြစ်မနေလုပ်ရမည့် တာဝန်အဖြစ် ဂရုထားအာရုံစိုက်ရေးပိုမို မြှင့်တင်ရန် ဆတက်ထမ်းပိုး အားထုတ်လုပ်ဆောင်ရန်လိုအပ်သည်။ ဒုတိယအချက်အနေနှင့် အကူအညီပေးအပ်မှုက လက်နက်ကိုင်အုပ်စုတစ်ခုခု၏ သွေးထိုးမှုဖြင့် ရွာသားတို့ အတွက် အပျက်သဘောဆောင်သည့် ဂယက်ရိုက်မှုဖြစ်မဖြစ် စောင့်ကြပ်ထိမ်းသိမ်းရန်နှင့် နောက်ပိုင်း အွေ့ရာယ်ဦးစားပေးသတ်မှတ် ခြင်းနှင့် ပဋိပက္ခသက်ရောက်မှုသတ်မှတ်ခြင်း။ တတိယအချက်မှာ စီမံချက်အရ အကျိုးခံစားရရှိသူများနှင့် အကျိုးခံစားခွင့်မယူသူများအားလုံးအပေါ် နယ်စပ်ဖြတ်ကျော် ပေးအပ်သည့်အကူအညီတို့၏ အကျိုးသက်ရောက်မှု၏ ပိုမိုရှင်းလင်းသည့်ပုံရိပ်အား ရရှိစေရန်အတွက် ကွင်းဆင်းစစ်တမ်းကောက်ယူချက် ချမှတ်ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုစစ်တမ်းများက ထိရောက်၍ အပြုသဘောဆောင်သည့် ပဋိပက္ခလျော့ပါးစေခြင်းနှင့် ဒေသတွင်း လုပ်ဆောင်နိုင်စွမ်းအပြင် ငြိမ်းချမ်းရေးအတွက် အချိတ်အဆက်များအား တိုးမြှင့်ပေးသည့် အကျိုးသက်ရောက်မှုများအား ခွဲခြားပေးခဲ့သည်။

အဖွဲ့အစည်းများအတွင်း စိန်ခေါ်မှုများက သတင်းအပေးအယူနှင့် ပြည်တွင်းနှင့် နယ်စပ်ဖြတ်ကျော်ထောက်ပံ့ရေး အကူအညီပေးနေသည့် ပဋိပက္ခဖြစ်သည့်နှစ်ဘက်စလုံး လူသားချင်းစာနာရေးဌာနများ၏ တိုးတက်ခြင်းဖြစ်သည်။ လက်ရှိကာလ တည်ရှိနေသည့် ဆောင်ရွက်ရေးဌာနများ အနည်းဆုံးတထပ်တည်းဖြစ်နေချိန်တွင် လက်လှမ်းမီစေရေးနှင့် ထိရောက်သည့် ညှိနှိုင်းဆောင်ရွက်မှုတို့အတွက် ထောက်ပံ့ငွေအား တင်းကျပ်မှုများအရ ပိုမို၍နီးစပ်လာသည်။ ယုံကြည်မှုအတိုင်းအတာနှင့် နိုင်ငံနယ်စပ်ဖြတ်ကျော်လုပ်ကိုင် နေသည့် လူသားချင်းစာနာရေးအကူအညီပေးဌာနများအနေနှင့် လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း ထင်ရှားစွာတိုးပွားလာခဲ့သည်။ သို့သော်လည်း ကြိုးပမ်းမှုများအနေနှင့် ထောက်ပံ့ပို့ဆောင်ရေးအခက်အခဲများ (ပြည်ဝင်ခွင့်ဗီဇာများနှင့် ဆင်ဆာဖြတ်တောက်မှုအပါအဝင်)၊ နိုင်ငံရေးအန္တရာယ်များ (‘အစိုးရသတင်းပေးသူများ’ သို့မဟုတ် ‘သူပုန်ထောက်ခံအားပေးသူများ’နှင့် ဆက်ဆံခြင်းဖြင့်)နှင့် ဘတ်ဂျက်အသုံးငွေဆိုင်ရာစိုးရိမ်မှုများ (ရံပုံငွေများအတွက် ‘အပြိုင်’ အနေအထားဖြင့် တည်ရှိနေမှု)တို့ကဲ့သို့ ဆက်လက်လုပ်ဆောင်နေသည့် ဖိနှိပ်ချုပ်ချယ်မှုတို့အားဖြေရှင်းရန် ပိုမိုအားရှိရန်လိုအပ်သည်။

အလှူရှင်များအတွက် နည်းဗျူဟာစိမ်ခေါ်မှုတစ်ခုက နိုင်ငံတဝှမ်းဆင်းရဲငတ်မွတ်မှု လျော့ပါးစေရေး စီမံချက်များနှင့် မြန်မာပြည်အရှေ့ပိုင်းရှိ အရေးပေါ် နာတာရှည်အဓိလေးဆွဲနေသည့် ပဋိပက္ခတို့အတွက် ရံပုံငွေလိုအပ်ချက် မည်သို့စေ့စပ်ဆောင်ရွက်မှုလိုအပ်သည်ဟူသည့် တည်ရှိဆဲပြဿနာပင်ဖြစ်သည်။ လူဦးရေ၏ အများစုအား ချွတ်ခြုံကျစေသည့် ဆယ်စုနှစ်များစွာ ညှံ့ဖြင်းသည့်အုပ်ချုပ်ရေးအနေ နှင့် လူသားချင်းစာနာသည့်အရေးပါမှုအား အမှန်တကယ်ချိနဲ့နေသည့်အုပ်စုများအတွက် ဦးစားပေး၍ ထိမ်းညှိလုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်သည်။ နိုင်ငံရေးဖြေရှင်းမှုအား အချိန်ဆွဲထားခြင်းက နယ်စပ်ဖြတ်ကျော်ပေးအပ်နေသည့် အကူအညီပေးဌာနများအား အရေးပေါ်တုန့်ပြန်ဆောင်ရွက်မှုများလုပ်ဆောင်ရန် ကန့်သတ်ထားသည့် ရေရှည်မကြည့်သည့်လုပ်ဆောင်မှုပင်ဖြစ်သည်။ ထိုအစား ကယ်ဆယ်ရေးမှ ခိုင်မာသည့် အသက်မွေးမှုဖွံ့ဖြိုးရေးအကူအညီအထိ မည်သည့်အနာဂတ် အကူးအပြောင်း အလားအလာက ပဋိပက္ခ၏ နှစ်ဘက်စလုံးရှိ တုန့်ပြန်လာမည့် လုပ်နိုင်စွမ်း၏ ဩဇာန်ပင်ဖြစ်သည်။

တချိန်တည်းမှာပင် တိုင်းရင်းသားလူမျိုးစုအသိုင်းအဝိုင်းအခြေပြုအဖွဲ့အစည်းများ အကူအညီဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် ချိနဲ့မှုအဖြစ်ဆုံးအုပ်စုများအား မြန်မာနိုင်ငံအရှေ့ပိုင်းတွင် ဆက်စပ်ကူညီရေးလုပ်ဆောင်နေပြီး အလှူရှင်များနှင့် ကုလသမဂ္ဂဌာနများက နယ်စပ်ဖြတ်ကျော်ပေးအပ်သည့်အကူအညီ အတွက် ထိုဒေသတွင်း လုပ်နိုင်စွမ်းတို့အား အသိအမှတ်ပြုမှု၊ ထောက်ပံ့မှု မရှိမဖြစ်လိုအပ်သည်။ ထိုနည်းတူ ပဋိပက္ခခံစားနေရသည့်ဒေသများတွင် လူသားချင်းစာနာရေးလုပ်ပိုင်ခွင့်အားချဲ့ထွင်ရေး အရှိန်မြှင့်၍ သံတမန်ရေးဖိအားပေးလုပ်ဆောင်ရန်မှာ အလွန်အရေးပါနေပေသည်။

*Tဆောင်းပါးကို ထိုင်း-မြန်မာနယ်စပ်ယာယီစုစည်းကူညီရေးအဖွဲ့ **(www.tbbc.org)** ၏ နေရပ်မှမောင်းနှင်ထုတ်မှု သုတေသနအဖွဲ့ **(tbbcbkk@tbbc.org)** အနေနှင့်ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ ထိုင်း-မြန်မာနယ်စပ်ယာယီစုစည်းကူညီရေးအဖွဲ့တွင် မြန်မာနိုင်ငံမှ ဒုက္ခသည်များနှင့် နေရပ်မှမောင်းနှင်ထုတ်ခံရသူများအတွက် စားရေရိက္ခာ၊ ခိုလှုံစရာနေရာနှင့် စားစရာမဟုတ်သည့်အခြားပစ္စည်းများအား ပေးအပ်ကူညီနေသည့် အစိုးရမဟုတ်သည့်နိုင်ငံတကာ အဖွဲ့အစည်း ၁၁ ခုတို့ပါဝင်သည်။ ဂုစုစည်းကူညီရေးအဖွဲ့က နေရပ်မှမောင်းနှင်ထုတ်ခြင်း/ထွက်ခွာလာရခြင်းနှင့် ဒုက္ခသည်ယိုစီမ့်ထွက်လာရခြင်း၏ အခြေခံအကြောင်းရင်းများအား သုတေသနပြုလုပ်ရေးတွင်လည်းပါဝင်လုပ်ဆောင်လျက်ရှိသည်။*

၁ ကုလသမဂ္ဂ နိုင်ငံ (ကျေးလက်) အဖွဲ့ခွဲ၊ ၂၀၀၅ ခုနှစ် ဧပြီလ ၂၂ ရက်နေ့ ‘မြန်မာနိုင်ငံတွင်း ကုလသမဂ္ဂဌာနများအပေါ် နည်းဗျူဟာပိုင်းဆိုင်ရာကန့်သတ်မှု၊ ရန်ကုန်ဒ www.unicef.org/about/execboard/files/Myanmar_UNDAF.pdf

၂ UN OCHA/ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့ ‘လူသားချင်းစာနာသည့်အကူအညီပေးယဉ်တန်းအတွက် စစ်တပ် သို့မဟုတ် လက်နက်ကိုင်အစောင့်အရှောက်အသုံးပြုခြင်း – ဆွေးနွေးချက်နှင့် အနှောင်အဖွဲ့ကင်းသည့် လမ်းညွှန်ချက်များ။ဒ www.who.int/hac/network/interagency/GuidelinesonArmedEscorts_Sept2001.pdf

# မြန်မာနိုင်ငံတွင်းမျိုးဆက်ပြန့်ပွားရေး ဆိုင်ရာကျန်းမာရေး ဆောင်ရွက်ရေးဦးစားပေး

ဂျွန်ဘာကောင်း

မြန်မာပြည်တွင် လူတစ်ဦးချင်းစီအတွက် ကျန်းမာရေးနှစ်စဉ်အသုံးစားရိပ်မှာ ပျမ်းမျှ ဆင့်ငါးဆယ် (ဒေါ်လာ၀က်) အောက်တွင်ရှိသည်။ ဒေသတွင်းရှိ အခြားနေရာများထက် မြန်မာနိုင်ငံ၏ကျန်းမာရေးအခြေအနေကနိမ့်ကျနေသည်မှာ အဆန်းမဟုတ်ပေ။ ဤဆောင်းပါးသည် မျိုးဆက်ပြန့်ပွားရေးဆိုင်ရာကျန်းမာရေး၏ အခြေအနေမှန်ကို အထူးပြုဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် တိုးတက်သည့်မျိုးဆက်ပြန့်ပွားရေးဆိုင်ရာကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အရေးပေါ်လိုအပ်နေပေသည်။ လူတစ်သောင်းတွင် မိခင် ၃၆၀ ဟူသည့် မွေးဖွားရာတွင် ခန့်မှန်းချေ မိခင်အသေအပျောက်စာရင်းက အခြားနိုင်ငံများထက် နည်းနေသော်လည်း ဤအရည်အတွက်မှာ နိုင်ငံတွင်းရှိ မိခင်သေဆုံးမှုအပေါ်ကိုယ်စားပြုသည့် စာရင်းမှန်မဟုတ်ကြောင်း နေရာအနှံ့အပြားတွင်ယုံကြည်နေကြသည်။ ပဋိသတောအကာအကွယ်အသုံးပြုမှုသည်လည်း အနည်းငယ်သာရှိပြီး များစွာသောဒေသများအတွင်း ပဋိပက္ခဖြစ်ပွားနေသည့်ဒေသတွင်း နေထိုင်ကြသည့် အမျိုးသမီးများက ခေတ်မီပဋိသတောဆီးကာကွယ်မှုအား ပြည်တွင်းမြေပြန့်ဒေသများတွင် နေထိုင်သည့်အမျိုးသမီးများလောက် အသုံးပြုခြင်းမရှိသည့် အနေအထားဖြစ်ပုံပေါ်သည်။ လူအများအနေနှင့် ၎င်းတို့နေရပ်များမှမောင်းထုတ်ခံရခြင်း သို့မဟုတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံဒုက္ခသည် စခန်းများမှပြန်လာခြင်းဖြစ်ပွားနေသည့် ရခိုင်ပြည်နယ်တွင် အိမ်ထောင်ရှိအမျိုးသမီးများအတွင်း ပဋိသတောဆီးမှုလုပ်ဆောင်ခြင်းမှာ အထူးသဖြင့် နည်းပါးလှသည်။

မြန်မာအစိုးရက ၎င်းတို့၏ကတိအတိုင်း ၂၀၁၅နောက်ဆုံးထား၍ မီလီနီယမ်ဖွံ့ဖြိုး တိုးတက်ရေးပန်းတိုင် Millennium Deveolopment Goals (MDGs) အတိုင်းလုပ်ဆောင်နေသည်ဖြစ်၍ မိခင်သေဆုံးမှု ၇၅ ရာခိုင်နှုန်းလျှော့ချရေး (MDG5) သည် ၂၀၀၈ ခုနှစ်၏ ဦးစားပေးလုပ်ငန်းဖြစ်သည်။ သို့သော် မြန်မာနိုင်ငံရှိ မျိုးဆက်ပြန်ပွားရေးဆိုင်ရာကျန်းမာရေးလုပ်ငန်းများက ပုဂ္ဂလိက်ရေးထောက်ပံ့မှု အပေါ်တည်မှီနေသည့်အတွက် ငွေပေးနိုင်သူများအတွက်သာ ရရှိနိုင်သည့်စောင့်ရှောက်ရေးပင်ဖြစ်သည်။ ကျေးလက်ဒေသများတွင် ကန့်သတ်ထားသည့် လုပ်ငန်းအချို့ရှိ၍ အထူးသဖြင့် နယ်စပ်ဒေသများတွင် ညံ့ဖြင်းသည့်စောင့်ရှောက်မှုလောက်သာ ရရှိနိုင်သည်။

အစိုးရက MDG5 အားအလေးထားလုပ်ဆောင်မည်ဟုမူအရဆိုသော်လည်း အဓိကပဋိသတောဆေးအသုံးပြုမှုအား အဟန့်အတားဖြစ်စေသည်က အစိုးရ၏ မွေးဖွားနှုန်းတိုးမြှင့်ရေး စတန့်ထွင်အားပေးမှုဖြစ်သည်။ မကြာမီက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီဥက္ကဌ၏ မိန့်ခွန်းတွင် ၎င်း၏ ဆဖြစ်သည့် လူဦးရေတိုးပွားရေးအား ‘လူဦးရည်သန်းတစ်ရာစီမံကိန်း’ (လက်ရှိခန့်မှန်းလူဦးရည်၏နှစ်ဆနီးပါး)အား ဦးတည်၍ စတန့်ထွင် ရည်ညွှန်းပြောဆိုသွားခဲ့သည်။ ထို့ကြောင့် ပဋိသတောဆီးကာကွယ်မှုက အစိုးရကျန်းမာရေးဌာနများတွင် ကျယ်ပြန့်စွာမရရှိနိုင်ခြင်းဖြစ်၍ ပုဂ္ဂလိကဆောင်ရွက်မှု သည်သာ ပဋိသတောဆီးကာကွယ်မှုအတွက် အဓိကထောက်ပံ့မှုပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ အထူးသဖြင့် ဤကာကွယ်မှုသည် ပုဂ္ဂလိကကျွမ်းကျင်သူများနှင့် ပုဂ္ဂလိကဆေးခန်းများ ရှိနိုင်သည့်အနေအထားနည်းပါး၍ နိုင်ငံတကာအဖွဲ့ အစည်းအနည်းအပါးလောက်သာ စောင့်ရှောက်ရေးလုပ်ငန်း ဖော်ဆောင် နိုင်သည့် ပဋိပက္ခကြောင့် ထိခိုက်ခံစားနေရသည့် ပြည်နယ်များနှင့် နယ်စပ်ဒေသများရှိ အမျိုးသမီးများနှင့် အထူးသင့်တော်ပေသည်။ ထာ၀စဉ်မိသားစုစီမံကိန်းနည်းများလုပ်ဆောင် ရန် တင်းကျပ်သည့်အဟန့်အတားများလည်းရှိသည်။

မိသားစုစီမံကိန်းအကူအညီပေးဌာနများမရှိသည့်အခါ အမျိုးသမီးများအနေနှင့် ငယ်ရွယ်လွန်းသည့်အချိန်တွင်ကလေးယူခြင်း၊ ကလေးတဦးနှင့်တစ်ဦးအချိန်နီးကပ်စွာ ယူခြင်း၊ ကလေးများစွာယူခြင်းနှင့် ကလေးယူခြင်းနောက်ကျမှုတို့အား လုပ်ဆောင်လေ့ရှိသည်။ ဤသည်တို့မှာ မိခင်နှင့်ကလေး သေဆုံးရခြင်းအန္တရာယ်ဖြစ်ပွားမှုအားပေးရာ အဓိကအကြောင်းရင်းလေးခုဖြစ်သည်။ ပြည့်စုံမှုမရှိသည့် မိသားစုစီမံကိန်းသည်လည်း မရည်ရွယ်ဘဲ ကိုယ်ဝန်ရရှိခြင်းများဖြစ်ပွားခြင်းသို့ဦးတည်၍ လုံခြုံစိတ်ချရမှုမရှိသည့် ကိုယ်ဝန်ဖျက်ချခြင်းအကျိုးတရားအား ဖြစ်ပေါ်ပေမည်။ နိုင်ငံတကာနှင့် နိုင်ငံတော်ဌာနများစွာ၏ အားထုတ်ဆောင်ရွက်မှုများကြားမှ အိပ်ချ်အိုင်ဗွီ HIV နေရာအနှံ့ဖြစ်ပွားမှုသည် ဒေသတွင်းတွင် အမြင့်မားဆုံးဖြစ်သည်။

## နယ်စပ်ရှိလုံခြုံစိတ်ချရသည့်မျိုးဆက် ပြန့်ပွားရေး ဆိုင်ရာကျန်းမာရေးဌာနများ

မျိုးဆက်ပြန့်ပွားရေးဆိုင်ရာကျန်းမာရေးလိုအပ်ချက်များအား ထိုင်းမြန်မာနယ်စပ်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့် ဌာနများတို့က တင်ပြကြသည်။ သို့သော် မကြာခဏအနေနှင့် စခန်းများတွင်းနေထိုင်သည့် ဒုက္ခသည်များထံသို့သာရောက်ရှိရန် ကန့်သတ်ထားခြင်းခံရသည်။ ၁၉၉၀ နှောင်းပိုင်းများမှစ၍ သိသာတိုးတက်မှုများဖြစ်ပေါ်ခဲ့သည်။ ဥပမာအားဖြင့် အရေးပေါ်သားဖွားမှုစောင့်ရှောက်ရေးအား ယခုအခါ တစ်နေ့လျှင်နှစ်ဆယ့်လေးနာရီနှင့် တပါတ်လျှင် ခုနှစ်ရက်စလုံး အဆင်သင့်အနေအထားဖြင့် စခန်းအားလုံးနီပါးတွင် ရရှိနေပြီဖြစ်သည်။ သို့သော်လည်း ပဋိသတောဆီးရေးနည်းများအား အသုံးပြုမှုသည် အနည်းအကျဉ်းသာ ရှိနေပေသေးသည်။ ရောဂါကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှု အတိုင်းအတာမြင့်မား၍ လုံခြုံမှုမရှိသည့် ကိုယ်ဝန်ဖျက်ချခြင်းများ အလွန်များပြားသည့် အတိုင်းအတာတွင်ရှိကြောင်း ကြားသိရသည်။

လိင်ဆက်ဆံရေးနှင့် မျိုးဆက်ပြန့်ပွားရေးပညာပေးလုပ်ငန်းများ အထူးလိုအပ်နေပေသည်။ ဒုက္ခသည်အများစုတွင် အခြေခံပဋိသတောဆီးမှုနည်းလမ်းများနှင့် မည်သို့ လိင်အရကူးစက်ရောဂါများနှင့် အိပ်ချ်အိုင်ဗွီ HIV ရောဂါတို့မှ ကိုယ်တိုင်မည်သို့ ကာကွယ်မည် ဆိုသည့်အပေါ် ဗဟုသုတ အနည်းငယ်သာရှိသည်။ အထူးသဖြင့် အမျိုးသမီးငယ်တို့သည် အားနွဲ့ကြ၍ ထိုင်းနိုင်ငံအနောက်ပိုင်းရှိ ပြည့်တန်ဆာခန်းတစ်ခုခုတွင် အတင်းအကျပ် အလုပ်ခိုင်းစေမှုခံရမည့် အန္တရာယ်ရှိနေသည်။

မြန်မာနိုင်ငံတွင်း နေရင်းဒေသမှမောင်းထုတ်ခံရသူများနှင့် ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရောက် ဒုက္ခသည်များတို့အတွက် မျိုးဆက်ပြန့်ပွားရေးဆိုင်ရာကျန်းမာရေးအနေနှင့် လုံလောက်သည့်စောင့်ရှောက်မှုအနေအထားနှင့် ဝေးကွာနေပေသေးသည်။

- အထောက်အပံ့နှင့် ကရိယာပစ္စည်းများကူညီပေးအပ်မှုအပါအဝင် လူသားအရင်းအမြစ် လုပ်နိုင်စွမ်းဖွံ့ဖြိုးရေး အကူအညီပေးအပ်မှု

- သင့်လျှော်သည့် မူ၀ါဒနှင့် ညွှန်ကြားမှုများအား ဖော်ဆောင်မြှင့်တင်ရေး သို့မဟုတ် ဖြည့်စည်းရေး

- မြန်မာအစိုးရအား ကလေးအများကြီးမွေးဖွားစေရေးအားပေးသည့် စတန့် ထွင်လုပ်ဆောင်မှု ရှိနေသော်လည်း မိခင်သေဆုံးမှုလျှော့ချရေးအတွက် မိသားစုစီမံကိန်း၏ အရေးပါမှုအား အသိအမှတ်ပြုလာစေရေး တိုက်တွန်းအားပေးရန်

## မူ၀ါဒရေးတုန့်ပြန်လုပ်ဆောင်ချက်

ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံအား အများဆုံးအထောက်အပံ့ပေးနေသည့် နိုင်ငံများထဲတွင် တစ်ခုအပါအ၀င်ဖြစ်သည်။ ဣာ့ကုလသမဂ္ဂ၏ ဌာနများနှင့် လုပ်ဆောင်နေသည့် ၎င်း၏ဌာနဖြစ်သည့် နိုင်ငံတကာဖွံ့ဖြိုးရေးဌာနအနေနှင့် ရံပုံငွေတို့အနေနှင့် ဖိနှိပ်အုပ်ချုပ်နေသည့် တရားမဝင် စစ်အစိုးရထံသို့ ဦးတည်ချက်ပြောင်း၍ ရောက်ရှိမသွားစေရေးအတွက် မြန်မာအစိုးရအားတိုက်ရိုက် အကူအညီပေးခြင်းထက် အမျိုးသားရေးနှင့် အစိုးရမဟုတ်သည့်ဒေသခံအဖွဲ့အစည်းများနှင့် ဆက်စပ်ကူညီ ဆောင်ရွက်လျှက်ရှိသည်။

၂၀၀၇ ခုနှစ်တွင် ဗြိတိသျှပါလီမာန်၏ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးကော်မီတီက နိုင်ငံတကာဖွံ့ဖြိုးရေးဌာန၏ ထိုင်းမြန်မာနယ်စပ်တစ်လျှောက် မြန်မာနိုင်ငံ နေရပ်မှမောင်းထုတ်ခံရသူများနှင့် ဒုက္ခသည်များအား ပေးအပ်သည့်အကူအညီတို့အား စစ်ဆေး၍ ၂၀၀၇ ခုနှစ် အောက်တိုဘာတွင် အကြံပြုတင်ပြချက်အား ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုအစီရင်ခံစာက လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပြန့်ပွားရေးတို့အပါအဝင် အဓိကထောက်ပံ့ရန် လိုအပ်နေသည့်နေရာများအား မီးမောင်းထိုးပြထားသည်။ အေအိုင်ဒီအက်စ် ၊ တီဘီနှင့် ငှက်ဖျားတိုက်ဖျက်ရေး ကမ္ဘာလုံးဆိုင်ရာရံပုံငွေအဖွဲ့ကြီးနှင့် မြန်မာနိုင်ငံတွင်း အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်ရံပုံငွေအဖွဲ့ နှစ်ခုစလုံးအနေနှင့် အစိုးရမဟုတ်သည့် အမျိုးသားနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတဆင့် ထောက်ပံ့ရေးများလုပ်ကိုင်ရေးလိုအပ်ချက်အား အလေးအနက်စဉ်းစားခဲ့သည်။ သို့သော် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှတဆင့် အကောင်အထည်ဖော်သည့်အခါ နိုင်ငံအတွင်း အားအနွဲ့ဆုံးသူတို့၏ လိုအပ်ချက်များအပေါ် ဖြည့်စည်းနိုင်သည့်အတိုင်းအတာ လိုအပ်ချက်၏ စိန်ခေါ်မှုကိုလည်း အသိအမှတ်ပြုခဲ့သည်။

အလှူရှင်အနေနှင့် လူထုအသိုင်းအဝိုင်းအခြေခံ အဖွဲ့အစည်းများအား မြန်မာနိုင်ငံတွင်း အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ လိုအပ်သည့် ထောက်ပံ့ရေးအပေါ်အသိအမှတ်ပြုခြင်းက မူဝါဒအပြောင်းအလည်းတစ်စုံတရာ ချထားပေးခြင်းဖြစ်သည်။ တကမ္ဘာလုံးရှိ စစ်ပြေးဒုက္ခသည်များအနေနှင့် စခန်းတွင်းနေထိုင်ခြင်းမရှိသူများနှင့် နေရပ်မှမောင်းထုတ်ခံရသူများအဖြစ် အသိအမှတ်ပြုမှုမခံရသူများအနေနှင့် ထိုအထောက်အပံ့အား ရရှိနိုင်ရေး၏ ပြင်ပတွင်ရှိနေကြသည်။

နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးကော်မီတီက မြန်မာနိုင်ငံအတွက် အကူအညီလေးဆတိုးပေးရန် အကြံပြုခဲ့သည်။ မည်သို့ပင်ဖြစ်စေ အလှူရှင်တို့အတွက် စိမ်ခေါ်မှုမှာ နိုင်ငံတွင်းနှင့် ထို့ထက်ပို၍ ထိုင်းမြန်မာနယ်စပ်တွင် ဖြတ်ကျော်လုပ်ဆောင်နေသည့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများအား ကောင်းမွန်သည့် လုံခြုံစိတ်ချရသည့်မျိုးဆက်ပြန့်ပွားရေးဆိုင်ရာ ကျန်းမာရေးလုပ်ငန်းများအား ထိရောက်စွာဆောင်ရွက်နိုင်မည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မည့်သူများအား ရှာဖွေရေးပင်ဖြစ်သည်။

*ဂျွန်ဘာကောင်း **(BERCOWJ@parliament.uk)** သည် ဗြိတိသျှလွှတ်တော် ကိုယ်စားလှယ်အမတ်ဖြစ်၍၊ မြန်မာ့ဒီမိုကရေစီရေး ပါတီပေါင်း စုံလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သည့်ပြင် ဗြိတိသျှနိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပေသည်။*

၁ www.burmacampaign.org.uk/total_report.html#8
၂ UNFPA, 2007
၃ www.parliament.uk/parliamentary_committees/international_development.cfm
၄ www.publications.parliament.uk/pa/cm200607/cmselect/cmintdev/1070/107002.htm
၅ http://myanmar.unfpa.org/projects.htm

# နှစ်ရှည်ပြည်ပရောက်အနေအထားမှ အိမ်အဖြစ်ခံစားမှု

စန္ဒရာ ဒတ်လေ

ရုပ်ဝတ္ထုပစ္စည်းများနှင့် ရုပ်ပိုင်းဆိုင်ရာလုပ်ရှားဆောင်ရွက်မှုတို့အား ဖန်တီးပြုလုပ်ခြင်းနှင့် အသုံးပြုခြင်းတို့သည် နေရပ်မှအတင်းအကြပ်မောင်းထုတ်ခံရသူများ၏ ပြဿမျှနှုရမည့် သားကောင်ဘဝအခြေမှဝေး၍ ၎တို့၏ နေရပ်မှမောင်းထုတ်ခံရသည့်အနေအထား အပေါ် အကောင်းဆုံးဖြတ်သန်းခြင်းနှင့် ဘဝသစ်အိုးအိမ်သစ် တည်ဆောက်ခြင်းပင်ဖြစ်သည်။

ကရင်နီတိုင်းရင်းသားများအနေနှင့် ၂၀၀၇ ခုနှစ်အကုန်ပိုင်းတွင် လူဦးရေ ၂၃၀၀၀ ပတ်ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံတွင် ကျန်ရှိသည့် ဒုက္ခသည်စခန်းများထဲတွင်နေထိုင်သည့် ဒုတိယ အများဆုံးတိုင်းရင်းသားအုပ်စုဖြစ်သည့်ပြင် မြန်မာဒုက္ခသည်အရေအတွက်၏ ၁၃ ရာခိုင်နှုန်း ဖြစ်သည် ။ ကရင်နီ (ကယား) ပြည်နယ်ရှိ လူ့ဘဝအခြေအနေမှာ ကြားသိရသလောက် မြန်မာပြည်၏နိမ့်ကျသည့်အဆင့်အတန်းရောက်သည့်တိုင် ကြောက်မက်ဖွယ်ရာတည်ရှိသည်။

ကရင်နီဒုက္ခသည်ဦးဆောင်မှုသည် မြန်မာစစ်အစိုးရအား ယနေ့တိုင် လက်နက်ကိုင်ဆန့်ကျင်တော်လှန်နေကြသည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP ၏ ထိမ်းချုပ်မှုအောက်တွင်ရှိသည်။ ကရင်နီပြည်နယ်တွင် နယ်မြေထိမ်းချုပ်နိုင်ရေး၊ သဘာဝအရင်းအမြစ်နှင့် ပြည်သူလူထုအတွက် လက်နက်ကိုင်၍ အပြိုင်အဆိုင်လှုပ်ရှားနေကြသည့် အခြားလက်နက်ကိုင်အုပ်စုများစွာတို့လည်း ရှိနေသည်။ မြင့်မားသည့်အတွေးအမြင်အနေနှင့် မကြာခဏဆိုသကဲ့သို့ ၎၏ပဋိပက္ခနှင့် ပြည်သူထုအပေါ် အကျိုးဆက်များကြောင့် ဆုံးရှုံးရခြင်းက ဘဝလမ်းတစ်ခုဖြစ်လာ၍ အဆုံးတွင် နေရပ်မှမောင်းနှင်ထုတ်ခံရသည့် ပုံစံအနေအထားသို့ ပို့ဆောင်ခံကြရသည်။ ၁၉၉၆ မှ သက္ကရာဇ် ၂၀၀၀ ခုနှစ်အထိ လေးနှစ်တာအတွင်း ဥပမာအနေနှင့် စစ်ရေးလှုပ်ရှားမှုများကြောင့် ကရင်နီပြည်နယ်လူထု၏ ၁၅ ရာခိုင်နှုန်းအထက်သည် နေရပ်များအား စွန့်ခွာကြရသည့်အနေအထားသို့ရောက် ခဲ့သည်။

၁၉၉၈ ခုနှစ်မှစ၍ ဒုက္ခသည်အရည်အတွက်တိုးများလာသော်လည်း ကရင်နီဒုက္ခသည်တို့အပေါ် အခြေခံထောက်ပံ့ရေးပုံစံပမာဏအနေနှင့် လွန်ခဲ့သည့်နှစ်နှစ်ဆယ်အတွင်း နှိုင်း ယှဉ်မှုအရ ပြောင်းလဲခဲ့သည့်အပြင် စခန်းများပေါင်း၍ ရုပ်ပိုင်းဆိုင်ရာ၊ ဥပဒေအကန့်အသတ်တို့အား နယ်စပ်အားလုံးရှိဒုက္ခသည်များအတွက် တင်းကျပ်လုပ်ဆောင်ခဲ့သည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ ကြီးမားသည့် ရွှေ့ပြောင်းနေရာချထားရေးစီမံချက်၏ ထိရောက်တိုးတက်မှုနှင့် အချိန်ကြာရှည်လှသည့် ထိုဒုက္ခသည်တို့၏ အခြေအနေတို့အပေါ်နားလည်သည့် ချဉ်းကပ်မှုတစ်ခုလုပ်ဆောင်သည့် အချိန်နှင့်အညီ သောကဗျာပါရနှင့် တင်းမာမှုတို့လည်း ဒုက္ခသည်စခန်းအတွင်း တိုးပွားလာခဲ့သည်။ ကရင်နီဒုက္ခသည်တို့၏ဘဝသည် ပြဿနာများဖြင့်ပြည့်နှက်နေသည်မှာအဆန်းမဟုတ်သည့်အပြင် အကျိုးသက်ရောက်မှုအနေနှင့် အဖွဲ့အစည်းများ အများအပြားပေါ်ပေါက်လာ၍ ထင်ရှားမြင့်မားသည့် စိတ်ပိုင်းဆိုင်ရာခံစားမှုနှင့် လူမှုရေး၊ တရားရေးပြဿနာတို့ကို ရှာဖွေဖော်ထုတ်တင်ပြကြသည်။

## ‘နိုင်ငံပြင်ပတွင်နေထိုင်ရမှု’ ပေါ်ပေါက်လာခြင်း

နေရပ်မှမောင်းထုတ်ခံရမှုသည် ရုပ်ဝတ္ထုနှင့် နေရပ်ဒေသများအပြင် တစ်ဦးနှင့်တစ်ဦးဆက်ဆံရေးတို့သည်ပင်လျှင် မလွဲဧကန် ရုပ်ထွေးပြောင်းလဲစေသည်။ နေရာသစ်အတွင်း ပုံမှန် နေရာဟောင်းကဲ့သို့တတ်နိုင်သလောက် သဘောထား၍ နေထိုင်ရန်အတွက် ကရင်နီဒုက္ခသည်များအနေနှင့် ရုပ်ပိုင်းဆိုင်ရာနည်းလမ်း များဖြင့် ရင်းနှီးကျွမ်းဝင်စေရေးအတွက် ရှာဖွေလုပ်ဆောင်ရသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ၎တို့ အနေနှင့် ရရှိသည့်နေထိုင်ရာနေရာတွင် ဆက်စပ်မှု ၂ ခုလုပ်ဆောင်ရန်ကြိုးစားကြသည် (လက်ရှိနေထိုင်ရာဒုက္ခသည်စခန်းနှင့် ပြည်ပသို့သွားရောက်ရေးအတွက် နေထိုင်ရန်နေရာ)။ ထို့ပြင် အချိန်အပိုင်းအခြားနှစ်ခုရှိသည် (ယခု နေရပ်မှစွန်ခွာထွက် ပြေးရခြင်းနှင့် နောင်တွင် နိုင်ငံတစ်ခုခုသို့ ဝင်ရောက်နေထိုင်ရန်)။ ဆက်စပ်မှုများက ရိုးရာဓလေ့ထုံးတမ်းများ၊ ဝတ်စားဆင်ယင်မှု၊ အစားအသောက်နှင့် အခြားနေ့စဉ်ဘဝလှုပ်ရှားဆောင်ရွက်မှုများ တို့မှတဆင့် ဆက်တိုက်အသစ်ပြန်လည်လုပ် ဆောင်ကြရခြင်းဖြစ်စေသည်။ အပစ်အနာအဆာရှိသည့်တိုင် တစ်နေရာအား သက်တောင့်သက်သာဖြစ်မည့် မိမိတို့၏ အိမ်အနေနှင့်ခံစား၍ မဖြစ်မနေဖန်တီးရခြင်းဖြစ် သည့်အပြင် ပင်ကိုယ်အားဖြင့် မည်သူနှင့်ဆက်စပ်သည်၊ သူတို့ကိုယ်သူတို့ မည်သို့မြင်ချင်သည်တို့အား လုပ်ဆောင်နေထိုင်ရခြင်းဖြစ်သည်။ အထောက်အပံ့ပြုအဖွဲ့များမှ အကူအညီမရသည့်အချိန်နှင့် ထို့အတူ မနုဿဗေဒပညာရှင်များက ဒုက္ခသည်တို့အား အနောက်တွင်ချန်ထားခဲ့သည့် ကမ္ဘာကို စံပြုကြသည့်အချိန်တွင် ဒုက္ခသည်များအနေနှင့် မကြာခဏ အတွေ့အကြုံအားနားလည်မှုလွဲစေ၍ ပိုမိုသည်းခံမှုကို ရှင်းလင်းစွာ လက်တွေ့ပြသလုပ်ဆောင်ကြရပေသည်။

နေရပ်မှမောင်းထုတ်ခံရသူတို့၏ ယဉ်ကျေးမှုအတွေ့အကြုံသည် ဒုက္ခသည်တို့အား ၎တို့အနေနှင့် ရုပ်ပိုင်းဆိုင်ရာအရ ကမ္ဘာ့အစိတ်ပိုင်းတွင် မည်သို့လုပ်ဆောင်ကြသည်ဆိုသည့် အနေအထားအပေါ်တွင် ရောင်ပြန်ဟပ်သည်။ ဥပမာ ဒုက္ခသည်စခန်းတွင်းဘဝသည် ယဉ်ကျေးမှုရသများ နှင့် မည်သို့အမှန်ဆုံး သို့မဟုတ် အကောင်းဆုံးနည်း ဖြင့်နေထိုင်ရန်နှင့် ခံစားရန်အတွက် ဆက်စပ်သည်၊ မည်သည့်နည်းလမ်းများဖြင့် မိမိချန်ထားထားခဲ့သည့်အိမ်အား အမှတ်ရနေခြင်းနှင့် စိတ်ကူးယဉ်ကြည့်ခြင်းက ဒုက္ခသည်စခန်းအတွင်းရှိ မည်သည့်အရာအား ဒုက္ခသည်တို့ အိမ်အဖြစ်ရှာဖွေဖန်တီးခံစားသည့် နည်းလမ်းများအပေါ် မည်သို့လွှမ်းမိုးထားသည်၊ မည်သည့် အထူးအသုံးအဆောင်ကရိယာများနှင့် လက်တွေ့ သဘာဝပတ်ဝန်းကျင်၏ လက္ခဏာသွင်ပြင် (ရှုပါက) တို့အနေနှင့် ဤလုပ်ငန်းစဉ်များအတွင်း အရေးကြီးမကြီးနှင့် မည်သည့်အတွက် အရေးကြီးခြင်း သို့မဟုတ် အရေးမကြီးခြင်း၊ ဒုက္ခသည်တစ်ဦးဖြစ်ရသည့်အပေါ် ရုပ်ပိုင်းဆိုင်ရာအရ ခံစားမှုက မည်သို့ဖြစ်သည်တို့ဖြစ်သည်။

လက်တွေ့ကမ္ဘာနှင့် လူသားအပြန်အလှန်အကြိုးပြုမှု အနဲဆုံး ၃ ခုရှိ၍ ဤသည်တို့မှာ အထူးသဖြင့် နေရပ်မှမောင်းနှင်ထုတ်ခံရသည့် ကရင်နီလူမျိုးတို့အတွက် ထင်ရှားနေသည်။ ပထမအချက်အနေနှင့် အိမ်များဆောက်လုပ်ခြင်းနှင့် အခြားဖန်တီးမှု လုပ်ငန်းစဉ်များစသည့် ယခင်ကတည်းကရင်းနှီးကျွမ်းဝင်ထားသည့် ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုများအား ပြန်လည်လုပ်ဆောင်နိုင်သည့်အခွင့်အရေးများအား ဒုက္ခသည်စခန်းတွင် လုပ်ဆောင်နိုင် ၍ ဤလုပ်ဆောင်နိုင်မှုသည် အရေးကြီးသည့်အချက်ဖြစ်သည်။ ထို့အပြင် နေရပ်မှမောင်းထုတ်ခံရခြင်းအပေါ် ငြီးငွေ့မှုနှင့် ပူပန်သောကတို့အား ဖြေဖျောက်နိုင်သည်သာမက ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တို့ကိုလည်းဖြည့်စည်းပေးပေသည်။ ၎တို့ရင်းနှီးကျွမ်းဝင်သည့်ကိစ္စရပ်တို့ဖြင့် သက်တောင့်သက်သာဖြစ်မည်ဖြစ်၍ အချိန်ပိုင်းခြားနိုင်မည်၊ ထို့အပြင် တစ်ဦးချင်းအနေနှင့် အကောင်းဆုံးလုပ်နိုင်သည့် အလုပ်များဖြင့် အာရုံပြောင်းနိုင်ရန် ထောက်ကူမှုဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် တန်ဘိုးရှိသည့်ပညာများအား ဆက်လက်အသုံးပြုနိုင်ရန် ခွင့်ပြုပေးထားသည်။ ထို့အပြင် ဒုက္ခသည်များ၏ တစ်မူထူးမည့်အနေအထားနှင့် ရှားပါးသည့်အခြေအနေတွင် မသိစိတ်တွင်ရှိနေသည့် ယဉ်ကျေးမှုဗဟုသုတအား ကိုယ်ခန္ဓာတည်ဆောက်ပုံနှင့်အညီ အသုံးချနိုင်ရန်လည်း အားပေးမှုရှိသည်။ နေရပ်မှအတင်းအဓမ္မမောင်းထုတ်ခံရခြင်းအတွက် အထူးအရေးပါသည့် တစ်ပြိုင်နက်ထိမ်းသိမ်းဆက်စပ်မှု၏ အခြားအဓိပ္ပါယ်ဖြစ်သည့် ပြည်ပသို့သွားရောက်နေထိုင်ရေးအတိတ်နှင့် အခြား ဘဝစည်းချက်အချို့ ပျောက်ဆုံးခြင်းတို့အား အသေအချာလုပ်ဆောင်ထိမ်းကွပ်ပေးနေခြင်းဖြစ်သည်။ အမှန်မှု ကရင်နီဒုက္ခသည်များသည် အထည်အလိပ်များ၊ ချင်းတောင်းများ၊ စာသင်ကြားရေးနှင့် အချက်အပြုတ်လုပ်ငန်းများ စသည်တို့ဖြင့် အလုပ်များနေ၍ ဤသည်ပင် နေရပ်မှထွက်ခွာလာရမှုအားဖြေရှင်းရန် အဓိကကျသည့် ယန္တရားများဖြစ်သည်။



Suthep Kritsanavarin for TBBC, 2007

ဒုတိယအချက်အနေနှင့် ခေတ်ပုံကဲ့သို့သော ရုပ်ဝတ္ထုပုံစံများက အတိတ်တွင်မည်သူမည်ဝါဖြစ်သည်၊ အများနှင့်ဆိုင်သည့်အတွေ့အကြုံနှင့် ထိုအတိတ်နှင့်ဆက်နွယ်မှုအားဖန်တီး ရပ်တည်နိုင်သည်။ လူအများတွင် ခေတ်ပုံ အယ်လဘမ်များရှိ၍ ဥပမာ ဒုက္ခသည်စခန်းရှိ မိတ်ဆွေများနှင့် လှုပ်ရှားမှုတို့ ပါဝင်သည်သာမက နေရပ်မှမောင်းထုတ်မခံရမီ ၎င်းတို့၏ဘဝအတွက် ပွဲလ်နှင့် ဒေသများ၏ အရေးပါမှုတို့လည်းပါဝင်နေပေသည်။ ထိုလူ့အသုံးအဆောင်တန်ဘိုးက ဒုက္ခသည်စခန်းတွင်ဆက်လက်တည်ရှိနေမှုအပြင် ပွဲလ်ရေးဆိုင်ရာ သို့မဟုတ် ဧည့်သည် များလာရောက်လည်ပတ်ကြသည့်အခါ အတိတ်အား ပြန်လည်သတိရရန်နှင့် ပြန်လည်ပြောပြရန်အတွက် တက်လှမ်းရာတစ်ခုအဖြစ် သိမ်းထားကြခြင်းတို့ နှစ်ခုစလုံးဖြစ်သည်။

တတိယအချက်မှာ အမှတ်တရတို့အတွက် အရေးကြီးယာဉ်အဖြစ်အနေနှင့် အတိတ်နှင့်ဆက်စပ်ရေးတို့အတွက် ခေတ်ပုံနှင့် အခြားပွဲလ်ရေးဆိုင်ရာအသုံး အဆောင်များ၊ အိမ်များအား မိမိတို့နှင့် ရင်းနှီးပြီးဖြစ်သည့် ပုံစံအတိုင်းဆောက်လုပ်ခြင်းနှင့် ရိုးရာအထည်အလိပ်တို့အား ယက်လုပ်ခြင်းအနေနှင့် ကရင်နီဒုက္ခသည်များအား တစ်စိတ်တပိုင်းအနေနှင့် အနဲဆုံး နေရာသစ်အား သိမ်းပိုက်ရန် သို့မဟုတ် ပိုင်ဆိုင်ရန် အနေအထား လုပ်ဆောင်နိုင်သည်။ သို့မဟုတ်ပါက ၎င်းတို့အနေနှင့် အိမ်တွင် ချို့ငဲ့မှုတို့အား ခံစားရပေမည်ဖြစ်သည်။

ဤယဉ်ကျေးမှုနှင့် အရာဝတ္ထုပိုင်ဆိုင်မှုတို့အပေါ် ပိုမိုနားလည်ပေးခြင်းက ပိုမိုထိရောက်၍ စာနာမှုရှိသည့် အကူအညီကို ဒုက္ခသည်တို့အား ပေးအပ်နိုင်မည်ဖြစ်ပေတော့သည်။

*စန္ဒရာ ဒတ်လေ* **(shd3@le.ac.uk)** *သည် အင်္ဂလန်နိုင်ငံ လက်စတာတက္ကသိုလ်၊ ပြတိုက်လေ့လာရေးတွင် အမှုထမ်းလျှက်ရှိသည်။*

၁ 'မြန်မာနယ်စပ်ဒုက္ခသည်နေထိုင်ရာအရပ်များနှင့် လူဦးရည်ပမာဏ၊ ၂၀၀၇ ခုနှစ် နိုဝင်ဘာ' ဟူသည့် ထိုင်း-မြန်မာနယ်စပ်ယာယီစုစည်းထောက်ပံ့ရေးအဖွဲ့ Thailand Burma Border Consortium ၏ ၂၀၀၇ ထုတ်ပြန်ချက်။ www.tbbc.org/camps/2007-11-nov-map-tbbc-unhcr.pdf

၂ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၇ 'မြန်မာ – စစ်တပ်၏တိုက်ခိုက်မှုကြောင့် ရာထောင်ချီသည့် နေရပ်စွန့်ခွာထွက်ပြေးရမှု'။ http://hrw.org/english/docs/2007/10/25/burma17168.htm

ထိုင်းနိုင်ငံ ဘန် မိုင်နိုင်စိုး ဒုက္ခသည် စခန်း အမှတ် (၁)မှ ကရင်နီ ဒုက္ခသည်များ

# နည်းပညာနှင့် နယ်စပ်မြေမှကရင်လူထု

ရေချယ်ရှာပယ်စ်

နယ်စပ်ဒေသသို့ရွှေ့ပြောင်းလာသော ကရင်လူမျိုးများသည် မိမိတို့၏ဇာတိမြေနှင့် ဆက်သွယ်ခြင်းကို ဆက်လက်ထားရှိရန်အတွက် တိုးတက်ဆန်းသစ်သည့်သို့နည်းပညာများအားအသုံးပြုသည့်အပြင် နိုင်ငံတကာသို့လူ့အခွင့်အရေးချိုးဖောက်မှုများကိုပါ ဖော်ဆောင်တင်ပြခဲ့သည်။

နယ်စပ်ဒေသနှင့်မိမိတို့၏ဇာတိမြေကြားဆက်သွယ်မှုသည် စစ်ပဋိပက္ခကြောင့်ဖြစ်ပေါ်လာသော ရက်စက်ကြမ်းကြုပ်မှုကို ကရင်လူမျိုးတို့က မျှဝေဖော်ပြခဲ့ခြင်းပေဖြစ်သည်။ အခွင့်အရေးများအနေဖြင့် နေရာရွှေ့ပြောင်းခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုကိုဖော်ပြစေခဲ့သည်။ ၎င်းအခြေအနေကို နယ်စပ်ဒေသမှရှိသော နိုင်ငံတကာကွန်ယက်များ၊ ဆန်းသစ်သောသို့နည်းပညာများက ပံ့ပိုးဆောင်ရွက်ခဲ့သည်။

ထိုအပြင်ယုံနိုင်ဖွယ်မရှိလောက်သောအခွင့်အရေးများ ဖြစ်သည့် နိုင်ငံတကာအသိုင်းအဝိုင်းများ ၊ ကုလသမဂ္ဂယွတ္တရားများ အပါအဝင် စာနာထောက်ထားကြသည့်အစိုးရများနှင့် ငွေကြေး အထောက်အပံ့ဌာနများမှအထောက်အကူများရရှိခြင်းဖြစ်သည်။ ကရင်လူမျိုးများသည် နိုင်ငံတကာကွန်ယက်များ၏ဆက်သွယ်မှုဖြင့် လူထု၏ရှေ့မှောက်တွင် ပိုမိုထင်ဟပ်လာနိုင်ခဲ့သည်။ ထို့ပြင် မိမိတို့၏ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် နယ်မြေပထဝီအနေအထားကို မိမိတို့လူမျိုးများနှင့်ဆက်စပ်မှုပေးနိုင်ခဲ့သည်။

တချိန်တည်းမှာပင် ကရင်လူမျိုးများသည် အတတ်ပညာအမျိုးမျိုးကို သင်ကြားရယူခဲ့သည်။ ၎င်းအတတ်ပညာများမှာ–ရှုပ်ထွေးသောကွန်ပြူတာလုံးဆိုင်ရာဖွဲ့စည်းတည်ဆောက်ပုံကို ညှိနှိုင်းဆွေးနွေးခြင်း အပါအဝင် ၊ မတူညီသောယဉ်ကျေးမှုများနှင့်ဆက်သွယ်ခြင်းအားဖြင့် တိုးတက်သောကမ္ဘာ့အသိုင်းအဝိုင်းအတွင်း ဝင်ရောက်လုပ်ဆောင်နိုင်ရန်ဖြစ်သည်။

ဆန်းသစ်သောနည်းလမ်းများဖြစ်သည့် ဘလော့ခ်များ၊ ဝက်(ဘ်)ဆိုဒ်များ၊ သတင်းလုပ်ငန်းအမျိုးမျိုး များမှ

ကရင်လူမျိုးတို့၏ လှုပ်ရှားမှုများကို ကွဲပြားခြားနားသောလူထုပရိတ်သတ် အတွင်းသို့ ပိုမိုလက်လှမ်းမီပေးပို့ခြင်းသည် အဓိကသတင်းအချက်အလက်များဖြစ်သည်။ ကရင်တိုင်းရင်းသားတို့၏ တရားမျှတမှုကင်းမဲ့မှုအားနားလည်စေရေး အသိတရားကိုတိုးမြှင့်ရန်အတွက် စာနာစိတ်ရှိသောလူထု (သို့) မိမိတို့၏အတွေ့အကြုံနှင့်တန်းတူ ခံယူထားသည့် လူထုပရိတ်သတ်အနေဖြင့် စည်းလုံးညီညွတ်မှု ကွန်ယက်ကိုဖန်တီးပေးမည်ဖြစ်သည်။

*ရေချယ် ရှာပယ်စ်* **(sharples.rachel@gmail.com)** *သည် သြစတေးလျနိုင်ငံ မဲလ်ဘုန်းရှိ ဓ၍ဤ တက္ကသိုလ်၌ ပါရဂူဘွဲ့ကျောင်းသူဖြစ်သည်။ သူမသည် ထိုင်း-မြန်မာနယ်စပ်တလျှောက်တွင် ရွှေ့ပြောင်းခြင်းကြောင့် ကရင်လူမျိုးများသည် ၎င်းတို့၏ ကိုယ်ပိုင်ပြဌာန်းချက်နှင့် ယဉ်ကျေးမှုအနေအထားအပေါ် မည်သို့အကျိုးသက်ရောက်မှုဖြစ်စေသည်ကို လေ့လာနေသူဖြစ်သည်။*

# ဒုက္ခသည်တို့၏ပါဝင်ဆောင်ရွက်မှုအား လစ်လျူရှုခံရခြင်း

မေရီသီရိစ်ဘန်းနား၊ အာရီး မွန်စွတ်ဂျာရန်၊ အက်ဂ်ဘတ် ဆန်းဒေါ့နှင့် ဂျိုင်း တောင်းဆန်း

ထိခိုက်ခံစားနေရသည့် လူထု၏ ပဋိပက္ခ သို့မဟုတ် ပဋိပက္ခလွန်ကဲသည့် အခြေအနေများအတွက် လူသားခြင်းစာနာသည့်အကူအညီတို့အပေါ် အစီအစဉ်ချမှတ်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရေးတို့တွင် (၎တို့ ကိုယ်တိုင်ပါဝင်ဆောင်ရွက်မှုတို့အား) မကြာခဏလစ်လျူရှုခြင်းခံကြရသည်။

ထိုင်း-မြန်မာနယ်စပ် စခန်းကိုးခုတွင်နေထိုင်ကြသည့် ဒုက္ခသည်တို့အတွင်း မှတ်သားစရာ စနစ်ကျသည့်အထောက်အပံ့တို့အပေါ် မှီခိုအားထားရေးအတွက် တိုးတက်မှု တစ်ခုရှိနေပေသည်။ ဒုက္ခသည်တို့၏ပါဝင်ဆောင်ရွက်မှုသည် အရိပ်အာဝါသနှင့် စားရေရိက္ခာအတွက် ကိုယ့်အားကိုယ်ကိုးအနေအထားမှ လက်ရှိတွင် ထိုင်းနိုင်ငံအတွင်းနေထိုင်ရပ်တည်ရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းအား လုံးဝမှီခိုနေရသည့်အနေအထားသို့ ရောက်လာသည့်အတွက် ၎တို့သဘောကျ မိမိကိုယ်ကို ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးလုပ်ငန်းများနှင့် စားရေရိက္ခာဝေငှပေးရေးတို့အား ကိုယ်တိုင်စီမံခန့်ခွဲခြင်းတို့၏ လတ်တလောအခြေအနေအပေါ် အလိုမကျမှုများဖြစ်ပေါ်နေပေသည်။

ပထမဆုံးမှတ်တမ်းအရ မြန်မာဒုက္ခသည်များ ထိုင်းနိုင်ငံသို့ရောက်ရှိလာခဲ့သည် မှာ ၁၉၇၆ ခုနှစ်ဖြစ်၍ နှစ်နိုင်ငံနယ်စပ်အဖြစ်ပိုင်းခြားထားသည့် သံလွင်မြစ်တစ်လျှောက်ရှိ ‘နေရပ်မှမောင်းနှင်ထုတ်ခံရသူများစခန်း’ ဟုဆိုသည့် စခန်းများစွာတို့တွင် ပြန့်ကြဲ နေထိုင်ခဲ့ကြသည်။ စခန်းများတွင် ဒုက္ခသည်ဦးရေ ၃၀၀ မှ ၂၀၀၀ အထိ ကုန်သွယ်ရောင်းဝယ်မှုလုပ်ကိုင်နေထိုင်ကြသည်။ ပထမတွင် အကူအညီပေးအဖွဲ့များက မရှိမဖြစ်လိုအပ်သည့် ဆေးဝါးများ၊ ကာကွယ်ဆေးများ၊ အခြေခံဆေးပညာသင်တန်းနှင့် ကျန်းမာရေးအဖွဲ့များအပြင် တိကျသည့်အခြေခံ အသုံးအဆောင်တို့အား ထောက်ပံ့ခဲ့သည်။ ၈၀ စုနှစ်များအလယ်လောက်တွင် ဒုက္ခသည်များအနေနှင့် ၎တို့၏ ကိုယ်ပိုင်ဝင်ငွေနှင့် အဆောက်အဦးများနှင့် ရိက္ခာထောက်ပံ့မှုတို့အများစုတို့အား ဆက်လက်ထိမ်းသိမ်းထားနိုင်ခဲ့ကြသည်။ မြန်မာပြည်ဘက်ခြမ်းတွင် ၎တို့၏ စပါးခင်းများ၊ အသီးအရွက်ခင်းများကို စိုက်ပျိုးနိုင်ကြ၍ မွေးမြူရေးလုပ်ငန်းများကိုလည်း စခန်းများအတွင်း မြှင့်တင်လုပ်ဆောင်ခဲ့ကြသည်။ ပြင်ပအကူအညီဆိုသည်မှာ အနည်းငယ်သာရှိပြီး ဒုက္ခသည်တို့ အနေနှင့် ၎တို့ဘာသာ စီစဉ်ဆောင်ရွက်မှုပြုခဲ့ကြပေသည်။

၁၉၈၈ နောက်ပိုင်း ထိုင်းနိုင်ငံအတွင်းသို့ ဒုက္ခသည်ဦးရေအမြောက်အများရောက်ရှိ တိုးပွားလာခဲ့ပြီး ၁၉၉၄–၉၅ ခုနှစ်များတွင်လည်း ထပ်မံတိုးများလာခဲ့ကာ အကျိုးသက်ရောက်မှုအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ခိုလှုံနေထိုင်ရန်နေရာနှင့် အစာအဟာရ၊ ရောဂါကူးစက်မှုပြန့်ပွားမှုများအားရှောင်ရှားနိုင်ရန် ထိုင်းအာဏာပိုင်အစိုးရ၏ အကူအညီတောင်းခံမှုဖြင့်  ဌာနများအားတိုးမြှင့်ကာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှတဆင့် အဓိကစီမံကိန်းချအကောင်အထည်ဖော်သည့်   ပို၍စနစ်ကျသည့် လက်ဝါးကြီးအုပ်ချုဉ်းကပ်ဆောင်ရွက်မှု လုပ်ဆောင်ခဲ့သည်။ ထို့ဌာနများတွင် ကျန်မာရေးစောင့်ကျပ်မှုစနစ်၊ မရှိမဖြစ်လိုအပ်သည့် ဆေးဝါးအထောက်အပံ့၊ ကူးစက်ရောဂါကာကွယ်ရေးနှင့် အဓိကအဖြစ်အများဆုံးရောဂါများဖြစ်သည့် ဝမ်းရောဂါ၊ ငှက်ဖျားနှင့် တီဘီကုသမှု၊ ဓါတ်ခွဲခန်းသင်တန်းနှင့်ဌာနများ၊ ဒုက္ခသည်ကျန်းမာရေးဌာနများနှင့် စီမံခန့်ခွဲရေး၊ ရေသွယ်ပေးခြင်းနှင့် ပါတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများတို့ ပါဝင်ပေသည်။ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများအနေနှင့် ဒုက္ခသည်များ ကိုယ်တိုင်စီမံခန့်ခွဲမှုကိုခွင့်မပြုတော့သည့်အတွက် ရိက္ခာအထောက်အပံ့နှင့် နေစရာနေရာတို့အားလည်း ထောက်ပံ့ရန် လိုအပ်လာပေသည်။ မျှတမှုမရှိသည့်အနေအထားဖြစ်လာမည်ကို ရှောင်ရှားရန်အတွက် လူသားချင်းစာနာသည့်အကူအညီများ၏ အဆင့်အတန်းကို အိမ်ရှင်ထိုင်းလူမျိုး အသိုင်းအဝိုင်းတို့၏ နေထိုင်မှုအဆင့်ထက် သာလွန်ပေးအပ်ခြင်းခွင့်မပြုပေ။

၁၉၉၀ နှောင်းပိုင်းတွင် စခန်းများအခိုင်အမာဖြစ်လာကာ ပိုမိုကြီးသည့်ဒုက္ခသည်စခန်းတွင် ဒုက္ခသည် ၄၅၀၀၀ အထိအခြေချနေထိုင်နိုင်သည်အထိ ဖြစ်လာသည်။ စခန်းအရည်အတွက်မှာလည်း ၁၉၉၄ ခုနှစ်တွင် ၂၉ ခုရှိရာမှ သက္ကရာဇ် ၂၀၀၇ တွင် ကိုးခုအထိလျှော့ခြခဲ့သည်။ လွန်ခဲ့သည့်ငါးနှစ်အတွင်း အိမ်ရှင်အစိုးရက လှုပ်ရှားမှု ထိမ်းချုပ်ထားခြင်းအား တိုးမြှင့်လုပ်ဆောင်ခဲ့ရာ အကျိုးရလာဒ်အနေနှင့် ဒုက္ခသည်တို့၏ အလုပ်အကိုင်နှင့် ပညာရေးအခွင့်အရေးများ ကန့်သတ်မှုနှင့်အတူ စခန်းများအတွင်း ချုပ်လှောင်ထားခြင်းတိုးမြှင့်လာ၍ ၎တို့အနေနှင့် အကူအညီအထောက်အပံ့တို့ အပေါ်တွင်သာ လုံးဝမှီခိုရလုနီးအခြေအနေသို့ ဦးတည်လာခဲ့သည်။ ဒုက္ခသည်တို့ အတွက် စခန်းများအတွင်းလူသားခြင်းစာနာသည့်ကူညီထောက်ပံ့ရေးအဖွဲ့ ၁၉ ခုအနက် တစ်ခုခုနှင့်အလုပ်လုပ်ခြင်း သို့မဟုတ် စခန်းတွင်းနေ့စားအလုပ်များလုပ်ကိုင်ခြင်းတို့ဖြင့်သာ ဝင်ငွေရရှိနိုင်ရန်ဖြစ်နိုင်ခြေရှိသည်။ ထိုင်းအာဏာပိုင်အစိုးရ၊ အလှူရှင်များ၊ ဒေသခံနှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများအထောက်အပံ့နှင့် ဒုက္ခသည်များစွာအား လေ့ကျင့်ပေးထားသော်လည်း ကျန်းမာရေးစောင့်ရှောက်မှုစီမံခန့်ခွဲရေး၊ ပညာရေး၊ စားရေရိက္ခာပေးဝေရေးနှင့် စခန်းစီမံအုပ်ချုပ်ရေးရှုထောင့်အရ ယခုအခါ ဒုက္ခသည်အနည်းငယ်သာ ဤအုပ်ချုပ်ရေးပုံစံ၏အပြင်ဖက်တွင် အလုပ်လုပ်ကိုင်၍ ဝင်ငွေရနိုင်သည့်အခြေအနေရှိသည်။ နှစ်များစွာကြာသည့်အခါ အမျိုးသမီးများနှင့် ဆယ်ကျော်သက်လူငယ်တို့၏ ကျန်းမာရေးနှင့်ပညာရေး ကရင်အမျိုးသမီးအဖွဲ့နှင့် ကရင်အမျိုးသမီးများပညာရေးအဖွဲ့တို့ အပါအဝင် ဒုက္ခသည်အသိုင်းအဝိုင်းအခြေခံအုပ်စုငယ်အချို့တို့အား တည်ထောင်၍ ထောက်ပံ့မှုရရှိခဲ့သည်။ ထိုအဖွဲ့တို့မှာ အစိုးရမဟုတ်သည့်နိုင်ငံတကာအဖွဲ့အစည်းများနီးပါး လွတ်လပ်စွာရပ်တည်လုပ်ဆောင်နေကြပေသည်။ ၎တို့အနေနှင့် ကတိအတိုင်းလုပ်ဆောင်ရေးနှင့် ရံပုံငွေဖြစ်နိုင်ခြေအပေါ်မူတည်၍ လုပ်ဆောင်နေကြရကာ အစိုးရမဟုတ်သည့်နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ပဋိပက္ခကြောင့်ခံစားနေရသူများ ပါဝင်ဆောင်ရွက်စေရေးအယူအဆပေါ်တွင်လည်း မူတည်လုပ်ဆောင်ကြရပေသည်။

ဤဒုက္ခသည်ထုအနေနှင့် ဖော်ပြပါအချက်တို့ကြောင့် နှစ်စပိုင်းများအတွင်းရှိ ပိုမို လွတ်လပ်သည့် အခြေအနေမှ ရွေ့လျော၍ အထောက်အပံ့တို့အပေါ် လုံးဝမှီခိုရသည့်အနေအထားသို့ ရောက်ရှိခဲ့ကြရခြင်းဖြစ်သည်။ ကျန်းမာရေးပညာရေး လုပ်ငန်းများနှင့် ရိက္ခာဝေငှပေးရေးအတွက် ဝန်ထမ်းခေါ်ယူဖြည့်စည်းခြင်း ဒုက္ခသည်တို့၏ ပါဝင်ဆောင်ရွက်မှုတို့လျှော့ချခံကြရသည် (စီမံချက်များ ပုံစံချစီမံကိန်းဆွဲခြင်းထက် ဆောင်ရွက်မှုစီမံအုပ်ချုပ်ရေးလုပ်ငန်းများလုပ်ဆောင်ခြင်း)။ ဤနေရာတွင် ဤအခြေအနေတို့မှ လွန်မြောက်ရန်နှင့် ဒုက္ခသည်တို့ရင်ဆိုင်နေရသည့် မမျှော်လင့်ထားသည့်ရှည်လျားသော ဒုက္ခအပေါင်းအား နိုင်ငံတကာအသိုင်းအဝိုင်းနှင့် လက်ခံထားသည့်အိမ်ရှင်အစိုးရတို့အနေနှင့် ပိုမိုအလေးထားရန် အောက်ပါအတိုင်းလုပ်ဆောင်ရန်လိုအပ်သည်။

- စီမံချက်များအစတွင် ဒုက္ခသည်တို့အား စီမံကိန်းဆွဲခြင်း၊ ပုံစံဖော်ခြင်းတို့တွင် ပါဝင်စေရန်။
- အလုပ်အကိုင်အခွင့်အလမ်းများပေးအပ်၍ ကိုယ်တိုင်ပြည့်စုံစေမှုဖြစ်စေရန်လုပ်ဆောင်၍ အကူအညီမှီခိုမှုလျှော့နည်းစေရေး။
- ယုံကြည်မှုတည်ဆောက်ရေး၊ စုပေါင်းလုပ်ဆောင်ခြင်းအကျိုး အပြင် ဒုက္ခသည်နှင့် ဒေသခံအသိုင်းအဝိုင်းအတွင်း ကောင်းမွန်သည့် ဆက်ဆံရေးဖြင့် ဒုက္ခသည်တို့အား အထီးကျန်ထားသည်ထက် စုစည်းမှုဖြစ်ပေါ်ရေးအကူအညီဖြစ်မဖြစ် အလေးထားဆောင်ရွက်ခြင်းတို့ဖြစ်သည်။

*မေရီသီရိစ်ဘန်းနား* ***(mariet.benner@malteser-international.org)*** *သည် နိုင်ငံတကာ မယ်လ်တီဆာအဖွဲ့ကြီး၏* ***(www.malteser.de/61.Malteser_International)*** *အတွေ့အကြုံရင့်ကျက်သည့် ကျန်းမာရေးအကျိုးဆောင်ဖြစ်သည်။ အာရီး မွန်စွတ်ဂျာရန်မှာ* ***(aree@searo.who.int)*** *ကမ္ဘာ့ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကြီးနှင့် မြန်မာနိုင်ငံမှပြောင်းရွှေ့ဝင်ရောက်လာသ များနှင့်ဒုက္ခသည်တို့၏ ကျန်းမာရေးစောင့်ရှောက်မှုကိစ္စများအတွက် ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်သည်။ အက်ဂ်ဘတ် ဆန်းဒေါ့* ***(egbert.sondorp)*** *သည် ပဋိပက္ခနှင့်ကျန်းမာရေး အတွေ့အကြုံရှိပညာပေးပါမောက္ခဖြစ်ကာ ဂျိုင်း တောင်းဆန်း* ***(joy.townsend@lshtm.ac.uk)*** *သည် အခြေခံကျန်းမာရေး ဂုဏ်ထူးဆောင်ပါမောက္ခဖြစ်၍ ၎တို့နှစ်ဦးစလုံး လန်ဒန်တက္ကသိုလ်ရည်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အပူပိုင်းဒေသထွက်ဆေးဝါးကျောင်းတွင် တာဝန်အသီးသီးထမ်းဆောင်နေကြသည်* ***(www.lshtm.ac.uk)****။ ဤဆောင်းပါးတွင်ဖော်ပြခဲ့သည့် အမြင်များမှာ အထက်ပါအဖွဲ့အစည်းတို့နှင့် ပါတ်သက်ခြင်းမရှိပါ။*

# စခန်းလူ့အသိုင်းအဝိုင်းအခြေပြုစီမံခန့်ခွဲရေး

စဲလီ သွန်မ်ဆန်

၁၉၈၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံအတွင်းသို့ ဒုက္ခသည် တစ်သောင်းခန့် ယာယီခိုလှုံမှုရရှိရန် ဖြတ်ကျော်ဝင်ရောက်ခဲ့ကြသည်။ ထိုအချိန်ကမည်သူမျှ နောက် ထပ်နှစ်ဆယ့်ငါးနှစ်တိုင်အောင် ဒုက္ခသည်များဆက်လက်ရောက်ရှိနေမည်ဟု မျှော်လင့်ခဲ့ကြသည်မဟုတ်ခြေ။

ရွာသားများအနေနှင့် ရွာလုံးကျွတ်မျှထွက်ပြေးခဲ့ကြပြီး နေထိုင်ရန်နယ်မြေအတွက် ထိုင်းအာဏာပိုင်များနှင့်ညှိနှိုင်း၍ ဓလေ့ထုံးစံအရရွေးချယ်ထားသည့် ရွာလူကြီး များ၏အိမ်ပတ်ဝန်းကျင်တွင် စခန်းတည်ဆောက်နေထိုင်ခဲ့ကြသည်။ ဒုက္ခသည်များ အနောက် နိုင်ငံတွင်းထပ်မံဝင်ရောက်လာရေးအားမပေးချင်သည့်သဘော သို့မဟုတ် မြန်မာနိုင်ငံမှထွက်ပြေးလာသည့်လူများကို ထင်ပေါ်လာမည်စိုးသည့်အနေနှင့် အနည်းဆုံးနှင့် အရေးမပါသည့်အနေအထားလောက်သာဖြစ်သည့် စောင့်ရှောက်မှုအား ကန်ဘောဒီးယား၊ လာနှင့် ဗီယက်နမ်ဒုက္ခသည်များအား အကူအညီပေးနေကြသည့် အစိုးရမဟုတ်သည့်အကူအညီပေးအဖွဲ့များအား ဤကျရောက်လာသည့်ကိစ္စအား တုန့်ပြန်ရေးအတွက် ထိုင်းအစိုးရက ဖိတ်ကြားခဲ့သည်။

အစိုးရမဟုတ်သည့်အဖွဲ့အစည်းများက ထိုင်းနိုင်ငံတွင်းနေရပ်မှမောင်းနှင်ထုတ်ခံရသူများအတွက် ညှိနှိုင်းဆောင်ရွက်ရေးလုပ်ငန်းကော်မီတီ ဃဃဃဤ တွင် ညှိနှိုင်းလုပ်ဆောင်နေသည့် အခြေခံကယ်ဆယ်ရေးအကူအညီနှင့် ကူညီရေးလုပ်ငန်းများအား တိုင်းရင်းသားလူမျိုးစုနိုင်ငံရေးအုပ်စုများခန့်ထားသည့် ဒုက္ခသည်ကော်မီတီများမှတဆင့် ပေးအပ်ကြသည်။ ဒုက္ခသည်များက ၎င်းတို့ယူဆောင်လာသည့် ပုံစံများအားအသုံးပြုခဲ့ကြသည်။ စခန်းကော်မီတီများ၊ ကျန်းမာရေးနှင့် ပညာရေးဌာနများအား ထူထောင်ခဲ့ကြသည်။ ဂိုဒေါင်များတည်ဆောက်ခြင်း ပုံစံနှင့်စနစ်များအား ထိမ်းသိမ်းကြပ်မတ်ခြင်းနှင့် လူမှုအသိုင်းအဝိုင်းအဆက်အသွယ်များကို တရားရေးနှင့် လူမှုဖူလုံရေးအတွက် တည်ထောင်ခဲ့ကြသည်။ အသိုင်းအဝိုင်းအတွင်းရှိ ကျောင်းဆရာများက ၎င်းတို့၏ကိုယ်ပိုင်ဘာသာစကားဖြင့် သင်ကြားပေးကြသည်။ ကျန်းမာရေးဌာနများက နယ်စပ်ဒေသတွင်ဖြစ်ပွားလေ့ရှိသည့် ရောဂါများအားကုသရန်အတွက် အသိုင်းအဝိုင်းတွင်းရှိကျန်းမာရေးလုပ်သားများအား သင်တန်းများပေးခဲ့သည်။

၁၀ နှစ်အတွင်း ဤပုံစံအားအသင့်တော်ဆုံးပုံစံအဖြစ်တွေ့ရသည်။ ဒုက္ခသည်များက ၎င်းတို့၏နေ့စဉ်ဘဝများအား စောင့်ရှောက်ဂရုစိုက်ကြခြင်း၊ ထိုင်းအာဏာပိုင်တို့က ဒေသတွင်းလုံခြုံရေးကိုပေးအပ်ခြင်းနှင့် အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများက အကူအညီအနည်းအကျဉ်းပေးအပ်ခြင်းတို့ပြုလုပ်ခြင်းဖြစ်သည်။ ထိုဒုက္ခသည်များသည် နယ်စပ်အနီးတွင်တည်ရှိနေကြ၍ ၎င်းတို့၏ရည်ရွယ်ချက်က အခြေအနေပေးလာသည်နှင့် ပြန်သွားရန်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများက နယ်စပ်နှင့်ကပ်လျက်ဒေသများအား ချုပ်ကိုင်ထားကြဆဲဖြစ်၍ ဖြတ်ကျော်ဝင်ရောက်လာသည့် နယ်စပ်ဒုက္ခသည်များနှင့် မြန်မာစစ်တပ်များ၏ချိစစ်အား ကြားခံနယ်မြေအဖြစ်ထားရှိသည်။ ကုလသမဂ္ဂ၏ အင်ဒိုချိုင်းနားနယ်စပ်အတွက် ညှိနှိုင်းပေးအပ်သည့် အမြင့်မားဆုံးအကူအညီများနှင့် အရှိအတိုင်းနှိုင်းယှဉ်ပါက ဤဒုက္ခသည်စီမံကိန်းသည် ကုန်ကျစားရိတ်နှင့် နိုင်ငံတကာဝန်ထမ်းများအပေါ် အလွန်နည်းနည်းတည်မှီနေရပေသည်။ အကယ်၍ မြန်မာနိုင်ငံအပြောင်းအလည်းဖြစ်ပါက ထိုင်းနိုင်ငံတွင်းနေထိုင်ရသည့်အတွက် အတော်အတန်ထိခိုက်မှုမရှိဘဲ ဒုက္ခသည်တို့အိမ်ပြန်နိုင်ကြမည်ဖြစ်သည်။

ဤသို့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးအနေနှင့် ဤကာလတွင် ပျက်ကွက်မှုအကြီးအကျယ်ရှိခဲ့သည်။ တရားဝင်အကာအကာအကွယ်ပေးစောင့်ရှောက်သည့် လုပ်ငန်းစဉ်မရှိချေ။ နယ်စပ်ကိုဖြတ်ကျော်ဝင်ရောက်လာသည့် ဒုက္ခသည်တို့က အနီးဆုံးဒုက္ခသည်စခန်းသို့ဝင်ရောက်ကာ စခန်းကော်မတီအားအကြောင်းကြား၍ စခန်းတွင်း အထွေထွေစာရင်းသွင်းကြသည်။ အစိုးရမဟုတ်သည့်အကူအညီပေးအဖွဲ့အစည်းများက ထိုအရည်အတွက်အား လက်ခံ၍ လိုအပ်သည့်အကူအညီပေးထောက်ပံ့ရေးလုပ်ငန်းများအား လုပ်ကိုင်ကြသည်။

မြန်မာ့တပ်မတော်က တိုင်းရင်းသားလူမျိုးတို့၏ နယ်စပ်ရှိ မွေးရပ်ဒေသများအား တဖြည်းဖြည်းနှင့်ထိန်းချုပ်မှုရရှိလာ၍ လုံခြုံစိတ်ချရမှုမရှိသည့်အနေအထားသို့ ရောက်ရှိလာခဲ့သည်။ ၁၉၉၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်များအတွင်း ဒုက္ခသည်စခန်း ၁၂ ခုတို့ တိုက်ခိုက်မီးရှို့ခြင်းခံခဲ့ရခြင်းက ထိုင်းနိုင်ငံ၏ မူဝါဒအား တစုံတရာ ပြောင်းလဲစေခဲ့သည်။ ထိန်းချုပ်ဟန့်တားမှုများက နေ့စဉ်အမိန့်များဖြစ်လာ၍ စခန်းများနယ်စပ်နှင့် ဝေးကွာသည့်

လုံခြုံစိတ်ချရမည့်နေရာများသို့ ဖြန့်ခွဲသွားကာ ယခုအခါ ထိုစခန်းများအား အခိုင်အမာ ခြံခတ်ထားရှိကြသည့် အနေအထားဖြစ်လာခဲ့သည်။ ဒုက္ခသည်များအနေနှင့် ကိုယ့်အားကိုယ်ကိုးအခြေအနေမှ ပြင်ပမှီခိုအားထားရသည့် လမ်းကြောင်းပေါ်သို့ ရောက်ခဲ့ရတော့သည်။

စခန်းများအနေနှင့် လူဦးရေခြောက်ထောင်အထက်ဖြစ်လာသည့်အခါ ကျေးရွာအသိုင်းအဝိုင်းများ အနေနှင့် မြို့ပြရပ်ဝန်းများသို့ ရွှေ့ပြောင်းခဲ့ကြသည်။ ထို့နောက် ယနေ့အခါ စခန်းတွင်းဒုက္ခသည်ဦးရည်မှာ ပုံမှန်အနေအထား အရ ၁၇၀၀၀ ခန့်ဖြစ်လာသည်။ အကြီး ဆုံးဒုက္ခသည်စခန်းဖြစ်သည့် မယ်လစခန်းတွင် ဒုက္ခသည် ၄၅၀၀၀ လက်ခံထားရသည်။ စခန်းပြင်ပတွင် အဖမ်းခံရသည့်မည်သူကိုမဆို တရားမဝင်ဝင်ရောက်လာသူအဖြစ် သတ်မှတ်သည်။ ခိုလှုံခွင့်ရရှိရေးမှာ အာမခံချက်မရှိတော့သည့်အတွက် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးအား မရှိမဖြစ်လိုအပ်လာသည်။

CCSDPT အောက်ရှိ လုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်ရေးများ လုပ်ဆောင်နေစဉ် ထိုင်းစစ်တပ်က လူသစ်အုပ်စုတစ်ခုအား အတင်းအကြပ်ပြန်ပို့သည့်အခါ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးအနေနှင့် ကာကွယ်စောင့်ရှောက်မှုနှင့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ပိုင်ခွင့်ပေးထားသည့် နားလည်မှုရရှိရေး သဘောတူချက်မူကြမ်းတစ်ခုအား အပေးအယူလုပ်ညှိနှိုင်းခဲ့ကြသည်။ ထိုင်းအာဏာပိုင်များနှင့် ဆက်စပ်ဆောင်ရွက်ရာတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးအနေနှင့် ပထမအကြိမ် စာရင်းသွင်းခြင်းကိစ္စများအား ၁၅ နှစ်အတွင်းလုပ်ဆောင်ရန် စီစဉ်ခဲ့သည်။ ဤအချက်က လစဉ် လူဦးရည်အတိုးအလျော့ တင်ပြပေးသည့် ဒုက္ခသည်စခန်းကော်မီတီတို့အတွက် အပြောင်းအလည်းဖြစ်စေခဲ့သည်။ အချို့ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် အလှူရှင်များက ကော်မီတီတို့၏ တင်ပြမှုပုံစံများအား လက်မခံသော်လည်း စာရင်းသွင်းမှတ်တမ်းတင်မှုကို ၎င်းတို့၏ တင်ပြလာသည့် လူဦးရေ၏ ၅ ရာခိုင်နှုန်းအတွင်း လုပ်ဆောင်ကြသည်။ ထိုသို့ဖြင့် စခန်းကော်မီတီအား လက်ခံနိုင်မှုအနေအထား မြင့်တက်လာခဲ့သည်။

## ပြန်လည်ဆန်းစစ်မှုအောက်ရှိပုံစံ

ဆယ်နှစ်မူဝါဒအား ရိုးရာထုံးစံထိမ်းသိမ်းသည့်အနေနှင့် စွက်ဖက်မှုကင်းစွာထားရှိသည်၊ နေရပ်မှမောင်းနှင်ထုတ်ခံရခြင်း၏ ထိခိုက်မှုအား နည်းနိုင်သ၍နည်းစေသည့်အပြင် လူထုအား ပြန်ရန်အတွက် အဆင်သင့်ထားရှိသည်။ အမှန်မှာ ဤကာကဝန်းရံထားသည့် လူထုအားနောက်တွင် ချန်ထားခဲ့၍ ၎င်းတို့ဆအလျှောက်ဆက်လက်လုပ်ကိုင်ခွင့်ပေးထားခြင်းဖြစ်သည်။ ဤအချက်က ၎င်းတို့၏အခြေအနေအား အခြေခံအပြောင်းအလည်းဖြစ်ရေး အသိအမှတ်ပြုရန် ကျဆုံးခဲ့၍ ကျရောက်လာသည့်တာဝန်များအား ပြည့်ဝစွာထမ်းဆောင်နိုင်မည့်အရည်အချင်းများ လိုအပ်လာခဲ့သည်။ ၎အစား ယဉ်ကျေးမှုဓလေ့ထုံးစံတို့အား ထိမ်းသိမ်းထားသည့်အတွက် စခန်းတွင်းပိုမိုတိုးတက်သည့် ဆက်လက်သွားလိုသည့် အတွေးသမားတို့နှင့် ထိပ်တိုက်ဖြစ်ခဲ့သည်။

အသိုင်းအဝိုင်းအခြေခံအဖွဲ့အစည်းများအား အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ အထောက်အပံ့ဖြင့် လုပ်ငန်းများအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သင်တန်းပေးအပ်ခဲ့သော်လည်း အသိုင်းအဝိုင်းတစ်ခုချင်းအတွက် ကျယ်ပြန့်သည့်လိုအပ်ချက်များအားဖြေရှင်းရေး အရည်အချင်းများမှာ အကြီးအကျယ်လစ်လျူရှုခံခဲ့ရသည်။ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ အလှူရှင်အသိုင်းအဝိုင်းနှင့် ထိုင်းအာဏာပိုင်တို့၏ ကြားခံအနေနှင့်အပြင် စခန်းကော်မီတီ၊ ရပ်ကွက်မှူးများ၊ အမျိုးသမီးများနှင့် လူငယ်အဖွဲ့အစည်းများအားလုံး ဖြန်ဖြေရေး၊ စေ့စပ်ဆွေးနွေးရေး၊ အတိုင်ပင်ခံ၊ စီမံအုပ်ချုပ်ရေး၊ စာရင်းကိုင်၊ ဘာသာပြန်နှင့် သင်တန်းဆရာများဖြစ်လာရန် မျှော်လင့်ခဲ့သည်။ လိုအပ်သည့် အရည်အချင်းအခြေခံမှာ အကြီးအကျယ်ပင်ဖြစ်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းအား ပိုမိုတောင်းဆိုလာသည့် တာဝန်ခံမှု၊ ကြည်လင်မှုနှင့် လူသားခြင်းစာနာသည့် တုန့်ပြန်ဆောင်ရွက်မှုများအတွက် အနည်းဆုံးဖြည့်စည်းပေးအပ်မှုပုံစံများက အစိုးရမဟုတ်သည့်အဖွဲ့အစည်းများအား ၎င်းတို့၏ပုံစံချထားမှုအား ပြန်လည်သုံးသပ်ရန် စိန်ခေါ်ခဲ့သည်။ စခန်းများအတွင်း လူသစ်များ ဆက်လက်ဝင်ရောက်လာသည့်အခါတွင် စောင့်ကြပ်ခြင်းနှင့် စနစ်များအား စံညွှန်းထားရှိခြင်းအား အဓိကထားဆောင်ရွက်သည်။ ပြည့်စုံသည့်အနေအထားအား အများလေးစားသည့်အခြေအနေတွင် လုပ်ငန်းစဉ်များနှင့် စောင့်ရှောက်ရေး၊ အရည်အချင်းထိမ်းသိမ်းရေးနှင့် စောင့်ကြပ်ရေးတို့အတွက်အလှူရှင်တို့လိုအပ်သည့် စခန်းထောက်ပံ့ရေးစီမံခန့်ခွဲမှုက မကိုက်မညီဖြစ်ခဲ့ရသည်။ ထို့ကြောင့် ပြန်လည်ပုံစံချရေး၊ သင်တန်းများပေးအပ်ရေးနှင့် ဤာလုံးဆိုင်ရာ လူသားဆိုင်ရာ အသိုင်းအဝိုင်းမျှော်မှန်းချက်များနှင့် အံဝင်ဂွင်ကျဖြစ်သည့် စနစ်သစ်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့၏ ရည်ရှည်စီမံချက်လုပ်ငန်းစဉ်အား စတင်ခဲ့သည်။ ထိုစနစ်သစ်များက ယုံကြည်မှုနှင့် အလွတ်သဘောတူညီချက်တို့အား ထိန်းညှိပေးခဲ့သည်။ ထိုစနစ်များအား ငြင်းပယ်မှုက




မယ်လအူး ဒုက္ခသည်စခန်း၊ ထိုင်းနိုင်ငံ

ယုံကြည်မှုကျဆုံးခြင်းကို ညွှန်ပြခဲ့သည်။ ထို့ကြောင့် နောင်တွင် ပြန်လည်တည်ဆောက်ရေးတို့အား လုပ်ဆောင်ရပေမည်ဖြစ်သည်။

## စခန်းစီမံခန့်ခွဲရေးစီမံကိန်း

၂၀၀၄ ခုနှစ်တွင် ထိုင်းမြန်မာနယ်စပ်ယာယီစုစည်းကူညီရေးအဖွဲ့ Thailand Burma Border Consortium (TBBC) က ကရင်နှင့် ကရင်နီဒုက္ခသည်ကော်မတီများနှင့် ထိုကော်မီတီတို့အပေါ်ကျရောက်လာသည့် မဖြစ်မနေသုံး ရမည့်အသုံးစားရိတ်မှန်အား လက်ခံမည့် စခန်းစီမံခန့်ခွဲရေးစီမံကိန်းချမှတ်ရေးအတွက် သဘောတူညီမှုရခဲ့သည်။ ထောက်ပံ့မှုက အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးအသုံးစားရိတ်များ (ဥပမာ– ရုံးသုံးပစ္စည်းများ၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး) နှင့် ဝန်ထမ်းလစာများ စသည့် နေရာများစွာအတွက် အဓိကအသုံးစားရိတ်လိုအပ်နေပေသည်။ ဝန်ထမ်းတို့၏လုပ်အားအတွက် လုံလောက်သည့် ချီးမြှင့်မှု မဆောင်ရွက်နိုင်သည်သာမက ရုံပုံငွေမလုံလောက်မှုက ၎တို့အား တန်ဘိုးနိမ်၍ ဆက်ဆံခံရသည့်အနေအထား ခံစားရစေပေသည်။ စခန်းများအား အခမဲ့လုပ်အားပေးတို့က နှစ်များစွာဆက်လက်ကူညီမှုဖြင့် ရပ်တည်ခဲ့ကြသည်။ ဆေးဝါးအကူအညီပေးလုပ်ငန်းများအနေနှင့် သင်တန်းပေးထားသည့် ဝန်ထမ်းတို့အား လစာစတင်ပေးအပ်ခဲ့သည်။ စခန်းနှင့် တာဝန်များအပေါ် ဝန်ထမ်းခန့်ထားမှုနှင့် လစာတို့အား ဆုံးဖြတ်၍ တရားဝင်ဖြစ်စေခဲ့သည်။ ထို့အပြင် စခန်း၏တရားဝင်လိုအပ်ချက်၊ လုံခြုံရေးနှင့် ဓလေ့ထုံးစံနှင့် ဘာသာရေးအခန်းအနားများအတွက် ထိုင်းအာဏာပိုင်နှင့် ဒေသခံအသိုင်းအဝိုင်းတို့နှင့် ဆက်ဆံရေးအထောက်အပံ့တို့ လိုအပ်သည်။

စခန်းစီမံခန့်ခွဲရေးစီမံချက်က ခိုလှုံရာမြေပေးအပ်ထားသည့် ဒေသခံလူထုအသိုင်းအဝိုင်းနှင့် ချစ်ကြည်စွာဆက်ဆံရေးအပေါ်တွင် ထောက်ပံ့ပေးသည်။ ဒေသခံအာဏာပိုင်တို့နှင့်ဆက်ဆံရေးထိမ်းသိမ်းထားရှိရန်အကူအညီပေး၍ ဤစီမံချက်က အသိုင်းအဝိုင်းအခြေခံသည့် အဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်မှုများအား တဖန်ပြန်၍ အသိုင်းအဝိုင်းအတွင်း အခြားသူတို့၏ အသံများအပေါ် အင်အားရှိစေရန် အကူအညီပေးအပ်ပေသည်။ လက်ရှိတွင် အမျိုးသမီး ၂၈ ရာခိုင်နှုန်းက စခန်းကော်မတီတာဝန်များယူထားကြပြီး အစားသောက်ပေးဝေမှုလုပ်ငန်းတွင် အမျိုးသမီးပါဝင်မှု အင်အားမှာ ၃၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

အစိုးရမဟုတ်သည့်အဖွဲ့အစည်းများက CCSDPT မှတဆင့် ညှိနှိုင်းဆောင်ရွက်မှုများလုပ်ဆောင်ရန်အတွက် အစပိုင်းတွင် ကောင်းမွန်စွာ တည်ထောင်ခဲ့ခြင်းက တရားဝင်ကွန်ယက်များနှင့် ပူးတွဲလုပ်ကိုင်နေသူများအနေနှစ်ခုစလုံး အနေနှင့် အပြောင်းအလဲဖြစ်ပေါ်လာစေခဲ့သည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ နောက်ပိုင်း ၁၄ နှစ်တွင်း ဒုက္ခသည်ပြဿနာများအတွင်း ဝင်ရောက်လာမှုက ပူးတွဲလုပ်ဆောင်မည့်သူလိုအပ်သည့်အနေအထားသို့ တိုးမြှင့်လာခဲ့စေသည်။ အစပိုင်းတွင် အကောင်အထည်ဖော်မည့် ပူးတွဲလုပ်ကိုင်မည့်သူမရှိဖြစ်နေကာ လာရောက်ကာကွယ်စောင့်ရှောက်မည့်သူ များစွာအား စိမ်းကားစွာဆက်ဆံခဲ့သည့် ထိုင်းအာဏာပိုင်များနှင့် အကြီးအကျယ် ဆွေးနွေးညှိနှိုင်းခဲ့ရသည်။ ပူးပေါင်းလုပ်ဆောင်မှု၏ကောင်းကျိုးမှာ မကြာမီထင်ရှားလာခဲ့ပြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် အကာအကွယ်ပေးရေးအတွက် သို့ဌာန်ချတာဝန်ယူလုပ်ဆောင်နေသည့် စခန်းအခြေခံအဖွဲ့အစည်းများအပါအဝင် လက်တွေ့ကွင်းဆင်းအတိုင်းအတာမှ နိုင်ငံအတိုင်းအတာအထိ အကာအကွယ်ပေးရေးလုပ်ဆောင်နေသည့် အဖွဲ့များတို့ကို အစိုးရမဟုတ်သည့်အဖွဲ့အစည်းများက ထူထောင်ခဲ့ကြသည်။ လက်တွေ့ကွင်းဆင်းအကာအကွယ်ပေးရေးအား အဓိကလုပ်ဆောင်ခဲ့ကြသော်လည်း မွေးဖွားမှုမှတ်ပုံတင်ရေး၊ တရားရေးစီမံဆောင်ရွက်မှုနှင့် စခန်းတွင်းလူထုရပိုင်ခွင့်ပဋိညာဉ်တို့ကဲ့သို့သော ချဲ့ထွင်ပေးအပ်လာသည့် မူဝါဒများအား ထိုအချိန်မှစ၍ စတင်ဆောင်ရွက်ခဲ့သည်။ အစိုးရမဟုတ်သည့်အဖွဲ့များ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးနှင့် ထိုင်းအာဏာပိုင်များ၏ အချင်းချင်းအကြားမှီခိုအားထားမှုတို့က စခန်းတွင်း၊ ခရိုင်တွင်းနှင့် နိုင်ငံတွင်းကျင်းပသည့် ညှိနှိုင်းဆောင်ရွက်ရေး အစည်းအဝေးများတွင် ပေါ်လွင်ထင်ရှားခဲ့သည်။ ထိုမှ ညှိနှိုင်း ဆောင်ရွက်မှုလုပ်ငန်းများအား ကလေးကာကွယ်ရေး၊ ပြောင်းရွှေ့နေရာချထားရေး၊ အလှူရှင်စိတ်ပါဝင်စားမှုများနှင့် အထွေထွေသတင်းမီတင်ပြမှု စသည်ဖြင့် အဆင့်များပိုင်းခြားလုပ်ဆောင်လာနိုင်ခဲ့သည်။

တည်ငြိမ်သည့် ခန့်ထားမှုမရှိသည့် ရေရှည် မိမိကိုယ်ကိုယုံကြည်မှုက အိမ်တွင်းအကြမ်းဖက်မှုမှအစ လူငယ်များဂိုဏ်းဖွဲ့နှောက်ယှက်မှုအဆုံး လူမှုရေးပြဿနာများတိုးတက်လာစေ၍ အပြန်အလှန်အနေနှင့် ထိုကိစ္စရပ်တို့အားဖြေရှင်းရန် အရည်အချင်းများပိုမိုလိုအပ်လာပေသည်။ ထိုစခန်းများအနေနှင့် ဥပဒေမဲ့နေထိုင်သည် ဟုစွပ်စွဲခံလာရသည်။ ဒုက္ခသည်များ၏တုန့်ပြန်ပြောဆိုသည်က “ကျွန်တော်တို့မှာ ကျွန်တော်တို့ဥပဒေရှိတယ်။ ဒါပေမယ့် ကြမ်းတမ်းနိုင်တာပေ့ါ” ဟူ၍ဖြစ်သည်။ စခန်းတရားရေးစနစ်များက ထိုင်းတရားရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဓလေ့ထုံးတမ်းဥပဒေ၊ နိုင်ငံတော်နှင့် နိုင်ငံတကာဥပဒေများညှိနှိုင်းလုပ်ဆောင်သည့် လုပ်ငန်းစဉ်များဖြစ်သည်။

ဤညှိနှိုင်းမှုများက အရည်အချင်းရာခိုင်နှုန်းနှင့် ပညာတတ်များအလွန်နည်းပါးသည့် (စခန်းတွင်းနေထိုင်သူ ၂ ရာခိုင်နှုန်းသာလျှင် အထက်တန်းပညာရေးအဆင့်အတန်းရှိသည်) စခန်းတွင်း လူသားအရင်းအမြစ်များအားလိုအပ်လာသည်။ လုံးဝ လူထုအသိုင်းအဝိုင်းအခြေပြု စီမံချက်များစစ်စစ်ထားရှိမည်ဆိုပါက အစိုးရမဟုတ်သည့်အဖွဲ့များက အရည်အချင်းမြှင့်တင်ရေး အထောက်အပံ့အား လူသားချင်းစာနာသည့် အကူအညီများပေးအပ်ရေးအတွက် လိုအပ်သည့် အရည်အချင်းများသာမက ပိုမိုကြီးကျယ်



ကရင်နီ ဒုက္ခသည် ကော်မတီ အစည်း အဝေး၊ စခန်း (၁) မဲ့ဟောင် ဆောင် ခရိုင်၊ ထိုင်းနိုင်ငံ

Suthep Kritsanavarin for TBBC

သည့်အသိုင်းအဝိုင်းကိုယ်စားပြုမှုနှင့် မိသားစုအငြင်းပွားသည် ဒေသခံအာဏာပိုင်တို့နှင့် စေ့စပ်ဆွေးနွေးရေးအထိ နေ့စဉ်ပေါ်ပေါက်လာသည့် ကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းရေးအပေါ် အင်အားစိုက်ထုတ်မှုများ တိကျစွာလုပ်ဆောင်ရန်လိုအပ်သည်။

လုံလောက်သည့် အရည်အချင်းမြှင့်တင်ရေး စီမံချက်များအား တတိယနိုင်ငံများသို့ ရွှေ့ပြောင်းနေရာချထားရေးအခွင့်အရေး ပေါ်ပေါက်လာခြင်းက အရှိန်မြှင့်ပေးခဲ့သည်။ အသိုင်းအဝိုင်းက လုပ်ဆောင်နေသည့် စနစ်များ၏ အကျိုးသက်ရောက်မှုက ထင်ရှားသည့် စိန်ခေါ်မှုတစ်ခုအား သက်သေပြနေပေသည်။ ပညာတတ်၊ အရည်အချင်းရှိသူနှင့် နှစ်အတန်ကြာအတွေ့အကြုံရှိ အသိုင်းအဝိုင်း၏ခေါင်းဆောင်များ စသည့် လူအများက စီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ယူမှုက ပထမလုပ်ဆောင်ရမည့်အချက်ဖြစ်သည်။ ၂၀၀၈ နှစ်မကုန်မီ ခန့်မှန်းခြေ အစိုးရမဟုတ်သည့်အဖွဲ့နှင့် အသိုင်းအဝိုင်းအခြေခံအဖွဲ့ဝန်ထမ်းများအား အစားထိုးခြင်းခံရမည်ဖြစ်သည်။ စက်မှုအရင်းအမြစ်များလည်း မရှိမဖြစ်လိုအပ်သည်။ အစိုးရမဟုတ်သည့်အဖွဲ့များအားလုံး ကွန်ပြူတာ၊ အီးမေးအင်တာနက်၊ ကားများနှင့် တယ်လီဖုန်း အသုံးပြုကြသည်။ ပိုမိုအလေးထားမှုအား စခန်းစီမံခန့်ခွဲရေးဝန်ထမ်းများအပေါ် မျှော်လင့်ထားသည့်အတိုင်း တာဝန်ထမ်းရွက်နိုင်မှုရှိမရှိ စီစစ်လုပ်ဆောင်ရေးအတွက် ထားရှိသင့်သည်။ နောက်ဆုံးအနေနှင့် အကယ်၍ ဒုက္ခသည်များတွင် ပိုမိုလွတ်လပ်သည့် လှုပ်ရှားမှုနှင့် ဒုက္ခသည်အဖွဲ့အစည်းများတွင် လုပ်ပိုင်ခွင့်တစ်စုံတရာရှိပါက ၎င်းတို့အား ကျယ်ပြန့်သည့် လူသားဆိုင်ရာနှင့် အလှူရှင်အသိုင်းအဝိုင်းနှင့် ထိစပ်ရေး အလေးအနက် အခွင့်အရေးမျ ားပိုမိုဖွင့်ပေးခြင်း ဖြစ်ပေါ်လာမည်ဖြစ်သည်။

အသိုင်းအဝိုင်းအခြေခံစခန်းစီမံခန့်ခွဲရေးက ဒုက္ခသည်များအား ၎င်းတို့ကိုယ်ပိုင်အခြေအနေအား ထိမ်းသိမ်းစောင့်ရှောက်ရန်နှင့် တတ်နိုင် သလောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အား အဓိကထားသည်။ အခြေအနေက လုံးဝလက်လွှတ်ထားသည့်အနေအထားမှ နိုင်ငံတကာစံများနှင့် လုပ်ထုံးလုပ်နည်းများအား လိုက်နာရန်ဖြစ်လာသည်။ စနစ်တို့က ဆက်လက်ပြောင်းလဲနေသည်။ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများအနေနှင့် ဒုက္ခသည်တို့လက်ဝယ်ရှိသည့် ထူးခြားစွာ ဖြေရှင်းနိုင်သည့်အရည်အချင်းများအား တည်ထောင်ရန်လိုအပ်သည်။ မကြာမီကာလတွင် အိမ်ပြန်ရမည့်အနေအထားမှာဖြစ်နိုင်ခြေမရှိသည့်အပြင် လူသစ်များက လိုအပ်သည်ထက် ပို၍ လူဦးရေထူထပ်ပြီးဖြစ်သည့် စခန်းများအတွင်း ထပ်မံ၍ ထူထပ်နေသည့်အနေအထားတွင် အသိုင်းအဝိုင်းတို့အနေနှင့် သင့်လျော်ကိုက်ညီသည့်အထောက်အပံ့တို့ဖြင့် နေ့စဉ်စခန်းဘဝမှန်အား ဆက်လက်ကိုင်တွယ်ဖြေရှင်းကြမည်ဖြစ်ပေသည်။

*စဲလီ သွန်မ်ဆန် **(sally@tbbc.org)** သည် ထိုင်းမြန်မာနယ်စပ်ယာယီစုစည်းကူညီရေးအဖွဲ့၏ ဒုတိယ အလုပ်အမှုဆောင်ဒါရိုက်တာဖြစ်သည်။ **(www.tbbc.org)***

၁ www.ccsdpt.org

# တရားမျှတမှုအခွင့်အလမ်းနှင့် တရားဥပဒေစိုးမိုးရေး

ဂျိုအယ် ဟာဒင်း၊ ရှိန်းစကဲလုံး၊ ရှောင်လီးစ်၊ ကာစွန် ဘေကာ နှင့် အိုင်လီလင်းမ်

နေရပ်မှရွှေ့ပြောင်းခိုင်းစေခြင်း နှင့် စခန်းတွင်းဝင်ရောက်နေထိုင်ခြင်း ၊ ထောက်ပံ့မှုနည်းပါးခြင်း ၊ နယ်မြေဒေသနှင့် ဝေးကွာ၍နေထိုင်ရခြင်း ၊ တင်းကြပ်သောသွားလာရေးနှင့် ဥပဒေအခွင့်အရေးနည်းပါးခြင်းတို့ကြောင့် မကြာခဏ ဆိုသလို ရာဇဝတ်မှုနှင့် ပ တ်သက်သောဒုက္ခသည်”ားစာခံများအနေဖြင့် ဥပဒေအခွင့်အရေးအလုံအလောက် မရရှိကြပေ။

သမိုင်းကြောင်းအရ ထိုင်း မြန်မာနယ်စပ်တွင်ရှိသော ဒုက္ခသည်စခန်းများကို ကြီးကြပ်အုပ်ချုပ်သော ထိုင်းတာဝန်ခံများအနေဖြင့် အချို့ ပြစ်မှု သို့မဟုတ် တရားမမှုနှင့်ဆိုင်သော အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် ဒုက္ခသည်ခေါင်းဆောင်များအား မျှတစွာဖြင့်ကြီးမားသော တာဝန်ကိုခန့်အပ်ပေးခဲ့ပေသည်။ သို့သော် ကြီးမားသောရာဇဝတ်မှုများဖြစ်သည့် လူသတ်မှု ၊ မုဒိန်းမှု ၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုများမပါဝင်ပေ (သို့သော် ဖော်ပြခဲ့သောပြစ်မှုတို့နှင့်ပတ်သက်၍ လက်တွေ့အနေအထားအရ ထိုင်းနိုင်ငံသားပါဝင်သော ပြစ်မှုမှလွဲ၍ အမှုတော်တော်များများကို စခန်းခေါင်းဆောင်အနေဖြင့် ထိုင်းရဲတာဝန်ခံထံသို့ လွှဲပြောင်းပေးခဲ့ခြင်း မရှိခဲ့ပေ)။ တချိန်တည်းတွင် ထင်ပေါ်မှုတခုအနေဖြင့် စခန်းအတွင်းအငြင်းအပွားများကိုဖြေရှင်းရေး ယန္တရားတို့မှာ ပြီးပြည့်စုံသည့် အတိုင်းအတာထက် နိမ့်ကျသည့်အနေအထားတွင်သာရှိနေဟု မြင်ကောင်းမြင်နိုင်သော်လည်း ထိုလုပ်ဆောင်မှုတို့အား လုပ်ပိုင်ခွင့်ပေးသည့်အနေနှင့် ချီးမြှောက်သင့်ပေသည်။

စခန်းတရားစီရင်ရေးတာဝန်ခံများသည် မိမိတို့၏အသိုင်းအဝိုင်းအတွင်း လွှမ်းမိုးမှုရှိသည့် ပုဂ္ဂိုလ်များဖြစ်ပြီး မကြာခဏဆိုသလို စခန်းအတွင်းရှိအငြင်းပွားမှုများအားဖြေရှင်းရာတွင် ၎င်းတို့အနေဖြင့် အလွန်ရင့်ကျက်၍ အရေးပါသော အတွေ့အကြုံများရှိခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဌာန (MOI) ၏အုပ်ချုပ်မှုအောက်တွင် ခြုံငုံပြီးပြောဆိုရပါက ကန့်သတ်ထားသည့် ထောက်ပံ့မှုဖြင့်နှင့်သာ သင့်တော်သလို စခန်းရေးရာမှုုးများအား မျှတစွာကြီးကြပ်ခြင်း ၊ စိန်ခေါ်မှုနှုန်းများအား တွေးတောသုံးသပ်ခြင်း စသည်တို့ကို ဒုက္ခသည်ခေါင်းဆောင်များ အနေဖြင့် ကြိုးစားလုပ်ဆောင်ခဲ့ပေသည်။ သို့

သော် စခန်းအတွင်းတရားရေးကို ထိရောက်စွာလုပ်ဆောင်ရန် ၎င်းတို့အနေဖြင့် အရည်အချင်းလုံလောက်စွာမရှိသည်ကို ဝန်ခံခဲ့ကြသည်။

၎အခြေအနေများမှ ကင်းဝေးရန် ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် နိုင်ငံတကာကယ်ဆယ်ရေးကော်မီတီ (IRC) တို့က ဥပဒေဆိုင်ရာ ထောက်ပံ့ရေးလုပ်ငန်းအား တိုးချဲ့လုပ်ဆောင်ခဲ့သည်။

ထိုင်းအာဏာပိုင်အစိုးရအနေဖြင့် ဤလုပ်ဆောင်မှုက အလွန်အကျိုးရှိကြောင်း မှတ်ချက်ချကာ အဓိကကျသော ဝန်ဆောင်မှုတရပ်အနေဖြင့် ၎လုပ်ဆောင်မှုကိုပံ့ပိုးခြင်းနှင့် အကြံဉာဏ်ပေးခြင်းတို့လုပ်ဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ်ဩဂုတ်လတွင် ဝန်ဆောင်မှု ကော်မီတီဖြစ်သော ထိုင်းအစိုးရဌာနများအပါအဝင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး နှင့်နိုင်ငံတကာကယ်ဆယ်ရေးကော်မီတီတို့သည် ဒေသသုံးခုတွင် တရားရေးပိုမိုကောင်းမွန်စွာနားလည်ရန်နှင့် ထူထောင်ရန်အတွက်သဘောတူလက်ခံခဲ့ကြပေသည်။ ၎တို့မှာ (က) စခန်းသူစခန်းသားများအတွက်တရားရေးနှင့် လုံခြုံရေးရှိရန် (ခ) ဒုက္ခသည်အသိုင်းအဝိုင်းအနေဖြင့် အုပ်ချုပ်မှုပိုင်းတွင် တရားမျှတမှုအခွင့်အလမ်းနှင့် တရားဥပဒေစိုးမိုးရေးတို့ဖြစ်ပေသည်။ ဤ တရားမျှတမှုအခွင့်အလမ်းအတွက် စစ်တမ်းကောက်ယူမှုတွင် ဖြေဆိုသူ ၂၂၉၉ ယောက်ပါဝင်ခဲ့၍ အချက်ကျ၍ တိကျသော လူတွေ့မေးမြန်းခြင်းနှင့် အဖွဲ့လိုက်ဆွေးနွေးမှုများတို့အား အဓိကထားခဲ့သည်။

အဓိကကာကွယ်မှုအနေဖြင့် ပေါ်ပေါက်လာသည့် စိုးရိမ်မှုတို့မှာ အရက်နှင့်မူးယစ်ဆေးဝါးသုံး၍ အကြမ်းဖက်ခြင်း (မြန်မာစစ်သားတို့လာရောက်မည်ကို ကြောက်ရွံ့ခြင်း၊ ရှိခိုရှိရေးအတွက် စွမ်းဆောင်နိုင်စွမ်းမရှိခြင်း၊ ကိုယ်ထိလက်ရောက်အကြမ်းဖက်မှု အထူးသဖြင့်မုဒိမ်းမှု၊ တိကျသောအကြောင်းအရာအချက်အလက်များ နည်းပါးခြင်း၊ နေရပ်သို့ပြန်ပို့ဆောင်ခံရခြင်း၊ တရားမျှတမှုရရှိရန် အစွမ်းအစမရှိခြင်းနှင့် ထိုင်းလုံခြုံရေး (အောစော်) ပါဝင်ပတ်သက်သောပြစ်မှုတို့ဖြစ်သည်။ အခက်အခဲတို့အားဖြေရှင်းရေး ကျန့်ကြာစေရန် အချိန်ဆွဲထားခြင်းနှင့် စခန်းအတွင်းလုပ်ရှားမှုများအား ထိန်းချုပ်ထားခြင်းအားဖြင့် ထိုလုံခြုံမှုနှင့်ကာကွယ်မှုတို့အား ထည့်သွင်းစဉ်းစားခြင်းက ဆန်းကျယ်သည့်ကိစ္စမဟုတ်ပေ။

တချို့သူများ၊ များသောအားဖြင့် စခန်းတွင်းမှ အငြင်းအပွားများ ကိုတရားမျှတစွာ ဖြေရှင်းရန် မိမိကိုယ်ကိုသိမ်ငယ်၍ ယုံကြည်မှုနည်းခြင်းပေဖြစ်သည်။ လူ့အသိုင်းအဝိုင်းတို့၏သဘောတူညီမှုနှင့် ထောက်ပံ့မှုတို့က အငြင်းအပွားများကိုဖြေရှင်းရန်အတွက် အင် အားတရပ်ဖြစ်ခဲ့သော်ငြားလည်း ၎တို့၏တရားရေးဖွဲ့စည်းမှုလုပ်ဆောင်ခြင်းရလဒ်သည်သိမ်ငယ်သော စခန်းသူစခန်းသားများအတွက်အကျိုးတရားဖြစ်ထွန်းခြင်းမရှိသောအနေအထားသို့ သက်ရောက်ပေမည်။

အမျိုးသမီးများသည် စခန်းအတွင်းရှိအကြမ်းဖက်မှုဒဏ်နှင့် ပတ်သက်၍များသောအားဖြင့် ခြိမ်းခြောက်ခြင်းခံကြရသည်။ အထူးသဖြင့် ကျားမအကြမ်းဖက်မှုပင် ဖြစ်သည်။ အိမ်ထောင်ရှိ၊ မရှိနှင့် ပတ်သက်၍ စခန်းအတွင်းရှိ ဒုက္ခသည်များအပေါ် လုံခြုံမှုအရ ထိခိုက်စေသည်။ လင်မယားကွာရှင်းခြင်း၊ တကွဲစီနှင့် အိမ်ထောင်မကျသေးသော ဒုက္ခသည်များအတွက် အွန္တရာယ်စက်ကွင်းတွင်း ကျရောက်ရန်ပို၍လွယ်ကူစေသည်ဟု ခံစားရခြင်း၊ အထူးသဖြင့် ခေါင်းပုံဖြတ်ခံရခြင်းနှင့် ကိုယ်ထိလက်ရောက်အကြမ်းဖက်ခံရခြင်းများဖြစ်သည်။ မုဆိုးမများအနေဖြင့် စခန်းတွင်းအခက်အခဲများနှင့် ရင်ဆိုင်ရသည်ဟု အစီရင်ခံတင်ပြခဲ့ကြောင်း။ ဥပမာအားဖြင့် အိမ်ထောင်ဦးစီးယောကျ်ားရှိသော အမျိုးသမီးများနှင့်နှိုင်းယှဉ်လျှင် မိမိတို့၏ရှိခိုရယူရန် ခက်ခဲခြင်းဖြစ်သည်။

## တရားမျှတမှုရှိရေး

ယုံကြည်မှုကွဲပြားခြားနားခြင်းအပေါ် အများစု၏လိုအပ်ချက်အနေဖြင့် ဆွေးနွေးညှိနှိုင်းခြင်း၊ လျော်ကြေးပေးခြင်း သို့မဟုတ်ဖျန်ဖြေမှုရယူခြင်းတို့ထက် ပြစ်မှုကျူးလွန်သည့်အတိုင်းစီရင်ရန် ရာဇဝတ်မှုနှင့်ဆိုင်သော တရားစီရင်မှုစနစ်သည် ထိရောက်စွာလုပ်ဆောင်နိုင်စွမ်းရှိရမည်။ မည်သို့ဖြစ်စေကာမူ အထက်ပါအတိုင်း လုပ်ဆောင်ရန် အခက်အခဲများစွာရှိသည်။

လူအများစုမှာ ထိုင်းတရားဥပဒေကို မိမိတို့အနေဖြင့် ဘယ်အချိန်နှင့် မည်သို့မည်ပုံအသုံးပြုရမည်ကိုသိရှိထားခြင်းမရှိခဲ့ပေ သို့မဟုတ် စခန်းတရားဥပဒေကိုကောင်းမွန်စွာနားမလည်ခြင်း နှင့် ထိုဥပဒေများအပေါ်ယုံကြည်စိတ်ချမှုမရှိခြင်းတို့ဖြစ်သည်။ ယခုကဲ့သို့ အသိတရားနည်းပါးခြင်းကြောင့် တရားဥပဒေကိုလက်ခံဖို့ရန်အဓိကအခက်အခဲသုံးရပ်ဖြစ်ပေါ်စေသည်။ ပထမတရပ်အနေဖြင့် တရားဥပဒေအရ ၎တို့၏အကျင့်စရိုက်ကို ထိန်းချုပ်ရန် နှင့် မည်သို့သောတရားစီရင်ရေးကိုရယူရန် ဒုက္ခသည်များအတွက်အခက်အခဲဖြစ်ခြင်း။

ဒုတိယအချက်မှာ စခန်းအတွင်းနှင့်ပြင်ပမှာ လိုက်နာရမည့်ဥပဒေအနည်းငယ်မျှသာ သိရှိထားခြင်းကြောင့် တရားဥပဒေကိုလိုက်နာရန် သင့်တော်သည့်ရွေးချယ်မှုကိုမပြုနိုင်ခဲ့ပေ။ နောက်ဆုံးအချက်အနေဖြင့် အခြေခံဥပဒေအခွင့်အရေး သိရှိမှုနည်းပါးခြင်းကြောင့် ဒုက္ခသည်များအနေဖြင့် ခေါင်းပုံဖြတ်အကြမ်းဖက်မှုအပေါ် တရားလိုသော်လည်းကောင်း တရားခံ သော်လည်းကောင်းမျှတသောတရားစီရင်မှုရရှိရန် အားနည်းလျှက်ရှိသည်။

စခန်းတရားစီရင်ရေး၏ အဓိကပြဿနာတရပ်မှာ စွဲချက်လျှောက်ထားသူနှင့် စွဲချက်ခံရသူအပေါ် သင့်တော်သော တရားစီရင်ရေးနည်းလမ်းကိုပေးနိုင်ရန်အစွမ်းနည်းပါးခြင်း ၊ အထူးသဖြင့် ရာဇဝတ်နှင့်ဆက်နွယ်သောပြစ်မှုများဖြစ်သည်။ စခန်းတရားစီရင်ရေးအရာရှိများအနေဖြင့် အာဏာရှိသော ဒုက္ခသည်တို့၏လွှမ်းမိုးခြင်းကိုလွယ်ကူစွာခံရစမြဲဖြစ်သည်။ ၎တို့အနေဖြင့် သင်တန်းရရှိမှုနည်းပါးခြင်း နှင့် လုပ်ငန်းတာဝန်ကြောင့် သင့်တော်သောတရားဥပဒေစီရင်နိုင်ရန် ပိုမိုခက်ခဲရှုပ် ထွေးစေသည်။ စခန်းတရား စီရင်ရေးအရာရှိများသည် ဥပဒေပြန်လည်ပြုပြင်ရန် အရေးပေါ်လိုအပ်ချက်ဖြစ်ကြောင်း ခွဲခြားနိုင်မှုမရှိပေ။

စခန်းအတွင်းကန့်သတ်ချုပ်ချယ်မှုသည် တခါတရံ တရားစီရင်ရေးအရာရှိများကို လူမှုအသိုင်းအဝိုင်း၏လိုအပ်ချက်ကိုပေးဝေရန်ခွင့်ပြုချက်မရရှိပေ။ စခန်းအချုပ်တွင်းရှိ အသုံးအဆောင်များသည် အကျဉ်းသားထားရာအခန်းနှင့်ပိုမိုတူစေပြီးကြာရှည် ချုပ်နှောင်ရန် သင့်တော်သောနေရာမဟုတ်ပေ။ ကြီးမားသောလျော်ကြေးပေးဆောင်ရခြင်းသည် စခန်းအတွင်း၌သင့်တော်သောအရာမဟုတ်ပါ အဘယ်ကြောင့်ဆိုသော် လူအနည်းငယ်စုမျှသာ ပေးဆောင်နိုင်ခြင်းကြောင့်ဖြစ်သည်။

အချို့ဒုက္ခသည်များတင်ပြတောင်းဆိုမှုအရ အင်အားနည်းအုပ်စုဖြစ်သော အမျိုးသမီးများ၊ ဆင်းရဲသားများနှင့် တိုင်းရင်းသားလူအနည်းစုများ အတွက် စခန်းတရားရေး ဖွဲ့စည်းပုံသည် ၎တို့အတွက် ကျေနပ်ဖွယ်ကောင်းသည့် ကာကွယ်မှု မပေးနိုင်ပေ။ ပြစ်မှုဖြစ်ပွားပြီးနောက်ပိုင်း ဖြစ်စဉ်အများစုတွင် ပြစ်မှုကျူးလွန်ခံရသူသည် ရွေးချယ်ရန်လမ်းမရှိ၍ ပြစ်မှုကျူးလွန်သောသူ၏အနီးနားပတ်ဝန်းကျင်တွင် နှစ်နှင့်လချီကာနေထိုင်ရခြင်းဖြစ်သည်။

မှုခင်းအများစုမှာ ပြစ်မှုကျူးလွန်သူအနေဖြင့်၎တို့ကျူးလွန်သောပြစ်မှုအလိုက် ထိုက်တန်သောပြစ်ဒဏ်ကိုမရရှိခြင်း သို့မဟုတ် တိကျသောပြစ်ဒဏ်ခံရခြင်းမရှိနှင့် လွတ်မြောက်သွားခြင်းဖြစ်သည်။ တစ်ချို့သောအခြေအနေမှာ အကြမ်း ဖက်မှုကိုကိုင်တွယ်ဖြေရှင်းရန်အတွက် စခန်းခေါင်းဆောင်များသည် အရည်အချင်းနည်းပါးခြင်းကြောင့်နှင့် ပြစ်မှုများ ကို ဒုက္ခသည်အသိုင်းအဝိုင်းအတွင်း၌သာ ပို၍နှစ်သက်ပြီး စခန်းအတွင်း၌ရှိသော အတိုက်အခံ တိုင်းရင်းသားအုပ်စု ကိုယ်စားလှယ်ထံသို့သာ အမှုကိုလွှဲပြောင်းခြင်းတို့ဖြစ်သည်။ တစ်ခါတစ်ရံ ၎အုပ်စုတို့၏ လုပ်ဆောင်မှုမှာ စခန်းခေါင်းဆောင်များ၏စီရင်ဆုံးဖြတ်မှုအပေါ် ကျေနပ်မှုမရှိသော စခန်းတွင်းနေထိုင်သူများအတွက် ရပ်တည်ပေးရန်ဖြစ်သည်။

အိမ်ရှင်အစိုးရ၏ တရားရေးဖွဲ့စည်းမှုပြဋ္ဌာန်းချက်များကို တကယ့်လက်တွေ့တွင် လက်ခံကျင့်သုံးရန် အခက်အခဲရှိသောကြောင့် စခန်းအဖွဲ့အစည်းများမှ ၎တို့၏မဲဆရှင်များသို့ တရားမျှတမှုပေးနိုင်ရန် ကြိုးစားလုပ်ဆောင်လျှက်ရှိသည်။ လေ့လာစစ်ဆေးမှု၏စီရင်ခံချက်အရ စခန်းအတွင်း ဒုက္ခသည်များ၏တုန့်ပြန်မှုမှာ ၎တို့အနေဖြင့် ထိုင်းဥပဒေစနစ်ကိုကျင့်သုံးရာတွင် အဟန့်အတားအမျိုးမျိုးရှိသည်။ ၎အချက်များမှာ ဘာသာစကားအခက်အခဲ၊ သွားလာရေးအခက်အခဲ၊ တုံ့ပြန်မှုကိုကြောက်ရွံ့ခြင်းစသော ရဲတို့၏တုံ့ပြန်မှုနှင့် ဥပဒေစနစ်ကိုနားမလည်ခြင်းတို့ဖြစ်သည်။ အကယ်၍၎တို့၏အမှုအခင်းကို စခန်းပြင်ပသို့တင်ပြပါက လူ့အသိုင်းအဝိုင်း၏ငြင်းပယ်မှု သို့မဟုတ် ရှက်ကြောက်မှုတို့ကြောင့်ဖြစ်သည်။ ထို့အပြင် အချို့သော စခန်းအမှုဆောင်အရာရှိများသည် အမှုအခင်းကို စခန်းပြင်ပသို့ဖြေရှင်းရန်အတွက် ငြင်းပယ်၍ ခွင့်ပြုလိမ့်မည်မဟုတ်ပေ။ အချို့သောထိုင်းအရာရှိအနေဖြင့်လည်း အလုပ်အခြေအနေကြောင့် သို့မဟုတ် အလုပ်တာဝန်များကြောင့် တရားစီရင်ခြင်းကို ပြတ်သားစွာလုပ်ဆောင်ရန် ဝန်လေးနိုင်ဖွယ်ရှိသည်။

စခန်းအသီးသီးမှ အာဏာရှိသူများသည် ၎တို့၏ တာဝန်နှင့်အခန်းကဏ္ဍဖြစ်သည့် ပြဿနာများအား ဖော်ထုတ်အဖြေရှာရန် အားနည်းပြီး အချို့မှာ လုပ်ငန်းတာဝန်ထပ်နေကြသည်။ စခန်းအတွင်း နေထိုင်သူများသည်လည်း စခန်းတရားစီရင်ပိုင်ခွင့်နှင့် ထိုင်းတရားရေးစနစ်တို့၏ ပိုင်းခြားသတ်မှတ်မှု အကြားရှင်းလင်းကွဲပြားမှုမရှိပါ။ ဤအကြောင်းအရာ ကိစ္စနှင့်ပတ်သက်၍ အစည်းအဝေးများနှင့် ညှိနှိုင်းဆွေးနွေးပွဲများအရ ထိုင်းအာဏာရှိသူများသည် အမျိုးသားတရားစီရင်ရေးစနစ်ကို ပြင်းထန်သော အမှုအခင်းများ၏ တရားစွဲဆိုခြင်းများအပေါ်သာ အာရုံစိုက်အာဏာသုံးစေသည်။ စခန်းတရားရုံးကိုမူ အရပ်သားအငြင်းပွားမှုပြဿနာများနှင့် သေးငယ်သည့်ပြစ်မှုများကိုသာ ကိုင်တွယ်ဖြေရှင်းစေသည်။

မည်သို့ပင်ဖြစ်စေကာမူ လိုအင်ဆန္ဒ၏ရလဒ်နှင့် ဖြစ်နိုင်ခြေတို့အကြားကွာဟမှု ရှိပါသည်။ စခန်းအတွင်းနေထိုင်သူ များသည်အငြင်းအခုံပြဿနာများ၏ ဖြေရှင်းရာတွင်လည်းကောင်း၊ လူသတ်မှုကဲ့သို့ပြင်းထန်သောပြစ်မှုများကိုပင် စခန်းတရားရုံး၌သာ ဖြေရှင်းကြရန်ပိုမိုနှစ်သက်ကြသည်။ သို့သော် လူသတ်တရားခံများအတွက် အချို့သူများ ၏ အမြင်သို့မဟုတ်တုံ့ပြန်မှုမှာ ၎အားသင့်တော်သော အပြစ်ပေးမှုမှာ ထောင်ဒဏ် ၁၀နှစ်မှအထက် သို့မဟုတ် သေဒဏ်အထိဖြစ်သည်။ ၎ကဲ့သို့အပြစ်ပေးမှုများကို စခန်းတရားရုံးစနစ်မှ မစီရင်နိုင်သော်လည်း ထိုင်းအာဏာပိုင် များ၏ ဥပဒေနှင့်သော်လည်းကောင်း၊ နယ်စပ်ဖြတ်ကျော်လက်နက်ကိုင်လူမျိုးစုများ၏ အာဏာဖြင့်သော်လည်း ကောင်း ဖြေရှင်းလျက်ရှိသည်။

စခန်း၏အုပ်ချုပ်မှုဖွဲ့စည်းပုံသည်တရားဥပဒေအတွင်း ပဋိပ္ခဖြစ်စေ၊ ကလေးငယ်များအားမုဒိန်းမှုနှင့် မုဒိန်းကြံစည်မှု တို့အတွက် စီရင်ရန် ပြည့်စုံသောအနေအထားမရှိပေ။ ကျားမဆိုင်ရာ




တရားဝင်ကူညီထောက်ပံ့မှုပေးအပ်သည့်ဌာနချုပ်လုပ်ငန်းများနှင့်ထိုင်းဥပဒေအပေါ် တိုးမြှင့်သတိမူလာစေရေးကဏ္ဍဆွေးနွေးပွဲ၊ မယ်လစခန်း၊ ထိုင်းနိုင်ငံ

အကြမ်းဖက်မှုကြောင့် သေကံမရောက် သက်မပျောက် ပြုကျင့်ခံရသူများသည်ပင်လျှင် တစ်ခါတရံတရားမျှတမှုနှင့် ဖျောင်းဖျမှုမရနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် စခန်းအရာရှိအမှုဆောင်များသည် တရားစီရင်ရေးအပေါ် တုန့်ပြန်မှုနှင့် လုပ်ပေးနိုင်စွမ်းနည်းပါးခြင်းတို့ကြောင့် လည်းကောင်း၊ လူမှုအသိုင်းအဝိုင်းမှလည်း ပြေလည်မှုနှင့် ညှိနှိုင်းမှုကို ရှေးရှုသောကြောင့်လည်းကောင်း၊ အမျိုးသမီးများအနေနှင့် ကျေနပ်ဖွယ်ရာမရှိသော တရားစီရင်ရေး ရလဒ်ကို လက်ခံရန်ဖိအားပေးခံကြရသည်။

ထို့နည်းတူ အနည်းစုဖြစ်သော လူမျိုးစုများသည်လည်း ခြုံငုံ၍နားလည်ပေးရခြင်း၊ စခန်းတရားစီရင်ရေးနှင့် ဖွဲ့စည်းပုံ ၏မျှတမှုနှင့် ထိရောက်မှု စသည့်အမျိုးမျိုးသော အတွေ့အကြုံများနှင့်ရင်ဆိုင်ရလျက်ရှိသည်။ အများစုဖြစ်သော လူမျိုးစုမှလည်း လူနည်းစုကို လွှမ်းမိုးလျက်ရှိသည်။

## နိဂုံးချုပ်

ယခုလေ့လာသုံးသပ်ချက်များသည် ဒုက္ခသည်စခန်းခေါင်းဆောင်များ၏ အုပ်ချုပ်မှုအားနည်းချက် ဟုမဆိုလိုပါ။ အမှန် တကယ်နမူနာများစွာရရှိသည့် ဖျန်ဖြေမှုတစ်လျောက် အသုံးပြုသော ထိရောက်သည့်နည်းစဉ်များဖြစ်သည် ။နှစ်ဦး နှစ်ဖက် အပြန်အလှန်နားလည်မှုရရန်ကူညီခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ ထိကျရှင်းလင်းသော လမ်းညွှန်မှုများ သို့မဟုတ် စံနှုန်းများမရှိပါက ပြဿနာတစ်ခုမှတစ်ခု ကြီးစွာကွာဟမှု၊ ဖျန်ဖြေသူနှင့် တရားစီရင်ရေးအရာရှိ များအကြား ကွာဟမှုရှိနေပေအုံးမည်။ စိတ်ထဲ၌ဖြစ်ပေါ်သောအရာကား ယခင်ဒုက္ခသည်ခေါင်းဆောင်များသည် ပြင်ပအားကိုးအားထားအနည်းငယ်သာရှိခြင်း၊ စခန်းအတွင်းတရားမျှတစွာ အုပ်ချုပ်နိုင်ရန် အထောက်အပံ့ပေးမည့် နည်းစနစ်နှင့် အထောက်အကူပစ္စည်းနည်းပါးခြင်း၊ သတ်မှတ်ထားသည့်လူမှုအသိုင်းအဝိုင်းတွင် ပြဿနာအား ကိုင်တွယ်ဖြေရှင်းရာတွင် ရှုပ်ထွေးမှုနှင့် ပတ်ဝန်းကျင်တို့မှ တုန့်ပြန်ကာကွယ်မှုတို့ကို ခံရလျက်ရှိသည်။

အိုင်အာရ်စီ (နိုင်ငံတကာကယ်ဆယ်ရေးကော်မတီ)အနေဖြင့် စခန်းအတွင်းဝင်ရောက်လုပ်ကိုင်ခွင့်ရသည့် အချိန်ကတည်းကစ၍ အဓိကအနေဖြင့် လေ့လာသုံးသပ်ချက်တွင် ဖော်ပြသည့်ဟာကွက်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့မှာ ဥပဒေနှင့်ပတ်သက်သည့် အကြံပေးမှုထောက်ပံ့ခြင်း၊ ဖျန်ဖြေမှုနှင့် ခုံသမာဓိဖြင့်စီရင်ခြင်းဆိုင်ရာ ခေါင်းဆောင်သင်တန်းများ ပေးခြင်း၊ ထိုင်းဥပဒေနှင့်ပတ်သက်၍ တိုးမြှင့်သင်တန်းများပေးခြင်း၊ လူငယ်များအတွက် နိုင်ငံသားနှင့်ဆိုင်သောပညာရေး၊ လုံခြုံရေးအရာရှိများနှင့် တရားစီရင်ရေးအတွက်လိုအပ်သော အထောက်အကူပစ္စည်းများနှင့် နည်းပညာများထောက်ပံ့ခြင်း၊ ဥပဒေနှင့် အခွင့်အရေးဆိုင်ရာတို့ကို ထိုင်းလုံခြုံရေးလုပ်အားပေးများသို့ သင်တန်းပေးခြင်းနှင့် စခန်းအတွင်းရှိ တရားစီရင်ရေးဆိုင်ရာ ကော်မတီအား လူမှုအသိုင်းအဝိုင်းဖွံ့ဖြိုးတိုးတက်မှုနှင့် အစီအစဉ်တကျဆောင်ရွက် ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်၍ ဤလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ကြရန် ကမ်းလှမ်းသူအများအပြားရှိလာပြီး ၎င်းတို့၏ကမ်းလှမ်းမှုလက်ခံလျက် စိတ်အားထက်သန်စွာ ထောက်ပံ့မှုတို့ လုပ်ဆောင်လျက် ရှိသည်။

*ဂျိုအယ် ဟာဒင်း* ***(joel.harding@theirc.org)****သည် ဥပဒေအထောက်အကူပြုဌာန၏ ဌာနေကိုယ်စားလှယ် ဖြစ်သည်။ ရှိန်းစကဲလုံး* ***(shane.scanlon@theirc.org)*** *သည် နိုင်ငံတကာကယ်ဆယ်ရေးကော်မတီ၊ ထိုင်းနိုင်ငံ* ***(www.theirc.org/where/the_irc_in_thailand.html)****၏ ဥပဒေအထောက်အကူပြုဌာန၏ မန်နေဂျာဖြစ်သည်။ ရှောင်လီးစ်၊ ကာစွန် ဘောကာ နှင့် အိုင်လီလင်းမ် တို့သည် ထိုဌာန၏ သုတေသနအလုပ်မှုဆောင်အဖြစ် ဆောင်ရွက်ခဲ့ကြသည်။*

၁ ယခင်ကအီတလီအစိုးရနှင့်ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှထောက်ပံ့ခဲ့သည်။ ယခုအခါ ကုလသမဂ္ဂ ဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံးအပြင် Austcare\DIAC ဩစတြေးလျလူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားသတ်မှတ်ရေးဌာနမှ ပူးပေါင်းထောက်ပံ့ကြသည်။

# ထိုင်းနိုင်ငံတွင်မမြင်ရသူ ကာကွယ်စောင့်ရှောက်ရေး လိုအပ်ချက်မှတ်တမ်းတင်ခြင်း

မာဂရက် ဂရင်း၊ ကရင် ဂျက်ကောဘ်ဆန်နှင့် စန္ဒီပိုင်း

နိုင်ငံတကာကယ်ဆယ်ရေးကော်မီတီ IRC က ထိုင်းနိုင်ငံနယ်စပ်ဒေသများ တွင်နေထိုင်သည့် မြန်မာလူမျိုးတို့၏ အတွေ့အကြုံများအား မှတ်တမ်းပြုစုရန် စာရင်းကောက်ခံချက်တစ်ခု ချမှတ်လုပ်ဆောင်၍ ၎တို့အနေနှင့် ဒုက္ခသည်များအဖြစ် နိုင်ငံတကာကာကွယ်စောင့်ရှောက်မှုနှင့် ထိုက်တန်သည့်အတိုင်းအဆအား အကဲဖြတ်ခဲ့သည်။

နိုင်ငံတကာကယ်ဆယ်ရေးကော်မီတီ International Rescue Committee (IRC) အနေနှင့် နိုင်ငံတကာ ကာကွယ်စောင့်ရှောက်မှုနှင့် သင့်လျော်ထိုက်တန်သည့် ထိုင်းနိုင်ငံတွင်နေထိုင်ကြသည့် မြန်မာအရည်အတွက်မှာ သိသာထင်ရှားလှသော်လည်း ၎တို့အနေနှင့် ပုံမှန်မှတ်ပုံတင်စာရင်း ပေးသွင်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ခွင့် မရရှိကြပေ။ ထိုင်းနိုင်ငံတွင်းသို့ ဝင်ရောက်လာသည့် မြန်မာလူမျိုးတို့အတွက် ကြည်လင်မှု၊ အကြင်နာတရားနှင့် ပြည့်ဝသည့်ခိုလှုံခွင့်ပေးရေးမှု ကင်းမဲ့သည့်အနေအထားတွင် အခြေအနေအမျိုးမျိုးတို့ဖြင့် မြန်မာနိုင်ငံမှထွက်ပြေး၍ ဝင်ရောက်လာသည့် ဒုက္ခသည်အုပ်စုအတွင်း တရားဝင်ဒုက္ခသည်ရာခိုင်နှုန်းသတ်မှတ်ရန်မှာ ဖြစ်နိုင်ခြေမရှိသည့် ကိစ္စဖြစ်သည်။ မည်သည့်အတွက် မြန်မာနိုင်ငံမှထွက်ပြေးလာရသ ည်ဆိုသည့် အကြောင်းပြချက်မှတ်တမ်းမှတ်ရာ ချို့တဲ့ခြင်းက ထိုင်းအာဏာပိုင်တို့ အား ဒုက္ခသည်စခန်းပြင်ပတွင်နေထိုင်သည့် မြန်မာလူမျိုးတို့အား စီးပွားရေးအရ ဝင်ရောက်လာသူများအနေနှင့်ဆက်ဆံ၍ ပြန်လည်နှင်ထုတ်ခံရမည့် ဆင်ခြေပေးလုပ်ဆောင်မှု တို့အား ထောက်ပံ့နေသည်။ ထိုင်းနိုင်ငံတွင်နေထိုင်သည့် မြန်မာတို့နှင့် ပတ်သက်၍ အလုပ်လုပ်နေကြသည့် ဌာနအဖွဲ့အစည်းများက ၎တို့ကိုယ်စား ကုတ်အားအနေနှင့် ထောက်ခံပေးရန်မှာလည်း အားနည်းနေပေသည်။

၁၉၈၈ ကတည်းက ရာဇဝတ်မှုကြူးလွန်ရာရောက်သည်ကို သိလျက်နှင့် ခွင့်ပြုချက်မရရှိဘဲ မြန်မာနိုင်ငံသား တစ်သန်းကျော် နိုင်ငံတွင်းမှထွက်ခွာခဲ့ကြသည်။ ကမ္ဘာမြေပေါ်ရှိ ဖိနှိပ်ညှဉ်းဆဲမှု အများဆုံးနိုင်ငံထဲရှိ တစ်ခုမှ ထွက်ပြေးခဲ့ကြသည်ဖြစ်သော် ငြားလည်း ထိုင်းနိုင်ငံရှိ မြန်မာအများစုတွင် တရားဝင်အသိအမှတ်ပြုအဆင့်အတန်း မရှိခြင်း သို့မဟုတ် ယာယီ ရွှေ့ပြောင်းအလုပ်သမားအဆင့်အတန်းသာရှိခြင်းတို့ဖြင့် နေထိုင်ကြရသည်။ ထိုင်းအသိုင်းအဝိုင်းနှင့် ဝေးသည့် အစွန်အဖျားတို့တွင်နေထိုင်ကြ၍ မကြာခဏ မသွိကြေးပေး၍ ရောင်းစားခံရခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းတို့အန္တရာယ်ကြား လုံခြုံမှုမရှိသည့် အနေအထားတွင် နေထိုင်ကြရသည်။ လက်မှတ် အထောက်အထားမရှိသည့် နိုင်ငံခြားသားအားလုံး (ခိုလှုံခွင့်ရရှိရေးလိုအပ်သူမျ ားအပါအဝင်) တရားမဝင် ခိုးဝင်လာသူများဒ ဟု သတ်မှတ်ထားသည့် ထိုင်းနိုင်ငံ၏ ၁၉၇၉ လူဝင်မှု ကြီးကြပ်ရေးဥပဒေပုဒ်မအရ နှင်ထုတ်ခံရမည်ဖြစ်သည်။ ထိုင်းနိုင်ငံ၏ ပြင်းထန်သည့် နှင်ထုတ်သည့်မူဝါဒများက ၁၉၅၁ သဘောတူညီချက်အား ဖောက်ဖျက်သည်သာမက နိုင်ငံအားလုံးအားချမှတ်ထား၍ ခိုလှုံရေးရှာဖွေသူအား အခြေအမြစ်ရှိသည့် အခြေအနေတွင် နှိပ်စက်ညှဉ်းပမ်းခံရမည်စိုးရိမ်ရသည့် နိုင်ငံသို့မဟုတ် ပိုင်နက်သို့ ပြန်ပို့ခြင်းတားမြစ်ထားသည့် အသက်အန္တရာယ်နှင့် လွတ်လပ်မှုအားချိန်းခြောက်နေသည့် နေရပ်အား ပြန်လည်မပို့ ဆောင်ရေး စည်းကမ်းကိုလည်း ဖောက်ဖျက်နေပေသည်။

အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ ဆွီဒင်၊ နော်ဝေနှင့် အခြားနိုင်ငံများက မြန်မာနိုင်ငံသားများစွာတွင် ယုံကြည်ရလောက်၍ အခြေအမြစ်ရှိသည့် နှိပ်စက်ညှဉ်းပမ်းမှု တို့အား နိုင်ငံတကာဒုက္ခသည်အဓိပ္ပါယ်ဖွင့်ဆိုမှုအရ ပြည့်စုံမှုရှိ၍ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် ရွှေ့ပြောင်းအခြေချခွင့်ပြုရေးတို့အတွက် ဆုံးဖြတ်ထားကြသည်။ သို့ သော် ထိုင်းအစိုးရက ခွဲခြားသတ်မှတ်မှုနှင့် ဒုက္ခသည်များအားဆက်ဆံရေးတို့အား နိုင်ငံတကာတရားဝင်အဆင့်အတန်းများ အတိုင်းစီမံခန့်ခွဲရေး လက်ခံအသိအမှတ်ပြုရေးအား တွင်တွင်ငြင်းဆိုနေ၍ ယင်းအစား အရံအဆင့်အတန်းပုံစံများနှင့် ထိုင်းနိုင်ငံတွင်းပိုင်နက် ကျူးလွန်မှုအဖြစ် ရှုမြင်ခြင်း သို့မဟုတ် သတ်မှတ်ချက်များအဖြစ် အမျိုးသားရေး အကျိုးစီးပွားနှင့် ဆန့်ကျင်သည့်အနေအထားအတိုင်းအဖြစ်သည်ဟု အမြင်ရှိသည်။ ၁၉၅၁ သဘောတူစာချုပ်အား ထိုင်းနိုင်ငံအနေနှင့်လက်မှတ်ထိုးထားခြင်းမရှိသည်သာမက ဒုက္ခသည်အဖြစ်သတ်မှတ်ရေး ကန့်သတ်ချက်ပေးနိုင်သည့် ပြည်ထဲရေးဥပဒေပြဋ္ဌာန်းထားရှိမှု နှင့် တရားဝင်ဒုက္ခသည်တို့တိုးပွားလာမည့် အခွင့်အလမ်းနှင့် ကိုက်ညီသည့် အကောင် အထည်ဖော်ဆောင်ရွက်ခြင်းလည်းမရှိပေ။ ‘စစ်ပြေး’ မြန်မာလူမျိုးတို့အတွက် ၎င်း၏နယ်စပ်တလျှောက် မည်ကာမတ္တဖြစ်သည့် စခန်းများအား တည်ဆောက်ခွင့် ပေးခဲ့သော်လည်း ထိုင်းနိုင်ငံတွင်ရှိသည့် ဆယ်ယောက်တစ်ယောက်ပင်မရှိသည့် မြန်မာလူမျိုးအရည်အတွက်လောက်သာ ထိုစခန်းများသို့ဝင်ရောက်နိုင်ကြသည်။ စခန်းများက တိကျသည့် လူနည်းစုအုပ်စုအားလုံးကို ချန်လှပ်ထား၍ မျှတမှုနည်းပါး၍ ခွင့်ပြုရေးဘုတ်အဖွဲ့ အား လုပ်ပိုင်ခွင့်အပြည့်နှင့် အသစ်ရောက်ရှိလာသည့် မြန်မာလူမျိုးတို့အား စစ်ဆေးခွင့်ပြုမှု များ ဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး အနေနှင့် ပုဂ္ဂိုလ်ရေးသတ်မှတ်ဆုံးဖြတ် ဆောင်ရွက်သည့် လူတွေ့စစ်ဆေးမှုတို့အား ဘန်ကောက်မြို့ တော်တွင် ယခင်က ဆောင်ရွက်ခဲ့သည့် ကန့်သတ်မှုအခြေခံဘောင်အတွင်းမှ ဆောင်ရွက်မှု မျိုးအား လုပ်ကိုင်ဆောင်ရွက်ခွင့်မရတော့ချေ။

မှန်ကန်တိကျသည့် အချက်ဖြင့် ကျောထောက်နောက်ခံအားပေးမှုများအတွင်း ၅၂ အနေနှင့် တဲ့ဖ်စ် တက္ကသိုလ်မှ ကရင် ဂျက်ကောဘ်ဆန်နှင့် ပူးပေါင်းဆောင်ရွက်မှုအရ ထိုင်းမြန်မာနယ်စပ် ဒေသသုံးခုရှိ ဒုက္ခသည်စခန်းပြင်ပတွင် နေထိုင်ကြသည့် မြန်မာနိုင်ငံသားတို့ အပေါ် စာရင်းကောက်ခံမှုတစ်ခု ချမှတ်ဆောင်ရွက်ခဲ့သည်။ ထိုဒေသများမှာ ချင်းမိုင် (ဖဇင်းမယ်)၊ မယ်ဟောင်ဆောင်နှင့် မဲဆောက်ဒေသတို့ဖြစ်သည်။ ထိုကောက်ခံမှုက ထိုဒေသသုံးခု၏ မွေးသေစာရင်းနှင့် လူမှုစီးပွားရေး မူရင်းအခြေအနေတို့၏ ထင်ရှားကွဲပြားမှု တို့အား ဖော်ထုတ်ခဲ့သည်။ အလျှဉ်းသင့်သလိုနမူနာပြုသည့်နည်းဖြင့် ဖြေကြားမည့်သူတို့ အားရွေးချယ်ခဲ့၍ လူတွေ့အင်တာဗျူးများအား

(က) မြန်မာနိုင်ငံမှအတွေ့အကြုံ – အိမ်မှထွက်ခွာခဲ့ရသည့်အကြောင်း၊ ပဋိပက္ခနှင့်စပ်လျဉ်းသည့် ရက်စက်မှုများအား တွေ့ကြုံရခြင်းရှိမရှိနှင့် ထိုင်းနိုင်ငံသို့မရောက်ရှိမီ မြန်မာနိုင်ငံတွင်း စစ်ပြေး ဒုက္ခသည်ဖြစ်ခဲ့ရခြင်းရှိမရှိနှင့်

(ခ) မြန်မာပြည်သို့ပြန်နိုင်ရေး လူပ်ရှားလုပ်ဆောင်မှုများ၊ လူသားခြင်းစာနာ၍ ပေးအပ်လာသည့် အကူအညီများရရှိမှုနှင့် ထိုင်းအာဏာပိုင်တို့၏ ဆက်ဆံမှုတို့ပါဝင်သည့် ထိုင်းနိုင်ငံအတွေ့အကြုံတို့အား မေးမြန်းခဲ့သည်။

မိမိတို့အနေနှင့် မြန်မာနိုင်ငံမှထွက်ခွာလာခဲ့ရခြင်း အတွက် အကြောင်းပြချက်များအား လေးခုခွဲခြားထားသည်။

- ပဋိပက္ခနှင့်ဆက်နွယ်သည့် အကြောင်းပြချက် ။ ။ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သည့်နည်းဖြင့် တွေ့ကြုံရသည့် ရက်စက်မှု၊ နှိပ်စက်ညှဉ်းပမ်းမှု၊ အဓမ္မလုပ်အားပေးစေခိုင်းမှု သို့မဟုတ် လက်နက်ကိုင် ပဋိပက္ခတို့ကြောင့်။
- စီးပွားရေးအကြောင်းပြချက် ။ ။ အလုပ်ရှာဖွေရန်လာရောက်ခြင်း မျှသာဖြစ်သည့် စီးပွားရေးအရင်းခံပြဿနာကြောင့်။
- ပညာရေး သို့မဟုတ် မိသားစုရေး အကြောင်းပြချက် ။ ။ ဆွေမျိုးများရှိရာသို့ လိုက်လာလိုသည့်အတွက် မြန်မာနိုင်ငံမှထွက်ခဲ့ခြင်း သို့မဟုတ် ၎တို့၏ ကလေးများပညာရေးအခွင့်အရေး မျှော်လင့်ချက်ကြောင့်။
- အခြားအကြောင်းပြချက်များ (အထက်ပါကိစ္စများမှလွဲ၍)

## မြန်မာနိုင်ငံမှအတွေ့အကြုံ

ဖြေဆိုသူအများစုက ထွက်ပြေးခဲ့ရခြင်းအကြောင်းရင်းများစွာကို ပြောပြခဲ့ကြသည်။ ထိုသူတို့ အနေနှင့် ပဋိပက္ခနှင့်ဆက်နွယ်သည့် အကြောင်းပြချက်ပေးပါက မိမိတို့အနေနှင့် ထိုပုဂ္ဂိုလ်တို့၏ စိုးရိမ်ကြောက်ရွံ့မှုအဖြစ် ကောက်ချက်ချ၍ မရှိမဖြစ်လိုအပ်သည့် ဒုက္ခသည်ခွဲခြားသတ်မှတ်မှု အစိတ်အပိုင်းအဖြစ် လက်ခံသည်။ စမ်းသပ် စစ်ဆေးမေးမြန်းချက်များ လုပ်ဆောင်စဉ်တွင် ဖြေဆိုသူများက ၎တို့၏နိုင်ငံရေးအမြင်များ သို့မဟုတ် တိကျသည့် မြန်မာနိုင်ငံတွင်လုပ်ဆောင်ခဲ့သည့် လှုပ် ရှားမှုတို့အား နအဖသိရှိသွား၍ ကျန်ခဲ့သည့် မိသားစုဝင်များအား ဒုက္ခပေးမည်စိုး၍ ဖြေဆိုချင်မှ ဖြေဆိုမည်ဖြစ်သည်ကို ရှင်းလင်းသဘောပေါက်လာခဲ့ရသည်။ ဤခေါင်းစဉ်ရှိ ဖြည့်စွက်ချက်များ ထည့်သွင်းရာတွင် အဖြေရှာမှုအားတန်ဘိုးတက်စေမည်ဖြစ်သော်လည်း လူကျင့်ဝတ်အား သွေဖယ်သည့် နိုက်နို က်ချွတ်ချွတ် သက်သေပြမှုဖြစ်သည်ဟု မှတ်ယူသည်။ ဤတွန့်ဆုတ်မှုဖြင့် မိမိတို့ရရှိသည့် အဖြေများတိမ်းချော်ကာ မိမိတို့ပြောစေချင်သည့် ရက်စက်မှုနှင့် ပဋိပက္ခအတွေ့အကြုံထက် ၎တို့က ပိုမိုအတွေ့အကြုံပိုများသည့်အခြေအနေ ဖြစ်နေပေမည်။

မိမိတို့၏ရှာဖွေမှုများက ထိုင်းနိုင်ငံတွင် တရားဝင်ကာကွယ်စောင့်ရှောက်မှုတစ်စုံတရာမရှိသည့် မြန်မာလူမျိုး အရည်အတွက်လွန်များနေ၍ ၎တို့၏ ဒုက္ခသည်အဆင့်အတန်းအား စုံစမ်းမေးမြန်းရန် အကြံပြုခဲ့သည်။ ထို့ပြင် မြန်မာလူဦးရည်အနည်းစုသာ ခိုင်လုံသည့်




ထိုင်းနိုင်ငံရှိ မြန်မာ ရွှေ့ပြောင်း အလုပ်သမ တစ်ဦး

ဒုက္ခသည်အထောက်အထားရှိ၍ တဆက်တည်းဖြစ်သည့် ထိုင်းအစိုးရ သို့မဟုတ် နိုင်ငံတကာအကူအညီပေး ဌာနအဖွဲ့အစည်းတို့၏ အကူအညီနှင့် ကာကွယ်စောင့်ရှောက်မှုတို့ကို အမှန်တကယ်ရရှိသူ ရှိသည်။

ထိုတွေ့ရှိချက်တို့က ထင်ရှားသည့်တိုင်းရင်းသားအရည်အတွက်နှင့် ဘာသာအယူဝါဒများက ထိုင်းနိုင်ငံတွင် ပေါ်ပေါက်နေသည့် ဖိစီးနှိပ်စက်မှုတို့အား ရှည်ကြာစွာ ကြုံကြုံခံနေရကြောင်း ပြသခဲ့သည်။ ဥပမာ – ချင်းမိုင်မှ ဖြေဆိုသူ ၆၄ ရာခိုင်နှုန်းက ၎တို့၏ ယုံကြည်သည့်ဘာသာတရားမှာ ခရစ်ယန်ဘာသာဖြစ်ကြသည်။ ထင်ထင်ရှားရှား ပဋိပက္ခ၏ထိခိုက်မှုခံရသည့် ဒေသများတွင် မြန်မာနိုင်ငံသားတို့အနေနှင့် အကာအကွယ်မဲ့ နေထိုင်ခဲ့ကြပြီးဖြစ်သည်မှာ ထင်ရှားသည်။ ဒေသသုံးခုစလုံးတွင် အများစုက မြန်မာနိုင်ငံကို စွန့်ခွာလာကြရသည့် မြောက်များစွာသော အကြောင်းပြချက်တို့အား ပေးခဲ့သည်။ သို့သော် မဲဟောင်ဆောင်နှင့် ချင်းမိုင်ဒေသနှစ်ခုစလုံးတွင် ဖြေဆိုသူ ၅၀ ရာခိုင်နှုန်းကျော်က စော်ကားနှောက်ယှက်မှု၊ အဓမ္မလုပ်အားပေး သို့မဟုတ် ဖျက်ဆီးခံရခြင်း သို့မဟုတ် သင့်လျော်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့အား ဖိအားပေး၍ အတင်းအကြပ်ပြောင်းလည်းလုပ်ခိုင်းခြင်း သို့မဟုတ် ပိုင်ဆိုင်မှုတို့အား နှောက်ယှက်သိမ်းယူမှုတို့ကြောင့် ထွက်ပြေးလာရခြင်းဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။

ထိုင်းနိုင်ငံသို့လာရောက်ရခြင်းမှာ တိုင်းရင်းသားအရေးနှင့်ပတ်သက်နေကြောင်းထင်ရှားသည်။ မဲဆောက်ဒေသတွင် ဗမာလူမျိုးအများစုက စီးပွားရေးအရ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခဲ့ကြခြင်းဖြစ်၍ ထိုအထဲမှ ၁၅ ရာခိုင်နှုန်းလောက်သာ မြန်မာပြည်တွင်းပဋိပက္ခနှင့် ဆက်နွယ်၍ ရောက်လာကြခြင်းဖြစ်သည်။ အခြား တိုင်းရင်းသား အုပ်စုများက အများအားဖြင့် ပဋိပက္ခကြောင့်ဟု သာဓကပြခဲ့ကြသည်။ ဒေသတစ်ခုခြင်းတွင် အကယ်၍ ၎တို့ကိုယ်တိုင်နှင့် အခြားသူများအပေါ်ကျူးလွန်ခဲ့သည့် မျက်မြင်သက်သေအဖြစ် ရက်စက်မှုအတွေ့အကြုံတို့အားဖော်ပြခဲ့၍ အခြားပြင်းထန်သည့်ညွှန်ပြချက်အနေနှင့် ၎တို့အနေနှင့် ဒုက္ခသည်အကာအကွယ်ပေးအပ်မှုတို့နှင့် ထိုက်တန်ကြောင်း ညွှန်ပြကြသည်။ ရက်စက်ကြမ်းကြုတ်မှု၏ ပစ်မှတ်ထားခံရသူများအနေနှင့် မဲဆောက်တွင် ၂၂ ရာခိုင်နှုန်းနှင့် မယ်ဟောင်ဆောင်ဒေသတွင် ၆၂ ရာခိုင်နှုန်း ရှိသည့်အပြင် ၎တို့က နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့သည့်အတွက်ကြောင့်ဟု မှတ်ယူထားကြသည်။

## ထိုင်းနိုင်ငံအတွေ့အကြုံများ

ထိုဒေသအားလုံးမှ ဖြေဆိုသူတို့၏ မိသားစုဝင်များမှာ ၎တို့နှင့် အတူရှိနေကြသူများဖြစ်သည်။ လူနည်းစုသာလျှင် ဒုက္ခသည်စခန်းများအတွင်း နေထိုင်ကြ၍ ဒေသတိုင်း၏ လူဦးရေ ၈၀ ရာခိုင်နှုန်းက မည်သည့် ကူညီစောက်ရှောက်မှုကိုမျှ ရရှိခြင်းမရှိကြပေ။ မြန်မာနိုင်ငံသို့ မကြာခဏပြန်ပို့ခံရမည့်အရေးက အခြားပြောဆိုကြသည့် ဇာတိမြေတို့၏ အခြေအနေအပေါ် ရွှေ့ပြောင်းဝင်ရောက်ခဲ့သူများ၏ အခြေခံကြောက်ရွံ့မှုဖြစ်သည်။ မယ်ဟောင်ဆောင်နှင့် ချင်းမိုင်ရှိ အများစုနှင့် မဲဆောက်ဒေသရှိ လူဦးရည် ၅၂ ရာခိုင်နှုန်းက လုံးဝပြန်သွားရန် မကြိုးစားကြသူများဖြစ်ကြသည်။ ချင်းမိုင်တွင် ဖြေဆိုသူ ၃၈ ရာခိုင်နှုန်းက ၎တို့ပြန်လိုသည့်ဆရှိသည့်တိုင် မြန်မာပြည်သို့ပြန်သွားရန် ဖြစ်နိုင်ခြေမရှိကြောင်း ဆိုခဲ့ကြသည်။

ရွေးချယ်ခွင့်ရှိမည့် ခိုင်မာသည့်ရလာဒ်များအတွက် အကျိုးစီးပွားအတိုင်းအတာဆိုင်ရာ ကြိုးစားမှု မယ်ဟောင်ဆောင်နှင့် ချင်းမိုင်တို့မှ ဖြေဆိုသူတို့အနေနှင့် မည်သည့်ဒေသသို့ဖြစ်စေ ရွှေ့ပြောင်းနေရာချလိုသည့် ဆရှိကြောင်း ဖော်ထုတ်ခဲ့ကြသည်။ ချင်းမိုင်တွင် နောင်လာမည့် သုံးနှစ်တာအတွင်း မည်သည့်နေရာတွင် နေထိုင်လိုကြောင်း မေးသည့်အခါ ၄၄ ရာခိုင်နှုန်းက တတိယနိုင်ငံတစ်ခုခုတွင်နေထိုင်လိုကြောင်း နှင့် ၂၇ ရာခိုင်နှုန်းကမူ ထိုင်းနိုင်ငံတွင်သာနေလိုကြ၍ ၂၆ ရာခိုင်နှုန်းသော ဖြေဆိုသူတို့က မြန်မာနိုင်ငံပြန်လိုကြောင်း ပြောခဲ့ကြသည်။

## အကြံပြုချက်

မြန်မာနိုင်ငံသားတိုင်း၏ ကိုယ်တွေ့ဇာတ်လမ်းများမှာ ရှင်းလင်းစွာ ကွဲပြားခြားနားကြသည်။ သို့သော် အတွေ့အကြုံများစွာတို့တွင် တူညီသည့် ပဋိပက္ခကြောင့် ရက်စက်မှု၊ နေရပ်မှမောင်းနှင်ထုတ်မှုတို့ကြောင့် နေရပ်ပြန်ရေးအတွက် စိုးရိမ်ကြောက်ရွံ့ကြသည့် ချိန်းခြောက်မှုတို့အား ဝေမျှခဲ့ကြသည်။ ဤအလားအလာရှိသည့် ဒုက္ခသည်တို့အနေနှင့် နိုင်ငံတကာဒုက္ခသည်အဆင့်အတန်းနှင့်အညီ လုံလောက်သည့် ကူညီစောင့်ရှောက်မှု ရရှိရန် လိုအပ်နေပေသည်။ ထို့ကြောင့် IRC အနေနှင့် အောက်ပါ အကြံပြုချက်တို့အား တင်ပြလိုသည်။

- နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် မရှိမဖြစ်လိုအပ်သည့် စောင့်ရှောက်မှုများအား တရားဝင် (လက်ရှိအသိအမှတ်ပြုထားခြင်းမရှိသည့်တိုင်) တိုးမြှင့်ထောက်ပံ့ပေးရမည်ဖြစ်သည်။ ထိုင်းနိုင်ငံအနေနှင့် တစ်ဦးတည်းအနေဖြင့် မြန်မာဒုက္ခသည်လူထုအား ပုခုံးထမ်းတာဝန်ယူမှု ပြုရမည်မဟုတ်ပေ။

- ထိုင်းနိုင်ငံအနေနှင့် (အသိအမှတ်ပြုခံထားရခြင်းမရှိသေးသည့်) ဒုက္ခသည်များက စော်ကားနှောက်ယှက်မှု၊ ဖမ်းဆီးမှုနှင့် နေရပ်ပြန်ပို့ခံရခြင်းတို့မရှိဘဲ မရှိမဖြစ်လိုအပ်သည့် စောင့်ရှောက်မှုတို့အား ရရှိခံစားရခြင်း ရှိမရှိ တိုးမြှင့် စီစစ်ဆောင်ရွက်ပေးရန်။

- ထိုင်းနိုင်ငံအနေနှင့် အန္တရာယ်ရှိသည့် ပွဲုလ်အနေနှင့် ဦးစွာ ခိုလှုံခွင့်တောင်းဆိုရေး အခွင့်အရေးအား ပွဲုလ်ရေးတောင်းဆိုခွင့် ပေးအပ်ပြီးသည့်တိုင် တရားမျှတမှုနှင့် တင်ပြမှုလုပ်ငန်းစဉ်အတွင်း နေရပ်သို့ပြန်လည်ပို့ဆောင်ခြင်းများအား ဆက်လက်လုပ်ဆောင်ခြင်းမပြုရန်။

- ထိုင်းနိုင်ငံက မျှတ၍ အခွင့်အလမ်းရှိမည့် ဒုက္ခသည်သတ်မှတ်ရေး လုပ်ငန်းစဉ်အား ပွဲုလ်ရေးအရ၎၊ ကြီးမားသည့်အုပ်စုအရ၎ တရားဝင်ဒုက္ခသည်အဖြစ်ဆုံးဖြတ်ရေးအား လုပ်ဆောင် အကောင်အထည်ဖော်ရန်။

- ထိုင်းနိုင်ငံအနေနှင့် အသိအမှတ်ပြုပြီးဒုက္ခသည်များ၏ တရားဝင်အဆင့်အတန်းအား ချီးမြှင့်ထား၍ ထိုအဆင့်အတန်း၏ သက်သေခံအထောက်အထားကို ပေးအပ်ထားရန်။

- ထိုင်းနိုင်ငံက ပြဋ္ဌာန်းထားသည့်အချိန်အတိုင်းအတာအတွင်း ဒုက္ခသည်များ၏ အဆင့်အတန်းအား ထိုင်းနိုင်ငံတွင်း တရားဝင်ပြုလုပ်ပေးရန်နှင့် ထို့ကြောင့် ၎င်းတို့အနေနှင့် အဆုံးတွင် အတည်တကျနေထိုင်သူများနှင့် နိုင်ငံသားများ အဖြစ်ရောက်ရှိလာမည်ဖြစ်သည်။

*မာဂရက် ဂရင်း ရော်အန်ပို့စ်* ***(margaret.green@theirc.org)*** *သည် နိုင်ငံတကာကယ်ဆယ်ရေးကော်မီတီ၏ အုပ်ချုပ်ရေးနှင့် အခွင့်အရေးယူနစ်* ***(www.theirc.org)*** *၏ အကာအကွယ်/တရားရေးဌာန၏ နည်းပညာပိုင်းဆိုင်ရာဦးဆောင်အကြံပေးပုဂ္ဂိုလ် ဖြစ်သည်။ ကရင် ဂျက်ကော့ဘ်ဆန်* ***(karen.jacobsen@tufts.edu)*** *သည် ဖိန်းစတိန်း နိုင်ငံတကာဌာနချုပ်၏ ဒုက္ခသည်နှင့် နေရပ်မှအဓမ္မမောင်းနှင်ထုတ်မှု အကာအကွယ်ပေးရေး စီမံချက်၏ ညွှန်ကြားရေးမှူးဖြစ်သည်။ စန္ဒီပိုင်း* ***(sandee.pyne@thailand.theirc.org)*** *သည် ထိုင်းနိုင်ငံ နိုင်ငံတကာကယ်ဆယ်ရေးကော်မီတီ* ***(www.theirc.org/where/the_irc_in_thailand.html)*** *၏ အကြံပေးအကျိုးဆောင်ဖြစ်ပါသည်။*

*ဤ စစ်တမ်းကောက်ယူမှုရလာဒ် အပြည့်အစုံကို* ***http://fic.tufts.edu/?pid=76*** *၏ အင်တာနက်အွန်လိုင်းတွင် တွေ့နိုင်ပါသည်။*

*IRC အနေနှင့် သုတေသနရောင်းရင်းများဖြစ်ကြသည့် ဂျူလီယာ ဖစ်ရှာမန်းနှင့် လင်ဒီ ဝိုရှမ်းအပြင် မိမိတို့အသိုင်းအဝိုင်းရှိ လုပ်ဖော်ကိုင်ဖက်များအား ကြေးဇူးတင်ရှိကြောင်းနှင့် ၎င်းတို့မပါရှိပါက ဤသုတေသနပြုချက်လုပ်ဆောင်ရေးမှာ ဖြစ်နိုင်ချေရှိသည့်အနေအထားမဟုတ်ကြောင်း ဝန်ခံအပ်ပါသည်။*

# ထိုင်းနိုင်ငံတွင်း ခိုလှုံခွင့်ရရှိရေးရှာဖွေနေသည့်မြန်မာလူမျိုးများ မည်သည့်အရပ်သို့ ဦးတည်ရမည်မသိ

ချမ်းချမ်းလီနှင့် အစ္စလာ ဂလိုက်စတာ

ထိုင်းအာဏာပိုင်များနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) အနေနှင့် တိကျသည့် အဖြစ်အပျက်များ၊ နေ့စွဲများအပေါ် တစ်စုံတစ်ဦးအား စနစ်ကျတရားမျှတသည့် ခိုလှုံခွင့်ရရှိရေးလုပ်ငန်းစဉ်အား ခြင်းချက်ထားသည့် ဆန့်ကျင်နေသည့် အနေအထားတွင် လက်ရှိ ခိုလှုံခွင့်ရရှိရေးစနစ်က ကျဘမ်းဘဝထက်ပိုသည့် မည်သည့်အရာကိုမျှပေးအပ်မည်မဟုတ်ပေ။

အကယ်၍ မြန်မာစစ်အာဏာသိမ်းအုပ်စု၏ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ရန်ကုန်ရှိ ငြိမ်းချမ်းစွာဆပြသူများအပေါ် ရက်စက်စွာတုန့်ပြန်ခဲ့သည့် ရလာဒ်အနေနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးအနေနှင့် မြန်မာနိုင်ငံမှ ခိုလှုံခွင့် ရရှိရေးလိုလားသူများအတွက် စာရင်းသွင်းရေးကွက်များအား ပြန်လည်ဖွင့်ပေးခဲ့သည်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအနေနှင့် ထိုင်းအာဏာပိုင်တို့၏ တောင်းဆိုမှုအရ မြန်မာနိုင်ငံမှမည်သည့် ခိုလှုံခွင့်ရှာဖွေသူနှင့် နိုင်ငံတကာ ကာကွယ်စောင့်ရှောက်မှုလိုလားသူ မည်သူ့ကိုမဆို စာရင်းပေးသွင်းမှု ရပ်ဆိုင်းထားခဲ့သည့် ထိုင်းနိုင်ငံတွင်း ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှစတင်ခဲ့သည့် နှစ်နှစ်တာကွက်လပ်အပြီး ဤအခြေအနေဖြစ်ပေါ်လာခဲ့ခြင်းပင်ဖြစ်သည်။

၂၀၀၄ ခုနှစ် ဇန္နဝါရီလတိုင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးက လုံးဝ ဒုက္ခသည်အသိအမှတ်ပြုရေး ဆုံးဖြတ်မှု Refugee Status Determination (RSD) အား မြန်မာ ခိုလှုံခွင့်ရှာဖွေသူများအတွက် ချမှတ်နိုင်ခဲ့သည်။ ခိုလှုံခွင့် စစ်ဆေးရေးလုပ်ငန်းစဉ်အား အကြီးအကျယ်ထိမ်းသိမ်း ကြပ်မတ်ထားလိုသည့် ထိုင်းအာဏာပိုင်တို့၏ဆအရ ၂၀၀၄ ခုနှစ် ဇန္နဝါရီလနောက်ပိုင်း ရောက်ရှိလာသည့် မြန်မာနိုင်ငံမှ ခိုလှုံခွင့်လျှောက်ထားသူများအနေနှင့် UNHCR နှင့်သာ စာရင်းပေးသွင်းမှု ပြုလုပ်နိုင်၍ ဖြတ်ပိုင်းလက်မှတ် တစ်ခုကိုရရှိထားသည် (ထိုအချိန်မှစ၍ ယခုအခါ အများအားဖြင့် 'လက်မှတ်ကိုင်ဆောင်ထားသူများ' ဟူ၍ ရည်ညွှန်းပြောဆိုကြသည်)။ ၂၀၀၅ ခုနှစ် နိုဝင်ဘာလကတည်းက ရောက်ရှိလာသူများအနေနှင့် စာရင်းသွင်းခွင့်နှင့် မည်သည့်လက်မှတ်မျိုး သို့မဟုတ် အကာအကွယ်ကိုမျှ ရရှိရန် အခွင့်အလမ်းမရှိတော့ပေ။

ယခင်က လက်မှတ်ကိုင်ဆောင်သူအုပ်စု သုံးခုရှိခဲ့သည်။ ဘန်ကောက်အခြေစိုက်၊ မဲဆောက်အခြေစိုက်နှင့် ကန်ချနဘူရီခရိုင်အခြေစိုက်ဒုက္ခသည် စုစုပေါင်း ၁၀၈၈၇ ဦး ရှိသည်။ ၂၀၀၆ ခုနှစ် စက်တင်ဘာလတွင် တာ့ခ် ခရိုင်ရှိ စခန်းများအတွင်းသို့ ဒုက္ခသည်နှစ်ထောင်ကျော် ရွှေ့ပြောင်းခံခဲ့ရ၍ စီရင်စုဝင်ခွင့်ကြီးကြပ်ရေးအဖွဲ့ Provincial Admissions Board (PAB) ဟုသိကြသည့် ထိုင်းခိုလှုံရေးလုပ်ငန်းစဉ်အတွင်း ထည့်သွင်းခံကြရသည်။ သို့သော် လက်ရှိ လက်မှတ်ကိုင်ဆောင်ထားကြသူများ အတွက် UNHCR နှင့် ထိုင်းအာဏာပိုင်များ၏ ဆက်လက် ဆွေးနွေးမှုများ ရှိနေသော်လည်း မည်သူ့ကိုမျှ စခန်းအတွင်းသို့ ရွှေ့ပြောင်းပေးခြင်းမရှိသေးပေ။ ၂၀၀၄ ခုနှစ်စပိုင်းမှစ၍ ခိုလှုံခွင့်ရရှိရေးရှာဖွေနသူအများစုအနေနှင့် အကာအကွယ်မဲ့ ကျန်ရှိနေရပေသည်။

၂၀၀၇ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် UNHCR က ရန်ကုန်တွင် ဆပြမှုနှင့် ပတ်သက်သူများအတွက် စာရင်းပေးသွင်းမှုများအား ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ သို့သော်လည်း ယခင် လက်မှတ်ကိုင်ဆောင်ထားသူများ အုပ်စုကဲ့သို့ ထိုလက်မှတ်သစ်များအနေနှင့် ထိုင်းနိုင်ငံတွင် တရားဝင်အသိအမှတ်ပြုမှုမရရှိသည့်ပြင် မည်သည့် အခွင့်အရေးများကိုမျှ အာမခံမှုမရရှိခဲ့ပေ။ ၎င်းတို့အနေနှင့် UNHCR ၏ မှတ်ပုံတင်စာရင်း ပေးသွင်းထားသည် ဆိုသည့်အနေအထားမျှသာ သက်သေရှိသည့်အနေအထားဖြစ်၍ UNHCR အားကိုယ်စားပြု၍ ထိုင်းအာဏာပိုင်တို့အား အဖမ်းအဆီးမလုပ်ရန် သို့မဟုတ် ကိုင်ဆောင်ထားသူတို့အား ပြန်၍ နှင်မထုတ်ရန် လောက်သာ အနည်းအကျဉ်းလုပ်နိုင်သည့်အနေအထားဖြစ်သည်။

လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း ရေရှည်ဒုက္ခသည်ဌာန Jesuit Refugee Service (JRS) အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက လက်မှတ်ကိုင်ဆောင်ထားသူနှင့် လက်မှတ်မရှိသူများပါ ထပ်တူ ဒုက္ခသည်အသိအမှတ်ပြုမှုရရှိရေးအတွက် နိုင်ငံသားစစ်ဆေးမှုနှင့် နယ်စပ်ဒေသတစ်လျှောက်ရှိ ဒုက္ခသည်စခန်းကိုးခုအတွင်း ဝင်ရောက်နေထိုင်ခွင့်ရရှိရေးတို့အား အကြံပေးလုပ်ဆောင်ခဲ့ကြသည်။ အကြံပြုမှုများက ထိုင်းအစိုးရအား ထိုင်းနိုင်ငံအတွင်း မှတ်ပုံတင်ထားသည့် ခိုလှုံခွင့်လျှောက်ထားသူများအား ယာယီနေထိုင်ခွင့်ပြုရန်နှင့် ကုလသမဂ္ဂနှင့် အခြားကယ်ဆယ်ရေးဌာနများအနေနှင့် ထိုသူများအား အထောက်အကူ ပေးနိုင်ရေး ခွင့်ပြုပေးရန်တို့ဖြစ်သည်။ UNHCR နှင့် နိုင်ငံတကာအဖွဲ့အစည်းလက်တစ်ဆုတ်စာ၏ အားပေးလုပ်ဆောင်ရေး ကြိုးပမ်းမှုများအနေနှင့် ကန့်သတ်ထားသည့် အကူအညီပေးမှုတစ်ခုတရာလောက်ကိုသာ ဖြည့်စည်းနိုင်ခဲ့ကြသည်။

JRS နှင့် နိုင်ငံတကာကယ်ဆယ်ရေးကော်မီတီ International Rescue Committee (IRC) ၏ ထိုင်းနိုင်ငံရှိ လက်မှတ်ကိုင်ဆောင်ထားသည့် မြန်မာများ၏ အခြေအနေပေါ် ၂၀၀၅ အစီရင်ခံစာ တွင် ဒုက္ခသည် ၃၅၃ဦးအား ပုဂ္ဂိုလ်ရေးကောက်ခံရရှိမှုများအရ အားလုံးနီးပါး မြန်မာနိုင်ငံတွင် နှိပ်စက်ညှဉ်းပန်းမှုများနှင့်ကြုံတွေ့ခဲ့ပြီး ၎င်းတို့ အနေနှင့် နေရပ်သို့ပြန်ပါက ပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုအန္တရာယ်တို့နှင့် ထပ်မံရင်ဆိုင်ရနိုင်ကြောင်း တွေ့ရှိရသည်။ ၎င်းတို့အနေနှင့် တရားဝင်အထောက်အထားမရှိပါက ထိုင်းအာဏာပိုင်တို့အနေနှင့် တရားမဝင်ဝင်ရောက်လာသူများအဖြစ် မှတ်ယူ၍ အဖမ်းခံရခြင်း၊ အချုပ်နှောင်ခံရခြင်းနှင့် မြန်မာနိုင်ငံသို့ပြန်ပို့ခံရခြင်းတို့ကို ခံရမည်ဖြစ်သည်။ ရပ်တည်ရေးအတွက် ထိုင်းနိုင်ငံတွင် တရားမဝင် အလုပ်လုပ်ခြင်းတို့အား မကြာခဏခေါင်းပုံဖြတ်ခံရသည့်အနေအထားတွင် လုပ်ကိုင်ရပ်တည်နေထိုင်ကြရသည်။ စခန်းအခြေစိုက်ဒုက္ခသည်တို့နှင့်ကွဲပြားစွာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းတို့၏ အခြေခံထောက်ပံ့မှုတို့အား မြို့ပေါ်ခိုလှုံခွင့် ရရှိရေးလိုလားသူတို့အနေနှင့် ရရှိရန် မတတ်နိုင်ပေ။ အများစုအနေနှင့် လုံလောက်သည့် ခိုလှုံရန်နေရာနှင့် အစားအသောက် မရရှိဘဲ မကြာခဏအဖမ်းခံရ၍ ၎င်းတို့၏ ငွေနှင့် ပိုင်ဆိုင်မှုတို့အား သိမ်းဆည်းသွားခြင်းခံကြရသည်။

စက်တင်ဘာလှုပ်ရှားသူများထံ မှတ်ပုံတင်လက်မှတ်များထုတ်ပေးရန် အဆင်သင့်ကြိုဆိုခဲ့သည်။ ဤအချက်က စစ်မှန်သည့် ခိုလှုံခွင့်လျှောက်ထားသူများအနေနှင့် ယခုအခါ UNHCR နှင့် ထပ်မံမှတ်ပုံတင်၍ အဆုံးတွင်း ထိုင်းအာဏာပိုင်တို့က PAB စနစ်အားအသက်သွင်းကာ မြန်မာခိုလှုံခွင့်ရှာဖွေသူများအား စစ်ဆေးဆုံးဖြတ်မည်ဟု မျှော်လင့်ချက်ပေးခဲ့သည်။ ၁၉၉၉ ခုနှစ်တွင်တည်ထောင်ခဲ့သော်လည်း PAB က လက်တွေ့တွင် အကြီးအကျယ် အသုံးမကျဖြစ်ခဲ့သည်။ ဤအနေအထားက လက်ရှိဒုက္ခသည်တို့အား လက်ခံပါက မြန်မာနိုင်ငံမှ ထပ်မံရောက်ရှိလာမည့်သူများအား ဆွဲထုတ်မည့်အခြေအနေအား ဖန်တီးနိုင်သည့် စိုးရိမ်မှုတစ်စိတ်တပိုင်းဖြစ်နေပေသည်။

စက်တင်ဘာဖြိုခွင်းမှုနောက်ဆက်တွဲအဖြစ် မြန်မာနိုင်ငံမှထွက်ပြေးလာသည့် UNHCR မှ ယာယီလက်မှတ် ထုတ်ပေးထားသည့် ခိုလှုံခွင့်ရရှိရေးလိုလားသူများအတွက်၊ မည်သည့်အချိန် သို့မဟုတ် ၎င်းတို့အနေနှင့် PAB မှ စိစစ်ရေးများပြုလုပ်ဆောင်ရွက်ပေးမပေး တို့မှာ ကျိန်းသေမှုမရှိသည့်အနေအထားဖြင့် ယနေ့တိုင် ရှိနေပေသည်။ သို့သော် လက်မှတ်ကိုင် ဆောင်ထားသူထောင်ပေါင်းများစွာနှင့် အခြား မူဝါဒအပြောင်းအလည်းနှင့် ၎င်းတို့၏ ဒုက္ခအခြေအနေအား နိုင်ငံတကာ၏ အရေးပေးမှုတို့ကို မျှော်လင့်ထားကြသူများအတွက် UNHCR က ၎င်းတို့အား စောင့်ဆိုင်းရမည်ဖြစ်ကြောင်း ရှင်းလင်းစွာ အသိပေးခဲ့သည်။

အတ္တရာယ်အနေနှင့် ထိုင်းအစိုးရက ရောက်ရှိလာသည့် လူသစ်တို့အား မကြာမီ ဒုက္ခသည်အဖြစ်အသိအမှတ်ပြုရေး စိစစ်ဆောင်ရွက်စေကာမူ မြန်မာလက်မှတ်ကိုင်ဆောင်ထားသူများအုပ်စုသစ် ဖန်တီးဖြစ်ပေါ်လာဦးမည်ဖြစ်၍ တာရှည်ခံမည့် အဖြေရှာမှုအပေါ် စောင့်စားနေကြသည့် သူများ၏ အလုပ်ကြွေး ထပ်မံဖြစ်ပေါ်ဦးမည်ဖြစ်သည်။ အကြီးဆုံးသော စိုးရိမ်မှုမှာ မှတ်ပုံတင်စာရင်းပေးသွင်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်မရသူများနှင့် ထို့ကြောင့် မည်သည့်အကာအကွယ်နှင့် မည်သည့် ခိုလှုံခွင့်မျှော်လင့်ချက်တို့ကိုမျှ ၎င်းတို့အတွက် ရှိမည်မဟုတ်ခြင်းပင်ဖြစ်သည်။ အထောက်အထားမရှိသည့်၊ မလိုလားသည့်၊ ဖြစ်နိုင်ခြေအကြီးအကျယ်မရှိသည့် ထိုမြန်မာလက်မှတ်ကိုင်ဆောင်ထားသူများနှင့် ခိုလှုံခွင့်ရှာဖွေနေသူများက အစွန်အဖျားဒေသများတွင် ဆက်လက် နေထိုင်နေကြပေမည်။ အကယ်၍ မြန်မာနိုင်ငံရှိ စက်တင်ဘာလှုပ်ရှားမှုများအား ဖြိုခွင်းမှုလုပ်ဆောင်အပြီး ထိုင်းနိုင်ငံနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် ၎င်းတို့၏အခြေအနေများက တရားသဖြင့်ဖြစ်စေရေးအတွက် ထင်ရှားသည့် တိုးတက်မှုနှင့် ပိုမိုကောင်းမွန်သည့် အနာဂတ်တို့အား ဦးဆောင်သွားစေမည်ဖြစ်သည်။

ချမ်းချမ်းလီ (chen@jrs.or.th) သည် သတင်းနှင့်အားပေးကူညီရေး အရာရှိဖြစ်ပြီး အစ္စလာ ဂလိုက်စတာ (isla@jrs.or.th) က ထိုင်းနိုင်ငံ ရေရှည်ဒုက္ခသည်လုပ်ငန်းဌာန JRS (www.jrs.or.th) ၏ မဲဆောက်စီမံကိန်း အကျိုးဆောင်ဖြစ်သည်။

၁ ၂၀၀၇ ခုနှစ် အောက်တိုဘာလ ဘန်ကောက်မြို့အခြေစိုက်သံ့ဃ နှင့် အီးမေးအင်တာနက် အပြန်အလှန် ဆွေးနွေးမှု

၂ မည်သည့်နေရာသို့လှည့်ရမည်မသိ၊ ရေရှည်ဒုက္ခသည်ဌာနနှင့် နိုင်ငံတကာကယ်ဆယ်ရေးကော်မီတီ ၂၀၀၅ www.reliefweb.int/rw/RWB.NSF/db900SID/RMOI-6E83HG?OpenDocument

၃ ဗီရာ ဒန် အိုတာ၏ 'ထိုင်းနိုင်ငံ မြို့ပေါ်ရှိခိုလှုံခွင့်ရရှိရေးသမားများနှင့် ဒုက္ခသည်များ၊ FMR28 www.fmreview.org/FMRpdfs/FMR28/27.pdf

# ဘင်္ဂလားဒေ့ရှ်ရောက် ရိုဟင်ဂျာများနှင့် ဒုက္ခသည်အဆင့်အတန်း

ပီယာ ပရိုက် ဖီရီ

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာဒုက္ခသည်များသည် မိမိတို့၏မူလနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်တွင်ခိုလှုံခွင့်ရရန် မရေရာသည့် အခြေအနေတွင်ရောက်ရှိနေသည်။ သို့သော် မကြာသေးမီကာလများအတွင်း အရေးကြီးသောထင်ရှားသည့်တိုးတက်မှုအနေအထားများကို တွေ့မြင်နေရသည်။

၁၉၉၁ ခုနှစ်တွင် ရိုဟင်ဂျာမူဆလင် နှစ်သိန်းခွဲခန့်သည် ဘင်္ဂလားဒေ့ရှ်အစိုးရမှ ဒုက္ခသည်များအဖြစ် လုံလောက်သည့် အခြေခံအနေအထားတွင် အသိအမှတ်ပြုခံခဲ့ရသည်။ အများစုမှာ ထိုနောက်ပိုင်းနှစ်များအတွင်း ဘင်္ဂလားဒေ့ရှ်အစိုးရ၏မြန်မာနိုင်ငံသို့ ပြန်ပို့ခြင်းကိုခံခဲ့ရ၍ ယခင်ဒုက္ခသည်စခန်း ၂၀ မှ ယခုအခါ စခန်းနှစ်ခုသာ ကျန်ရှိတော့သည်။ လွန်ခဲ့သည့် ၁၆ နှစ်ကတည်းက ကျန်ရှိသည့် ခန့်မှန်းခြေ ရိုဟင်ဂျာ နှစ်သောင်းခုနှစ်ထောင်မှာ နိုင်ငံ၏ တောင်ဘက်အစွန်ဆုံးတွင်တည်ရှိသည့် ကောက်စ်ဘဇာမြို့အနီး ဒုက္ခသည်စခန်းနှစ်ခုတွင် နေထိုင်ကြသည်။

ဘင်္ဂလားဒေ့ရှ်အနေဖြင့် ၁၉၅၁ ခုနှစ် ဒုက္ခသည်အဆင့်အတန်း စာချုပ်နှင့် ၎င်းစာချုပ်၏ ၁၉၆၇ ခုနှစ် ညှိနှိုင်းချက်မှတ်တမ်းတို့အား လက်မှတ်ရေးထိုးခြင်းမရှိသည့် အပြင် ခိုလှုံခွင့်နှင့် ဒုက္ခသည်ရေးရာကိစ္စများအပေါ် ဥပဒေပြဌာန်းချက်တစ်ရပ်ရပ်ကို ချမှတ်လုပ်ဆောင်ခြင်းလည်းမရှိခဲ့ပေ။ သို့သော်လည်း အစိုးရအနေနှင့် ၁၉၉၁ ခုနှစ်တွင် ရောက်ရှိလာသည့်ရိုဟင်ဂျာများအား ဒုက္ခသည်များအဖြစ်အသိအမှတ်ပြုခြင်း ကို ကိုယ်တိုင်စတင်ဆောင်ရွက်ခဲ့ပြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး UNHCR နှင့် ယနေ့ထက်တိုင် ပူးပေါင်းအကူအညီပေးဆောင်ရွက်မှုများရှိလာခဲ့သည်။

ဘင်္ဂလားဒေ့ရှ်အနေနှင့် လက်ရှိ နိုင်ငံတကာအခွင့်အရေး ပဋိညာဉ်စာချုပ်များ နှင့် ထုံးတမ်းများအား လက်ခံထားသည်မှာ ထင်ရှားကာ ၎င်း၏အခြေခံဥပဒေဘောင်အတွင်း ကုလသမဂ္ဂ၏ သဘောတူစာချုပ်အတိုင်း အခွင့်အရေးနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို ထိမ်းသိမ်းထားသည့်အပြင် နိုင်ငံနယ်နိမိတ်အတွင်း နိုင်ငံသားမဟုတ်သူများအား တရားဝင်အကာအကွယ်ပေးအပ်မှုလုပ်ဆောင်သည်ကိုတွေ့ရသည် ။ အကျိုးသက်ရောက်မှုအနေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဒုက္ခသည်ကာကွယ်စောင့်ရှောက်ရေး အခြေခံလုပ်ငန်းများကိုအထောက်အပံ့ပြုသည့် နိုင်ငံတကာဥပဒေ၏အဓိကကျသောအစိတ်အပိုင်းကို အသိအမှတ်ပြုထားခြင်းပင်ဖြစ်သည်။

ဒုက္ခသည်အဖြစ်အသိအမှတ်ပြုခြင်းအား ၎င်းတို့ဘာသာလည်ပတ်လုပ်ဆောင်ရန် ဥပဒေမရှိသည့်အတွက် စံထားမှုများအရ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအားဆောင်ရွက်ရာတွင် သေချာသည့် လိုက်နာဆောင်ရွက်မှုနှင့် ထိမ်းသိမ်းမှုများလုပ်ဆောင်ရန် အခက်အခဲရှိပေသည်။ ရိုဟင်ဂျာဒုက္ခသည်တို့၏ အခြေအနေသည် ဆုံးဖြတ်ချက်နှင့် လိုသလိုလုပ်ဆောင်ရသည့်လုပ်ငန်းများ နှင့် အထူးစောင့်ရှောက်မှုပေးရေးလုပ်ငန်းများတွင် စိန်ခေါ်မှုတစ်ရပ်အဖြစ် လက်တွေ့ပြနေပေသည်။ ၁၆ နှစ်ကြာသည့်တိုင် ရိုဟင်ဂျာဒုက္ခသည်များ၏ လွတ်လပ်သည့်လှုပ်ရှားမှုများ၊ အလုပ်လုပ်ကိုင်ပိုင်ခွင့်နှင့် ပညာရေးအခွင့်အရေးများ အပြင် ကိုယ်အားကိုယ်ကိုးခွင့်နှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများအား ငြင်းပယ်ထားခြင်းခံနေရပေသည်။ ဒုက္ခသည်များမှာ လုပ်အားခအနည်းငယ်မျှဖြင့် တရားမဝင်အလုပ်လုပ်ကိုင်ကြသည့် ပုန်းရှိုးကွယ်ရှိုးလှုပ်ရှားမှုအခြေအနေသို့ အတင်းအဓမ္မ တွန်းပို့ခြင်းခံနေကြရသည်။ တိုးတက်မှုအခွင့်အလမ်း၊ လေ့လာသင်ကြားရေးနှင့် ၎င်းတို့ဘာသာ ပိုမိုကောင်းမွန်သည့်အနေအထားသို့ရောက်ရှိနိုင်ရန်ကြိုးစားခွင့် စသည့် အခွင့်အရေးများအား ပိတ်ပင်ခံထားရပြီး ဒုက္ခသည်လုပ်အားပေးဆရာများ သင်ပေးသည့် သင်ခန်းစာများနှင့် အတန်းများကို အကန့်အသတ်ဖြင့် လုပ်ဆောင်နေရသည်ဖြစ်ပြီး အသိအမှတ်ပြုခြင်းမခံရသောပညာရေး စာသင်ခန်းများသည်ပင် မကြာသေးခင်အချိန်အထိ တင်းကြပ်သည့်ဘောင်အတွင်းမှ ကန့်သတ်ထားရှိထားသည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးအနေဖြင့် လက်တွေ့နယ်ပယ်နှင့် နိုင်ငံတကာ ကာကွယ်စောင့်ရှောက်ရေး လုပ်ထုံးလုပ်နည်းများအကြား ကွာဟချက်များ ဆက်စပ်မှုရှိစေရန် အပြင်းအထန်အားပေးမှုများဖြင့် စံထားချက်များ တိုးတက်ပြည့်မီစေရန် ဆွဲဆောင်ရာတွင် အောင်မြင်မှုများရှိခဲ့သည်။ နိုင်ငံရေးအပြောင်းအလဲများကြောင့်နိုင်ငံတော်အား အရေးပေါ်အခြေအနေမကြေငြာမီ ၂၀၀၆ ခုနှစ်တွင် ဌာနအနေနှင့် ယခင်အစိုးရနှင့် လက်တွေ့လုပ်ဆောင်ရန်အတွက် ထင်ရှားသည့် သဘောတူညီမှုများချမှတ်နိုင်သည်အထိ အောင်မြင်ခဲ့သည်။ လက်ရှိကြားဖြတ်အစိုးရကလည်း ဒုက္ခသည်များအရေးလုပ်ဆောင်ရန် အပြုသဘော လိုလားသည့် အနေအထားပြနေသည်ကိုတွေ့ရသည်။

လေ့လာရမည့်အချက်အနေနှင့် ၎င်းသို့ အစိုးရနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးတို့အကြား စေစပ်ဆောင်ရွက်မှုများ၏သမိုင်းမှတ်တိုင်တို့သည် ကာကွယ်စောင့်ရှောက်ရေး ပုံသဏ္ဍာန်အားပြောင်းလဲပေးရေးကို ဖော်ဆောင်ပေးခြင်းပင်ဖြစ်သည်ကိုတွေ့ရသည်။ ကနဦး ၂၀၀၆ ခုနှစ်တွင် နိုင်ငံတကာစံချိန်မှုအောက်တွင် ထိုအချိန်က ခိုလှုံရေးစခန်းများ၏ဆိုးရွားသည့်အခြေအနေကို အသိအမှတ်ပြု၍ ဤဘ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးအား ဒုက္ခသည်ခိုလှုံရေးစခန်းသစ်များအား ဆောက်လုပ်ခွင့်ပြုခဲ့သည်။ ၁၉၉၂ ခုနှစ်ကဆောက်လုပ်ခဲ့သော ခိုလှုံရေးစခန်းများအား အနေအထားပုံစံတမျိုးမျိုးဖြင့် ဒုက္ခသည်များ အတည်တကျ အခြေချနေထိုင်မည့်အရေး အားပေးလုပ်ဆောင်မှုမျိုးဖြစ်လာမည်ကိုစိုးရိမ်၍ ပြုပြင်ထိမ်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရေးကိစ္စများအပေါ် တင်းကျပ်စွာ ဆန့်ကျင်တားဆီးခဲ့သည်။ ယင်း သဘောတူညီမှုရရှိကတည်းက ဤဘ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး အနေနှင့် ရံပုံငွေတိုးချဲ့ကောက်ခံမှု လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်လာကာ ဒုက္ခသည်စခန်းနှစ်ခုအတွင်း တည်ဆောက်ရေးလုပ်ငန်းများကို စတင်လာနိုင်ခဲ့သည်။ ၂၀၀၉ ခုနှစ်မကုန်မီ


UNHCR/K McKinsey

ဂုံယွ ၏ အထောက် အပံ့ဖြင့် ဆောက် ထားသည့် နရပရ ဒုက္ခသည် စခန်းရှိ အိမ်သစ်များ ရှေ့တွင် ဆော့ကစား နေကြသည့် မြန်မာ ဒုက္ခသည် ကလေးများ၊ ဘင်္ဂလားဒေ့ရှ်၊ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ

စခန်းနှစ်ခုစလုံးတွင် နေထိုင်စားသောက်ရေးအတွက် လိုအပ်သည့်အထောက်အပံ့များအားလုံး ပြည့်မီစွာဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ထားကြသည်။

ဒုတိယအဓိကကျသည့် အောင်မြင်မှုတစ်ခုမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် လုပ်ဆောင်သည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ တတိယနိုင်ငံသို့ ပြောင်းရွှေ့အခြေချနေထိုင်စေရေးလုပ်ငန်းမှာ အကာအကွယ်ပေးအပ်မှု၊ ခိုင်မာသည့်ဖြေရှင်းချက်တို့ဖြင့် အနေအထားအချို့ သို့ပို့ဆောင်ပေးခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ဒုက္ခသည် ၂၆ ဦးအား ကနေဒါနိုင်ငံသို့ ပြောင်းရွှေ့ပို့ဆောင်ပေးနိုင်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ၇၉ ဦးအထိ စေလွှတ်ပေးနိုင်ခဲ့သည်။ ထိုပြောင်းရွှေ့အခြေချနေထိုင်ရေးသဘောတူညီချက်မှာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ အစိုးရအား တစုံတရာစည်းရုံးမှုဖြင့် အရည်အချင်းမြှင့်တင်ရေးသင်တန်းများတိုးမြှင့်ရေးနှင့် ပညာရေးအထောက်အကူပြုပစ္စည်းများအားမြှင့်တင်ရေး ခွင့်ပြုပေးရန်ဖြစ်သည်။ အကျိုးဆက်အနေနှင့် ၂၀၀၆ ခုနှစ်တွင် အစိုးရက အရည်အချင်းမြှင့်တင်ရေးသင်တန်းနှင့် ကျောင်းများတွင်သင်ပေးနေသည့် အတန်းများကိုပါ တိုးချဲ့ဆောင်ရွက်ရေး လုပ်ငန်းများခွင့်ပြုပေးရန် သဘောတူခဲ့သည်။ ဤတိုးတက်မှုအနေနှင့် နိုင်ငံတကာစံချိန်အား မမီသည့်တိုင် လမ်းကြောင်းမှန်ပေါ်သို့ ဦးတည်နေသည်မှာ အမှန်ပင်ဖြစ်သည်။ ကနေဒါနိုင်ငံသို့ ပထမအကြိမ် ပြောင်းရွှေ့နေထိုင်စေရေးလုပ်ငန်းများ အောင်မြင်ခဲ့စဉ်မှစ၍ ထိုအရေးပေါ်ကာကွယ်စောင့်ရှောက်မှုလိုအပ်နေသည့် ဒုက္ခသည်များအတွက် ပြောင်းရွှေ့ရေးကိစ္စများတွင် အခြားစိတ်ဝင်စားသည့်အဓိကနိုင်ငံများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည်။ နယူးဇီလန်နှင့် အင်္ဂလန်နိုင်ငံတို့က ၂၀၀၈ ခုနှစ်တွင် လာရောက်မည့် ဒုက္ခသည်များအား လက်ခံရန် အကြောင်းပြန်ခဲ့သည်။ ထို့ထက်ပိုသည့် ထင်ရှားသည့်တကယ့်တိုးတက်မှုမှာ ဘင်္ဂလားဒေ့ရှ်အစိုးရက ၂၀၀၆ ခုနှစ်တွင် ကုလသမဂ္ဂဆိုင်ရာအခြားဌာနများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများအား ဒုက္ခသည်စခန်းများအတွင်း အနာဂတ်တိုးတက်ရေးအတွက် ကျွမ်းကျင်ရာလုပ်ဆောင်မှု နှင့် ကူညီမှုများ ကိုဝင်ရောက်လုပ်ဆောင်ခွင့် ပေးခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း ဒုက္ခသည်တို့အတွက် နိုင်ငံတကာဥပဒေများအောက်ရှိ သင့်လျော်သည့်အခွင့်အရေးများအား ကောင်းမွန်စွာ ရရှိခံစားနိုင်ခြင်းမရှိသေးမီ ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အချို့နည်းလမ်းများ လိုအပ်နေပေသေးသည်။ ဘင်္ဂလား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအနေနှင့် ၎င်းတို့၏အခန်းကဏ္ဍအရ လက်ရှိအနေအထားတွင် ထိုကိစ္စများကို အကောင်အထည်ဖော်ရေး မဖြစ်နိုင်သေးသည်ကို ရှင်းလင်းစွာပြောဆိုခဲ့သည်။ ၁၆ နှစ်တာကာလအတွင်း လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာတို့အတွက် ဒုက္ခသည်ကာကွယ်စောင့်ရှောက်ရေး အခြေခံသဘောတရားနှင့် ဗီလာဆန့်ကျင်ဖြစ်ခဲ့ပြီး ပြင်ပနိုင်ငံတို့၏ အကူအညီ တိုးတက်မှုမရှိသည်ကိုသာတွေ့ရသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် အခြားအရေးပါသည့်နိုင်ငံများအကြား ရိုဟင်ဂျာတို့အတွက် ခိုင်မာသည့်အခြေအနေ သို့ရောက်ဖို့ရန် ဆွေးနွေးညှိနှိုင်းမှုဆောင်ရွက်ရေးများ ဆက်လက်တည်ရှိနေပေသည်။ ထိုဆွေးနွေးမှု၏ ရလဒ်များအားခန့်မှန်းရေးမှာ အလွန်စောနေပေသေးသည်။ သို့သော် အလွန့်အလွန်ကောင်းမွန်သည့် အချက်မှာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးနှင့် အစိုးရနှစ်ဘက်စလုံး ရိုဟင်ဂျာဒုက္ခသည်များ၏ အကျဉ်းအကျပ်အား လုံးလုံးလျားလျားပြေလည်သွားသည်အထိ ရည်ရှည်အကျိုးဖြစ်စေမည့် ရှုထောင့်မှဖြေရှင်းလုပ်ဆောင်သွားကြရန် သဘောတူညီမှုရှိနေကြခြင်းပင်ဖြစ်သည်။

*ပီယာ ပရိုက် ဖီရီ* ***Pia Prytz Phiri (BGDDA@unhcr.org)*** *သည်ဘင်္ဂလားဒေ့ရှ်ဆိုင်ရာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးကိုယ်စားလှယ်ဖြစ်သည်။* ***(www.unhcr.org/country/bgd.htm).***

*စာရေးသူတင်ပြထားသည့် အမြင်မှာ ၎င်း၏ပုဂ္ဂိုလ်ရေးဆိုင်ရာအမြင်သာဖြစ်ပြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး သို့မဟုတ် ကုလသမဂ္ဂ၏အမြင်အား ကိုယ်စားမပြုပါ။*

၁ www.un.int/bangladesh/mission_arc/treaty_adherence.htm

၂ ၁၉၇၂ အခြေခံဥပဒေပုဒ်မ ၂၅၊ ၃၁ နှင့် ၃၂

# ကိုးခိုရာမဲ့ အိယနှင့်မလေးရှားနိုင်ငံရောက် ချင်းဒုက္ခသည်များ

အေမီ အလက်ဇန္ဒား

ချင်းဒုက္ခသည်အများစုသည် ဒုက္ခသည်စခန်းတစ်ခုခုတွင် ခြေချနေထိုင်ခြင်းမရှိဘဲ အိယနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ရှိ မြို့နေဒုက္ခသည် သို့မဟုတ် စာရွက်စာတမ်းစာရင်းမဲ့ ဒုက္ခသည်များအဖြစ် နေထိုင်နေကြသည်။

မြန်မာနိုင်ငံရှိ အခြားတိုင်းရင်းသားများကဲ့သို့ ပြန့်နှံ့စွာဖြစ်ပွားနေသော လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် မြန်မာနိုင်ငံအနောက်ရိုးမ တောင်တန်းများတွင်နေထိုင်ကြသည့် ထောင်နှင့်ချီသည့် ချင်းတိုင်းရင်းသားတို့သည်လည်း ၎င်းတို့၏သက်ရှင်ရပ်တည်မှုအတွက် ဒေသအသီးသီးတို့ထွက်ပြေးခဲ့ကြရသည်။ ထိုင်းနိုင်ငံက မြန်မာဒုက္ခသည် အများစုအားလက်ခံသည့်အချိန်တွင် ချင်းလူမျိုးဦးရေမှာ ထိုင်းနိုင်ငံတွင် အနည်းအကျဉ်းသာရှိသည်။ ယင်းအစား ချင်းတိုင်းရင်းသားအများစုက အိယနှင့် မလေးရှားနိုင်ငံများတွင် ခိုလှုံခွင့်ရရှိရန်ရှာဖွေလုပ်ဆောင်ကြသည်။ ထိုဒေသတို့တွင် ၎င်းတို့နှင့် တနယ်တည်းသားဖြစ်ကြသည့် ထိုင်းနိုင်ငံရှိချင်းလူမျိုးတို့နှင့်ကွဲပြားသည့် စိန်ခေါ်မှုများကိုရင်ဆိုင်ကြရပေသည်။



အိန္ဒိယရှိ မီဇိုရမ် ဒေသတွင် နေထိုင် လုပ်ကိုင် နေကြသည့် 'ချင်း' ယက္ကန်း လုပ်သား များ

Amy Alexander

## အိယနိုင်ငံရောက် ချင်းဒုက္ခသည်များ

မြန်မာနိုင်ငံမှအိမ်နီးချင်း အိယနိုင်ငံသို့ ထွက်ပြေးလာခဲ့ကြရသည့် ချင်းလူမျိုးအများစုသည် ချင်းတောင်များနှင့်ကပ်လျက်ရှိသည့် မီဇိုရမ်တောင်တန်းများတွင်နေထိုင်လျက်ရှိကြသည်။ တိကျသည့်အရေအတွက်ကို ဆုံးဖြတ်ရန်မဖြစ်နိုင်သော်လည်း အင်ဒို–မြန်မာနယ်စပ်တွင် ခန့်မှန်းခြေ ချင်းလူမျိုး (၆)သောင်းမှ (၈) သောင်းအထိနေထိုင်ကြသည်။ လူဦးရေအနည်းငယ်အားဖြင့် နယူးဒေလီ သို့ဦးတည်သောခရီးစဉ်၏ မျှော်လင့်ချက်မှာ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ ကာကွယ်စောင့်ရှောက်မှုကိုရရှိရန်ဖြစ်သည်။

ထိုနှစ်နေရာစလုံးတွင် ချင်းလူမျိုးတို့အား ကာကွယ်စောင့်ရှောက်မှုအနည်းငယ်သာပေးနိုင်သည့်အတွက် ချင်းဒုက္ခသည်တို့အတွက် နေ့စဉ်ဘဝမှာ ခက်ခဲကြမ်းတမ်းမှုများဖြင့် စိတ်ပျက်စရာဖြစ်နေပေသည်။

အိယနိုင်ငံအနေနှင့် ဒုက္ခသည်အဆင့်အတန်းသတ်မှတ်မှုနှင့်ပတ်သက်သည့် ၁၉၅၁ ညီလာခံ သို့မဟုတ် ၁၉၆၇ ခုနှစ် သဘောတူကျင့်ဝတ်တို့ တွင် သဘောတူလက်မှတ်ရေးထိုးထားခြင်းမရှိသည့်အတွက် အိယနိုင်ငံတွင်နေထိုင်သည့် ဒုက္ခသည်တို့၏အကျိုးအတွက် တရားဝင်ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းစဉ်ယန္တရားလည်းမရှိပေ။ သို့သော်လည်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးအနေနှင့် ချင်းဒုက္ခသည်များအား အိယနိုင်ငံတွင် စာရင်းသွင်းခြင်း၊ အသိအမှတ်ပြုခြင်းနှင့် ရွှေ့ပြောင်းအခြေချရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျှက်ရှိသည်။ ဒေလီမြို့တွင်နေထိုင်သည့် ချင်း ၁၈၀၀ အနက်မှ ၁၀၀၀ ဦးသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှ ဒုက္ခသည်အဖြစ်အသိအမှတ်ပြုမှုအား ရရှိထားပြီးဖြစ်ပေသည်။ အခြား ချင်းလူမျိုးတို့၏ တင်ထားသည့် ကိစ္စ ၃၀၀ မှာလည်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးက စာရင်းသွင်းထားပြီးဖြစ်ကာ ဒုက္ခသည်အဖြစ်အသိအမှတ်ပြုလက်ခံရေးအတွက် စောင့်ဆိုင်းလျှက်ရှိသည်။ ၂၀၀၆ နှစ်လယ်တွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးအနေနှင့် ချင်းတိုင်းရင်းသားတို့အား တတိယနိုင်ငံများသို့ ရွှေ့ပြောင်းအခြေချနိုင်ရန် စတင်ဆောင်ရွက်ပေးခဲ့သည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး ရုံးမှတဆင့် ဒုက္ခသည်အဖြစ်အသိမှတ်ပြုခံရရေးမှာ အိယနိုင်ငံရှိ ချင်းလူမျိုးအသိုင်းအဝိုင်းအတွက် ပိုမိုခက်ခဲလာသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအနေနှင့် သွားရောက်ခြင်းမရှိသည့် မီဇိုရမ်ဒေသတွင် ချင်းလူမျိုးအများစုနေထိုင်ကြသည်။ အကျိုးဆက်အနေနှင့် မီဇိုရမ်ရှိ ချင်းလူမျိုးတို့အနေနှင့် ဒေလီသို့သွားရောက်၍ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ အသိအမှတ်ပြုမှုကိုရရှိရန် ဆောင်ရွက်ရေးမှာ ခက်ခဲ၍ အကုန်အကျများသည့် အလုပ်ပင်ဖြစ်သည်။ စာရင်းဝင်ဖြစ်ပြီးပါက ၎င်းတို့အနေနှင့် ဒေလီတွင် နေထိုင်ရပ်တည်ရေးခက်ခဲမည် ဖြစ်ပြီး ယဉ်ကျေးမှုအရလည်း အံဝင်ဂွင်ကျဖြစ်နိုင်ရန် ခဲယဉ်းမည်ဖြစ်သည်။

ပို၍ဆိုးသည်မှာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအနေနှင့် ချင်းဒုက္ခသည် အသိအမှတ်ပြုရေးအား ကန့်သတ်သည့်အနေနှင့် ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် အထွေထွေ စာရင်းသွင်းခြင်းအား ရပ်ဆိုင်းလိုက်ခြင်းပင် ဖြစ်သည်။ ယခုအခါအထူးအရေးပေးခြင်း ကိစ္စများ သို့မဟုတ် အထူးသဖြင့် အားနည်း သူများအဖြစ်သတ်မှတ်ထားသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ သက်  ကြီး ရွယ်အိုများနှင့် ချည့်နဲ့ သူများသာလျှင် စာရင်းသွင်းရေးကိစ္စအတွက် တရားဝင်ဆောင်ရွက်ပေးနေပေသည်။ 'အထူးအရေးပေးခြင်းကိစ္စမဟုတ်သည့် ကိစ္စများ' အနေနှင့် အထွေထွေစာရင်းသွင်းမှု ပြန်လည်ဖွင့်လှစ်သည့်အချိန်အထိ စောင့်ဆိုင်းကြရမည်ဖြစ်ပြီး မကြာတော့သည့်ကာလ အနည်းငယ်အတွင်းတွင်လည်း ထိုသို့ဖြစ်လာမည့်အခြေအနေမရှိပေ။

ဒေလီရှိချင်းလူမျိုးအတို့အနေနှင့် ဆင်းရဲငတ်မွတ်မှု၏ရိုက်ခတ်မှုဒဏ်အား ခံထားရသည့်အပြင် ကိုယ်တိုင်ရှင်သန်ရပ်တည်ရေးအတွက်ရုန်းကန်နေရသည့် ဒေသခံတို့နှင့်အပြိုင် ဒေသတွင်းကန့်သတ်ချက်ရှိသည့် အရင်းအမြစ်တို့အပေါ်ရှာဖွေရပ်တည်ရေးမှာ အလွန်ခက်ခဲပေသည်။ တနေ့တခြားတိုးတက်လာသည့် ဒုက္ခသည်တို့၏ လိုအပ်ချက်များအား ကိုင်တွယ်ဖြေရှင်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် လုပ်ဖော်ကိုင်ဖက်များနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး ရုံးအနေနှင့် ညှိနှိုင်း၍ ဘဏ္ဍာရေး၊ ပညာရေးနှင့် ကျန်းမာရေးအထောက်အပံ့ပေးစီမံချက်လုပ်ငန်းကွန်ယက်တိုးတက်ရေးအား လုပ်ဆောင်ခဲ့သည်။ မူလတွင် အချိန်တိုအတွင်း စားရေရိက္ခာထောက်ပံ့မှုအား အသိအမှတ်ပြုထားပြီးဖြစ်သည့် ဒုက္ခသည်သစ်များအတွက် ခွင့်ပြုထားပေးခြင်းလည်းပါဝင်သည်။ သို့သော် ၂၀၀၃ ခုနှစ်တွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးအနေနှင့် ခြောက်လအကြာတွင်ထောက်ပံ့မှုအား ထက်ဝက်ဖြတ်ကာ တနှစ်အကြာတွင် အားလုံးဖျက်သိမ်းခြင်းတို့လုပ်ဆောင်၍ ထိုထောက်ပံ့မှုအား စတင်ရုပ်သိမ်းခဲ့သည်။ ဤမူဝါဒပြောင်းလဲသွားခြင်းအားဖြင့် ကိုယ့်အား

ကိုယ်ကိုးဖြစ်နိုင်ခြေမရှိသည့် ဒေလီဒုက္ခသည်အများစု၏ တကယ့်လက်တွေ့ရင်ဆိုင်နေရသည့်ဘဝ အတွက် ကျဆုံးခြင်းအနေအထားသို့ ရောက်ရှိစေခဲ့သည်။

ဒုတိယအချက်အနေနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးအနေဖြင့် ဒုက္ခသည်အလုပ်သမားများအား ဒေလီဆင်းရဲတွင်းဘောင်မှမြှင့်တင် ပေးရန် သဘောတူညီချက်အောက်တွင် လစာဖြည့်စည်းရေးစီမံကိန်းတစ်ခု ပါဝင်သည်။ သို့သော် ၂၀၀၇ ခုနှစ် ဩဂုတ်လမှစ၍ မည်သည့်လျှောက်ထားသူကိုမှ ထိုစီမံကိန်းတွင် လက်ခံခြင်းမရှိတော့ချေ။ တချိန်တည်းတွင် ဖြည့်စည်းရေးစီမံကိန်း၏ ထိခိုက်မှုမှာ ဒုတိယတန်းစားအလုပ်သမားဈေးကွက်ကိုဖန်တီးပေး၍ အလုပ်ရှင်များအနေနှင့် ဒုက္ခသည်အလုပ်သမားများအား လုပ်ခလျှော့ပေးသည့်အလေ့အထအား တိုးမြှင့်လုပ်ကိုင်ခဲ့ပေသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဖြည့်စွက်ပေးအပ်မှုမရှိသည့်အတွက် ချင်းအလုပ်သမားများအနေနှင့် တူညီသည့်အလုပ်ဖြစ်သော်လည်း ဒေသခံလူထုထက်ပုံမှန်လျှော့နည်းသည့် လုပ်ခအား မျှော်လင့်လုပ်ကိုင်ကြရသည်။

တတိယအကူအညီမှာ လူငယ့်ခရစ်ယန်အသင်း၏ အကူအညီဖြစ်သည့် ကျောင်းနေသည့်အရွယ် ဒုက္ခသည်ကလေးများအတွက် ပညာရေးအသုံးစားရိတ်ထောက်ပံ့မှု ဖြစ်သည်။ သို့သော် ဤထောက်ပံ့ငွေမှာ အစိုးရကျောင်းများတက်ရောက်ရန် အခြေခံတွက်ချက်ပေးအပ်သည့်အတွက် ဒုက္ခသည်ကလေးငယ်တို့အတွက် ခွင့်ပြုမှုစံနှင့် မကိုက်ညီသလောက်ဖြစ်နေခဲ့သည်။ တချိန်တည်းတွင် ထိုထောက်ပံ့ငွေများသည် ပုဂ္ဂလိကကျောင်းစားရိတ်အတွက် လုံလောက်မှုမရှိပေ။ အကျိုးဆက်အနေနှင့် ကလေးအများစုမှာ ပညာအဆင့်အတန်းမရရှိဘဲ ကျောင်းမှထွက်ရပေသည်။

စတုတ္ထအစီအစဉ်အနေဖြင့် ဒေလီတွင်ညံ့ဖြင်းသည့် အနေအထိုင်ကြောင့် ဒုက္ခသည်များခံစားရသည့် ကျန်းမာရေးနှင့် ဆေးဝါးကုသမှုပြဿနာများအား ရည်ရွယ်လုပ်ဆောင်ချက်ဖြစ်သည်။ ဘာသာစကားအခက်အခဲနှင့် ပြင်းထန်သည့် ခွဲခြားဆက်ဆံမှုတို့က ချင်းလူနာများအား ဒေသတွင်းဆေးရုံများတွင် အရေးပေါ် သို့မဟုတ် ပုံမှန်ပြုစုကုသမှု ရရှိရေးအတွက် အဟန့်အတားဖြစ်သည်။ ဒေလီစေတနာ့ကျန်းမာရေးအဖွဲ့အစည်းအနေနှင့် ဒေလီရှိ ဒုက္ခသည်များအား အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများပေးအပ်ရန် တာဝန်ယူခဲ့သည်။ သို့သော် ၂၀၀၇ ခုနှစ်အစပိုင်းတွင် ထိုအဖွဲ့အနေနှင့် ဆေးဝါးပစ္စည်းလုံလောက်မှုမရှိသည့်အတွက် အကူအညီရပ်တန့်ခဲ့သည်။ ဒေလီမြို့ရှိ ချင်းဒုက္ခသည်တို့အတွက် ယခုအခါ ကျန်းမာရေးစောင့်ရှောက်မှုသည် ၎င်းတို့အတွက် အလွန်အလွန် ဈေးကြီးလှသည်။

ထို့ပြင် ဒေသခံလူထုနှင့် ဆက်ဆံရေးတင်းမာမှုက ဒေလီနှင့်မီဇိုရမ်ရှိ ချင်းတိုင်းရင်းသားတို့ အတွက် ကြီးကျယ်သည့် အတားအဆီးတစ်ခုဖြစ်နေပေသေးသည်။ ဒေလီမြို့တွင် အထွေထွေမလုံလောက်မှုကြောင့် ချင်းလူမျိုးတို့နှင့် ဒေသခံလူထုကြား သဘောကွဲလွဲမှုမှာ ထင်ရှားနေပေသည်။ ဒေသခံများနှင့် ရှားပါးကုန်များ အပြိုင်ရောင်းဝယ်ရသည့်အပေါ် ချင်းလူမျိုးတို့အနေနှင့် မောင်းနှင်ထုတ်ခံရမည်၊ ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုများ၊ အခြားနှောက်ယှက်မှုများဖြစ်မည်တို့ကိုတွေး၍ အမြဲ စိုးရိမ်ထိတ်လန့်စွာနေထိုင်ကြရသည်။ နှိပ်စက်ညှဉ်းပန်းမှုအများစုတို့မှာ အထက်သို့တင်ပြခြင်းမရှိခြင်း သို့မဟုတ် ဥပဒေပြဌာန်းမှု အားနည်းသည့်အပေါ် တစ်ခုမဟုတ်တစ်ခုအရ အပြစ်ပေးအရေးယူမှု မရှိခြင်းကြောင့် ကျူးလွန်ဖြစ်ပွားလေ့ရှိသည်။

မီဇိုရမ်ပြည်နယ်တွင် မီဇိုနှင့် ချင်းလူမျိုးတို့သည် မျိုးရိုးတူသော်လည်း ခွဲခြားဆက်ဆံမှုတို့ ဖြင့်ရောပြွန်းနေသည်။ ယခင်က မီဇိုရမ်ရှိ နိုင်ငံရေးအဖွဲ့အစည်းမဟုတ်သော်လည်း အလွန်လွှမ်းမိုးမှုရှိသည့် အရပ်သားအဖွဲ့အစည်းဖြစ်သည့် ငယ်ရွယ်သည့်မီဇိုအသင်းက ချင်းလူမျိုးတို့အားပစ်မှတ်ထား၍ ဦးဆောင်ဆန့်ကျင်ဖြို့ခွင်းခဲ့သည်များရှိသည်။ ၂၀၀၃ ခုနှစ်တွင် ငယ်ရွယ်သည့်မီဇိုအသင်းက ချင်းလူမျိုးထောင်နှင့်ချီ၍ မြန်မာနိုင်ငံသို့ ပြန်သွားရန် မောင်းထုတ်ခဲ့သည့် အကြီးကျယ်ဆုံးအဖြစ်အပျက် ဖြစ်ပွားခဲ့သည်။ ၂၀၀၇ ခုနှစ် အောက်တိုဘာလတွင် မီဇိုနှင့်ချင်းလူမျိုးတို့၏ သဘောထားတင်းမာမှု သက်သာစေရေးအတွက် ဖြစ်နိုင်ခြေရှိစွာညွှန်ပြသည့်အနေနှင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲ လုပ်ရန် မီဇိုတို့က ချင်းတို့နှင့်အတူ ဆပြခဲ့သည်။ သို့သော်လည်း ချင်းလူမျိုးတို့အနေနှင့် မီဇိုတို့က ဥပဒေကြောင်းအရ နှင်ထုတ်မှုနှင့် နေရပ်သို့ အတင်းအဓ္ဓမပြန်ပို့မည်တို့အား ကြောက်လန့်နေဆဲဖြစ်သည်။

## မလေးရှားနိုင်ငံရောက်ချင်းဒုက္ခသည်များ

အိန္ဒိယနယ်စပ်တလျှောက် အလွန်များပြားသည့် တပ်များချထားခြင်းကြောင့် အိန္ဒိယနိုင်ငံတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ရေးအတွက် ဖြစ်ပေါ်လာမည့်အန္တရာယ်အား ချင်းလူမျိုးအများစုက စိုးရိမ်ကြသည်။ ထို့ကြောင့် ဝေးလံသော်ငြားလည်း မလေးရှားနိုင်ငံသည် ချင်းလူမျိုးတို့ဆိုက်ရောက်ရာဒေသတစ်ခုဖြစ် လာ၍ လက်ရှိတွင် ဒုက္ခသည် ၂၃၀၀၀ ခန့် လက်ခံထားရပေသည်။

အိန္ဒိယနိုင်ငံကဲ့သို့ မလေးရှားသည် ဒုက္ခသည်အဆင့်အတန်းသတ်မှတ်မှုနှင့်ပတ်သက်သည့် ၁၉၅၁ ညီလာခံ သို့မဟုတ် ၎င်း၏ ၁၉၆၇ ခုနှစ် သဘောတူကျင့်ဝတ်တို့အား လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အပြင် ၂၀၀၆ နှစ်ဦးပိုင်းကတည်းက အထွေထွေလက်ခံစာရင်းသွင်းရေး လုပ်ငန်းစဉ်အား ပိတ်ထားခဲ့သည်။ မလေးရှားနိုင်ငံသို့ ချင်းလူမျိုးတို့ဆက်လက်၍ အစုလိုက် အပြုံလိုက်ထွက်ခွာနေခြင်းကြောင့် ၊ ချင်းလူမျိုးတို့အနေနှင့် စာရင်းသွင်း နိုင်ရန်စောင့်ဆိုင်းနေရသည့် အခြေအနေတွင်ရောက်ရှိလာသည်ကိုတွေ့ရသည်။ မလေးရှားနိုင်ငံတွင် ကာကွယ်စောင့်ရှောက်မှုနှင့် အကျိုးဖြစ်ထွန်းမှုများရရှိရန် ဂတိပေးထားခြင်းမရှိသော်လည်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ စားရင်းဝင်လက်မှတ်များက အနည်းဆုံး တတိယနိုင်ငံတွင်ရွှေ့ပြောင်းအခြေချရန် မျှော်လင့်ချက်ပေးထားသည်။

ချင်းဒုက္ခသည်အများစုမှာ မြို့တော်ကွာလာလန်ပူရှိ အလွန်ကျဉ်းကျပ်သည့် နေရာထိုင်ခင်းတွင် ဆင်းရဲနွမ်းပါးစွာနေထိုင်ကြရသည်။ အချို့က လက်ခအနည်းငယ်သာရသည့် လယ်ယာ လုပ်ငန်းလုပ်ကိုင်သည့်နေရာများဖြစ်၍ ရေပေးဝေမှုရရှိရန်ခက်ခဲကာ အကာအကွယ်ပစ္စည်းမလုံလောက်သည့် မြို့ပြင် ယာယီစခန်းများ သို့မဟုတ် ဝေးလံသည့် ခမီရွှန်ကုန်းမြင့်ဒေသများတွင် နေထိုင်ကြသည်။

အာဏာပိုင်တို့၏ နှောက်ယှက်စော်ကားမှုနှင့် နှိပ်စက်ညှဉ်းပမ်းမှုသည် မလေးရှားနိုင်ငံရောက် ချင်းလူမျိုးတို့အတွက် နေ့စဉ်အခြေအနေမှန်ပင်ဖြစ်သည်။ ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင် များအားစီးနင်းခြင်းအပြင် ပြည်သူပိုင်နေရာများတွင် လူဝင်မှုကြီးကြပ်ရေးအရာရှိများက ချည်းကပ်၍ ပွိုလ်ရေးချိန်းခြောက်မှုတို့ပြုလုပ်လေ့ရှိသည်။ လာဘ်မထိုးနိုင်ပါက သို့မဟုတ် မပေးချင်ပါက အဖမ်းခံရခြင်း၊ အချုပ်နှောင်ခံရခြင်းနှင့် နေရပ်သို့ပြန်ပို့ခံရခြင်းစသည့် အန္တရာယ်တို့ရှိသည်။ မလေးရှားတွင် အဖမ်းခံရသည့်ဒုက္ခသည်များအနေနှင့် မကြာခဏဆိုသလို လူများလွန်း၍ မသန့်ရှင်းသည့် အချုပ်ခန်းများအတွင်းထားရှိခြင်း ခံကြရသည်။ ၎င်းတို့ အနေနှင့် မဝရေစာနှင့် သက်တောင့်သက်သာမရှိသည့် အနေအထားရရှိကြသည်။ ဖျားနာမှု ဆိုသည်မှာ ထုံးစံပင်ဖြစ်သည်။ အစောင့်များနှင့် အရာရှိများ၏ နှောက်ယှက်စော်ကားမှုနှင့် ကိုယ်ထိလက်ရောက် နှိပ်စက်ညှဉ်းပမ်းမှုအား နေရာအနှံ့ကြားကြရမည်ဖြစ်သည်။

မလေးရှားတွင် ချင်းဒုက္ခသည်များအား အလုပ်လုပ်ခွင့်မပြုသည့်အပြင် ၎င်းတို့ အနေနှင့် သာမန်အလုပ်ကဏ္ဍများသို့လည်း နှိမ်ချပို့ဆောင်ဆက်ဆံခံရသည်။ အလုပ်ရရှိထားသူများအနေနှင့် အလုပ်ရှင်များ၏ မကြာခဏ ခေါင်းပုံဖြတ်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းနှင့် မတရားဖိနှိပ်ထားသည့်လုပ်ငန်းအခြေအနေများ ခံစားရချိန်တွင် သုံးပုံတပုံလောက်ပင်မရှိသည့် ချင်းလူမျိုးအရေအတွက်လောက်သာ အလုပ်အကိုင်ရရှိကြသည်။

မြို့ပေါ်နှင့် တောတွင်းဒုက္ခသည်စခန်းများတွင်နေထိုင်သည့်သူတို့အတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ရွှေ့လျားဆေးခန်းများမှတဆင့် ထောက်ပံ့ပေးသည်။ အမ်မ် အက်စ် အက်ဖ် Medecins Sans Frontières (MSF) အမည်ရ ဆေးဝါးအထောက်အကူပေးအပ်သည့် အစိုးရမဟုတ်သည့်အဖွဲ့ အစည်းအနေနှင့် မလေးရှားနိုင်ငံတွင် ထောက်ပံ့မှုလုပ်ငန်းများအား လာရောက်လုပ်ကိုင်ခဲ့၍ လွန်ခဲ့သည့်နှစ်အစပိုင်းအထိ ထိုထောက်ပံ့မှုတို့အား မရုပ်သိမ်းခင်အချိန်အထိ ဘာသာပြန်များထောက်ပံ့ပေးခြင်း၊ ဆေးရုံတက်သည့် ကျန်းမာရေးကုန်ကျမှုစားရိတ် ပြန်ထုတ်ပေးခြင်းတို့လုပ်ဆောင်ခဲ့သည်။

## နိဂုံးချုပ်

ရက်စက်မှု၊ ဖိစီးနှိပ်စက်မှုနှင့် အသက်အန္တရာယ်ချိန်းခြောက်မှုတို့ကြောင့် ချင်းလူမျိုး ရာထောင်ချီ၍ ထွက်ပြေးကြရသည်။ ၎င်းတို့အနေနှင့် ကြီးမားသည့်အခက်အခဲနှင့် ရင်ဆိုင်ရခြင်း၊ ကြမ်းတမ်းမှုများအား ကြုံကြုံခံ၍ အန္တရာယ်များသည့် စိန်ခေါ်မှုတို့ကြောင့် တနေရာရာတွင် ခိုလှုံခွင့်ရရှိရန်မျှော်လင့်ချက်ထားရှိခဲ့သည်။ တရားဝင်အသိအမှတ်ပြုမှုမလုံလောက်ခြင်း၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ လက်ခံမှုကန့်သတ်ထားရှိခြင်းနှင့် အလုပ်အကိုင်နှင့် ပညာရေးထောက်ပံ့မှုရရှိရန် ခက်ခဲခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု များနှင့် လက်ခံနိုင်လောက်သည့် နေရာထိုင်ခင်းရရှိရန် မလွယ်ကူခြင်း တို့အား အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့တွင် ၎င်းတို့အနေနှင့် တွေ့ကြုံရပေသည်။ ထိုင်းနိုင်ငံရှိ ၎င်းတို့၏ မြန်မာနိုင်ငံမှ ညီအစ်ကိုများကဲ့သို့ အိန္ဒိယနိုင်ငံနှင့် မလေးရှားနိုင်ငံရောက် ချင်းတိုင်းရင်းသားတို့အနေနှင့် တကယ့်ခိုလှုံရာကင်းမဲ့သည့် အနေအထားဖြင့် နေထိုင်ကြရပေသည်။

*အေမီ အလက်ဇန္ဒား **(amyalex_thailand@yahoo.com)** သည် ရှေ့နေဖြစ်၍ ထိုင်းနိုင်ငံ ဇင်းမယ်မြို့ရှိ ချင်းလူ့အခွင့်အရေးအဖွဲ့ **(www.chro.org)** ၏ လုပ်ရှားမှုအကျိုးဆောင်ဖြစ်သည်။ ချင်းလူ့အခွင့်အရေးအဖွဲ့အနေနှင့် ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် ရက်ရောစွာဖြင့် အချိန်၊ ကိုယ်တွေ့ဇတ်လမ်းများနှင့် အတွေ့ အကြုံများ ပြောပြပေးခဲ့ကြသည့် ချင်းလူမျိုးစုအားလုံးအား အထူးကြေးဇူးတင်ရှိပါသည်။*

# လူ့အခွင့်အရေးဆောင်ရွက်မှုများဖြစ်ပွားစေသည့် ဝင်ရောက်နေထိုင်ခြင်းနှင့်လူကုန်ကူးခြင်း

နီကိုလတ်ဝင်းမြင့်

ဖြတ်သန်းရွှေ့ပြောင်းဝင်ထွက်နေသည့် မြန်မာနိုင်ငံသားတို့သည် နိုင်ငံအတွင်းအပြင် နိုင်ငံနယ်စပ်များကိုဖြတ်ကျော်၍လှုပ်ရှားသက်ဝင်နေပေသည်။ ဤသည်မှာ ၎င်းတို့၏ အခြေအနေအပေါ်မူတည်သည့် လိုအပ်ချက်တွန်းအားအရ၊ ပိုမိုတောက်ပသည့် အနာဂတ်မျှော်လင့်ချက်များ၏ဆွဲအားအရ၊ တစ်ခုမဟုတ်တစ်ခုအရ ဖြစ်ပွားလျက်ရှိသည်။ အများစုအတွက် တစုံတရာဖြည့်စွမ်းမှုပေးနိုင်သော်လည်း အချို့မှာမူ ဤဝင်ရောက်မှုအပေါ် အမြတ်ထုတ်ခြင်းများ၊ မတရားစော်ကားမှုများ၊ ရောဂါဝေဒနာနှင့် အသက်ဆုံးရှုံးသည့်တိုင် ဆိုးရွားသည့်အခြေအနေများကို ရင်ဆိုင်ကြရသည်။

လူကုန်ကူးခြင်း (ယနေ့ခေတ်စားနေသည့် အမျိုးသမီး၊ ကလေးများနှင့် အမျိုးသားများအား ကျွန်ပြုကုန်ကူးနေမှု) သည် တကမ္ဘာလုံးတွင် ဖြစ်ပေါ်နေပေသည်။ သို့သော် ဖော်ပြနိုင်သည့် အကန့်အသတ်အတိုင်းအတာအတွင်း ရရှိထားသည့် အချက်အလက်တို့က အရှေ့တောင်အာရှအား အထူးသဖြင့် မဏ္ဍိုင်ပြုနေသည်ဟု ညွှန်ပြနေသည်။ ထိုဒေသအတွင်း မြန်မာနိုင်ငံသည် ထိုင်းနှင့် တရုတ်နိုင်ငံနှစ်ခုစလုံးသို့ လူကုန်ကူးသန်းရောင်းဝယ်ရေးများ၏ အဓိကပင်ရင်းနိုင်ငံ ဖြစ်နေပေသည်။ နှစ်စဉ် ဤဒုစရိုက်လုပ်ငန်းအတွင်း လူဦးရေမည်၍မည်မျှ သားကောင်အဖြစ်ကျရောက်ခဲ့သည်ကို မသိရှိရသော်လည်း ခန့်မှန်းခြေအတိုင်းအတာမှာ လူသုံးထောင်မှ သုံးသောင်းအတွင်း ရောင်းစားခြင်းခံနေကြရပေသည်။

အချို့သူများက မြန်မာနိုင်ငံတွင်ဤရာဇဝတ်မှုအား ထိထိရောက်ရောက်ဖြေရှင်းဖော်ထုတ်ဆောင်ရွက်နိုင်ရန် မျှော်လင့်ကောင်း မျှော်လင့်ကြပေမည်။ ဆင်းရဲမွဲတေမှုနှင့်အတူ




ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ အစိုးရပိုင် ဘန့်ခရက် ထရာကန် ရိပ်သာတွင် ယခုအခါ ရှိးရာ လက်မှုပညာ လေ့လာနေသည့် မတရားစီးပွားရေး လုပ်ငန်းတစ်ခုသို့ ရောင်းစားခံရမှုမှ လွတ်မြောက်လာသည့် မြန်မာ အမျိုးသမီး တစ်ဦး

အလွယ်တကူကုစားမှုမပြုနိုင်သေးသည့် ၎င်းနှင့်ဆက်နွှယ်သည့် စီးပွားရေးနိမ့်ကျမှုတို့ကြောင့်သာမက လူကုန်ကူးခြင်းများအားတိုက်ဖျက်ရာတွင် လူ့အခွင့်အရေးနှင့် ဥပဒေလေးစားမှုအပါအဝင် အစိုးရတို့၏ဌာနများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများတို့၏ လုပ်ငန်းများမှတဆင့် အဖက်ဖက်မှဆောင်ရွက်မှုများပြုလုပ်ရန်လည်း လိုအပ်ပေသည်။ အမေရိကန်နိုင်ငံတော်အစိုးရဌာန၏ လူကုန်ကူးခြင်းနှစ်စဉ်အစီရင်ခံစာ တွင် မြန်မာနိုင်ငံအား အဆင့် (၃)တွင်ထား၍ အစိုးရအနေနှင့် လူကုန်ကူးခြင်းကိစ္စများအားတင်ပြရန်ပျက်ကွက်နေခဲ့သည်ဟုဆိုကာ အနိမ့်ဆုံးအဆင့်သတ်မှတ်ခဲ့သည်။ မကြာမီနှစ်များအတွင်း အထောက်အကူပေးသည့် အစိုးရမူဝါဒများနှင့်အတူလုပ်ဆောင်နေသည့် လူကုန်ကူးမှုဆန့်ကျင်ရေးဝန်ထမ်းများအဖွဲ့ငယ်အနေနှင့်လည်း ထင်ရှားတိုးတက်သည့် အောင်မြင်ပြောင်းလဲမှု တစ်စုံတရာ ဆောင်ရွက်နိုင်ခြင်းမရှိသေးပေ။

နိုင်ငံတစ်ခုတည်းတွင်အခြေမပြုသည့် စနစ်တကျလုပ်ဆောင်နေသည့်ရာဇဝတ်မှုဆန့်ကျင်ရေး သဘောတူညီချက်တွင် လူကုန်ကူးခြင်းအား ထင်ရှားသည့် အခြေခံအချက်သုံးခုပါဝင်သည့် အဓိပ္ပါယ်ဖွင့်ဆိုမှုပြုခဲ့သည်။ ပထမအချက်အနေဖြင့် ပုဂ္ဂိုလ်တစ်ဦးအား လူသစ်စုဆောင်းရေး၊ သယ်ယူပို့ဆောင်ရေး သို့မဟုတ် ထိမ်းသိမ်းထားခြင်းတို့မှာ လူကုန်ကူးခြင်းလုပ်ဆောင်မှုဖြစ်သည်။ ဒုတိယအချက်မှာ အကျပ်ကိုင်ခြင်း (အဓမ္မစေခိုင်းခြင်း/အဓမ္မချိန်းခြောက်ခြင်း) သို့မဟုတ် ဖြားယောင်းသွေးဆောင်ခြင်းတို့ပါဝင်လာပါက လူကုန်ကူးခြင်းဟု အဓိပ္ပါယ်သက်ရောက်သည်။ တတိယအချက်အရ လူကုန်ကူးခြင်းရည်ရွယ်ချက်မှာ လိင်ဆက်ဆံမှုအရ (သို့) အလုပ်သမားများအပေါ်ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း လုပ်ဆောင်ရန် ဖြစ်သည်။၁ မိမိတို့အနေနှင့် ဤအချက်သုံးခုစလုံးနှင့်ပတ်သက်သည့် အနေအထားထင်ရှားခဲ့ပါလျှင် လူကုန်ကူးခြင်းဟူ၍သာ သုံးနှုန်းပြောဆိုကြပေသည်။၂

ဤအဓိပ္ပါယ်ဖွင့်ဆိုချက်အားအသုံးပြုခြင်းဖြင့် လူကုန်ကူးခြင်းသည် ရှင်းလင်းတိကျသည့် ရာဇဝတ်မှုတစ်ခု အမြဲမဟုတ်သည်ကို တွေ့ရပေမည်။ လူတို့အနေနှင့် မကြာခဏ၎င်းတို့ဆအလျောက်ပါဝင်လာကြမည်၊ အလုပ်သမားအခြေအနေများတွင်ပင် ၎င်းတို့၏နှိုင်းယှဉ်ချက်အရ လက်ရှိအနေအထားအပေါ် ခေါင်းပုံဖြတ်ခြင်းခံရသည်ဟု သတ်မှတ်ရကောင်းသတ်မှတ်ရပေမည်။ အခြားတဘက်တွင် လူတို့အနေနှင့် လုပ်ခအနည်းငယ်သာရရှိခြင်း၊ အလုပ်ချိန်ပိုလုပ်ရခြင်း သို့မဟုတ် ယခင်သဘောတူညီချက်နှင့် ဆန့်ကျင်သည့် လုပ်ငန်းခွင်အနေအထားများတွင် ထားရှိခံရခြင်းတို့ဖြင့် လှည့်ဖြားခြင်းခံရကောင်းခံရမည်။ ဤအခြေအနေများတွင် ၎င်းတို့အနေနှင့် တစုံတဦး၏ အတင်းအကြပ်စေခိုင်းမှုမရှိဘဲ ဆက်လက်နေထိုင်လုပ်ကိုင်နေပါက ၎င်းကို တရားဝင်လူကုန်ကူးသည်ဟု မဆိုနိုင်ပေ။ အပြန်အလှန်အားဖြင့် လူတို့အနေနှင့် အစပထမတွင် မိမိဘာသာ ကူးသန်းဝင်ရောက်လာခြင်းဖြစ်နိုင်သော်လည်း နောက်ပိုင်းတွင် လူကုန်ကူးခံရသည့်အနေအထားအတွင်း သို့သက်ဆင်းကျရောက်ကြရသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုမှုတို့ကို တရားဝင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် လူကုန်ကူးမှုဆန့်ကျင်ရေး ဝင်ရောက်လုပ်ဆောင်မှု၏ အဓိကစိန်ခေါ်မှုတစ်ခုပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဤဆောင်ရွက်မှုသည် အမှန်တကယ်လိုအပ်နေသည့်သူတို့အတွက် ကာကွယ်မှုနှင့် အကူအညီများ လက်ခံရရှိနိုင်ခြင်းရှိမရှိ သေခြာစွာ လုပ်ဆောင်ရမည့် အရေးကြီးသည့် လုပ်ငန်းပင် ဖြစ်သည်။

## ဝင်ရောက်နေထိုင်ခြင်းနှင့် လူကုန်ကူးခြင်း

ရောင်းစားခံရသည့်ပုံသဏ္ဍာန်များစွာရှိသကဲ့သို့ လူတို့အနေနှင့် ခေါင်းပုံဖြတ်ခံရမှုပုံစံမျိုးစုံရှိသည်။ အခြေခံအားဖြင့် လူကုန်ကူးခြင်းသည် လူပုဂ္ဂိုလ်တစ်ဦးခြင်းအား ဆန့်ကျင်သည့် ရာဇဝတ်မှုဖြစ်သည်။ အခြားရာဇဝတ်မှု၏အသွားအလာကဲ့သို့ (ဥပမာ – လူသတ်မှု၊ မုဒိမ်းမှု၊ ပြန်ပေးဆွဲမှု) ၎င်းအား ခြုံငုံပြောဆိုရန်ခက်သည်။ မည်သို့ဆိုစေကာမူ ရောင်းအစားခံရသည့်သူများ၊ အကူအညီပေးသည့်အဖွဲ့အစည်းများနှင့် ဥပဒေပြုပုဂ္ဂိုလ်များအပါအဝင် တရားခံများအား ကိုယ်တွေ့မေးမြန်းချက်များပေါ်အခြေခံ၍ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုလုပ်ငန်းပေါ်ပေါက်လာရခြင်းတစ်ခုလုံး၏ အနေအထားမှာ ဝင်ရောက်နေထိုင်လုပ်ကိုင်ခြင်း၏ တစုံတရာ မှားယွင်းဖောက်ပြန်မှုကြောင့်ဟုဆိုရမည်ဖြစ်သည်။

ရှေးခေတ် ကုန်သွယ်ရေးအခြေခံလမ်းကြောင်းများပေါ်တွင် ရှိနေသည့် မြန်မာနိုင်ငံတွင် ဖြတ်ကျော်ဝင်ရောက်မှုများကို ကာလကြာမြင့်စွာတွေ့နေရသည်။ ယနေ့အခါ ဒေသတွင်း စီးပွားရေးအခြေအနေကွာဟမှုက လူငယ်များအား ပိုမိုတည်တံ့သည့်အနာဂါတ်အတွက် နယ်စပ်ဖြတ်ကျော်ဝင်ရောက်ရေးလုပ်ဆောင်ရန် မီးထိုးပေးနေပေသည်။ ဤဝင်ရောက်မှုအများစုက လူကုန်ကူးခြင်းများ ဖြစ်ပေါ်စေသည်မဟုတ်ပေ။ သို့သော် အချို့မှာမူ ဝင်ရောက်မှုပုံသဏ္ဍာန်ဆိုးဆိုးရွားရွားမှားယွင်းမှုနှင့်ကြုံတွေ့ရကာ ၎င်းတို့ကိုယ်၎င်းတို့ လူကုန်ကူးသူတို့၏ ကျားသနားမှ နွားချမ်းသာမည့်အခြေအနေသို့ ရောက်ရပေတော့သည်။ တခါတရံ ထိုသူတို့မှာ ၎င်းတို့အား သဘောတူညီထားသည့်နေရပ်သို့မပို့ဘဲ အခြားနေရာများသို့ပို့ပေးကြသည့် ပွဲစားများဖြစ်နေ၍၊ တခါတရံတွင်မူ ခေါင်းပုံဖြတ်စေခိုင်းသည့် အလုပ်ခွင်များ၌ အကျပ်ကိုင်ခိုင်းစေကြသည့် အလုပ်များဖြစ်နေကြသည်။ သတင်းခေါင်းစဉ်များစွာတွင် အမျိုးသမီးများအား လိင်အရအမြတ်ထုတ်စော်ကား၍ အတင်းအကျပ် ပြည့်တန်ဆာလုပ်ခိုင်းသည့်အဖြစ်အပျက်များအား လေ့လာရသည့်တချိန်တည်းမှာပင် အမျိုးသမီးနှင့် အမျိုးသား ပါဝင်သည့် စက်ရုံများရှိ အလုပ်သမားခေါင်းပုံဖြတ်ခြင်းလုပ်ဆောင်လူကုန်ကူးမှု (အမျိုးသားများကိုလည်း ငါးဖမ်းလုပ်ငန်းများသို့ပို့ဆောင်ခြင်းခံရ) အစီရင်ခံချက်များအားတွေ့ရသည်။

အိမ်တွင် ဆင်းရဲတွင်းနက်မှုပြေပျောက်စေခြင်း၌ အချို့စိတ်မြန်လက်မြန်နှင့် အခြားဒေသများသို့ထွက်၍စွန့်စားခြင်းသည် တစုံတရာဖြေရှင်းနိုင်မည်ဖြစ်သည်၊

သို့သော်လည်း များစွာသောဖြတ်ကျော်ဝင်ရောက်မှုတို့မှာ မိမိအိမ်တွင်းရှိအခွင့်အလမ်း နှင့် နိုင်ငံရပ်ခြားရှိအခွင့်အလမ်းမျှော်လင့်ချက်များအတွင်း ကွာခြားချက်အပေါ် ဆင်းရဲမွဲတေမှု နှင့်ဆက်စပ်သည့် စီးပွားရေးအဆင်မပြေမှုများကြောင့် ဖြစ်ပေါ်လာသည့်အသိအမြင်၏ တွန်းအားပေးမှုကြောင့်ဖြစ်ရခြင်းဖြစ်သည်။

တာဝန်သိစိတ်ဖြင့်လူကုန်ကူးခြင်းဆန့်ကျင်စွက်ဖက်ဆောင်ရွက်ရေးရည်ရွယ်ချက်မှာ ယင်းလုပ်ရှားဆောင်ရွက်မှုကို ရပ်တန့်ပစ်ရန်မဟုတ်ဘဲ လူကုန်ကူးမှုကိုရပ်တန့်ပစ်ရေးသာဖြစ်သည်။

မကြာမီနှစ်များအတွင်း မြန်မာနိုင်ငံတွင် အဆိုပါကိစ္စနှင့်စပ်လျဉ်းသည့် အားတက်စရာပြောင်းလည်းတိုးတက်မှုအချို့ကို တွေ့ရသည်။ သိသာသည့်တိုးတက်မှုမှာ ဖြတ်ကျော်ဝင်ရောက်လာသူများအားလုံခြုံမှုပေးအပ်ရေးအပြင် ရောင်းစားခံရသူများအားကူညီထောက်ပံ့မှုပေးရေး နှစ်ခုစလုံးပင်ဖြစ်သည်။ ၂၀၀၅ ခုနှစ် စက်တင်ဘာလတွင် ဥပဒေပြုထားသည့် မြန်မာနိုင်ငံ၏ လူကုန်ကူးမှုဆန့်ကျင်ရေးဥပဒေက တရားစွဲဆိုခံရမှုမှကင်းလွတ်ခွင့်၊ လိုအပ်သည့် ဥပဒေကြောင်းလမ်း၊ ငွေကြေးနှင့် ဆေးဝါးအထောက်အပံ့တို့ အပါအဝင် ရောင်းစားခံရသူအပေါ် တိကျသည့် တရားဝင်အကာအကွယ်ထောက်ပံ့မှုများပေးအပ်ထားသည်။ ထိုဥပဒေက ရဲနှင့် လူဝင်မှုကြီးကြပ်ရေးအရာရှိများအား ကြောက်လန့်ခြင်းများအား လျှော့ချရေးများလုပ်ဆောင်မှုနှင့် တချိန်တည်းမှာပင် ခံစားရသူများအတွက် အကူအညီများလက်ခံရရှိစေရေးလွယ်ကူစေရန် ရည်ရွယ်ထားသည်။

တချိန်တည်းမှာပင် ၂၀၀၅ ခုနှစ်မှစ၍ ကာကွယ်ရေးလှုံ့ဆော်ဆောင်ရွက်မှုများအား အဝေးပြေးကားဂိတ်များတွင် စတင်ဆောင်ရွက်ခဲ့သည်။ သင်တန်းပေးထားသည့် သင်တန်းဆရာများက လူကုန်ကူးခြင်း၏ အန္တရာယ်များသာမက အခြေခံအခွင့်အရေးများ၊ အသုံးဝင်သည့်အဆက်အသွယ်များနှင့် အဓိကကျသည့်အသုံးအနှုံးများကိုပါ အချက်အလက်ပေး၍ ပညာပေးလုပ်ငန်းများလုပ်ဆောင်ကြသည်။ အစပထမတွင် ရန်ကုန်ပတ်ဝန်းကျင် ကားဂိတ်များတွင် စတင်ခဲ့သော်လည်း ယခုအခါ မော်လမြိုင်မြို့ ထိုင်းနိုင်ငံနယ်စပ်သို့သွားသည့် ကူးပြောင်းကားဂိတ်တစ်ခုတွင်ပါ တိုးချဲ့လုပ်ဆောင်နေပြီဖြစ်သည်။ လူကုန်ကူးသည့်ကိစ္စနှင့်ပတ်သက်သည့် ဗီဒီယိုများအားပြသခြင်း၊ လက်ကမ်းစာစောင်များကို ခရီးသွားပြည်သူများအား နယ်စပ်သွားသည့် ကားများပေါ်တွင် ဝေငှခြင်းတို့လုပ်ဆောင်ကြသည်။ ၂၀၀၆ ခုနှစ်တွင် ဤလှုပ်ရှားမှုဖြင့် လူသန်းတစ်ဝက်ကျော်အား ပညာပေးရေး လုပ်ဆောင်နိုင်ခဲ့သည်။

ဖြတ်ကျော်ဝင်ရောက်သူအား လုံခြုံမှုရှိစေရေးဆောင်ရွက်မှုနှင့်အပြိုင် ကာကွယ်ရေးနှင့် ရောင်းစားခံရသူများအား အကူအညီရရှိစေရေးတိုးမြှင့်ရန် ကြိုးပမ်းလုပ်ဆောင်ရေးများမှာလည်း လိုအပ်ချက်ရှိနေပေသေးသည်။ အာမခံချက်ပေးနိုင်သည့် စတင်လုပ်ဆောင်မှုတစ်ခုမှာ နယ်ခြားဆက်ဆံရေးရုံးများအား (ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုပပျောက်ရေးရုံး UN Offices on Drugs and Crime (UNODC) နှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးရောင်းဝယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများအတွက်ဖွင့်လှစ်ခဲ့သည့်ရုံးများ) ၎င်းတို့၏လုပ်ပိုင်ခွင့်အား တိုးချဲ့ကာ လူကုန်ကူးမှုများအားလည်းကာကွယ်နိုင်ရန် ဖွင့်လှစ်လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။

ဤလုပ်ငန်းတွင် အခြေခံလုပ်ဆောင်မှုမှာ စိမ့်ဝင်လာနိုင်သောနယ်စပ်များမှဖြတ်ကျော်ဝင်ရောက် လာသည့်သူများအား တားဆီးရန်မဟုတ်ပဲ အစိုးရဌာနများ၏ နယ်စပ်ဖြတ်သန်းရေး ပူးပေါင်းဆောင်ရွက်မှုဖြင့် ရောင်းစားခံရသူများအား နေရပ်သို့လုံခြုံစိတ်ချစွာပြန်လည်ပို့ဆောင်နိုင်ရန် ကူညီရေးပင်ဖြစ်သည်။ ဖြတ်ကျော်ဝင်ရောက်လာသူများ နှစ်ဘက်နယ်စပ်မှ ရဲနှင့်လူမှုရေးအကူအညီပေးအပ်သည့်အရာရှိများတို့နှင့် လုပ်ဆောင်ရာတွင် နယ်ခြားဆက်ဆံရေးရုံးများက ယခုအခါ ရောင်းစားခံရသူများအား မူလနေရပ်ဌာနေသို့ ကူညီပို့ဆောင်ရေးများအား ထောက်ပံ့ပေးရန်ဖြစ်သည်။

ထိုခရီးစဉ်အဆုံးတွင်လည်း ဒေသခံနှင့်နိုင်ငံတကာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများအား ထိုရောင်းစားခံရသူများအတွက် နှစ်သိမ့်ပညာပေးဆွေးနွေးခြင်း၊ ငွေကြေးနှင့်ဆေးဝါးအကူအညီ၊ မိသားစုအားစုံစမ်းပေးခြင်းအပြင် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများမှတဆင့် လိုအပ်သည့်ကူညီစောင့်ရှောက်မှုများအား ပိုမိုလုပ်ဆောင်နိုင်ရန် အားပေးသည့်အပြင် ထိုလုပ်ငန်းများလုပ်ဆောင်နိုင်ရန် လိုအပ်သည့်အခြေအနေများကိုလည်း ပေးအပ်ထားသည်။ လူမှုအခြေခံအဖွဲ့အစည်းများအားပေးအပ်ထားသည့် သင်တန်းဖြင့် ဒေသခံလူထုအား ထိုဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည့် လူကုန်ကူးမှုများအား တိုက်ဖျက်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန် လုပ်ပိုင်ခွင့်များပေးအပ်ထားသည်။

## ရရှိခဲ့သည့်သင်ခန်းစာများ

နေရာအသီးသီးတွင်မြှုပ်နှံထားသည့်ဝန်ထမ်းများ (လူထုတွင်းစည်းရုံးရေးမှူးများ၊ အစိုးရအရာရှိများ၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ဝန်ထမ်းများ) အနေနှင့် ဤစနစ်အားသယ်ဆောင်၍ သက်ဝင်အကောင်အထည်ဖော်နိုင်စေရန် လုပ်ဆောင်ကြသည်။ လူကုန်ကူးခြင်းများအား ဖော်ထုတ်ရန် အဓိကလိုအပ်နေသည့် အခြေအနေမှာ မြန်မာအစိုးရက ဤပြဿနာအားအသိအမှတ်ပြုကာကွယ်စောင့်ရှောက်ရန်နှင့် တစုံတရာဖြေရှင်းမှုလုပ်ဆောင်ရန်ဆရိုရေးပင်ဖြစ်သည်။

ထိုအချက်နှစ်ခုစလုံးမှာ ကုလသမဂ္ဂမှတဆင့် နည်းပညာကျွမ်းကျင်သူများအထောက်အပံ့ဖြင့် မဲခေါင်ဒေသတွင်းရှိ ၆ နိုင်ငံအစိုးရများ အကောင်အထည်ဖော်နေသည့် တိုးတက်ရေးလုပ်ငန်းစဉ်နှင့်ဆက်စပ်သည့် လုပ်ငန်းအတိုင်းအတာတွင်ပါရှိ၍၊ အတူတကွပူးပေါင်းမှုဖြင့် လူကုန်ကူးခြင်းတိုက်ဖျက်ရေးလုပ်ဆောင်သွားရန် ကတိထားခဲ့ကြသည်။

မဲခေါင် လူကုန်ကူးမှုဆန့်ကျင်ရေးပူးပေါင်းဆောင်ရွက်မှု Coordinated Mekong Ministerial Initiative against Trafficking (COMMIT) ဟု အမည်ရသည့် ဤလုပ်ငန်းစဉ်အား ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ကမ္ဘောဒီးယား၊ တရုတ်၊ လာော၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် တရားဝင်စတင်ခဲ့သည်။[၃]

COMMIT က မြန်မာနိုင်ငံအတွင်း ဖိအားပေးနေသောပြဿနာဖြစ်သည့် လူကုန်ကူးခြင်းအား တရားဝင်အသိအမှတ်ပြုခြင်းတည်းသာမက မြန်မာနိုင်ငံအား ဒေသအဖွဲ့ဝင်နိုင်ငံအဖြစ်ထည့်သွင်းထားကာ ထိုပြဿနာအား တင်ပြရန်နှင့် ဖြေရှင်းလုပ်ဆောင်ရန်ဖြစ်သည်။

ဤ COMMIT လုပ်ငန်းစဉ်သည် ဒေသတွင်းရှိအစိုးရအရာရှိများအတွင်း ဆက်သွယ်မှုကွန်ရက်တည်ထောင်ပေးထားကာ ၎င်းတို့၏အတွေ့အကြုံများအားမျှဝေခြင်းအပြင် မြန်မာနိုင်ငံတွင် မူလကတည်းကချမှတ်ထားသည့် အသင့်တော်ဆုံးနိုင်ငံတကာ လုပ်ဆောင်မှုတို့အား ဆောင်ရွက်ခြင်းဖြစ်သည်။ ၎င်းအချက်သည် မြန်မာနိုင်ငံတွင်း အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂဌာနများအတွက် လူကုန်ကူးမှုများဆန့်ကျင်ရေးဆောင်ရွက်ရာတွင် လိုအပ်သည့်အနေအထားအား ပေးအပ်ထားပေသည်။ ထို့ပြင် လူကုန်ကူးမှုကာကွယ်ရန် အစိုးရကို ကူညီထောက်ပံ့ခြင်း အပါအဝင် အဝေးဒေသမှရောင်းစားခြင်းခံရသူအား ကာကွယ်ရန်ဖြစ်သည်။ နောက်ဆုံးအနေနှင့် ထို ၆ နိုင်ငံအတွင်း မည်သည့်အစိုးရက လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ထိမ်းသိမ်း ဆောင်ရွက်နေသည်ကို အစိုးရများအစည်းအဝေးများတွင် ထည့်သွင်းသုံးသပ်လုပ်ဆောင်ခြင်း ဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကိစ္စအပေါ် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြသည်။

ဤလုပ်ဆောင်မှုတို့သည် တိုးတက်မှုတို့အား (အများစုပြီးစီးရန်လိုအပ်နေ) အားပေးနေပေသည်။ မြန်မာနိုင်ငံတွင် လူကုန်ကူးခြင်းဆန့်ကျင်ရေးရှေ့တွင် စိန်ခေါ်မှုအနည်းဆုံး သုံးရပ်ရှိသည်။ ၎င်းတို့မှာ –

- အကူအညီအမှန်တကယ်လိုအပ်နေသည့်သူများထံသို့ အကူအညီ တိုက်ရိုက်ရောက်ရှိခြင်းရှိမရှိ သေချာအောင်လုပ်ဆောင်ရေး။
- ထိရောက်သည့် ဝင်ရောက်ကာကွယ်လုပ်ဆောင်မှုဖြင့် လူကုန်ကူးခံရသူများဦးရေလျှော့ချခြင်း။ ( အကာအကွယ်ပေးမှုသည် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများတလျှောက် (သို့) နယ်စပ်မြို့များနှင့် ၎ဒေသများကြားရှိ ရည်မှန်းထားရာနေရာများသို့ ဦးတည်ချက်အတိုင်းရောက်မရောက် ဆက်လက်၍ အခြေအတင်ဆွေးနွေးခြင်း။)
- လူကုန်ကူးမှုဆန့်ကျင်လှုပ်ရှားမှုများအားချဉ်းကပ်လုပ်ဆောင်ရာတွင်ဖြစ်မြောက်ခြင်းရှိမရှိညှိနှိုင်းဆောင်ရွက်ခြင်း။ (ကုလသမဂ္ဂဌာနများနှင့် ပြုလုပ်ခံရသူများစောင့်ရှောက်ရေးဌာနများ ထံမှ အကြံညာဏ်ရရှိရေးအတွက် မြန်မာအစိုးရအနေဖြင့် အရေးယူဆောင်ရွက်မှုများလုပ်ဆောင်နိုင်ရန် နိုင်ငံတော်စီမံကိန်း မူကြမ်းရေးဆွဲနေပြီဖြစ်သည်။)

လူကုန်ကူးမှုဆန့်ကျင်ရေးများတွင် လုပ်ဆောင်ရန်လိုအပ်သည့်အချက်များစွာကျန်ရှိနေပေသည်။ ထို့အပြင် လက်ရှိ တိုးတက်မှုမှာလည်း ပြီးပြည့်စုံသည့်အနေအထားနှင့် ဝေးကွာလျှက်ရှိနေပေသေးသည်။ မည်သို့ဆိုစေကာမူ လူမှုရေးစောင့်ရှောက်မှု အကူအညီပေးအပ်သူများအနေနှင့် စီမံကိန်းလုပ်ဆောင်ရေးစိန်ခေါ်မှုနှင့် နိုင်ငံရေးအခြေအနေများအား ရင်ဆိုင်ရသည့်နေရာတွင် လူကုန်ကူးမှုဆန့်ကျင်ရေးလှုပ်ရှားမှုခြေလှမ်းများသည် မျှော်လင့်ချက်အလင်းတန်းတစ်ခုဖြစ်သည်။ လူကုန်ကူးမှုဆန့်ကျင်ရေးသည် အိပ်ချ်အိုင်ဗီ (အေအိုင်ဒီအက်စ်) တိုက်ဖျက်ရေးဖြစ်သကဲ့သို့ လာတ်စားမှုဆန့်ကျင်ရေးနှင့် စနစ်တကျစီစဉ်ထားသည့်ရာဇဝတ်မှုတိုက်ဖျက်ရေးလည်းဖြစ်ပေသည်။ ပို၍အရေးကြီးသည့်အချက်မှာ လူ့အခွင့်အရေးများအတွက်တိုက်ပွဲ ဖြစ်သောကြောင့် ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်းဖြစ်သည်။ တိုးတက်မှုမှာ နှေးကွေးကောင်းနှေးကွေးပေမည်။ သေးငယ်ကောင်းသေးငယ်ပေမည်။ သို့သော် အမှတ်တမဲ့ထားသည့်အရာ မဖြစ်သင့်သည်မှာ အသေအချာပင်ဖြစ်သည်။

*နီကိုလတ်ဝင်းမြင့်သည် မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အလုပ်လုပ်ကိုင်ခဲ့သည်။ မကြာမီက မဲခေါင်အထူးဒေသ ကုလသမဂ္ဂနိုင်ငံတကာဌာနလူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်း* ***UN Inter-Agency Project on Human Trafficking in the Greater Mekong-Subregion (UNIAP www.no-trafficking.org)*** *တွင်တာဝန်ယူခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ ဤဆောင်းပါးသည် ပုဂ္ဂိုလ်ရေးအရ ဆောင်ရွက်နိုင်ခဲ့သည့်အနေအထားဖြင့် ရေးသားထားခြင်းဖြစ်သည်။ ထို့ကြောင့်ကုလသမဂ္ဂ၏ အမြင်နှင့် ရှုထောင့်များအား ကိုယ်စားမပြုပါ။*

# အာရှ၏ သစ်လွင်သည့် လှေလိုက်သူများ

ခရစ်(စ်) လီဝါ

နိုင်ငံမဲ့ရိုဟင်ဂျာထောင်ပေါင်းများစွာတို့သည် မလေးရှားတွင် သာလွန်ကောင်းမွန်သည့်ဘဝအိပ်မက်အရ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ထွက်ခွာရေးလုပ်ဆောင်နေကြသည်။




ထိုင်းနိုင်ငံတွင် အဖမ်းခံခဲ့ရသည့် လှေလိုက်သူများ၊ ၂၀၀၈ ခုနှစ်

၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ရိုဟင်ဂျာဦးရေ ၂၄၀ လောက်အား မလေးရှားနိုင်ငံသို့ လူမှောင်ခို ခိုးထုတ်လာသည့် ငါးဖမ်းသင်္ဘောတစ်စီးနှင့် ကူးတို့လှေနှစ်စီးတို့သည် ဘင်္ဂလားပင်လယ်ကွေ့အတွင်း နစ်မြုပ်သွားခဲ့သည်။ လူ ၈၀ လောက်အသက်မသေကျန်ရှိခဲ့၍ အခြားပုဂ္ဂိုလ်အားလုံးတို့ ရေနစ်သေဆုံးခဲ့ကြသည်။ တပတ်အကြာတွင် အခြားလှေထပ်မြုပ်ပြန်၍ အဆိုအရ မြန်မာ့ရေတပ်က ပစ်ခတ်နစ်မြုပ်ခဲ့ခြင်းဟုသိရသည်။ လူဦးရေ ၁၅၀ လောက် သေမည်ဟုယုံကြည်ရသည်။ ရိုဟင်ဂျာများစွာအနေနှင့် ဖိနှိပ်မှု၊ ခွဲခြားဆက်ဆံမှုနှင့် အလွန့်အလွန်ဆိုးရွားသည့် ဆင်းရဲတော်မွတ်မှုတို့မှ လွတ်မြောက်ရေးအတွက် အန္တရာယ်ရောပြွမ်းနေသည့် ပင်လယ်ပြင်ခရီးအား ထွက်ခွာရေးအတွက် လှေသင်္ဘောပေါ်တက်ရန် အဆင်သင့်ဖြစ်နေကြသည်။ ၂၀၀၈ ခုနှစ် မတ်လ ၃ ရက်နေ့တွင် သီရိလင်္ကာရေတပ်က အင်ဂျင်ပျက်၍ အိယသမုဒရာတွင် ၂၂ ရက်ခန့်မျောနေသည့်လှေမှ ရိုဟင်ဂျာအများစုပါသည့် ခရီးသွား ၇၁ယောက်အား ကယ်ဆယ်ခဲ့သည်။ အယောက်နှစ်ဆယ်မှာ ငတ်ပြတ်မှုနှင့် ခန္ဓာကိုယ်တွင်းရေဓာတ်ကုန်ဆုံးမှုကြောင့် လမ်းတွင်သေဆုံးခဲ့ပြီးဖြစ်သည် ။ အာရကန်စီမံကိန်းအဖွဲ့ The Arakan Project က ၂၀၀၇ ခုနှစ် အောက်တိုဘာ ရေကြောင်းသွားလာရေးကာလမှ လက်ရှိကာလအထိ လူဦးရေ ၅၀၀၀ အပါအဝင် ၂၀၀၆ ခုနှစ် အောက်တိုဘာလမှ ၂၀၀၈ မတ်လလယ်အထိ လှေလိုက်သူ ၈၀၀၀ ကျော်ခန့် ဘင်္ဂလားကမ်းခြေမှ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ ထွက်ခွာသွားကြသည်ဟု ခန့်မှန်းခဲ့သည်။

ထိုရိုဟင်ဂျာတို့မှာ အရည်အတွက်အားဖြင့် ၇၂၅၀၀၀ ခန့်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဘေးချင်းကပ်လျက်တည်ရှိသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်အခြေချနေထိုင်ကြ သည့် မူဆလင်လူနည်းစု လူမျိုးစုဖြစ်သည်။ တိုင်းရင်းသား၊ ဘာသာစကားနှင့် ဘာသာတရားတို့၏ ဆက်နွှယ်မှုအရ စစ်တကောင်းဘင်္ဂါလီလူမျိုးတို့နှင့် ဆက်နွှယ်ပတ်သက်သည်။ ရိုဟင်ဂျာတို့အနေနှင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ကြောင့် နိုင်ငံမဲ့များဘဝ ရောက်ခဲ့ကြရသည်။ ထိုအချိန်မှစ၍ ၎င်းတို့၏လှုပ်ရှားမှုများအပေါ် ခွဲခြားဆက်ဆံရေးလုပ်ဆောင်မှုများ၊ လက်ထပ်ရန်အတွက် အထူးခွင့်ပြုမှုလိုအပ်ချက်၊ မြေယာသိမ်းပိုက်ခံရခြင်း၊ အခွလုပ်အားပေးစေခိုင်းမှုနှင့် ထင်ရာမြင်ရာအခွန်ကောက် ခံခြင်းအပြင် ကျန်းမာရေးနှင့် ပညာရေးထောက်ပံ့မှုများအား လစ်လျူရှုခံရခြင်းစသည့် ပြင်းထန်သည့်ချုပ်ချယ်မှုများ အပါအဝင် ၎င်းတို့အားဆန့်ကျင်လုပ်ဆောင်နေသည့် ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား ရင်ဆိုင်ကြုံတွေ့ကြရပေသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၁၉၇၈ တွင်တစ်ကြိမ် ၁၉၉၁–၉၂ တွင်တစ်ကြိမ် ရိုဟင်ဂျာဒုက္ခသည်စုစုပေါင်း ၂၅၀၀၀၀ တို့ အစုလိုက်ထွက်ခွာမှုနှစ်ကြိမ်စလုံး၏ ရောက်ရှိရာအရပ်ဖြစ်ခဲ့ပြီး အကြိမ်တိုင်း နိုင်ထက်စီးနင်း ချမှတ်လုပ်ဆောင်မှုအောက် နေရပ်ဒေသပြန်ပို့ခံရမှုနောက်ဆက်တွဲ ဖြစ်ပွားခဲ့သည်။ ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ကြီးကြပ်မှုအောက်ရှိ တရားဝင်ဒုက္ခသည်စခန်းနှစ်ခုတွင် ဒုက္ခသည် ၂၆၀၀၀ ခန့်ကျန်ရှိနေပေသည်။ ပြန်ပို့ခံရပြီးနောက်ပိုင်း ဒုတိယအကြိမ်ထပ်မံထွက်ပြေးရောက်ရှိလာသည့် ဒုက္ခသည်များစွာပါဝင်သည့် ခန့်မှန်းခြေ ဒုက္ခသည်နှစ်သိန်းတို့သည် တက္ကနပ်မြို့အနီးရှိ ကျေးရွာများနှင့် စခန်းပြင်ပရှိ မြို့စွန်ကျူးကျော်ရပ်ကွက်များ သို့မဟုတ် တရားဝင်မဟုတ်သည့် ယာယီသုံးစခန်းများတွင် လူသားချင်းစာနာသည့် အထောက်အပံ့နှင့် ကာကွယ်စောင့်ရှောက်မှု အနည်းငယ် (သို့) လုံးဝမရရှိသည့် အနေအထားအတွင်း မရေမရာနေထိုင်ကြရသည်။

ဘင်္ဂလားဒေ့ရှ်ထက်ကျော်လွန်၍ဖြစ်ပေါ်နေ သည့် ရိုဟင်ဂျာတို့ဝင်ရောက်လာမှုများသည် အထူးအဆန်းမဟုတ်ပေ။ ဆယ်စုနှစ်များစွာအတွင်း လူမှောင်ခိုကုန်သည်များက ရိုဟင်ဂျာတို့အား ၎င်းတို့အများစုအနေနှင့် ယာယီနေထိုင်ခွင့်ရရှိသည့် ဆော်ဒီအာရေဗျ၊ ပါကစ္စတန်နှင့် အာရပ်စော်ဘွားပြည်ထောင်စုနိုင်ငံ (ယူအေအီး) နိုင်ငံတို့သို့ ပို့ပေးနေကြသည်။ ဆော်ဒီအာရေဗျက ပိုမိုသွားရောက်ရန် နှစ်သက်သည့် ရောက်ရှိရာဖြစ်သော်လည်း ၂၀၀၅ ခုနှစ်ကုန်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအနေနှင့် ရိုဟင်ဂျာ သောင်းတစ်ထောင်အား ယာယီကာကွယ်စောင့်ရှောက်မှု ပေးအပ်စာရင်းသွင်းပေးခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ခရီးသွားအေးဂျင့်များက 'ဘင်္ဂလားဒေ့ရှ်နိုင်ငံကူးလက်မှတ်များ'၊ ဟတ်ချ် သို့မဟုတ် အမ်ရာ ပြည်ဝင်ခွင့်ဗီဇာများအပြင် လေယာဉ်လက်မှတ်များကိုပါစီစဉ်၍ မက္ကာမြို့သို့သွားရောက်ရန် လုပ်ဆောင်ပေးကြသည်။ ခရီးစဉ်အတွက် ယခင်ရောက်ရှိအခြေချနေထိုင်ကြသည့် ရွှေ့ပြောင်းနေထိုင်မည့်သူတို့၏ ဆွေမျိုးသားချင်းတို့က အကုန်အကျခံပေးကြသည်။

ယခင်နှစ်များက လှေများစွာက ရိုဟင်ဂျာတို့အား ထိုင်းနိုင်ငံမှတဆင့် မလေးရှားသို့သယ်ယူပို့ဆောင်ပေးခဲ့ကြသည်။ သို့သော် စဉ်းစားစရာဖြစ်လောက်အောင် လှေများအရည်အတွက်ဖောင်းပွမှုဖြစ်လာခဲ့သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိလူ့အခွင့် အရေးအခြေအနေများ ဆက်တိုက်တွန်းထုတ်သည့်ကဏ္ဍ ဖြစ်လာစဉ်တွင် ဤထိုးတက်မြင့်မားလာသည့် လှေလိုက်သူဦးရေအပေါ် သိသာထင်ရှားသည့် ပိုမိုဆိုးဝါးမှုအား ရှင်းပြနိုင်သည့် အနေအထား မရှိသော်လည်း ရောထွေးနေသည့် အနေအထားများစွာဖြင့် လူတို့အားဆွဲထုတ်နေသည့်ကဏ္ဍမှာ အတော်လေးရှိနေပေသည်။ ၂၀၀၅ ခုနှစ် အစ္စလမ်အစွန်းရောက်တို့၏နိုင်ငံတဝှမ်းဖောက်ခွဲရေးလှုံ့ဆော်မှုများအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လုံခြုံရေးတင်းကြပ်မှုအတိုင်းအတာများအား အကောင်အထည်ဖော်ခဲ့ခြင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံကူးလက်မှတ်များအား ဝယ်ယူရန် အလွန်အမင်း အခက်အခဲဖြစ်စေခဲ့သည်။ ဤအချက်က ဆော်ဒီအာရေဗီးယားအုပ်ချုပ်ရေးတွင် ပြည်ဝင်ခွင့်ဗီဇာပေးရေးနှင့် လေဆိပ်တွင် လူဝင်မှုကြီးကြပ်ရေး ထိမ်းချုပ်မှုဥပဒေစည်းကမ်းများနှင့် တိုက်ဆိုင်တင်းကြပ်ခဲ့သည်။ အခြား မတူကွဲပြားသည့် ဝင်ရောက်အခြေ ချရေးလမ်းကြောင်းများမှာ ယခုအခါ ရိုဟင်ဂျာတို့အတွက် ပိတ်လုနီးအခြေအနေဖြစ်နေပြီး၊၀ မလေးရှားနိုင်ငံက မူဆလင်တို့အတွက် လက်ရှိအခြေအနေတွင် လက်ခံနိုင်သည့်အခြေအနေဖြစ်သည့်အပြင် ပင်လယ်ခရီးရှည်က ဘင်္ဂလားဒေ့နှင့် မြန်မာနိုင်ငံမှ ခရီးသွားလက်မှတ်မလိုအပ်ဘဲ ထွက်ခွာနိုင်သည့် တစ်ခုတည်းသော ရွေးချယ်မှုဖြစ်သည်။

## မလေးရှား – အဓိကဦးတည်ချက်

၂၀၀၆ ခုနှစ် ဩဂုတ်လတွင် မလေးရှားနိုင်ငံက ရိုဟင်ဂျာတို့အတွက် နေထိုင်လုပ်ကိုင်ခွင့် ခွင့်ပြုချက်တို့အား စတင်၍ စာရင်းပေးသွင်းခဲ့သည်။ အတုအယောင်များအဖြစ်စွပ်စွဲမှုတို့က ထိုလုပ်ငန်းစဉ်အား ဆိုင်းငံ့စေခဲ့သော်လည်း တိုးတက်သည့် စီးပွားရေးပတ်ဝန်းကျင် အနေထားအပေါ်တွင် စာရင်းသွင်းခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းတို့က ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်ရှိ ရိုဟင်ဂျာများအကြား ကောလဟာလတို့ကို တောမီးကဲ့သို့ ပြန့်နှံ့စေခဲ့သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဒေသခံ လူမှောင်ခိုမှုနှင့် လူစုဆောင်းရေးကွန်ယက်များတို့ မြန်ဆန်စွာဆောလျှင်စွာ ပေါ်ပေါက်လာခဲ့သည်။ ရွေ့လာမည့်ပုဂ္ဂိုလ်တို့အတွက် သဘောတူညီမှုနှစ်ခုတို့ပေးအပ်ခဲ့သည်။ အမေရိကန်ဒေါ်လာ ၃၀၀ အောက်ငွေဖြင့် ထိုင်းနိုင်ငံ တောင်ပိုင်းကမ်းခြေသို့ ပင်လယ်ထွက်ပေါက် သို့မဟုတ် ခရီးစဉ်တစ်စုံလုံး မလေးရှားအရောက် ဒေါ်လာ ၇၀၀ မှ ၁၀၀၀ အထိတို့ဖြစ်သည်။ များသောအားဖြင့် လှေလိုက်မည့်ခရီးသည်တို့မှာ အသက် ၁၈ နှစ်မှ ၄၀ အတွင်း အမျိုးသားများဖြစ်ကြပြီး ရှစ်နှစ်သားလောက်သာရှိသည့် ငယ်ရွယ်သည့် ကလေးများကိုလည်း တွေ့ရသည်။

ဘင်္ဂလားဒေ့ရှ်တွင် တိုတောင်းသည့်အချိန်အတွင်း အကူးအပြောင်းလုပ်မည့် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ များသောအားဖြင့်စတင်သည့်လမ်းကြောင်းက ထိုင်းနိုင်ငံကိုဖြတ်၍ မလေးရှားသို့ဆက်လက်ထွက်ခွာသည်။ ပင်လယ်ဖြတ်သန်းမှုက တစ်ပတ်ခန့်ကြာသည်။ အများအားဖြင့်၊ သို့တည်းမဟုတ် အားလုံးအနေနှင့်မဟုတ်စေကာမူ လှေများအနေနှင့် ဆိုက်ရောက်ရာတွင်အဖမ်းခံရသည့် အနေအထားအတွက် ထိုင်းနိုင်ငံမှတဆင့်သွားလာရေးက လုံခြုံသည်ဟုယူဆကြသည်။ မလေးရှားတွင်အဖမ်းခံရမည်ဆိုပါက ရည်ရှည်ထိမ်းသိမ်းခံရမည်ဖြစ်ကာ နယ်စပ်ကိုဖြတ်၍ ထိုင်းဘက်သို့နှင်ထုတ်ခံရပေမည်။ မှောင်ခိုပွဲစားများ၏ ရှုပ်ထွေးသည့် ကွန်ယက်များက အများအားဖြင့် သို့သော် သီးခြားမဟုတ်သည့် ရိုဟင်ဂျာတို့အနေနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ဘင်္ဂလားဒေ့ရှ်သို့၊ ဘင်္ဂလားဒေ့ရှ်မှ ထိုင်းနိုင်ငံနှင့် အဆုံးတွင် ထိုင်းကမ်းစပ်မှခွာ၍ မလေးရှားသို့ ရိုဟင်ဂျာတို့အား သယ်ယူပို့ဆောင်ရေး အဆင့်များစွာတွင် ပါဝင်ပတ်သက်ကြသည်။ ထိုလေးနိုင်ငံတို့မှ ဥပဒေပြဋ္ဌာန်းသည့်ပုဂ္ဂိုလ်တို့နှင့် ပူးပေါင်းလိမ်လည်ရန် ညှိထားသည့် ကွန်ယက်များအား လုပ်ဆောင်ကြသည်။

၂၀၀၇ ခုနှစ် မတ်လ ၂၁ ရက်နေ့အထိ ထိုင်းနိုင်ငံတောင်ပိုင်း ပင်လယ်ကမ်းခြေတွင် အဖမ်းခံရသည့် လှေလိုက်သူများမှာ အချိန်တိုအထိမ်းသိမ်းခံရ၍ နောက်ပိုင်း မဲဆောက်မြို့ အနီး အပစ်အခတ်ရပ်စဲထားသည့် နယ်မြေတွင်းသို့ ‘တရားမဝင်’ နှင်ထုတ်ခံခဲ့ရသည်။ ပွဲစားများက ၎င်းတို့ထံမှ ထိုင်းနိုင်ငံမှ မလေးရှားသို့ပို့ဆောင်ရန်အတွက် အမေရိကန်ဒေါ်လာ ၇၀၀ အခကြေးငွေယူထားသည့်အပေါ် ပြန်လွှတ်ပေးကြသည်။ ထိုင်းအာဏာပိုင်တို့က နောက်ပိုင်းတွင် လူအနည်းငယ်တို့အား မြန်မာလူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များလက်သို့ (စမ်းသပ်သည့်အနေအထားဖြစ်ပေမည်) ပြန်ပို့ရေးလုပ်ဆောင်ခဲ့သည်။ သို့သော် ထိုနှင်ထုတ်ခံရသူများအား နောက်နေ့တွင် ထိုင်းဘက်သို့ ပြန်တွန်းထုတ်ခဲ့သည်။

သို့သော်လည်း ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ပင်လယ်ခရီးသွားရာသီသစ်အစကတည်းက ကနဦးထိမ်းသိမ်းမှုများအား မကြားသိရတော့၍ ထိုလှေလိုက်သူများ ဘယ်ဆီဘယ်ကမ်းရောက်ကုန်ကြသည်ကို မသိရတော့သည့်အတွက် ဤအနေအထားမှာ အရေးတကြီးစိုးရိမ်ဖွယ်ရာကိစ္စဖြစ်လာသည်။ ထိုင်းနိုင်ငံတောင်ပိုင်းတွင် ၎င်းတို့အား ထိုင်းလူဝင်မှုကြီးကြပ်ရေးအာဏာပိုင်တို့က မလေးရှားနယ်စပ်အနီးတွင် ပွဲစားများထံလွှဲပြောင်းပေး၍ ဆက်လက် မှောင်ခိုဖြတ်သန်းဝင်ရောက်ရေးအတွက် ၎င်းတို့ထံမှ ငွေရသည်အထိ ဆက်လက်ဖမ်းဆီးထိမ်းသိမ်းထားသည်ဟု ဆိုသည်။ ထိုင်းမြန်မာနယ်စပ်တွင်ကဲ့သို့ ထိုင်းမလေးနယ်စပ်တွင်လည်း ၎င်းတို့၏ဖမ်းဆီးထားသူများအား ငွေပေးလာစေရေးလုပ်ဆောင်မှုဖိအားအနေနှင့် ပုံမှန်ရိုက်နှက်ကြသည်။ မပေးနိုင်သူများအား စိုက်ပျိုးရေးပိုင်ရှင်များသို့မဟုတ် ငါးဖမ်းလှေပိုင်ရှင်များထံရောင်းစား၍ ချည်နှောင်ထားသည့် အလုပ်သမားများအဖြစ်လုပ်ကိုင်စေသည်။ နောက်ဆုံး မလေးရှားသို့ လူများစွာရောက်ရှိခဲ့ပြီး တရားမဝင်ဝင်ရောက်လာသူများအနေနှင့် အလုပ်ရှာကြရသည်။ သို့သော်လည်း လူများစွာတို့ လမ်းတွင်ပျောက်ဆုံးခဲ့ကြသည်။ ထွက်ခွာသည့်လှေများဆက်လက် များလာသည့်အတွက် ဆွေမျိုးပျောက်သတင်းရှာသည့် မိသားစုများ ပိုမိုများပြားလာကြသည်။

## ဒေသတွင်းတုန့်ပြန်ဆောင်ရွက်မှုများ

မြန်မာစစ်အာဏာပိုင်တို့အနေနှင့် ရိုဟင်ဂျာလှေလိုက်သူတို့၏ လှုပ်ရှားမှုအား ပိတ်ဆို့ရေးအပေါ် စိတ်ဝင်စားပုံ မပြခဲ့ပေ။ ၂၀၀၇ ခုနှစ်တွင် မြန်မာနိုင်ငံတွင် အဖမ်းခံခဲ့ရသည့် လှေလိုက်သူအချို့အနေနှင့် ခေတ္တအဖမ်းခံရ၍ ပြန်လွှတ်ပေးခဲ့ခြင်းခံရသည် –လာဒ်ထိုးအပြီး– သို့မဟုတ်ပါက ရိုးရှင်းစွာဖြင့် ထိုင်းနိုင်ငံရေပိုင်နက်အတွင်း ဆွဲယူခံခဲ့ရခြင်းရှိသည်။

# မြန်မာနိုင်ငံ၏ မေ့ပျောက်ထားခြင်းခံရသည့် ပြည်သူများ

ညီညီကျော်

ရိုဟင်ဂျာများ၏သမိုင်းသည် (၇) ရာစုအစပိုင်းမှစ၍ အာရပ်မူဆလင်ကုန်သည်များ ရခိုင်ပြည်တွင် လာရောက်အခြေစိုက်နေထိုင်သည့် အတိတ်ကာလမှဖြစ်သည်။ ၁၉၅၀ ခုနှစ် ပါလီမန်ခေတ်တွင် ဦးနု၏အစိုးရက တိုင်းရင်းသားအဖြစ် အသိအမှတ်ပြုခဲ့သော်လည်း ၁၉၈၃ ခုနှစ် ဗိုလ်ချုပ်နေဝင်း၏ စစ်အစိုးရက မြန်မာနိုင်ငံတော် နိုင်ငံသားဥပဒေကို ပြဋ္ဌာန်းခဲ့သည့်အချိန်မှစကာ ၎င်းတို့၏ နိုင်ငံရေးနှင့် အခြေခံဥပဒေအရ ကိုယ်ပိုင်အထောက်အထား ဆုံးရှုံးခဲ့ရသည်။ ဤလုပ်ဆောင်မှုက ရိုဟင်ဂျာတို့၏ လူနည်းစုတိုင်းရင်းသားအဖြစ် အသိအမှတ်ပြုထားခြင်းအား ငြင်းဆန်ဆန့်ကျင်ခဲ့ခြင်း ဖြစ်သည်။

စစ်အုပ်စုအနေနှင့် ရိုဟင်ဂျာထုအပေါ် ရှင်းလင်းပြတ်သားသည့် ထိုစတန့် ထွင်လုပ်ဆောင်မှုကို ဆက်လက်ထိမ်းသိမ်းထားခဲ့သည်။ ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ (၂၆) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် မြန်မာ့နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင်

“အမှန်မှာ ယနေ့မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစု ၁၃၅ ခုနေထိုင်ကြသော်လည်း ရိုဟင်ဂျာဆိုသည့်သူများ မပါဝင်ပါ။ သမိုင်းအရ မြန်မာနိုင်ငံတော်တွင် ‘ရိုဟင်ဂျာ’ တိုင်းရင်းသားလူမျိုးစုတစ်ခုမရှိခဲ့ဘူးပါ။” ဟု အစိုးရက ကြေငြာခဲ့သည်။

၂၀၀၄ ခုနှစ် ဧပြီလတွင် ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂကလေးအခွင့်ရေးကော်မီတီ၏ ဝေဖန်ချက်များအားတုန့်ပြန်သည့်အနေနှင့် စစ်အုပ်စုက ရိုဟင်ဂျာတို့အား အခြားလူမျိုးစုအုပ်စုများနှင့် မွေးသေစာရင်းမှတ်တမ်းတင်မှု၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးတို့နှင့် ပတ်သက်သည့်ကိစ္စများတွင် တန်းတူအခွင့်အရေးအပြည့်ပေးထားကြောင်း ပြောဆိုခဲ့ပြန်သည်။ ထို့ပြင် အာဏာသိမ်းစစ်အုပ်စုသည် ဘင်္ဂါလီတိုင်းရင်းသား လူမျိုးစုတစ်ခုအဖြစ် စာရင်းသွင်းကာ မြန်မာနိုင်ငံတွင် အမြဲနေထိုင်သည့်ပုဂ္ဂိုလ်များအ ဖြစ် အသိအမှတ်ပြုထားပြီးဖြစ်ကြောင်းလည်း ရည်ညွှန်းပြောဆိုခဲ့သည်။

သို့သော်လည်း လက်တွေ့တွင် ရိုဟင်ဂျာလူထု၏ အခွင့်အရေးများမှာ အကြီး အကျယ်တားဆီးပိတ်ပင်ထားခြင်းခံ နေရပေသည်။ ရခိုင်ပြည်မြောက်ပိုင်း ကမ္ဘာ့ကုလသ မ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးနှင့် အခြားအစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၏ တာဝန်ချထားဆောင်ရွက်မှုက ရိုဟင်ဂျာဒုက္ခသည်တို့၏ အကျပ်အတည်းအား တစ်စုံတရာ တိုးတက်ကောင်းမွန်နိုင်သော်လည်း မြန်မာစစ်အုပ်ချုပ်သူတို့၏ နိုင်ငံရေးသဘောဆန္ဒ မပါရှိပါက ၎င်းတို့၏ကြေကွဲဖွယ်ရာဒုက္ခအဖြစ်အပျက်တို့အား ဖြေရှင်းဆောင်ရွက်နိုင်မည်မဟုတ်ပါပေ။

*ညီညီကျော် **(nnkster@gmail.com)** သည် စင်ကာပူနိုင်ငံ နန်ယန်း စက်မှုတက္ကသိုလ် **Nanyang Technological University** အက်စ် ရာဂျရန်မ် နိုင်ငံတကာဘာသာရပ်များဆိုင်ရာလေ့လာရေးကျောင်း၏ **(S Rajaratnam School of International Studies (RSIS)** နိုင်ငံတကာနိုင်ငံရေးစီးပွားရေးသို့ကျောင်းသားဖြစ်သည်။ မြန်မာမူဆလင်တစ်ဦးဖြစ်သည့် ညီညီကျော်သည် ၎င်း၏ သိပ္ပံဘွဲ့အတွက် စင်ကာပူသို့ကျောင်းတက်ရန် မလာရောက်မီအချိန်အထိ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူဖြစ်သည်။ ဖေဖော်ဝါရီလ ၂၀၀၈ တွင်ဤ လက်ရှိဆောင်းပါးထက်ရှည်သည့် ဆောင်းပါးအပြည့်အစုံအား ပထမဆုံးအကြိမ် အက်စ် ရာဂျရန်မ် နိုင်ငံတကာဘာသာရပ်များဆိုင်ရာလေ့လာရေးကျောင်း **(RSIS)** ၏ အင်တာနက်အွန်လိုင်းတွင်ဖော်ပြသော ဝေဖန်ရေးဆောင်းပါးတွဲများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ **www.rsis.edu.sg/publications/Perspective/RSIS0122008.pdf***

မည်သို့ပင်ဖြစ်စေ များမကြာမီက မြန်မာကမ်းခြေတွင်ဆိုက်ကပ်လာသည့် လှေအချို့မှ လှေလိုက်သူများအား တရားမဝင်နိုင်ငံတွင်း ပြန်ဝင်လာမှုဖြင့် ထောင်ဒဏ် ၇ နှစ်စီ ချမှတ်ခံခဲ့ရသည်။

ဘင်္ဂလားဒေ့ရှ်က ရိုဟင်ဂျာလှေလိုက်သူများ လူကုန်ကူးမှုကို ခြေလှမ်းအနည်းငယ်မျှဖြင့်သာ ဆန့်ကျင်လုပ်ဆောင်နေသည်။ ၂၀၀၇ ခုနှစ် အောက်တိုဘာလမှစ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဥပဒေပြုဌာနများအနေနှင့် ထွက်ခွာမည့်နေရာများနှင့် မြန်မာနယ်စပ်ဖြတ်ကျော်ရေး လမ်းများတွင် ဖမ်းဆီးမှုအရှိန်မြှင့်ခဲ့ကြသည်။ လူအနည်းငယ်သာ နတ်မြစ်ကိုဖြတ်၍ မြန်မာပြည်ဘက်သို့ ပြန်လည်တွန်းထုတ်ပို့ဆောင်ခြင်းခံရသည်။ ပုံမှန်အနေနှင့် ခရီးသွားတို့သာအဖမ်းခံရ၍ မှောင်ခိုကုန်သည်များမှာ ထိုလူကုန်ကူးမှုလွတ်လပ်စွာလုပ်ဆောင်ရန် အာဏာပိုင်တို့အား မသမာကြေးပေးထားသည့်အတွက် အဖမ်းခံရသည့်အထဲတွင် မပါဝင်ပေ။ အဖမ်းခံရသည့် ပွဲစားတို့အား မကြာမီပြန်လွှတ်ပေးသည်သာဖြစ်သည်။

အကူးအပြောင်းနိုင်ငံတစ်ခုဖြစ်သည့် ထိုင်းနိုင်ငံအနေနှင့် အထူးသဖြင့် စိန်ခေါ်မှုတရပ်အား ရင်ဆိုင်ရသည်။ ထိုင်းအာဏာပိုင်တို့က ရိုဟင်ဂျာတို့အား အမျိုးသားလုံခြုံရေးချိန်းခြောက်သူအဖြစ် သဘောပေါက်ထားသည်။ မလေးရှားသို့ပို့ပေးမည့် ပွဲစားတို့ထံပို့ပေးသည့် ‘တရားဝင်မဟုတ်သည့် ပြန်ပို့ခြင်း’ ပုံစံမှာ နေ့စဉ်စီမံချက်ဖြစ်၍ ဒဏ်ခတ်သည်ထက် ခေါင်းပုံဖြတ်ဆောင်ရွက်သည့် ချဉ်းကပ်မှုတစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် ထိုဆောင်ရွက်မှုက ဖြစ်နိုင်ခြေရှိစွာနှင့် ထပ်မံဆွဲထုတ်မှုအား ဖန်တီးပေးသည်။

ရိုဟင်ဂျာတို့အား မလေးရှား၏ အလုပ်နှင့်နေထိုင်ခွင့်ပါမစ်ပေးမည့် ကတိက ပျောက်ကွယ်လုဖြစ်နေပုံပေါ်သည်။ စာရင်းပေးသွင်းရေးလုပ်ငန်းစဉ်မှာ သေချာမှုကင်းမဲ့စွာ ရွှေ့ဆိုင်းထား၍ ဆက်လုပ်မည့်အခြေအနေမှာလည်း အနေအထားမရှိသည်ကိုတွေ့ရသည်။ ဒုက္ခသည်များအပါအဝင် တရားမဝင်ဝင်ရောက်လာသူများအား ဖြိုခွင်းရေးဆိုသည်မှာ ဆန်းကြယ်သည့်အရာမဟုတ်တော့ပေ။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ရိုဟင်ဂျာတို့အား ယာယီကာကွယ်စောင့်ရှောက်မှုရစေရန် စာရင်းသွင်းမှုအား ၂၀၀၅ ခုနှစ်ကုန်တွင် ရပ်ဆိုင်းထားခဲ့ရာ ယခုအချိန်အထိပြန်လည်စတင်လုပ်ဆောင်မှု မရှိသေးပေ။

ထိုရေကြောင်းလှုပ်ရှားမှုများက ခိုလှုံလိုသူများအား အကာအကွယ်ပေးမည့် ယန္တရားမှာ ချိနဲ့နေပြီးဖြစ်သည့်အပြင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ လုပ်ပိုင်ခွင့် ကျဉ်းမြောင်းနေသည့် ဒေသတခုအတွင်း အရေးပေါ်စိန်ခေါ်မှုဖြစ်လာသည်။ မည်သည့် သက်ဆိုင်ရာနိုင်ငံကမျှ ဒုက္ခသည်ဆိုင်ရာသဘောတူစာချုပ်အား လက်မှတ် ရေးထိုးထားခြင်းမရှိသည်သာမက ဒုက္ခသည်ကာကွယ်စောင့်ရှောက်ရေးအတွက် ပြည်တွင်းဥပဒေများအား ပြုစုလုပ်ဆောင်မှုလည်းမရှိပေ။ ၎င်းတို့အနေနှင့် ဤလှုပ်ရှားမှုများအား စီးပွားရေးကြောင့် မှောင်ခိုဝင်ရောက်လာသူများဟု သတ်မှတ်၍ ရိုဟင်ဂျာလှေလိုက်သူများအား ခိုလှုံလိုသူများအဖြစ် မြင်ရန် ပြင်ဆင်လုပ်ဆောင်ထားခြင်းမရှိသည့်အပြင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ ပါဝင်ဆောင်ရွက်မှုကိုလည်း ခွင့်ပြုထားခြင်းမရှိပေ။ ရိုဟင်ဂျာလှေလိုက်သူများအနေနှင့် စီးပွားရေးပြဿနာတစ်ခုတည်းသာမဟုတ်ဘဲ စနစ်တကျဖိနှိပ်မှု၊ ခွဲခြားဆက်ဆံမှုနှင့် လူ့အခွင့်အရေးချိုးဖောက်ခြင်းတို့မှ လွတ်မြောက်ရန်အတွက် ဤအန္တရာယ်များလှသည့် ခရီးစဉ်များကိုသွားရောက်ရန် လှေသင်္ဘောပေါ်တက်နေကြခြင်းအား သံသယဖြစ်စရာမလိုပေ။

ထို့ကြောင့် ရိုဟင်ဂျာလှေလိုက်သူများက မြင်ရုံမျှနှင့် ဥပဒေကြောင်းအရလုံလောက်သည့် အခြေခံတွင် ‘အလေးထားရမည့် ပုဂ္ဂိုလ်များ’ အနေနှင့် တင်ပြနိုင်သည်သာဖြစ်သည်။

ဤ လှေများဖြင့်လုပ်ဆောင်နေသည့် လှုပ်ရှားမှုများအား ပုံမှန်အနေနှင့် လူအရောင်းအဝယ်လုပ်ခြင်းထက် လူမှောင်ခိုခြင်းဟူ၍ အသိအမှတ်ပြုထားသည်။ အကြောင်းမှုကား ၎င်းတို့အနေနှင့် ပယ်လာမိုသဘောတူစာချုပ်၏ လူရောင်းဝယ်မှုအဓိပ္ပါယ်ဖွင့်ဆိုချက်တွင်ဖော်ပြထားသည့် အခြေအနေအားလုံးနှင့် သက်ဆိုင်မှုမရှိခြင်းကြောင့်ပင်ဖြစ်သည်။ စာချုပ်တွင် လှုပ်ရှားမှုတစ်ခု၏ အဓိပ္ပါယ်အဖြစ် (လှည့်ဖြားခြင်း သို့မဟုတ် အဓမ္မပြု၍) နှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်သည့်အနေအထားသို့ ပို့ဆောင်ခြင်းတို့ဖြစ်သည်။ မည်သို့ဖြစ်စေ အကယ်၍ စာချုပ်ပါအတိုင်း ထိုင်းနိုင်ငံတွင် သို့မဟုတ် မလေးရှားနိုင်ငံတွင် လက်ခံသည့် ပွဲစားများက ၎င်းတို့အား အဓမ္မလုပ်အားပေးစေခိုင်းခြင်း သို့မဟုတ် ကျွန်ပြုခိုင်းစေခြင်း လုပ်ဆောင်ပါက ဤသည်မှာ လူရောင်းဝယ်မှုပြုလုပ်ခြင်းပင်ဖြစ်သည်။ ထိုင်းနိုင်ငံကလက်မှတ်ရေးထိုးထားသော်လည်း လူရောင်းဝယ်မှုနှင့် လူမှောင်ခိုမှု စာချုပ်နှစ်ခုအား လက်မှတ်ရေးထိုးခဲ့ခြင်းမရှိသည့်အပြင် မကြာမီကဥပဒေပြုခဲ့သည့် လူရောင်းဝယ်မှုဆန့်ကျင်တိုက်ဖျက်ရေးပြည်တွင်းဥပဒေတွင်လည်း လက်မှတ်မထိုးခဲ့ပေ။ မလေးရှားနိုင်ငံက မည်သည့်နိုင်ငံတကာဥပဒေစာချုပ်များကိုမှ အဖွဲ့ဝင်အနေနှင့် လိုက်နာရေးထိုးမှုမပြုသည့် နိုင်ငံဖြစ်သည်။ သို့သော်ငြားလည်း ထိုသက်ဆိုင်သည့်နိုင်ငံ အားလုံးအနေနှင့် ကလေးများအနေနှင့် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည် ဟူသည့် ကလေးအခွင့်အရေးအတွက် ဤစာချုပ်ပါစည်းကမ်းချက်များအောက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ အမှန်မှာ ရိုဟင်ဂျာတို့အနေနှင့် နိုင်ငံမဲ့များဖြစ်နေ၍ ပိုမိုရှုပ်ထွေးသည့် ကိစ္စများဖြစ်ပွားနေသည့်အပေါ် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ၎င်းတို့၏ ဒုက္ခသုက္ခတို့အား အထူးတင်ပြဖော်ထုတ်ရန် မတတ်နိုင်သည့်အခြေအနေဖြစ်သည်။

နိုင်ငံတကာ၏ ဒုက္ခသည်နှင့် နိုင်ငံမဲ့တို့အား ကာကွယ်စောင့်ရှောက်ရေး လုပ်ပိုင်ခွင့်တို့ကြောင့် ကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံးအနေနှင့် လက်ခံမည့်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ပါဝင်ပတ်သက်ရေးနှင့် ၎င်းတို့အတွက် သင့်လျော်မည့် အဖြေရှာရေးဆောင်ရွက်ရန် လိုအပ်သည်။ လုံလောက်သည့် ကာကွယ်စောင့်ရှောက်မှုနည်းဗျူဟာများအား ထိုအစိုးရတို့၏ တရားဝင်အရေးပေါ်ဆောင်ရွက်ချက်အဖြစ် ပုံမှန်မဟုတ်သည့် လှုပ်ရှားမှုတို့အတွက်အပြောင်းအလဲအဖြစ် အကောင်အထည်ဖော်ရန်ဖြစ်သော်လည်း ထိုရိုဟင်ဂျာလှေလိုက်သူများ၏ အခွင့်အရေးများအားလည်း အာမခံချက်ပေးအပ်သင့်သည်သာဖြစ်ပါကြောင်း။

*ခရစ်(စ်) လီဝါ* ***(chris.lewa@gmail.com)*** *သည် မြန်မာနိုင်ငံ ရိုဟင်ဂျာလူနည်းစု သုတေသနနှင့် အားပေးဆောင်ရွက်မှုတို့အား မြှုပ်နှံဆောင်ရွက်နေသည့် အာရကန်စီမံကိန်းအဖွဲ့* ***The Arakan Project*** *ဟူသည့် အစိုးရမဟုတ်သည့် ဒေသခံအဖွဲ့အစည်း၏ အကျိုးဆောင်ပုဂ္ဂိုလ်ဖြစ်သည်။*

၁ www.unhcr.org/news/NEWS/47cd360411.html တွင် ကြည့်ပါ။

၂ အာရကန်စီမံကိန်းအဖွဲ့သည် သုတေသနနှင့် အားပေးမှုလုပ်ဆောင်နေသည့် ထိုင်းနိုင်ငံအခြေစိုက် အစိုးရမဟုတ်သည့် အဖွဲ့အစည်းဖြစ်ပြီး မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နိုင်ငံမဲ့ရိုဟင်ဂျာများ၏ အတိဒုက္ခကို အဓိကထား၍ လုပ်ဆောင်နေသည့် အဖွဲ့ဖြစ်သည်။ ခရစ်(စ်) လီဝါ၏ စာတမ်းနှင့် အစီရင်ခံစာများအား အွန်လိုင်းမြန်မာ့စာကြည့်တိုက် www.burmalibrary.org တွင် တွေ့ရှိနိုင်သည်။

၃ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေက မြန်မာနိုင်ငံတွင် ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးစတင်ခဲ့သည့် ၁၈၂၃ မတိုင်မီကတည်းကအခြေချနေထိုင်ခဲ့သည့် တိုင်းရင်းသားအုပ်စုဝင်များအား နိုင်ငံသားအဖြစ် အနက်ဖွင့်ထားသည်။ ရိုဟင်ဂျာတို့အား အစိုးရ၏ ‘တိုင်းရင်းသားလူမျိုးစုဝင်’ တိုင်းရင်းသား ၁၃၅ မျိုးတွင် ထည့်သွင်းစဉ်းစားမှုမပြုသည့်အတွက်ကြောင့် နိုင်ငံမဲ့သူများဖြစ်စေခဲ့သည်။

၄ လူရောင်းဝယ်မှုနှင့် လူမှောင်ခိုမှုစာချုပ် အား www.unodc.org/unodc/en/treaties/CTO/index.html တွင် အပြည့်အစုံ တွေ့နိုင်ပါသည်။

# ကျန်နေခဲ့ရန်ခက်ခဲသည့် အစုအပြုံလိုက်ရွှေ့ပြောင်းနေရာချထားမှု၏အကျိုးဆက်

ဆူဆန် ဘန်ကီနှင့် ပောဇယ်လ် လန်းဂ်

အဆက်အစပ်အရ နေရပ်သို့ပြန်ပို့ခြင်းနှင့် ဒေသတွင်းပေါင်းစည်းနေထိုင်စေခြင်းဟူသည့် နေရာတို့အတွက် ခိုင်မြဲသည့် ဆုံးဖြတ်ချက်တို့က ဖြစ်နိုင်သည့်အခြေအနေမရှိသည့်အတွက် ရွှေ့ပြောင်းနေရာချထားမှုအနေနှင့် တိုးမြှင့်၍ ဆွဲဆောင်မှု ကောင်းလာသည်။

‘ကျဲမာရယ် ကာမာရယ်’ ဆိုသည်မှာ ကရင်နီဘာသာစကားဖြစ်သည့် စကားအသုံးအနှုံးတစ်ခုဖြစ်၍ လွယ်လွယ်ဘာသာပြန်မည်ဆိုပါက အကြမ်းဖျဉ်းအနေနှင့် ‘ကြမ်းတမ်းသည့် ကျောက်ဆောင်ကြား’ သို့မဟုတ် ပို၍ တိကျစွာဆိုရလျှင် ‘ရှေ့တိုးရန်ခက်၊ နောက်ဆုတ်ရန်ခက်’ ဟူ၍ဖြစ်သည်။ ထိုစာပိုဒ်က ယခုအခါ တတိယနိုင်ငံတစ်ခုခုတွင် ဖြစ်နိုင်ခြေရှိသည့် ရွှေ့ပြောင်းနေရာချထားမှုအခွင့်အရေး ပေးအပ်ထားခြင်းခံရသည့် ၎င်းတို့ မျက်လုံးများက မြန်မာနိုင်ငံဘက်သို့လှည့်၍ ဆယ်စုနှစ်များစွာ ဒုက္ခသည်စခန်းများထဲတွင် နေထိုင်ခဲ့ကြရသည့် ထိုင်းမြန်မာနယ်စပ်မှ ဒုက္ခသည် ၁၄၅၀၀၀ တို့၏စိတ်ခံစားမှုအား ဆီလျော်စွာ သရုပ်ဖော်ထားသည်။ ၂၀၀၇ ခုနှစ်တွင် စခန်းများမှ ဒုက္ခသည် ၁၄၀၀၀ ကျော်အား တတိယနိုင်ငံများသို့ ရွှေ့ပြောင်းအခြေစိုက်ကြ၍ နှစ်သောင်းအထိများသည့် ဒုက္ခသည်တို့သည်လည်း ၂၀၀၈ တွင် ရွှေ့ပြောင်းအခြေစိုက်နိုင်ရေးအား မျှော်လင့်ထားကြသည်။

တဘက်တွင် ရှေ့သို့ဆက်တိုးရန် အခက်အခဲရှိပေသည်။ ဒုက္ခသည်များအနေနှင့် ရွှေ့ပြောင်းအခြေစိုက်မည်ဆိုပါက သွားရောက်မည့် နိုင်ငံသစ်အနေနှင့်

မည်သည့်ဘဝမျိုးတွင်နေရမည်ကို စိတ်ထဲက စိုးရိမ်မှုနှင့် ရှုပ်ထွေးမှု ဖြစ်ပေါ်နေပေသည်။ အများစုက အစဦးပိုင်းတွင် ၎င်းတို့ထဲမှ ပညာအတတ်ဆုံးသူများပင်လျှင် ဆိုးရွားသည့် လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့၏ စိမ်ခေါ်မှုများနှင့် တွေ့ကြုံရနိုင်သည်ကို သတိထားမိကြသည်။ အခြားတဘက်တွင် အခက်အခဲရှိရုံမျှမက ပြန်လာရန်မှာလည်း ဖြစ်နိုင်ခြေမရှိသလောက်ဖြစ်နေပေသေးသည်။ မြန်မာစစ်အုပ်စု၏ စော်ကားနှောက်ယှက်မှုများနှင့် ခေါင်းမာမှုတို့က လက်ရှိအခြေအနေတွင် ဒုက္ခသည်တို့အနေနှင့် အိမ်ပြန်ရန်မှာ ဖြစ်နိုင်သည့်အရာမဟုတ်သည့် အခြေအနေတွင်ရှိနေပေသည်။

ကရင်နီစာပိုဒ်တွင် တတိယအချက်တစ်ချက်ထား ထပ်ထည့်ပေးရပေဦးမည်။ ကျန်နေခဲ့ရန်ခက်ခဲလှသည် ဟူ၍ပင်။ ထိုင်းနိုင်ငံ စခန်းများအတွင်းရှိ ဒုက္ခသည်များအနေနှင့် လူသားချင်းစာနာသည့်အကူအညီများပေးအပ်နေသည့် အဖွဲ့အစည်းနှစ်ဆယ်၏ ကူညီထောက်ပံ့အား ခံစား၍ တရားဝင်မပြီးပြတ်နိုင်သည့်အနေအထားတွင် လက်မှတ်ယူ တန်းစီ၍ နေထိုင်ရသည့်အခြေအနေတွင်ရှိနေကြသည်။ လက်ရှိအချိန်တွင် စခန်းတွင်းနေထိုင်သူများ၏ လှုပ်ရှားမှုများအား ကန့်သတ်ထိမ်းချုပ်ထား၍ လူအနည်းငယ်လောက်သာ စခန်းမှထွက်၍ အသက်မွေးလုပ်ငန်းများနှင့် ပညာရေး လိုက်စားရန် ခွင့်ပြုပေးထားသည်။

ထိုရွှေ့ပြောင်းနေရာချထားရေး စီမံကိန်းက အရှိန်ရလာသော်လည်း ဒုက္ခသည်အားလုံး ရွှေ့ပြောင်းနေထိုင်မည်မဟုတ်သည်ကို သတိရရန် အရေးကြီးသည်။ လုံးဝ ရွှေ့ပြောင်းအခြေစိုက်မည်မဟုတ်သည့် သို့မဟုတ် နောင်နှစ်များအတွင်း အချိန်တစုံတရာတွင် သွားရောက်မည့် ဒုက္ခသည်များအနေနှင့် လက်တွေ့ဆောင်ရွက်သူများနှင့် မူဝါဒချမှတ်သူများ၏ ဂရုစိုက်မှုနှင့် ထိုက်တန်သည်။ အကြောင်းမှာ ၎င်းတို့အတွက် ရေရှည်ရေတို အကာအကွယ်ပေးရေးတို့က ထွက်ခွာအခြေစိုက်ကြမည့်သူတို့ထက် ပို၍မြင့်မြတ်သောကြောင့်ပင် ဖြစ်သည်။ ဤအကြောင်းပြချက်အတွက် ထိုင်းမြန်မာနယ်စပ်တွင် အကောင်အထည်ဖော်လုပ်ဆောင်နေကြသည့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဖြစ်သည့် ထိုင်းနိုင်ငံရောက် နေရပ်မှထွက်ပြေးခဲ့ရသူများအတွက် ပူးပေါင်းအကူအညီပေးရေးကော်မီတီ CCSDPT က ကျန်ရှိနေသည့် ဒုက္ခသည်ထုအား ရွှေ့ပြောင်းနေရချထားမှုလုပ်ဆောင်ခြင်း၏ ထိခိုက်မှုအား အဆုံးအဖြတ်ပေးနိုင်သည့် အစီရင်ခံစာတစ်စောင် ပြုစုရန် တာဝန်ပေးခဲ့သည်။

ထိုသုတေသနပြုမှုက ပထမအနေနှင့် ရွှေ့ပြောင်းနေရာချထားမှုများက ရွှေ့ပြောင်းလိုသူတို့၏ မျှော်လင့်ချက်များအား တိုးမြှင့်ဖြည့်စည်းနိုင်ခဲ့သည့်အချိန်တွင် ကျန်ရှိသူတို့အနေနှင့် ၎င်းတို့၏မိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဘက်များ ထွက်ခွာသွားသည့်အပေါ် စိတ်ပျက်ပြားမှု ဖြစ်ရသည့် အတွေ့အကြုံနှင့် ရင်ဆိုင်ရသည်ကို ပြဆိုခဲ့သည်။ ရွှေ့ပြောင်းအခြေချရေးက မြန်မာပြည်အပြောင်းအလဲအတွက် လုပ်ကိုင်ဆောင်ရွက်နေကြသည့် ထိုဒုက္ခသည်တို့အား အားမရှိဖြစ်စေသည့်ပြင် မြန်မာနိုင်ငံတွင်းရှိ စစ်ပြေးဒုက္ခသည်တို့အတွက် အခြေအနေတိုးတက်မှု တစ်ခုမျှဖန်တီးလုပ်ဆောင်နိုင် သည့် အခြေအနေမရှိချေ။

ဒုတိယအချက်အနေနှင့် အစုလိုက်အပြုံလိုက်ရွှေ့ပြောင်းနေရာချထားရေး လုပ်ဆောင်နေသည့်အချိန်တွင် နှိုင်းယှဉ်ချက်အရ ပညာတတ်များ၊ အရည်အချင်းရှိသူများနှင့် အတွေ့အကြုံရှိသည့် ဒုက္ခသည်များတို့က အခြားကျန်ရှိနေသူတို့ထက် အရင် သွားရောက် ခွင့်ရသည်။ တစိတ်တပိုင်းအနေနှင့် အချို့ လက်ခံသည့်နိုင်ငံများက ဒုက္ခသည်အသိအမှတ်ပြုခြင်းနှင့် မပတ်သက်ဘဲ ပညာရေးအကောင်းဆုံးနှင့် မြင့်မားသည့် အရည်အချင်းရှိသူတို့ သကဲ့သို့ အခြေခံအဓိပ္ပါယ်ဖွင့်ထားသည့် ၎င်းတို့နှင့် 'ပေါင်းစည်း နေထိုင်မည့်အချိုးအစား' ရွေးချယ်ထားသည့် ဒုက္ခသည်တို့အား ဂရုစိုက်ကြသည်။

ထို့အပြင် လျှောက်ထားသူဦးစားပေးရွေးချယ်မှုဖြစ်သည့် 'တစ်ယောက်လာ၊ တစ်ယောက်သွား'ဒ ချဉ်းကပ်မှု နည်းလမ်းတစ်ခု၏ ရည်ရွယ်ချက်က စခန်းများထဲတွင် အကြာဆုံးနေထိုင်သူများအနေနှင့် ဦးစွာ သွားရောက်အခြေချရေး ဖြစ်သည်။ ဤပွိုင်လ်တို့ အနေနှင့် ပညာအတတ်ဆုံးနှင့် အရည်အချင်းရှိသည့် စခန်းတွင်းနေထိုင်သူများနှင့် အပြန်အလှန် အလွန်အမင်း ဆက်စပ်နေ၍ ရွှေ့ပြောင်းနေရာချထားရေး၏ ပထမအဆင့်များက စခန်းများအတွင်း အရည်အချင်းပြည့်ဝသည့် လုပ်သားတို့အား တဟုန်ထိုးလျော့နည်းစေရန် ပိုမိုအားပေးနေပေသည်။

## လုပ်နိုင်စွမ်းဆုံးရှုံးခြင်း

နှိုင်းယှဉ်မှုအရ မြန်ဆန်သည့် ရွှေ့ပြောင်းနေရာချထားရေး လုပ်ငန်းစဉ်ဖြစ်၍ ခေါ်ဆောင်မည့် လူဦးရည်အချိုးအစားသတ်မှတ်မှုနှင့် 'ပေါင်းစည်းနေထိုင်ရေး အချိုးအစား' တို့အား လက်ခံရေးစံအနေနှင့် ထားရှိခြင်းမရှိသည့် အမေရိကန်အုပ်စု နေရာချထားရေးချဉ်းကပ်မှုက စခန်းများအတွင်းရှိ အရည်အချင်းရှိသည့် ခေါင်းဆောင်များ အချိုးအဆ ဆုတ်ယုတ်လျော့နည်းလာသည့် အဆုံးတွင် ပြန်လည်ရည်ညွှန်းမှုတို့အား လုပ်ဆောင်ရန် လိုအပ်သည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး UNHCR အနေနှင့် မှတ်ချက်ချခဲ့သည်က လူဦးရည်သိသာစွာ လျော့နည်းသွားပါက စခန်းများတွင်းရှိ ကူညီထောက်ပံ့ရေး လုပ်ငန်းတို့အတွက် တောင်းဆိုမှုလည်းလျော့နည်းသွားမည်ဟူ၍ ဖြစ်သည်။ သို့သော် အချို့စခန်းများတွင် ဖျက်ဆီးမှုတို့လုပ်ဆောင်ပြီးဖြစ်၍ ယတိပြတ်နီးပါး အခြေအနေရောက်နေပြီ ဖြစ်သည်။




ရွှေ့ပြောင်းအခြေချခွင့်ရရှိရေးဖိုင်တွင် ဒုက္ခသည်သက်သေခံအထောက်အထား ဖြည့်နေသည့် မြန်မာအမျိုးသမီးငယ်တစ်ဦး မယ်လဒုက္ခသည်စခန်း ထိုင်းနိုင်ငံ

အရည်အချင်းရှိသူများနှင့် ပညာတတ်တို့ထွက်သွားသည့်အတွက် စခန်းများထဲရှိ လုပ်ငန်းဌာနများ၏ အားစိုက်ရာဖြစ်သည့် ကူညီထောက်ပံ့ရေးကွင်းများအတွက် လက်ရှိရှိနေသူများထဲတွင် အစားထိုးမည့်သူများရှာဖွေရန် ပိုမိုခက်ခဲလာသည်။ ဒုက္ခသည်စခန်းများအနေနှင့် လုပ်သားဈေးကွက်မဖြစ်တော့သည့်အချိန်မှစ၍ အလွန်အရေးပါသည့် ဦးဆောင်မှုလုပ်ငန်းများအပါအဝင် မရှိလျှင်မဖြစ်သည့် အလုပ်တို့အတွက် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများအား ငှားရမ်းထောက်ပံ့ရေးမှာ အကန့်အသတ်အတိုင်းအတာနှင့်ပင် ဖြစ်သည်။ အထူးသဖြင့် အမေရိကန်၏ရွှေ့ပြောင်း နေရာချထားရေးအုပ်စုမချဉ်းကပ်မီကတည်းက ရွှေ့ပြောင်းနေရာချထားမှု လုပ်ဆောင်နေသည့် အချို့စခန်းများတွင် အခြေခံပညာရေးအဆင့်အတန်းသာသာ ရှိသူတိုင်း အလုပ်ခန့်ထားခဲ့ပြီးဖြစ်သည်။ စခန်းခေါင်းဆောင်များနှင့် အတွေ့အကြုံပြည့်ဝသည့် စီမံအုပ်ချုပ်သူတို့ သည်လည်း ထိုစခန်းများမှ အချိုးအစားမြင့်မားစွာ ထွက်ခွာသွားကြပြီးဖြစ်သည်။ ဤအချက်က စခန်းဘဝ၏ ကဏ္ဍနှစ်ခုတို့အား အပြင်းထန်ဆုံးထိခိုက်စေခဲ့သည်။ ၎င်းတို့က ကျန်းမာရေးကဏ္ဍနှင့် ပညာရေးကဏ္ဍတို့ ဖြစ်သည်။

ကျန်းမာရေးကဏ္ဍတွင် အထူးလေ့ကျင့်ထားသည့် ဒုက္ခသည်ကျန်းမာရေးလုပ်သားများ၏ ထွက်ခွာမှုက အစိုးရနှင့်မပါတ်သက်သည့် ကျန်းမာရေးဌာနအဖွဲ့အစည်းများ၏ စံချိန်မီကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးအား အပြင်းအထန်ထိခိုက်ခဲ့သည်။ ဒုက္ခသည်မဟုတ်သည့်ဆရာဝန်များ (အထူးသဖြင့် ထိုင်း သို့ ပြည်ပြေးဆရာဝန်များ) က ဒုက္ခသည်ဝန်ထမ်းတို့အား ကြီးကြပ်ကာ သင်တန်းပို့ချပေးသည်။ သို့သော် ဝန်ထမ်းအဖွဲ့ဝင်သစ်တို့အား သင်တန်းပေးရေးမှာ အချိန်သာကုန်သည်မဟုတ် (ဆေးမှူးဖြစ်ရန် ၁၈ လခန့်နှင့် မိခင်နှင့်ကလေးကျန်းမာရေးလုပ်သားများဖြစ်လာ စေရန် ၉လနှင့် တစ်နှစ်အကြား သင်တန်းပေးရသည်။) အတွေ့အကြုံများလည်းလိုအပ်ပေသည်။ လူသစ်စုဆောင်းသင်တန်းသားများအနေနှင့် အချိန်ပြည့်သင်တန်းရရှိသည့်တိုင် ကျန်းမာရေးကဏ္ဍတွင် ဦးဆောင်သူများအနေနှင့် ညံ့ဖြင်းစွာတာဝန်ယူ ထမ်းဆောင်လေ့ရှိသည်။ စခန်းတစ်ခုတွင် အခြေခံကျန်းမာရေးဌာနများထဲမှ တစ်ခုအား ဝန်ထမ်းများ ထွက်ခွာသွားကြသဖြင့် ပိတ်ထားရပေသည်။ အခြားစခန်းတွင် အရည်အချင်း ပြည့်မီမှုမရှိသည့်အတွက် ဝန်ထမ်းအများအပြားအား အနီးအနားရှိ ဆေးရုံမှဝန်ထမ်းများထံ လွှဲပြောင်းတာဝန်ပေးခဲ့ရကြောင်း ကြားသိရသည်။ ကျန်းမာရေးဝန်ထမ်းအရည်အတွက် ကျဆင်းသွားသဖြင့် စခန်းများအတွင်း လူထုကျန်းမာရေးကပ်ဆိုက်မည့် အန္တရာယ်မှာ ပိုမိုမြင့်မားလာပေသည်။

ပညာရေးကဏ္ဍတွင် ဆရာများသည်လည်း နှိုင်းယှဉ်ကြည့်ပါက မြင့်မားသည့်အရည်အတွက်နှင့် ရွှေ့ပြောင်းအခြေချရန် ထွက်ခွာနေကြသည်။ ဆရာကောင်းများအား ရှာဖွေရေးမှာ အမြဲခက်ခဲလှ၍ ရွှေ့ပြောင်းအခြေချရေးများ စတင်ရန် ဦးစားပေးများထဲတွင်ရှိနေကာ ကျန်ရှိသူများကလည်း နောင်တွင် ဆက်လက်သွားရောက်ကြဦးမည်ဖြစ်သည်။ သို့သော် ပိုမိုစိုးရိမ်ကြီးမှု ဖြစ်ရသည့်အနေအထားမှာ ကြီးကြပ်သူများ၊ ကျောင်းအုပ်ဆရာများ၊ ဘာသာရပ်ညှိနှိုင်းရေးမှူးများ၊ ဆရာဖြစ်သင်တန်းဆရာများနှင့် အခြား ပညာရေးအလုပ်အကြွေးပြုနေကြသည့် ဝန်ထမ်းများအား ဆုံးရှုံးမှုပင်ဖြစ်သည်။ ထိုမြောက်များစွာသော ပွိုလ်များအား သင်ရိုးညွှန်းတမ်းပြုစုခြင်း၊ စာသင်ခန်းတွင်း စီမံခန့်ခွဲရေးနှင့် ကျောင်းကြီးကြပ်ရေး စသည့် ပညာရေးအထောက်အပံ့ပြုသော့ချက်တို့အား ပို့ချပေးထားပေသည်။ ပညာရေးဆိုင်ရာ လမ်းညွှန်မှုပေးနိုင်သည့် ပွိုလ်တို့အား ဆုံးရှုံးမှုက ရေရှည်တာဝန်ထမ်းဆောင်နေသည့်

ဆရာများ၊ သင်ကြားမှုအရည်အသွေးအပေါ် လွှမ်းမိုးနိုင်မှုနှင့် ကြီးကြပ်စစ်ဆေးမှုနှင့်
သင်တန်းများပေးအပ်ခြင်းတို့အား ဆုံးရှုံးရသည့်ပြဿနာတို့အား မြင့်တက်လာစေသည်။

ပညာရေးကဏ္ဍအနေနှင့် ရွှေ့ပြောင်းနေရာချထားမှုကြောင့် ထိခိုက်စေခြင်းအတွက်
အခြား အကြောင်းပြချက်နှစ်ခု ရှိသည်။ ပထမတွင် ဆရာများအနေနှင့်
အခြားအစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၏ ဝန်ထမ်းများထက် နည်းသည့်
ထောက်ပံ့ကြေးငွေသာ ရရှိကြသည့်အတွက် ထိုဆရာများအား ပိုမိုပေးသည့်
လစ်လပ်နေသည့် အခြားအလုပ်တို့က ရွှေ့ပြောင်းလုပ်ဆောင်ရန် ဆွဲဆောင်နေသည့်အတွက်
အခြားကဏ္ဍများတို့၏ဆုံးရှုံးမှုထက်ပိုမိုဆိုးရွားရသည်မှာ ပညာရေးကဏ္ဍ၏
လုံလောက်မှုမရှိသည့်အနေအထားပင် ဖြစ်သည်။ ဒုတိယအချက်အနေနှင့်
ပညာရေးလုပ်ငန်းဌာနတို့ချမှတ်ထားသည့် အရည်အချင်းမြင့်တင်ရေးချဉ်းကပ်မှုမှာ
နေရပ်ပြန်ပို့ရေးစဉ်းစားချက်အရ ပုံစံချထားခဲ့ခြင်းဖြစ်သည်။ အတိအကျဆိုရလျှင် ဒုက္ခသည်တို့
အား ကိုယ်ပိုင်သင်တန်းများ၊ ကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်းတို့အား ချမှတ်လုပ်ဆောင်ရေး
မြှင့်တင်ပေးခြင်းတို့ဖြစ်သည်။ ထုတကယ့်ချဉ်းကပ်မှုက ယခုအခါ ပညာရေးစနစ်အား
ပိုမိုကျဆင်းစေမည့် ပျော့ကွက်ဖြစ်စေသည်။

တူညီသည့်အတိုင်းအတာ မဟုတ်သည့်တိုင် စခန်းအုပ်ချုပ်ရေးကဏ္ဍသည်လည်း
ရွှေ့ပြောင်းနေရာချထားမှုကြောင့် ထိခိုက်မှုအချို့အား ခံစားမိခဲ့ကြသည်။
အဓိကပွိုင့်လ်တို့၏ လိုအပ်မှုက လက်ရှိကျန်ရှိနေသည့် ကော်မီတီအဖွဲ့ဝင်တို့အတွက်
ပိုမိုလေးလံသည့်ဝန်များအား ထမ်းရွက်ရသည့်အနေအထားဖြစ်လာ သော်လည်း
အသိုင်းအဝိုင်းအခြေပြုအဖွဲ့အစည်းများ၏ ဝန်ထမ်းများစွာ ရွှေ့ပြောင်းအခြေစိုက်မှု
တို့၏ ထိခိုက်မှုအား လိုက်မီစေရန် စီမံခန့်ခွဲနိုင်သည့်အရာဖြစ်သဖြင့် နှိုင်းယှဉ်မှုအရ
ဤလုပ်ပိုင်ခွင့်များအတွင်း ချောမွေ့အောင်မြင်စေရန် ၎တို့ဖွဲ့စည်းပုံများ၏ ခွင့်ပြုမှု
နည်းလမ်းတို့အား ပေးအပ်ခဲ့သည်။

အရံသင့်ရှိသည့်လူစုအားလုံးအနေနှင့် စခန်းတွင်း ပညာတတ်နှင့် အတွေ့အကြုံပြည့်ဝသူတို့
လျော့နည်းလာသည့်အတွက် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများက အကောင်းဆုံးရနိုင်မည့်
ဝန်ထမ်းများအား ရှာဖွေကြရသည်။ ထို့ပြင် အသိုင်းအဝိုင်းအခြေပြုအဖွဲ့အစည်းများအား
အလုပ်အကြွေးပြုနေသည့် အရည်အချင်းပြည့်ဝသည့် စခန်းအခြေစိုက်နေထိုင်သူများအတွက်
အပြိုင်လုပ်ကိုင်ရမည်မှာ မြေကြီးလက်ခတ်မလွဲပေ။ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများတွင်
အချိန်ပြည့်တာဝန်ထမ်းဆောင်နေသူများအနေနှင့် ပုံမှန် လစာပေးအပ်မှုမရှိသည့်
အသိုင်းအဝိုင်းအခြေပြုအဖွဲ့အစည်းများတွင် နှစ်မြှုပ်လုပ်ကိုင်ရန် အချိန်နည်းသွားပေမည်။

ရွှေ့ပြောင်းနေရာချထားရေးအနေနှင့် ကျန်ရှိနေသေးသည့် ဒုက္ခသည်ထုအတွက်
အနှုတ်သဘောဆောင်သည့် ပြီွစွန်းမှုများဖြစ်ပွားရသည့်အနေအထားမှာ ထိုင်းနိုင်ငံ
တစ်ခုတည်းတွင် ဖြစ်ပွားနေခြင်းမဟုတ်သကဲ့သို့ အထူးသဖြင့် အချိန်တိုအတွင်းသာဖြ
စ်ပွားခြင်းဖြစ်သည်။ နီပေါနိုင်ငံတွင်နေထိုင်သည့် ဘူတန်ဒုက္ခသည်တို့မှာ အလုံးအရင်းဖြင့်
ရွှေ့ပြောင်းနေရာချထားရေးအတွက် အထူးသဖြင့်တည်နေကြ၍ အခြားဒုက္ခသည်အုပ်စု
များအနေနှင့်လည်း ဖြစ်နိုင်ခြေအရှိဆုံးနှင့် ရေရှည်တည်တံ့မည့်ရွေးချယ်မှုအနေနှင့် ရွှေ့
ပြောင်းအခြေချမှုတို့ဘက် လှည့်လာပေဦးမည် ဖြစ်သည်။ မိမိတို့၏ သုတေသနပြုချက်က
ညွှန်းဆိုသည်မှာ အချိန်တိုအတွင်း ဒုက္ခသည်စခန်းများအနေနှင့် သင်တန်းပေးအပ်မှုတို့အား
ထွက်ခွာမည့် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းတို့နေရာတွင် အစားထိုးရေးအတွက်
ပိုမိုလုပ်ဆောင်ရေး လိုအပ်ချက်အရ အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းနေရာချထားပေးရေး
လုပ်ဆောင်မှုတို့က ကျန်ရှိနေသည့် ဒုက္ခသည်တို့အတွက် လိုအပ်ချက်များ၏
လိုအပ်ချက်တို့အား တိုးပွားလာစေသည် ဟူ၍ဖြစ်သည်။ အောက်ပါ အကြံပြုချက်တို့
ကို အထူးသဖြင့် ထိုင်းမြန်မာနယ်စပ်ရှိ ဒုက္ခသည်လူထုအတွက် ဖော်ဆောင်ထားခြင်းဖြစ်၍
ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ တိုးချဲ့အကြံပြုချက် တို့ကိုပါ ထည့်သွင်း
ဖော်ပြအပ်ပေသည်။ ထိုအကြံပြုချက်များစွာအား ကောက်ခံရရှိထားပြီးဖြစ်သည်။ အခြား
အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းနေရာချထားရေးအခြေအနေများတွင် အောက်ဖော်ပြပါ
တူညီသည့် အကြံပြုချက်တို့အနေနှင့် သင့်လျော်ကောင်း သင့်လျော်ပေမည်ဖြစ်သည်။

- အလှူရှင်တို့အား သင်တန်းများ၊ အရည်အချင်းမြှင့်တင်ရေး စီမံချက်များနှင့် အတွေ့
အကြုံမရှိသည့် ဝန်ထမ်းသစ်တို့အတွက် ပဏာမခြေလှမ်းများအား ထောက်ပံ့ရေး အားပေးရန်၊

- ဖြစ်နိုင်ပါက အမြန်ဆုံး အစားထိုးဝန်ထမ်းသစ်တို့၏ သင်တန်းအကောင်အထည်ဖော်မှု
လုပ်ဆောင်ပေး၍ အရံသင့်အုပ်စုအဖြစ်ရှိနေသည့် ပွိုင့်လ်တို့
နှင့် နောက်ခံအဆင်သင့်ထားမှုတို့အား ဆက်လုပ်သွားရန်၊

- ဒုက္ခသည်စခန်းအတွင်း အရည်အချင်းနှင့် ဝန်ထမ်းအရည်အချင်း စစ်တမ်းကောက်ယူမှု
အား အရံအစားထိုးဝန်ထမ်းဖြည့်စည်းနိုင်ရေးအတွက် တာဝန်ယူလုပ်ဆောင်ရန်၊

- စခန်းအလုပ်သမားတို့အား စခန်းတွင်းလူသစ်များနှင့်
ဒေသခံထိုင်းလူထုအတွင်းမှ စုဆောင်းသွားရန်၊

- ဖြစ်နိုင်သည့်အတိုင်းအတာဖြင့် လွတ်လပ်၍ အနာဂတ်အားတင်ကြိုခန့်မှန်းနိုင်မည့်
ရွှေ့ပြောင်းနေရာချထားရေး လုပ်ငန်းစဉ်အဖြစ် တိုးမြှင့်ရန်နှင့် ထိုမှ ဒုက္ခသည်တို့
အနေနှင့် ရွှေ့ပြောင်းအခြေစိုက်ရေးအချိန်ကာလ မည်မျှကြာမည်၊ စခန်းများအတွင်း
ထောက်ပံ့အကူအညီပေးရေးလုပ်ငန်းတို့တွင် ပါဝင်နေသည့် လုပ်ငန်းဌာနများအနေနှင့်
မည်သည့်အချိန်တွင် ၎တို့၏ဝန်ထမ်း ထွက်ခွာရမည်တို့အား သိရှိထားပေမည်။

- ဒုက္ခသည်စခန်းများတွင်း အကူအညီလိုအပ်မှုများအား ပြန်လည်ဆက်စပ်နိုင်ရေး
အတွက် အချို့ပံ့ပိုးမှုများနှင့် လွယ်ကူစေရန်ပြုပြင်ထားသည့် စီမံခန့်ခွဲရေးပုံစံတို့
ပေါင်းစပ်၍ ထိရောက်သည့်လုပ်ငန်းများပေးအပ်ကူညီခြင်း လုပ်ဆောင်ရန်၊

- စခန်းများအတွင်း အရည်အချင်းပြည့်ဝသည့် ဒုက္ခသည်များအား
ရွှေ့ပြောင်းနေထိုင်နိုင်ရေး အားပေးရန်၊

- အသိစိတ်ဖြင့်လုပ်အားပေးမှုတို့အား လက်ခံမည့်အိမ်ရှင်နိုင်ငံတို့၏
ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒုက္ခသည်များတွင်းရှာဖွေရေး စဉ်းစားရန်နှင့် ထို့
ကြောင့် ထိုနိုင်ငံတို့အနေနှင့် ၎တို့၏ ရွှေ့ပြောင်းအခြေချမှုအား လိုအပ်
သည့်အချိန်အတိုင်းအတာအတွင်း သို့မဟုတ် အစားထိုးရန်ပွိုင့်လ်တို့အား
အပြည့်အဝ လေ့ကျင့်ပေးမှု ပြီးစီးသည်အထိ ရွှေ့ဆိုင်းပေးကြပေမည်၊

- လက်ခံထားသည့်နိုင်ငံအနေနှင့် ဒုက္ခသည်များ၊ ပြည်ပြေးဝန်ထမ်းများနှင့် အစိုးရမဟုတ်သည့်အဖွဲ့
အစည်းများနှင့် အသိုင်းအဝိုင်းအခြေပြုအဖွဲ့အစည်းများ၏ ဒေသခံဝန်ထမ်းအား
ဝင်ရောက်လုပ်ကိုင်ရေးနှင့် စခန်းများအတွင်း ဝင်ထွက်ခွင့် မြန်ဆန်စွာခွင့်ပြုပေးရေး အားပေးရန်၊

- နိုင်ငံဝန်ထမ်းတို့အား စနစ်အတွင်း ဆက်လက်အကောင်အထည်ဖော်လုပ်
ဆောင်နေမှုရှိမရှိ စစ်ဆေးလုပ်ဆောင်ခြင်း မြန်ဆန်မှုရှိစေရေးအတွက်
ရေရှည်စာချုပ်ချုပ်ဆိုလုပ်ကိုင်မှုအား အားပေးရန်၊

- ကျန်ရှိနေသည့် ဒုက္ခသည်တို့အား နိုင်ငံတော်ကျန်းမာရေးနှင့် ပညာရေး
စနစ်များအတွင်း ပိုမိုမြင့်မားသည့် ပေါင်းစည်းလုပ်ဆောင်ရေးကို အားပေးရေးအပြင်
အသက်မွေးဝမ်းကျောင်း စီမံချက်များအား စခန်းများ၏ အတွင်းအပြင်
တရားဝင်ခွင့်ပြုပေးရန် အားပေးမှုတို့ လုပ်ဆောင်သွားရန်တို့ဖြစ်သည်။

စခန်းတွင်း ပြွတ်သိပ်နေထိုင်မှု လျော့နည်းစေခြင်း၊ ငွေပို့ပေးနိုင်ခြင်း၊
ငယ်ရွယ်သည့်ဒုက္ခသည်များအတွက် လုပ်ပိုင်ခွင့်အခွင့်အရေးများတိုးတက်လာခြင်း နှင့်
စခန်းလုပ်ငန်းဌာနများအား ထိရောက်စွာအသုံးပြုနိုင်ခြင်း စသည့် ရွှေ့ပြောင်းအခြေချရေး၏
ကောင်းမွန်သည့် အကျိုးကြေးဇူးအချို့ရှိသည်။ သို့သော် လက်ရှိကျန်ရှိနေသူများစွာအတွက်
အထူးသဖြင့် အချိန်တိုအတွင်း အရည်အချင်းပြည့်မီသည့် လုပ်သားများလျော့နည်းလာခြင်းက
စခန်းဘဝ၏ခက်ခဲမွန်းကြပ်မှုများအား ပိုမိုဆိုးရွားစေပေသည်။ မည်ကဲ့သို့၊ မည်သည့်အချိန်တွင်
လိုအပ်မှုဖြစ်မည် တို့ကို မှန်းဆခြင်းနှင့် အနာဂတ်အတွက် စီမံကိန်းရေးဆွဲခြင်းတို့က ရွှေ့
ပြောင်းနေရာချထားရေး၏ အခြေအနေတစ်စုံတရာအနေနှင့် အနည်းဆုံး သက်သာစေရန်
အကူအညီပြုမည်ဖြစ်သည်။

*ဆူဆန် ဘန်ကီ* ***(s.banki@griffith.edu.au)****နှင့် ဟေဇယ်လ် လန်းဂ်*
***(hazellang@yahoo.com.au)*** *တို့သည် ကာလရှည်လျားသည့် အာရှတိုက်မှ
နေရပ်မှမောင်းနှင်ထုတ်ခံရခြင်း ရှာဖွေရေးအတွက် ဩစတြေးလျ သုတေသနကောင်စီ၏
၃ နှစ် စီမံကိန်းတွင် လက်ရှိပါဝင်လုပ်ဆောင်နေကြသည့် ဩစတြေးလျနိုင်ငံ ဂျရပ်ဖစ်
တ္တသိုလ်* ***(www.griffith.edu.au)****၏ သုတေသနအဖွဲ့ဝင်များဖြစ်ကြသည်။
ဤစီမံကိန်းအတွက် ဆက်သွယ်ဆောင်ရွက်နေသည့် လုပ်ဖော်ကိုင်ဘက်မှာ အစိုးရမဟုတ်သည့်
ဩစတြေးလျစောင့်ရှောက်ရေးအဖွဲ့* ***(www.austcare.org.au)*** *ဖြစ်သည်။*

*ဤဆောင်းပါးသည် ထိုင်းနိုင်ငံရောက်နေရပ်မှထွက်ပြေးခဲ့ရသူများအတွက် ပူးပေါင်းအကူအညီပေး
ရေးကော်မီတီ* ***CCSDPT*** *ကတာဝန်ပေးခဲ့သည့် သုတေသနအပေါ်အခြေခံထားခြင်းဖြစ်သည်။
သို့သော် စီစစ်တွေ့ရှိချက် ကောက်ချက်နှင့် အကြံပြုချက်များမှာ အထက်ပါစာရေးဆရာများနှင့်သာ
သက်ဆိုင်၍* ***CCSDPT*** *အဖွဲ့ဝင်များ၏ အယူအဆတို့နှင့် လုံးဝ သက်ဆိုင်မှုမရှိပါကြောင်း။*

၁ www.ccsdpt.org

၂ ဆူစန် ဘန်ကီနှင့် ဟေဇယ် လန်းဂ်တို့၏ 'အနာဂတ်စီမံကိန်းရေးဆွဲခြင်း – စခန်းတွင်းကျန်ရှိသည့် ဒုက္ခသည်ထုအား ရွှေ့ပြောင်းနေရာချထားရေး၏ ထိခိုက်စေမှု'၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ။ အွန်လိုင်း www.tbbc.org။ ရှာဖွေမှုအကျဉ်းချုပ်အား UNHCR ၏ မူရင်း ချင့်ချိန်ဆုံးဖြတ်ချက် အစီရင်ခံစာ၏ ဖြည့်စွက်အကြံပြုချက်များအား ဖြည့်စွက်ထားခြင်းဖြစ်သည်။ ၎မှာ 'ကျန်နေခဲ့သည့်ထိုင်းနိုင်ငံရှိ စခန်းလူထုအပေါ် ရွှေ့ပြောင်းနေရာချထားဆောင်ရွက်မှုတို့၏ ထိခိုက်စေမှုနှင့်ပါတ်သက်သည့် ချင့်ချိန်အကြံပြုချက်' UNHCR 2007 ခုနှစ်၊ အောက်တိုဘာလ။

၃ အိုင်ဘစ်နှင့် ဟားဗ် အစ်စမ်ဘတ် UNHCR 'ထိုင်းမြန်မာနယ်စပ်စခန်းများအတွင်း ကျန်းမာရေးကဏ္ဍအား ရွှေ့ပြောင်းနေရာချထားမှု လုပ်ဆောင်ရေး၏ ထိခိုက်မှု – ဗျူဟာမြောက်ချဉ်းကပ်ရေးသို့' ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ။

# ပြန်လည်နေရာချထားရေးနှင့်ပတ်သက်သည့်အပေါ်ကရင်လူထု၏အသံများ

ကရင်အမျိုးအမီးအစည်းအရုံး ၊ ဆဲရာ ဖူးလယ် နှင့် အီးလီ(န်) ဖိထဝေး

ချိန်းခြောက်မှုအန္တရာယ်ကြားမှ ထောက်ပံ့မှုအနည်းငယ်မျှနှင့်ကရင်အမျိုးသမီးအစည်းအရုံးအလုပ်မှုဆောင်များသည် သုတေသနပြုမှုနှင့် ထောက်ပံ့ရေးအစီအစဉ်များကိုချမှတ်ကာ အစိုးရမဟုတ်သောအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးတို့နှင့်အပြိုင် လုပ်ဆောင်အကောင်အထည်ဖော် နေပေသည်။

ထိုင်းအာဏာပိုင်များက ၂၀၀၅ခုနှစ်တွင် ထိုင်းမြန်မာနယ်စပ်ရှိစခန်းများအပေါ် အနောက်နိုင်ငံသို့ ပြန်လည်နေရာချထားရေးအတွက် တင်းကြပ်သောစည်းမျဉ်းများကို လျှော့ချခဲ့သည်။ စခန်းအတွင်း ပြန်လည်နေရာ ချထားရေး၏အကျိုးသက်ရောက်မှုသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ကရင်အမျိုးသမီးအစည်းအရုံး ၏ ကြီးမားသည့် မျှော်မြင်စဉ်းစားသုံးသပ်ချက်တခုဖြစ်ခဲ့သည်။ ၎င်းတို့အနေနှင့် ဒုက္ခသည်တို့၏အသံများ၊ အထူးသဖြင့် ကရင်အမျိုးသမီးတို့၏အသံနှင့် အခြေခံလူ့အသိုင်းအဝိုင်းအခြေပြုအဖွဲ့အစည်းတို့၏ တာရှည်တည်တံ့ခိုင်မြဲမည့် အကောင်အထည်ဖော်ဆောင်ရွက်မှု အစီအစဉ်ကဲ့တို့အားဆွေးနွေးမှုကို နာကြားလိုခြင်းသည် ကရင့်အမျိုးသမီးတို့၏ ဆပင်ဖြစ်သည်။ ကြေကွဲစရာအနေနှင့် တိုးတိုးလေးလောက်ကြားနိုင်ရန် ကရင်အမျိုးသမီးများအနေနှင့် ကျယ်လောင်စွာအော်ဟစ်ကြွေးကြော်ရခြင်းဖြစ်သည်။

ယခုကဲ့သို့ မပြီးဆုံးနိုင်သည့် ပဋိပက္ခကြောင့် ကရင်လူထုအနေနှင့် နအဖ၏ရက်စက်ကြမ်းကြုပ်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခြင်းများနှင့် ရင်ဆိုင်ရခြင်းအားဖြင့် ထိုင်းနိုင်ငံအတွင်းတွင် ဒုက္ခသည် စခန်းဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ပြန်လည်နေရာချထားရေးကို ဒုက္ခသည်အခြေခံလူ့အသိုင်းအဝိုင်း အဖွဲ့အစည်းများနှင့် စခန်းတွင်းမှအချို့သော ဒုက္ခသည်ကိုယ်စားလှယ်များက တောင်းဆိုခဲ့သည်ဖြစ်၍ ခန့်မှန်းခြေအားဖြင့် ၂၀၀၆ ခုနှစ်တွင် ဒုက္ခသည်ဦးရေ ၄၅၀၀ နှင့် ၂၀၀၇ နှစ်အကုန်ပိုင်းတွင် ဒုက္ခသည် ၁၅၀၀၀ တို့အနေနှင့် တတိယနိုင်ငံများသို့ ရွှေ့ပြောင်းအခြေချနေထိုင်ခဲ့ကြခြင်းဖြစ်သည်။

ပြန်လည်နေရာချထားရေးစီမံကိန်းစတင်ခဲ့သည့်အချိန်ကစပြီး နယ်စပ်ဒေသရှိ ဒုက္ခသည်စခန်းများသည် ဆိုးရွားသော အခြေအနေသို့ရောက်ရှိသွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အရေးပါသော လူ့အသိုင်းအဝိုင်းခေါင်းဆောင်များ

ရွှေ့ပြောင်းနေရာချခြင်းအားဖြင့် စခန်းအတွင်းရှိလုပ်ငန်းစဉ်များ၊ ဝေယျာဝစ္စကိစ္စများသည်လစ်ဟာနေခြင်းဖြစ်၍ ထိုအကျိုးဆက်များကို အစိုးမဟုတ်သောအဖွဲ့အစည်းများကအယူခံစာတွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။ သို့သော် များသောအားဖြင့် အစိုးရမဟုတ်သောအဖွဲ့အစည်းနှင့် ကုလသမဂ္ဂဒုက္ခသည်များ ဆိုင်ရာမဟာမင်းကြီးရုံးတို့၏ ရှုထောင့်ကိုသာဖော်ပြခဲ့ခြင်းဖြစ်သည်။ ၎တို့အနေဖြင့် ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ ဒုက္ခသည်များအပေါ်ဖြစ်ပေါ်စေသော အကျိုးသက်ရောက်မှုအပြည့်အစုံကို တင်ပြမှုမရှိခြင်းနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံရှုထောင့်မှ ကြည့်ခြင်းတို့မပါရှိခဲ့ပေ။ အမှန်အားဖြင့်၊ ဉပမာ – မုဒိန်းမှုနှင့် လိင်အကြမ်းဖက်မှုတို့သည် နအဖ၏ နည်းဗျူဟာဖြစ်ပြီး စခန်းအတွင်း ကြီးမားသောပြဿနာဖြစ်သည်၊ သို့သော် ၎ပြဿနာကိုအစီရင်ခံစာ တွင်အနည်းအကျဉ်းသာဖော်ပြထားခဲ့ပေသည်။

## ဒုက္ခသည်တို့၏အသံများ

ကရင်အမျိုးသမီးအစည်းအရုံးနှင့် ကရင်ဒုက္ခသည်ကောင်စီတို့သည် ဤဒုက္ခသည်တို့၏ အဓိကအစိတ်အပိုင်းများဖြစ်ကြသည်။ မိမိတို့သည် ဒုက္ခသည်စခန်းမှဖြစ်ပြီး ဒုက္ခသည်များဖြစ်သည်။ စခန်းတွင်းမှလူထုက မိမိတို့အား အသံတစ်ခုအဖြစ်လိုအပ်သည့်အပြင် ၎တို့ကိုယ်စားပြုပြောဆိုရန်လိုအပ်သည်။ တာဝန်ရှိပုဂ္ဂိုလ်များ (အလှူရှင်များ၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး ၊ ပံ့ပိုးသူများ) အနေဖြင့်စခန်းတွင်းမှလူထုများနှင့် စကားပြောဆိုရန် လိုအပ်ပါက မိမိတို့မှတဆင့် လုပ်ဆောင်ကြသည်။ သို့သော်လည်း မိမိတို့အနေဖြင့်ကိုယ့်ကိုယ်ကိုပြန်ကြည့်လိုက်မည်ဆိုပါက အလွန်အားနည်းနေပေသည်။ အကြောင်းမှာ ထိုင်းနိုင်ငံအနေဖြင့် ဒုက္ခသည်သဘောတူညီချက်တွင် လက်မှတ်ရေးထိုးခြင်းမရှိဘဲ ဒုက္ခသည်များအားထောက်ပံ့ရန်တာဝန်မယူလိုခြင်း သို့တည်းမဟုတ် လက်မခံလိုခြင်းတို့ကြောင့်ဖြစ်သည်။ ၎တို့အနေဖြင့် မြန်မာအစိုးရနှင့် ချစ်ကြည်ရင်းနှီးမှုကို မပျက်ကွက်လိုခြင်းကြောင့်ပင်။ သို့သော် ၎တို့သည် လူသားချင်းစာနာထောက်ထားမှုအတွက်တာဝန်ယူလုပ်ဆောင်သင့်ပေသည်။ ထို့ကြောင့် မိမိတို့အနေဖြင့် ဤနေရာတွင် နေထိုင်အလုပ်လုပ်ကိုင်နိုင်ကြောင်း သို့သော် မိမိတို့အား လျှို့ဝှက်စွာထားရှိခဲ့ကြသည်။ ၎တို့အနေနှင့် နိုင်ငံခြားသားများအား စခန်းအတွင်းသို့ဝင်ခွင့်မပေးခြင်း၊ အထူးသဖြင့် သတင်းမီဒီယာသမားများအား ဝင်ရောက်ခွင့်မပြုပေ။ နိုင်ငံခြားသားတွေနှင့်စကားပြောဆိုရာ၌ မိမိတို့အနေနှင့် အမြဲသတိထားရသည်မှာ မိမိတို့ရင်ထဲမှာ ရှိသည့်စကားအားလုံးထွက်မသွားစေရန်ပင်ဖြစ်သည်။

မိမိတို့အနေနှင့် ထိုစခန်းများအတွင်း အနှစ်၂၀ နေလာခဲ့ကြပြီးဖြစ်သည်။ အခြေအနေများမှာ အလွန် ညံ့ဖြင်းဆိုးရွားလှသည်။ မိမိတို့ဆက်လက် ရှင်သန်နေထိုင်ရန်ဖြစ်ပေါ်လာသော အကြောင်းရင်းများမှာ မျှော်လင့်ချက် နှင့် ယုံကြည်ချက်မှာ မြန်မာပြည်ငြိမ်းချမ်းမှုရှိပြီး ဒီမိုကရေစီရရှိသော တစ်နေ့တွင် မိမိတို့၏ဇာတိအမိမြေကိုပြန်သွားရန်သာ ဖြစ်သည်။ မိမိတို့၏ မျှော်လင့်ခြင်းအိမ်မက်များအား သိမ်းဆည်းထား၍ ခလေးတို့အား ပညာသင်ပေးခြင်း၊ လူ့အသိုင်းအဝိုင်း၏ဖွဲ့စည်းပုံကို ထိမ်းသိမ်းထားခြင်းအားဖြင့် မိမိတို့ဇာတိအမိမြေကိုပြန်သွားမည့်တစ်နေ့ ထိုအရာများက အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ပြန်လည်နေရာချထားရေးစီမံကိန်းသည် ၎တို့အိမ်မက်အတွက် စိန်ခေါ်မှုတရပ်ဖြစ်သည်။ ကရင့်အသိုင်းအဝိုင်းက ၎၏လူထုအားလုံခြုံမှုကိုရှာဖွေနိုင်မည့်အခွင့်အရေးနှင့် တတိယနိုင်ငံတွေလုံခြုံမှုရှာဖွေရန် အပြည့်အဝအားပေးနေသည့်အချိန်တွင် ဤအချက်ကအလွန်တန်ဘိုးကြီးမားမှုဖြစ်လာသည်။ ဤအချက်မှာ ၎တို့ အနှစ်၂၀အတွင်း လှုပ်ရှားခဲ့သောလှုပ်ရှားမှုများကို စိန်ခေါ်နေခြင်းဖြစ်ပြီး ယင်း၏ အဓိပ္ပါယ်အား မိသားစုအများစုတို့ကရင်ဆိုင်နေရခြင်းဖြစ်သည်။ ထိုအချက်သည် မျှော်လင့်ချက်များအား ပျက်သုဉ်းစေပြီး စိတ်မကောင်းစရာအချက်မှာ ၎တို့၏ဇာတိမြေသို့ ဘယ်သောအခါမှ ပြန်၍မရနိုင်ခြင်းဖြစ်ကောင်းဖြစ်နေပေမည်။

အစဉီးတွင် ၎တို့အား အမိနိုင်ငံသို့ပြန်ပို့ရန် ဆရှိခဲ့သည်။ ဤအချက်ကဖြစ်နိုင်ခြေမရှိပေ – သို့သော် လူတို့ နေထိုင်ရန်အတွက် နေရာလိုအပ်သည့်အတွက် မိမိတို့အနေဖြင့် ပြန်လည်နေရာချထားရေးကို ပထမဦးစွာ တောင်းဆိုခဲ့ရသည်။ အထူးသဖြင့် ကောင်းမွန်သည့်ပညာရေးလိုအပ်သည့် လူငယ်များအတွက်ပင်ဖြစ်သည်။ စခန်းအတွင်းမှပညာရေးသည် ၁၀တန်းအဆင့်နှင့်သာရပ်တန့်သွားသောကြောင့် ပညာရေးလုံလောက်မှု မရှိချေ။ မိမိတို့အနေဖြင့် လူကြီးများအတွက် စိုးရိမ်မှုမရှိသော်လည်း မိမိတို့


IOM 2007/MTH0279/Thierry Falise

မယ်လစခန်းမှ တတိယနိုင်ငံသို့ ဘဝသစ်စတင်ရန် ဆွေမျိုးသားချင်းတဦး ထွက်ခွာသွားသည့်အတွက် ငိုကြွေးနေသည့် မြန်မာဒုက္ခသည်တစ်ဦး

> "ကျွန်မတို့၏အိမ်က အိမ်မဟုတ်တော့ဘူး၊ ကျွန်မတို့ရဲ့လုပတဲ့နယ်မြေက နောက်ထပ်လုစရာမရှိတော့ဘူး ၊ အဲဒါကြောင့် ကျမတို့က ကရင်လူငယ်ထုတွေအတွက် ပြန်လည်နေရာချထားရေး တောင်းဆိုခဲ့တာပါ။"
>
> (ကရင်ဒုက္ခသည်ရေးတက်ကြွလှုပ်ရှားသူတဦး)

စိုးရိမ်နေသည်မှာ လူငယ်များအတွက်ပင်ဖြစ်သည်။ ၎တို့က မိမိတို့၏အနာဂတ်ဖြစ်၍ နိုင်ငံသားတဦး၏ရပိုင်ခွင့်နှင့် လူသားဆန်ဆန် ဆက်ဆံမှုကိုရရှိမည့်နေရာတခုနှင့် သက်ဆိုင်ခြင်း ကိုလိုအပ်ခြင်းဖြစ်သည်။ အချို့လူငယ်များသည် စခန်းအတွင်း နှစ် ၂၀ လုံးလုံး နေလာခဲ့ကြပေသည်။

ပြန်လည်နေရာချထားရေးက မိမိတို့အတွက် ချစ်ခြင်းတရားနှင့် အမုန်းတရားတို့အား ယူဆောင်လာခဲ့ခြင်းဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် ပညာရေးအပါအဝင် ကောင်းမွန်သော အခွင့်အရေးများကိုဖြစ်ပေါ်စေသည်။ သို့သော် စခန်းများက ညီညွတ်မှု၊ အဖွဲ့အစည်းများနှင့် စွမ်းရည် ရှိသောသူများကိုလိုအပ်နေသည်။ မိမိတို့အနေဖြင့် ပြန်လည်နေရာချထားရေးစီမံကိန်းကို အပြစ်မတင်လိုသည်မှာ ဤအရာကိုမိမိတို့က တောင်းဆိုခဲ့ခြင်းဖြစ်သည့်အပြင် ပြန်လည်နေရာရွှေ့ပြောင်းရေးလုပ်ဆောင်သူများအတွက်လည်းကောင်းမွန်မည်ဖြစ်သောကြောင့်ပင်ဖြစ်သည်။ သို့သော် ပြန်လည်နေရာချထားခြင်းက လူ့အသိုင်းအဝိုင်းကို အနာဂတ်တွင်စိုးရိမ်စရာအဖြစ်နှင့် ထောက်ပံ့မှုကင်းမဲ့စွာ ချန်ထားရစ်ခြင်းဖြစ်နေသည်။ ပညာရှိပြီး အရည်အချင်းရှိသူတွေအားလုံးက ခေါင်းဆောင်မှုသို့လိုက်ပါသွားခဲ့ကြပြီးဖြစ်သည်။ မိမိတို့အနေဖြင့် ထိုသူတို့သွားရောက် အခြေချသောနိုင်ငံ၌ ၎တို့၏အတတ်ပညာကိုအနည်းငယ်မျှသာအသုံးပြု၍ရသည် ဟု ကြားသိရသော်လည်း ထိုပုဂ္ဂိုလ်တို့သည် စခန်းအတွင်းတွင် အရေးကြီးသောသူများဖြစ်ကြ ပေသည်။ စခန်းတွင်းတွင်း ကျောင်းဆရာဖြစ်ခဲ့ရင် မိမိတို့သွားရောက်အခြေချသောနိုင်ငံသစ်တွင် ဆရာဖြစ်နိုင်မည်ဟုထင်ကြသော်လည်း လက်တွေ့တွင် ထိုသို့မဖြစ်ပေ။ စခန်းတွင်ကျန်ခဲ့သောသူတို့အနေနှင့် ဆိုးရွားသည့် ကျန်းမာရေးနှင့် ပညာရေးအခက်အခဲများအား ရင်ဆိုင်နေကြရသည်။

မိမိတို့အနေဖြင့် မည်သူမည်ဝါဆိုသည်ကိုထုတ်ဖော်တင်ပြခဲ့ခြင်းနှင့် လွတ်လပ်ခြင်းအတွက် ကြိုးပမ်းလုပ်ဆောင်ခဲ့သော်လည်း ထိုထွက်ခွါသွားသူတွေအားလုံးကြောင့် ၎လုပ်ဆောင်ချက်တို့အား ပိုမိုဆုံးရှုံးရခြင်းဖြစ်သည်။

လူတိုင်းကပြန်လည်နေရာချထားရေးကို စောင့်ဆိုင်းနေခြင်းကြောင့် လူ့အသိုင်းအဝိုင်းဖွဲ့စည်းပုံသည် ယိုယွင်းပျက်စီးသွားခဲ့သည်။ ပြန်လည်နေရာချထားခြင်းကြောင့် မိသားစုအတွင်း ပဋိပက္ခများ ဖိစီးခြင်းများနှင့်ကြုံတွေ့နေရသည်။ တချို့သောမိသားစုဝင်များအနေနှင့် သွားလိုစိတ်ရှိ၍ အချို့မှာမှုသွားလိုသောဆမရှိပေ။ စခန်းတွင်းကျန်ရှိနေခဲ့သောဒုက္ခသည်များအတွက် စဉ်းစားရန်လိုအပ်နေပေသည်။ ထွက်ခွါသွားသူများသည် ရဲဝံ့စွာပြောတတ်ဆိုတတ်သူနှင့် အစွမ်းအစရှိသောသူများဖြစ်ကြသည်။ ကျန်ရှိခဲ့သောသူတွေအနေဖြင့် စာမတတ်သူများ၊ ရိုးစင်းသောသူများနှင့် အိမ်တွင်းပုန်းများဖြစ်ကြသည်။ ထိုသူများအနေနှင့် မပြောရဲမဆိုရဲသည့်သူများဖြစ်၍ ၎တို့အား အကူအညီပေးရန် အချို့ကျန်နေခဲ့ရန် လိုအပ်နေပေသည်။

## နိုင်ငံသစ်ခရီးစဉ်

ရွှေ့ပြောင်းနေရာချထားရေးအစီအစဉ်အားဆပြုခဲ့၍ ရွေးချယ်ခံရသောသူများအနေနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်အနေနှင့် ဤလုပ်ငန်းစဉ်ကိုယ်တိုင်ပင် မကြာခဏထိခိုက်မှုဖြစ်စေသည်။စခန်းအတွင်းမှ ၅၅ နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက ရွှေ့ပြောင်းမည့် နိုင်ငံသစ်၏ မကောင်းသောအကြောင်းအရာများနှင့် စိန်ခေါ်မှုများအား လူ့အသိုင်းအဝိုင်းများအား ပြောဆိုရှင်းလင်းပြခြင်းမရှိပေ။ အမည်စာရင်းပေးသွင်းရန် တိုက်တွန်းခြင်းခံရသောကြောင့် လူထုအနေဖြင့် အလျင်စလိုရွေးချယ်ခဲ့ကြခြင်း ဖြစ်သည်။ လုပ်ငန်းစဉ်သည် လျှင်မြန်စွာအထမြောက်စေပြီး ၎တို့ကိုယ်၎တို့ အချိန်တိုအတွင်း တတိယနိုင်ငံရောက်နေကြသည်ကို တွေ့ရတော့သည်။ နောက်တွင် အတော်များများမိမိတို့ အိမ်သို့မိမိ ပြန်လာလိုကြပြန်သည်။

အခြေခံလူ့အသိုင်းအဝိုင်းအဖွဲ့အစည်း၏အစီရင်ခံစာအရ တတိယနိုင်ငံသို့မထွက်ခွာမီဝေငှခဲ့သောအကြောင်းအရာအချက်အလက်တို့သည်ပြည့်စုံမှုမရှိပေ။ အကြောင်းအရာများအား ၃ရက်အတွင်းသာ ဝေငှပြောဆိုခဲ့ပြီး ကောင်းမွန်သောဘဝကို တည်ဆောက်ရေးနှင့် ဖိစီးမှုကင်းမဲ့သောဘဝသစ်ဆောက်တည်ရေးအတွက် ပြည့်စုံလုံလောက်မှုမရှိပေ။ ဒုက္ခသည်အများစုသည် မိမိတို့တသက်တာနီးနီး စခန်းအတွင်းတွင်သာ နေထိုင်လာခဲ့ပြီး ဆရာဝန်ထံ ခွဲစိတ်ကုသရေးတခါမျှ မရောက်ဘူးပေ၊ ကားမောင်းခြင်း၊ အနောက်တိုင်းအိမ်ပုံစံဖြင့် နေထိုင်ခြင်း မရှိခဲ့ပေ။ ထို့ပြင် အင်္ဂလိပ်စကားမပြောတတ်သည့်အပြင် သွားရောက်မည့်နေရာယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် ဥပဒေကိုလည်း အနည်းငယ်မျှ နားလည်သိရှိမှုမရှိပေ။ သတင်းအချက်အလက်ပိုမိုရရှိခဲ့ပါက ၎တို့အနေနှင့် ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့ကြမည်ဖြစ်သည်။

မြန်မာပြည်တွင်း ပဋိပက္ခဆက်လက်ဖြစ်ပွားနေသည့်အတွက် ဒုက္ခသည်များ ပိုမိုများလာကာ စခန်းများအတွင်း ဝင်ရောက်ရန် လမ်းရှာနေကြသည်။ ထိုင်းအစိုးရ အနေဖြင့် ပြန်လည်နေရာချထားရေးက ဆွဲဆောင်မှုတခုဖြစ်မည်ကို စိုးရိမ်၍ မြန်မာနယ်စပ်ကိုပိတ်ထားကာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး
အနေဖြင့် လည်း ရောက်ရှိလာမည့်လူသစ်တွေကို စာရင်းပေးသွင်းခြင်းမပြုခဲ့ပေ။ ရောက်ရှိလာသောလူသစ်တို့သည် နယ်စပ်ကိုမဖြတ်ကျော်မီ တောတွင်းတွင်ပုန်းအောင်း၍ အချိန်ကာလအတန်ကြာနေထိုင်ခဲ့ရပေသည်။ ၎တို့အနေနှင့် ကျန်းမာရေးနှင့် အစာအဟာရချို့တဲ့မှုတို့နှင့်လည်း ရင်ဆိုင်ခဲ့ရပေသည်။ သို့သော် မည်သည့်စားနပ်ရိက္ခာဝေစုနှင့် ကျန်းမာရေးစောင့်ရှောက်မှုကိုမျှ မရရှိကြပေ။ စခန်းတွင်းတွင် လူတိုင်းအတွက် စားနပ်ရိက္ခာဖူလုံမှုမရှိသည့်အတွက် ဤအချက်က ကြီးမားသောပြဿနာတရပ် ဖြစ်စေသည်။

## အကြံပြုချက်များ

ကရင်အခြေခံလူ့အသိုင်းအဝိုင်းအဖွဲ့အစည်းနှင့် ကရင်ခေါင်းဆောင်များအနေဖြင့် တတိယနိုင်ငံသို့ ရွှေ့ပြောင်းအခြေချခြင်းအားရပ်တန့်ရန်ဆမရှိပေ။ သို့သော် ထိရောက်သော ပြန်လည်နေရာချထားရေးဖြစ်စေရန်အတွက် ၎တို့အနေနှင့် ပွင့်လင်းသောဆွေးနွေးမှုကို လိုအပ်ကြောင်း စဉ်းစားကြသည်။ မိမိတို့အနေနှင့် အကြံပြုတင်ပြလိုသည်မှာ

- တတိယနိုင်ငံအစိုးရများ ၊ ကုလသမဂ္ဂဆိုင်ရာမဟာမင်းကြီးရုံး ၊ IOM နှင့် အခြားဌာနများအနေနှင့်က) ပြန်လည်နေရာချထားရေးစီမံကိန်းတစ်ခုလုံး ဖြစ်မြောက်ရေးမလုပ်ဆောင်မီ ကရင်ခေါင်းဆောင်များထံမှ အကြံဉာဏ်နှင့်အချက်အလက်များ ရယူခြင်း၊ ပြန်လည်နေရာချထားရေးနှင့်ပတ်သက်ပြီးဖြစ်ပေါ်လာမည့် ဆိုးကျိုးသက်ရောက်မှုများအား မည်သို့ အကောင်းဆုံးလုပ်ဆောင်ရမည်ကို စီမံလုပ်ဆောင်ခြင်း။
- သတင်းအချက်အလက်အားလုံး ကရင်ဘာသာစကားဖြင့်လည်းရှိရပေမည်။
- အစိုးရအနေဖြင့် မိမိတို့၏နိုင်ငံနှင့်ပတ်သက်သည့် အကြောင်းအရာများ ပြန်လည်နေရာချထားရေး ပေါ်လစီများအား ကရင်အခြေခံလူ့အသိုင်းအဝိုင်းများအား ဝေငှပေးခြင်း။
- ဝေးကွာသောတောင်ပေါ်ဒေသမှ ဒုက္ခသည်များသိရှိနိုင်ရန် တတိယနိုင်ငံများနှင့်ပတ်သက်သော အကြောင်းအရာများ လူမှုဆက်ဆံရေး၊ နိုင်ငံရေးနှင့် ဥပဒေလမ်းစဉ်တို့အားဝေငှခြင်း ။
- ဆိုးကျိုးနှင့်ကောင်းကျိုးအပါအဝင် တတိယနိုင်ငံသို့ရောက်ရှိပြီးဖြစ်သောမိသားစုတို့၏ အတွေ့အကြုံနှင့် အခြေအနေများအား ထိုင်းနိုင်ငံမှ ကရင်အသိုင်းအဝိုင်းအား ပြန်လည်တင်ပြပေးခြင်း။
- ပြန်လည်နေရာချထားရေးစီမံကိန်းကို ဖြေးဖြေးလုပ်ဆောင်စေခြင်းအားဖြင့် ဒုက္ခသည်များအနေနှင့် ၎တို့ဆုံးဖြတ်ချက်ချမှတ်ရန် အချိန်ပိုမိုရရှိမည်ဖြစ်ပြီး ၎တို့ လုပ်ငန်းလွှဲပြောင်းရန် အချိန်လုံလောက် စွာရှိသင့်သည့်အပြင် လူ့အသိုင်းအဝိုင်းအနေဖြင့် ထိုလစ်လပ်သည့်နေရာတွင် အစားထိုးဝင်ရောက်လုပ်ကိုင် ရန် သင်တန်းပေးချိန် လုံလောက်စွာရရှိမည်ဖြစ်သည်။
- ကျန်ရှိနေခဲ့သောလူ့အသိုင်းအဝိုင်းအနေဖြင့် ပြန်လည်နေရာချထားရေး၏ သက်ရောက်မှုကို အသေအချာ ဆန်းစစ်ခြင်းနှင့် ထွက်ခွာသွားသူအစား အလုပ်မှုဆောင်သစ်တို့ကို သင်တန်းပေးရန် အခြေခံလူ့အသိုင်း အဝိုင်းအဖွဲ့အစည်းများအနေဖြင့် ငွေကြေးထောက်ပံ့မှုရှိရန်ဖြစ်သည်။

*ကရင်အမျိုးသမီးအဖွဲ့အစည်း* ***(www.karenwomen.org)*** *သည် အခြေခံလူ့အသိုင်းအဝိုင်းအဖွဲ့အစည်း ဖြစ်ပြီး ပြည်တွင်းရှိအမျိုးသမီးများ၊ ပြည်တွင်းစစ်ပြေးဒုက္ခသည်များနှင့် ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းများအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူညီပေးနေသည့် အဖွဲ့အစည်းဖြစ်သည်။ ကရင်အမျိုးသမီးများအား အမျိုးသမီးအခွင့်အရေးကို သိရှိထားရေးနှင့် နိုင်ငံရေးလမ်းစဉ်များ၊ လူ့အသိုင်းအဝိုင်းအတွင်း ဆုံးဖြတ်ချက်ချမှတ်ရေးများတွင်ပါဝင်လုပ်ဆောင်ရေး ကရင်အမျိုးသမီးအစည်းအရုံးက တိုက်တွန်းအားပေး လုပ်ဆောင်နေပေသည်။*

*အီးလီ(န်) ပိထဝေး* ***(e.pittaway@unsw.edu.au)*** *သည် ဩစတြေးလယားနိုင်ငံ နယူးစောက်သ်ဝေးလ်(စ်) တက္ကသိုလ်ဌာနမှ* ***(www.crr.unsw.edu.au)*** *ဒုက္ခသည်သုတေသန အလုပ်မှုဆောင်တစ်ဦးဖြစ်သည် ။*

*ဆဲရာ ဖူလာ* ***(sarahbfuller@yahoo.com.au)*** *သည် ထိုဌာနမှကျောင်းသူတစ်ဦးဖြစ်သည်။*

၁ www.karenwomen.org
၂ www.tbbc.org/resources/2007-6-mth-rpt-jan-jun.pdf

# နှောင့်နှေး ကြာမြင့်နေသည့်ဒုက္ခသည်အခြေအနေတရပ်၏ ပညာရေးအပြောင်းအလဲ

မာ့ခ် ဗန်ဒါ စတိုးဝီနှင့် စုအန်န် အို့

ထိုင်းမြန်မာနယ်စပ်တစ်လျှောက် ဒုက္ခသည်စခန်းများအား ပညာရေးထောက်ပံ့မှုတို့အနေနှင့် အနှစ်နှစ်ဆယ်ကျော်အကြာတွင် ပြောင်းလည်းမှုအနေနှင့် ရည်ရွယ်ချက်ချမှတ်ခြင်း၊ လက်လှမ်းချဲ့ထွင်ခြင်းနှင့် အရည်အချင်းနှင့် ဆက်စပ်မှုတို့အား တိုးမြှင့်ဆောင်ရွက်ခြင်းတို့ ဖြစ်ပေါ်လာခဲ့သည်။

၄၅ကာလတလျှောက် နိုင်ငံရေးမသေချာမှုများ၊ အီလေးဆွဲဆက်တိုက်ဖြစ်နေသည့် ဒုက္ခသည်များထွက်လာမှုများနှင့် ပတ်ဝန်းကျင်မူဝါဒအပြောင်းအလဲက ဒုက္ခသည်တို့ ပညာသင်ယူရေး၊ ၎တို့လက်ဝယ်ရရှိမည့် အရည်အချင်းနှင့် သင့်လျော်သည့်ပညာရေးနှင့် ၎တို့၏ အရည်အချင်းဗဟုသုတတို့အား လာမည့်မျိုးဆက်သစ်အတွက် ဆည်းပူးရေးအပြင် လူ့အသိုင်းအဝိုင်းဖွံ့ဖြိုးတိုးတက်မှုတို့အတွက် လေ့လာရေးတို့အား ထိခိုက်စေခဲ့သည်။

၄၅ဆောင်းပါးတွင် မိမိတို့အနေနှင့် အဓိကအားဖြင့် ကရင်ဒုက္ခသည်စခန်း ခုနှစ်ခုတို့ရှိ ပညာရေးအထောက်အပံ့အား လေ့လာတင်ပြထားခြင်းဖြစ်သည်။ ကရင်အမျိုးသားအစည်းအရုံး Karen National Union (KNU) နှင့် ဆက်စပ်နေသည့် ကရင်ပညာရေးဌာန Karen Education Department (KED) အနေနှင့် ထိုစခန်းများတွင် မူဝါဒရေးဆွဲရေးနှင့် အကောင်အထည်ဖော်လုပ်ဆောင်ခြင်းတို့တွင် အရေးပါသည့် အခန်းကဏ္ဍတစ်ခုမှ ပါဝင်နေပေသည်။ ပညာရေးစနစ်အား အဖွဲ့အစည်းအမြောက်အများက ထောက်ပံ့ကြ၍ အစိုးရမဟုတ်သည့်ဒေသခံအဖွဲ့အစည်းများ (ဥပမာ – ကရင်အမျိုးသမီးအဖွဲ့အစည်း Karen Women's Organisation (KWO) နှင့် ကရင်လူငယ်အဖွဲ့အစည်း Karen Youth Organisation (KYO)) အပြင် အစိုးရမဟုတ်သည့်နိုင်ငံတကာအဖွဲ့အစည်းများ (ဥပမာ – ဇိုအာ ဒုက္ခသည်စောင့်ရှောက်ရေးအဖွဲ့ ZOA Refugee Care နှင့် နိုင်ငံတကာ ကလေးထောက်ပံ့ရေးအဖွဲ့ International Child Support) က အကောင်အထည်ဖော်လုပ်ဆောင်ကြသည်။

ထိုအဓိကကရင်ဒုက္ခသည်စခန်း ခုနှစ်ခုတို့တွင် နေထိုင်သူ ခန့်မှန်းခြေမှာ ၁၁၅၀၀၀ ယောက်ခန့် ဖြစ်၍ လူ ၅၄၀၀၀ မှာ ကလေးနှင့် လူငယ်များတို့ဖြစ်သည်။ လူဦးရည် ၄၀၀၀ မှ ၄၅၀၀၀ ခန့်ထိရှိသည့်စခန်းများအတွင်း အကြမ်းဖျဉ်းအနေနှင့် အမျိုးသားနှင့်အမျိုးသမီး အရည်အတွက်ခြင်း တူညီကြသည်။ မတူကွဲပြားသည့် ဒေသ္တရတည်ရှိမှု၊ လူဦးရည်သိပ်သည်းဆ၊ လူဦးရည်အုပ်စုနှင့် လူအသိုင်းအဝိုင်း ဖွဲ့စည်းလုပ်ဆောင်မှု ဆိုင်ရာ အရည်အချင်းတို့က ကျယ်ပြန့်ဝေးကွာသည့် စခန်း ၇ ခုအား သင့်တော်၍ အရည်အချင်းပြည့်မီသည့် ပညာပေးဝေရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးအတွက် မတူညီသည့် စိမ်ခေါ်မှုများပေါ်ပေါက်လာစေသည်။

ထိုင်းအာဏာပိုင်အစိုးရက ဒုက္ခသည်စခန်းများအပေါ် အကြွင်းမဲ့အာဏာရှိနေ၍ မူဝါဒနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများအား ပြဌာန်းလုပ်ဆောင်လျှက်ရှိသည်။ အစိုးရမဟုတ်သည့် နိုင်ငံတကာနှင့် ဒေသခံ အဖွဲ့အစည်းများအား အခြေခံထောက်ပံ့မှု၊ လိုအပ်သည့်ဆောင်ရွက်မှုလုပ်ငန်းဌာနများနှင့် အရည်အချင်းမြှင့်တင်ရေးတို့အား ပညာရေးအထောက်အပံ့အနေနှင့် ပေးအပ်ရန်ခွင့်ပြုထားသည်။

## ပညာရေးလုပ်ငန်းဌာနများ၏ အပိုင်းအခြား

အထွေထွေပညာရေးစနစ်တွင် နေ့ကလေးထိမ်းပညာရေး၊ မူလတန်း၊ အလယ်တန်းနှင့် အလယ်တန်းအထက် ကျောင်းများပါဝင်သည်။ စခန်းများ၏ပညာရေးအတွက် ထိုင်းအာဏာပိုင်အစိုးရ မူဝါဒမှာ တစ်စုံတစ်ယောက်က စခန်းများပြင်ပတွင် ပညာရေးလိုက်စားမည်ကို စိုးရိမ်သောကြောင့် ၎လုပ်ဆောင်မှုအား တားမြစ်ထားကာ စခန်းတွင်း အလယ်တန်းအထက် ပညာရေးအဆင့်အထိ ခွင့်ပြုထားသည်။

ကျောင်းသင်ရိုးညွှန်းတမ်းအား ကရင်ပညာရေးဌာန KED ကလက်ခံအတည်ပြုပေး၍ ကျောင်းသုံးစာအုပ်များအား စခန်း၏ ပတ်ဝန်းကျင်အနေအထားနှင့် လိုက်လျောညီထွေဖြစ်စေရန် ဆက်တိုက် ပြင်ဆင်တိုးမြှင့်ပြုစုကြသည်။ ကလေးများက ကရင်၊ ဗမာ နှင့် အင်္ဂလိပ်ဘာသာသုံးမျိုး၊ သင်္ချာ၊ သချာ်၊ ပထဝီ၊ လူမှုရေးသင်္ချိနှင့် ကျန်းမာရေးဘာသာရပ်တို့အား လေ့လာကြသည်။ စာရင်းပေးသွင်းထားသည့် ကိန်းဂဏန်းများအရ ၂၀၀၇–၀၈ စာသင်နှစ်တွင် စခန်းတွင်းရှိ ကလေးများ၏ ၁၈ ရာခိုင်နှုန်းခန့် မူလတန်းနှင့် အလယ်တန်းကျောင်းများတွင် တက်ရောက်ခြင်းမရှိ ကြောင်းပြသခဲ့သည်။ ကျောင်းဆရာ၊ ဆရာမ ၁၅၀၀ ကျော် အား မစို့မပို့လစာငွေ ပေးအပ်ထားသည်။ ၎တို့အနေနှင့် ဆူညံ၍ လူပြည့်ကျပ်နေသည့် စာသင်ခန်းများ၊ အထောက်အကူပြုပစ္စည်းအနည်းငယ်နှင့် အရည်အချင်းရောမွှေသင်ကြားသည့် စာသင်ခန်းများနှင့် တွေ့ကြုံရင်ဆိုင်ကြရသည်။ အများစုက ကြိုးပမ်း၍ ကောင်းမွန်စွာ သင်ကြားပေးသော်လည်း အတွေ့အကြုံနှင့် ကျွမ်းကျင်မှု အားနည်းသည့်အနေအထားအတိုင်း လုပ်ကြရသည် ။

လေ့လာရေးစီမံကိန်းများအား အသက်အရွယ်ကြီးရင့်သူများနှင့် ကျောင်းမနေသည့် လူငယ်များအတွက် ထောက်ပံ့ထားသည်။ ၎တွင် စာအရေးအဖတ်သင်တန်းများ (စကောနှင့် ပိုးကရင်)၊ ဘာသာစကားများ (အင်္ဂလိပ်နှင့် ထိုင်း)၊ အသက်မွေးဝမ်းကြောင်းမှုအတတ်ပညာ (စိုက်ပျိုးရေး၊ စက်ချုပ်၊ အချက်အပြုတ် ကဲ့သို့) လက်မှုပညာများ (ဆပ်ပြာပြုလုပ်ခြင်း၊ သိုးမွှေးထိုးခြင်း) နှင့် လူ့အသိုင်းအဝိုင်းဆိုင်ရာအရည်အချင်း (အိပ်ချ်အိုင်ဗွီ၊ မိုင်းအန္တရာယ်၊ အိမ်တွင်းအကြမ်းဖက်ခြင်း) တို့အပြင် ညကျောင်းများရှိ အကန့်အသတ်ဖြင့်ပေးအပ်သည့် အထွေထွေ ပညာရေးတို့ ပါဝင်သည်။ တက်ရောက်သူများအနေနှင့် တန်ဘိုးရှိသည့် အတတ်ပညာဗဟုသုတများအား ရရှိကြသည်။ သို့သော် ဒုက္ခသည်များအနေနှင့်




မယ်ရာ မလွန် စခန်းရှိ အလယ်တန်း ကျောင်းသား တဦး မဲ့ဟောင် ဆောင် ခရိုင်၊ ထိုင်းနိုင်ငံ

၄၅အတတ်ပညာတို့ဖြင့် အသက်အမွေးဝမ်းကြောင်းပြုရန် အခွင့်အလမ်းများ အလွန်လိုအပ်နေပေသည်။ ထိုင်းအစိုးရက ၎တို့အား စခန်းမှထွက်ခွာ အလုပ်လုပ်ခွင့်ပေးရန် ငြင်းဆန်ထားသည့်အတွက် စခန်းတွင်းရှိ စက်ချုပ်သူများ၊ ဂဟေဆော်သူများနှင့် စားဖိုမှူးများစသည့် အရည်အတွက် များပြားသည့်လူထုအား ထောက်ပံ့ရန် စခန်းစီးပွားရေးက အလွန့်အလွန်သေးငယ်ပေသည်။ သို့သော်လည်း ၂၀၀၇ ခုနှစ်တွင် ပူးပေါင်းညီညွတ်စွာစည်းရုံးဆွဲဆောင်မှုနောက်ပိုင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ ပါဝင်ဆောင်ရွက်မှုဖြင့် ဇိုအာ ဒုက္ခသည်စောင့်ရှောက်ရေးအဖွဲ့အနေနှင့် အစဉ်အလာမဟုတ်သည့် ရှေ့ပြေးစီမံချက်အားစတင်ရန်အတွက် ဒုက္ခသည် ၈၀ အား မယ်လဒုက္ခသည်စခန်းပြင်ပတွင် စိုက်ပျိုးရေးလုပ်ငန်းများထူထောင်ခွင့်ရရှိရေးနှင့် စခန်းပြင်ပဈေးအတွင်း ထွက်ကုန်များအားရောင်းချခွင့်အား ထိုင်းအစိုးရထံမှ တရားဝင်ခွင့်ပြုချက်ရရှိခဲ့သည်။ ထိုင်းပညာရေးဝန်ကြီးဌာန၏ အသက်မွေးပညာရေးကောလိပ်များ အပြင် ထိုင်းရွာသားများတို့လည်းထို့အတူ ပါဝင်လုပ်ဆောင်လာမှုက ၄၅ကနဦးလုပ်ငန်းသစ်အား ထိုင်းအာဏာပိုင်အစိုးရမှ လက်ခံလာရေးအတွက် ကူညီထောက်ပံ့မှု ဖြစ်ခဲ့သည်။

## အရေးပေါ်မှ နှောင့်နှေးကြန့်ကြာနေသည့်

## ဒုက္ခသည်အခြေအနေသို့

စမ်းသပ်မှု၊ အမှားအယွင်းနှင့် လက်တွေ့လုပ်ဆောင်မှုတို့အား နှစ်နှင့်ချီ၍ဆောင်ရွက်ပြီး နောက်ပိုင်း ပညာရေးလုပ်ငန်းများသည် ယခုအခါ နှိုင်းယှဉ်ကြည့်ပါက စခန်းကော်မတီ၏ ကတိအတိုင်း ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်မှုအဆင့်အတန်း မြင့်မားစွာဖြင့် အကျိုးရှိခရီးရောက်သည့်ပုံစံတွင် ရှိလာခဲ့သည်။ ဒုက္ခသည်များက စခန်းများထဲတွင် နှစ်ပေါင်းများစွာ နေထိုင်ကြသည့်အနေအထားရှိသော်လည်း အစိုးရမဟုတ်သည့်အဖွဲ့များက ရိုးရာယဉ်ကျေးမှုအခြေခံသည့်ထောက်ပံ့မှုလုပ်ဆောင်ရေးချဉ်းကပ်မှုအရ လုပ်ကိုင်ကြသည်။ ဤအခြေအနေက ယခုအခါ ပညာရေးအရည်အချင်းတိုးမြှင့်မှုနှင့် အခြေခံအထောက်အပံ့ပေးအပ်မှုအပေါ် ခိုင်မာမှုဖြစ်စေရေးတို့အား လေးနက်စေသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးမဟာဗျူဟာချလုပ်ဆောင်မှုတို့အား လိုအပ်လာသည်။

မည်သို့ပင်ဖြစ်စေ ကျောင်းဆောက်လုပ်ခြင်းနှင့် ကျောင်းသုံးအထောက်အကူပြုပစ္စည်း ကရိယာများကဲ့သို့ အခြေခံလုပ်ငန်းများ (သို့) ဌာနများ တိုးတက်မှုအား လစ်လျူရှု၍မရပေ။ အကြောင်းမူကား ဒုက္ခသည်များက အနည်းဆုံး ဒေသခံထိုင်းအသိုင်းအဝိုင်းတို့နှင့် အပြန်အလှန်အကြိုးပြုမှုရှိသည့် စခန်းများအတွင်းနေထိုင်ကြပြီး စခန်းပြင်ပတွင် ခရီးသွားလာရေးကိုလည်းတားမြစ်ထားခြင်းခံကြရသည်။ ထို့ကြောင့် ၎င်းတို့အနေနှင့် အလွန်အခြေခံကျသည့်ပုံစံဖြစ်သည့်တိုင် ပြင်ပအဖွဲ့အစည်းများအပေါ်တွင် မှီခိုနေကြရသည်။ ဤအခြေခံထောက်ပံ့မှုပေးရေးအား ဖြည့်စည်းရန်အတွက် ဆရာဖြစ်သင်တန်း၊ သင်ရိုးညွှန်းတန်းနှင့် ကုန်ကြမ်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေးစီမံခန့်ခွဲလုပ်ဆောင်နေသည့်ဝန်ထမ်းတို့၏ အရည်အချင်းမြှင့်တင်ရေးကဲ့သို့သော ပညာရေးလုပ်ငန်းရှိလုပ်ငန်းခွင်များတွင် ရေရှည်ကြားဝင်ဆောင်ရွက်မှုအတွက် အထောက်အကူပြုမှုများအား ရရှိရေးလုပ်ဆောင်ပေးရန်လိုအပ်သည်။

ဤစခန်းအတိုင်းအတာအရ ရေရှည်အရည်အခြင်းမြှင့်တင်ရေးပဏာမ ခြေလှမ်းများ၏ အဓိကထားချက်က ပညာရေးအရည်အသွေးနှင့် တာရှည်ခံမှုနှစ်ခုစလုံးအား ကိုင်တွယ်ရေး နှစ်မျိုးသုံးရည်မှန်းချက်ဖြစ်သည်။ အဓိကထားလုပ်ဆောင်သည့် ပညာရေးဝန်ကြီးဌာန အပါအဝင် ပညာရေးဌာနများ အဓိကပွဲလ်များနှင့် ပူးတွဲလုပ်ကိုင်သည့် သင်ကြားမှုအရည်အသွေးပိုမိုတိုးတက်ရေး သစ်လွင်မှုနှင့် ဆန်းသစ်သည့် ဝင်ရောက်ဆောင်ရွက်မှုတို့ မှတဆင့်လေ့လာရေးတို့အားလုပ်ဆောင်ခြင်းဖြင့် တိုးတက်မှုဖြစ်ပေါ်လာနိုင်ပေမည်။ နှောင့်နှေးကြန့်ကြာနေသည့် ဒုက္ခသည်အခြေအနေ၏ တာရှည်ခံမှုက ဒုက္ခသည်တို့ အခြေအနေက တာရှည်ခံမည့်အဓိပ္ပါယ်မဟုတ်သည့်အတွက် ရှုပ်ထွေးသည့်ကိစ္စဖြစ်သည်။ ကရင်ပညာရေးဌာနနှင့်နှိုင်းယှဉ်ကြည့်ပါက ၎င်း၏ ပညာရေးဌာနများအနာဂတ်က သေချာမှုမရှိခြင်းအကြီးအကျယ်ဖြစ်နေသည့်အပြင် စခန်းအတိုင်းအတာနှင့် ပညာရေးစီမံခန့်ခွဲရေးလုပ်ဆောင်နေကြသူများကလည်း အနာဂတ်တွင်မည်သို့ပင်ဖြစ်လာစေကာမူ – (မြန်မာနိုင်ငံသို့ပြန်ပို့ခံရခြင်း၊ တတိယနိုင်ငံသို့ ရွှေ့ပြောင်းနေရာချထားမှုခံရခြင်း သို့မဟုတ် ထိုင်းအသိုင်းအဝိုင်းအတွင်း ပေါင်းစပ်နေထိုင်စေခြင်း) – ထိုအနာဂတ် ပညာရေးစီမံခန့်ခွဲမှုများတွင် အခန်းကဏ္ဍတစ်စုံတစ်ရာ ပါဝင်ဦးဆောင်လုပ်ကိုင်မည့်သူများဖြစ်လာမည့် အနေအထားတွေ့ရသည်။ ထို့ကြောင့် အစိုးရမဟုတ်သည့် ပညာရေးအထောက်အပံ့ပေးအဖွဲ့များက ၎င်းတို့၏ ချဉ်းကပ်မှုအား အကန့်အသတ်ထားလုပ်ဆောင်နေရသည့် ကရင်ပညာရေးကော်မတီအား ပညာရေးကျောင်းတစ်ခုအဖြစ် အထောက်အကူပေးခြင်းမှ အဆင့်များစွာပါဝင်သည့် အရည်အချင်းမြှင့်တင်ရေးချဉ်းကပ်မှုသို့ သေးငယ်သည့်အဆင့် (ဥပမာ – ဒုက္ခသည်စခန်း) ကို အားကောင်းစေရေး အပြင်းအထန်အဓိကထားလုပ်ဆောင်ခဲ့သည်။

## ရွှေ့ပြောင်းနေရာချထားရေး

ဒုက္ခသည်များ တတိယနိုင်ငံသို့ တိုးပွားရွှေ့ပြောင်းနေရာချထားလုပ်ဆောင်နေခြင်းက အထူးသဖြင့် စခန်းကော်မတီများနှင့် ပညာရေးစနစ်တို့အား အဓိကထိခိုက်မှုဖြစ်စေသည်။ ပြောင်းရွှေ့အခြေချရေးရွေးချယ်မှုက ဒုက္ခသည်များအတွင်း ပညာရေးလုပ်သားများအပါအဝင် အရည်အချင်းပိုမိုတတ်မြောက်သည့်သူတို့၏ အချိုးအစားမမျှတသည့် အရည်အတွက်တို့ ဖြစ်လာစေသည်။ သာလွန်ကောင်းမွန်သည့် အခွင့်အရေးများအား ရွှေ့ပြောင်းနေရာချထားရေးက ပေးထားသည့်တိုင် အထူးသဖြင့် စခန်းတွင်းပညာရေးလှုပ်ရှားမှုများအား ရှုပ်ထွေးမှုဖြင့် အကောင်အထည်ဖော်ရသည့်အနေအထား ဖြစ်စေသည်။ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများအတွက် ပညာရေးဝန်ထမ်းများစွာတို့ သင်တန်းတက်ရောက်နေစဉ် သို့မဟုတ် သင်တန်းပြီးလျှင်ပြီးချင်း စခန်းများ မှထွက်ခွာသွားကြသည့်အတွက် ရှိနေသည့်အရည်အသွေးအတိုင်းအတာ ဖြင့် အကောင်အထည်ဖော်လုပ်ဆောင်ရေး အခက်အခဲတွေ့ရပေသည်။ လုံးဝအသစ်စက်စက် သို့မဟုတ် အတွေ့အကြုံမရှိသည့် ပညာရေးလုပ်သားအုပ်စုအား ၎င်းတို့လည်း အချိန်တိုအချိန်ရှည်အတွင်း ထွက်ခွာသွားမည့်အန္တရာယ်ရှိသည့်တိုင် ပို့ချပေးနေသည့် ပညာရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်ရေးအတွက် အမြန်သင်တန်းပေးကြရသည်။

ထိုစိုးရိမ်မှုများအားဖြေရှင်းရေးအတွက် စဉ်းစားသင့်သည့် ဖြစ်နိုင်ခြေပဏာမခြေလှမ်းတို့တွင် အောက်ပါအချက် တို့ပါဝင်သည်။

- ရက်တိုဆရာဖြစ်သင်တန်းများအကောင်အထည်ဖော်ခြင်းဖြင့် ကျောင်းဆရာသစ်တို့ အနေနှင့် မြန်နိုင်သ၍အမြန်ဆုံး စာသင်ခန်းတွင်းသင်ကြားရေးတို့ စတင်နိုင်ရန်။
- ရှိပြီးဖြစ်သည့် ဖြာဆင်းနေသည့်သင်တန်းပုံစံအား ကွင်းဆင်းအခြေပြုသင်တန်းဆရာများက ဆက်တိုက်ပို့ချမှုအထောက်အပံ့ပေးအပ်ရေးနှင့် အတွေ့အကြုံနည်းသည့် ဆရာများအား သင်တန်းပေးခြင်းကဲ့သို့သော တိုက်ရိုက်စခန်းတွင်း အစိုးရမဟုတ်သည့် အဖွဲ့အစည်းက ကိုင်တွယ်သည့်ပုံစံ ဖြည့်စွက်လုပ်ဆောင်ရန်။
- ထိုသို့ မကြာမီကတည်ထောင်ခဲ့သည့် အရည်အချင်းတူယန္တရားအား အရှိန်အဟုန်မြှင့်ခြင်းတစ်ခု လုပ်ဆောင်ခြင်း။

ရွှေ့ပြောင်းနေရာချထားရေးအကျိုးဆက်ဖြင့် ဆက်စပ်ရန် လက်ရှိစီမံချက်များအား ထိန်းညှိရန်မှဝေးကွာသောကြောင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများအနေနှင့် ရွှေ့ပြောင်းအခြေချရေးအစီအစဉ်ရှိသည့် ဒုက္ခသည်များအား အနောက်နိုင်ငံများတွင် နေထိုင်ရေးအတွက် ပိုမိုတပ်ဆင်ပေးမည့် လှုပ်ရှားမှုအသစ်များအား ထူထောင်ပေးရန် ရှာဖွေကြသည်။ ဥပမာအနေနှင့် – ဇိုအာ ဒုက္ခသည့်စောင့်ရှောက်ရေးအဖွဲ့က လုပ်ဆောင်နေသည့် အသက်မွေးဝမ်းကျောင်းပညာရပ် သင်တန်းနှင့် သမားရိုးကျမဟုတ်သည့် ပညာရေး စီမံချက်များတို့ဖြစ်သည်။ ဆွေးနွေးချက်များက ထိုင်းပညာရေးဝန်ကြီးဌာနနှင့် အခြားဒေသတွင်းအကူအညီပေးလုပ်ငန်းလုပ်ကိုင်နေသူများဖြင့် ရည်တိုသင်တန်းများအား ဒုက္ခသည်တို့၏အလုပ်အကိုင်အတွက် ( ဖြည့်စည်းပေးခြင်းနှင် စောင့်ရှောက်ရေးကဏ္ဍ ကဲ့သို့ ဒုက္ခသည်များညွှန်ပြထားသည့် အလုပ်အကိုင်အခွင့်အရေးဖြစ်နိုင်ခြေများ) နှင့် အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်းတို့ ဆောင်ရွက်ပေးရန်ဖြစ်သည်။ အင်္ဂလိပ်စာလေ့လာရေး အစီအစဉ်တခုကိုလည်း စခန်းတိုင်းတွင်တည်ထောင်၍ ရွှေ့ပြောင်းအခြေချရေးအတွက် အခြေခံအင်္ဂလိပ်စာအရည်အချင်းကို ထောက်ပံ့ပေးခဲ့သည်။ ထိုထူထောင်ထားသည့် စီမံကိန်းသစ်အတွင်း စိတ်ပါဝင်စားမှုနှင့် တက်ရောက်လေ့လာမှုမှာ အလွန်မြင့်မားသည့် အရည်အတွက်ဖြစ်သည်။

## မူဝါဒပြောင်းလည်းမှုနှင့် အားပေးမှု

အကယ်၍ ထိုင်းအာဏာပိုင်အစိုးရက ဒုက္ခသည်များအား စီးပွားရေးလုပ်ဆောင်ချက်များလုပ်ကိုင်ရန် သို့မဟုတ် စခန်းပြင်ပရှိ လုပ်ငန်းများတွင်ဝင်ရောက်လုပ်ကိုင်ရန်ခွင့်မပေးလိုသည့်ဆရှိပါက လက်ရှိထောက်ပံ့ရေးလုပ်ငန်းယန္တရားများနှင့် ခိုင်မြဲတည်ငြိမ်မှုမရှိသည့် ကြားဝင်ဆောင်ရွက်မှုများ တည်ရှိ ကြွင်းကျန်နေမည်ဖြစ်သည်။ ဤချဉ်းကပ်မှုတွင် မည်သို့ပင်ဖြစ်စေ အချို့ပြောင်းလဲမှုများ၏ သင်္ကေတတို့ရှိသည်။ ထိုင်းအာဏာပိုင်အစိုးရက ဒုက္ခသည်အခြေအနေသည် အနာဂတ်တွင်ဆက်လက်တည်ရှိနေမည့်အနေအထားရှိ၍ အထူးသဖြင့် ပညာရေးဝန်ကြီးဌာနက နေရပ်မှမောင်းနှင်ထုတ်ခံရသူများအတွက် ပညာရေးအခွင့်အလမ်းများအားဖွင့်လင့်ပေးခြင်းသည် ၎င်း၏ အားလုံးအတွက်ပညာရေး ပန်းတိုင်များအရ ကတိအတိုင်း တိုးတက်မြင့်တင်လာစေရေးအတွက် လုပ်ဆောင်နေပေသည်။

နယ်စပ်တစ်လျှောက်ရှိ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများအနေနှင့် ၎င်းတို့၏ အခန်းကဏ္ဍအနေနှင့် ဖြည့်စွက်ခြင်းဖြင့် တုန့်ပြန်ခြင်းအနေနှင့် 'အခြေခံဖြည့်စည်းမှု လုပ်ဆောင်သူများ' နှင့် 'အရည်အချင်းမြှင့်တင်သူများ' ကဏ္ဍအနေနှင့်၎၊ တတိယ အခန်းကဏ္ဍအဖြစ် 'စည်းရုံးဆွဲဆောင်ခြင်းနှင့် ထောက်ခံအားပေးသူများ' ကဏ္ဍမှ၎ လုပ်ဆောင်ခဲ့ကြသည်။ ၎တို့အနေနှင့် ထိုင်းအာဏာပိုင်အစိုးရအတွင်း ဒုက္ခသည်များ၏ ပညာရေး၊ သင်တန်းနှင့် အသက်မွေးဝမ်းကြောင်းကိစ္စများ ဘဝအရည်အချင်းတိုးတက်ရေးအတွက် ဆုံးဖြတ်ချက်ချထားရေးကိစ္စများတွင် လွှမ်းမိုးနိုင်ရန် တက်ကြွစွာလုပ်ဆောင်ကြသည်။ ထိုဆွဲဆောင်မှုများနှင့် အားပေးမှုလုပ်ငန်းများတွင် စခန်းများ ပိုမိုလမ်းဖွင့်ပေးရေးလိုအပ်ချက်က အထူးအလေးထားသည့် အချက်တစ်ခုဖြစ်သည်။ ယင်းမှာ ဒုက္ခသည်များ စခန်းများမှ ထွက်ခွာနိုင်ပြီး ပညာရေးအခွင့်အလမ်းများ ခံစားရရှိစေရန်နှင့် (သို့မဟုတ်) ပညာရေးအခွင့်အရေးသစ်များအား စခန်းများအတွင်း ရွှေ့ပြောင်းဝင်ရောက် လုပ်ကိုင်ခွင့်ရရှိရေးတို့ဖြစ်သည်။

လက်ရှိအနေအထားတွင် ကရင်ပညာရေးဌာနသည် မြန်မာသင်ရိုးအဓိကအခြေခံထားသည့် ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းအား အသုံးပြုနေသော်လည်း အခြားကွာဒေသများစွာရှိ သင်ရိုးညွှန်းတမ်းများမှ သင်ခန်းစာအကြောင်းအရာများစွာကို ထည့်သွင်းပြဌာန်းခဲ့ကြသည်။ ဤအချက်က အတန်းများနှင့် ဘာသာရပ်များအကြား သင်ရိုးညွှန်းတမ်းအဆက်အစပ်အား နည်းမှုဖြစ်ခြင်း၊ ဒေသဆိုင်ရာအကြောင်းအရာ အနေအထားနှင့် လိုက်လျောညီထွေမှု အားနည်းခြင်းနှင့် ရံဖန်ရံခါ အရည်အသွေးပြည့်စုံမှုမရှိခြင်းတို့ကို ဖြစ်စေသည်။ ထို့ပြင် ထိုသင်ရိုးညွှန်းတမ်းက တရားဝင်အသိအမှတ်ပြုထားသည့်သင်ရိုးညွှန်းတမ်းမဟုတ်၍ ကျောင်းသားများပညာရေး ပြီးဆုံးပါက ရရှိသည့် အောင်လက်မှတ်သည် စခန်းပြင်ပတွင် တန်ဘိုးမရှိဖြစ်ရပေသည်။ ယခင် ပညာရေးဝန်ကြီးဌာနနှင့် ဆွေးနွေးချက်များအား အခြေခံ၍ ယခုအခါ ဖြစ်နိုင်ခြေအရ လက်ရှိဒေသအချက်အလက်များ များနိုင်သ၍များစွာ ထည့်သွင်းထားသည့် စခန်းသင်ရိုးညွှန်းတမ်းအား ရွေးချယ်ပိုင်ခွင့်အား အသိအမှတ်ပြုရန် ဆရှိပုံရသည်။ ဤအချက်မှာ ထိုင်းအာဏာပိုင်အစိုးရနှင့် ဒုက္ခသည်ကော်မီတီနှစ်ခုစလုံး ဆတ်ဆတ်ထိမခံနိုင်သည့် နိုင်ငံရေးသဘောသက်သက် အလွန်ဖြစ်သည်။ သို့သော် ယခုအခါ ဒုက္ခသည်များတွင် ယခင်ကလက်လှမ်းမမီသည့် အခွင့်အရေးများရရှိလာပြီဖြစ်သည်။

အထက်တန်းအဆင့် ပညာရေးအခွင့်အရေးများအား ရရှိနိုင်ရေး ရွေးချယ်မှုများအား ဒုက္ခသည်များအတွက် စဉ်းစားပေးရန် ထိုင်းအာဏာပိုင်အစိုးရနှင့် မကြာမီက ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ ပဏာမအနေနှင့် ဒုက္ခသည်ကျောင်းသူကျောင်းသား ၈ ဦးတို့ ထိုင်းတက္ကသိုလ်များတွင် တက်ရောက်ခွင့်ပြုခဲ့၍ ဤအခွင့်အလမ်းမှာ အခြားဒုက္ခသည်ကျောင်းသားများ၏ အနာဂတ်အတွက် လမ်းခင်းပေးခြင်းဖြစ်သည်။ ဒုက္ခသည်စခန်းများအတွင်းမှ အဝေးသင်ပညာရေးစနစ်ရရှိရေးမှာ လုပ်ကိုင်မည့်သူများ ပိုမိုပါဝင်လာသည့်အပြင် ထိုင်းအာဏာပိုင်အစိုးရ၏ အင်တာနက် ဆက်သွယ်ခွင့်ပေးရေးလိုအပ်သည့်အတွက် (နိုင်ငံရေးအရအထိမခံနိုင်သည့်ကိစ္စ) ပို၍ရှုပ်ထွေးပေသည်။ ဤမျက်နှာစာတွင် တိုးတက်ရေးမှာ အချိန်ပိုမိုလိုအပ်မည်၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် အခြားပုဂ္ဂိုလ်တို့အနေနှင့် ဆွဲဆောင်မှုဆက်လက်လုပ်ကိုင်ရန် လိုအပ်မည်ဟု မျှော်လင့်ရပေသည်။

## နိဂုံးချုပ်

နယ်စပ်တစ်လျှောက်ရှိ တသီးပုဂ္ဂလများနှင့် အဖွဲ့အစည်းများအနေနှင့် စဉ်းစားသင့်သည့် မူဝါဒများနှင့် လက်တွေ့အကန့်အသတ်များအကြား သင့်တော်၍အရည်အသွေးမီသည့် ပညာရေးပေးအပ်နိုင်ရန် ကြိုးပမ်းကြသည်။ ရေရှည်ဆွဲသဘာဝအခြေအနေပေးလာမှုရရှိနေသော်လည်း ယခုအခါ ကယ်ဆယ်ရေးပုံစံဘောင်တွင် တိုးမြှင့်လုပ်ဆောင်ရန်၊ စခန်းကော်မီတီများနှင့် ၎င်းတို့၏ ပညာရေးစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးအခြေခံ နည်းဗျူဟာဆိုင်ရာဆုံးဖြတ်ချက်များ ပြုလုပ်ရန်တို့ လိုအပ်နေပေသည်။ ထို့အပြင် ပညာရေးအခွင့်အရေးများနှင့် ထောက်ပံ့ခြင်းအတွက် အခြေအနေကိုဖန်တီးယူခြင်း၊ ဆွဲဆောင်ခြင်းနှင့် ထောက်ခံခြင်းအပြင် ထိုင်းနိုင်ငံတွင် မူဝါဒအပြောင်းအလဲမှုဖြစ်ရန် တိုက်ရိုက်ဆက်နွယ်ဆောင်ရွက်ခြင်းတို့ပြုလုပ်ရန် အလွန်အရေးကြီးပေသည်။

*မာ့ခ် ဗန်ဒါ စတိုးဝီ* **(mpvdstouwe@hotmail.com)** ***onf*** *ဇိုအာ ဒုက္ခသည်စောင့်ရှောက်ရေး* **(www.zoa.nl)** *မှ အကောင်အထည်ဖော်လုပ်ဆောင်နေသည့် ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည်များအတွက် အတိုင်းအတာမြင့်သည့်ပညာရေးနှင့် သင်တန်းစီမံကိန်းများအား ဦးဆောင်မှုနှင့် အကြံပေးမှုတို့အား ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ လုပ်ဆောင်ခဲ့သူဖြစ်သည်။ စုအန်နီ အို့* **(suann.oh@gmail.com)** *သည် ဒုက္ခသည်ပညာရေး လူမှုဗေဒပညာရှင်တဦးဖြစ်၍ ထိုင်းမြန်မာနယ်စပ်ရှိ သုတေသနအကြံပေးအနေနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများတွင် ၂၀၀၅ ခုနှစ်မှစ၍ လုပ်ကိုင်နေသူဖြစ်သည်။*

၁ www.karen.org/knu/knu.htm

၂ ထိုင်းမြန်မာနယ်စပ်ယာယီစုစည်းအကူအညီပေးအဖွဲ့ တည်ရှိရာ လူအရည်အတွက်။ ၂၀၀၈ ခုနှစ် ဇွန်ဝါရီလ www.tbbc.org/camps/populations.htm

၃ Oh, S-A, Ochalumthan, S, Pla Law La and Htoo, J. (၂၀၀၆) ပညာရေးစစ်တမ်း–၂၀၀၅၊ ထိုင်းနိုင်ငံ၊ ဇိုအာ ဒုက္ခသည်စောင့်ရှောက်ရေး http://www.burmalibrary.org/show.php?cat=2020.

# မွှောဖြင့်ရက်ဖီးသို့

ပက်ထရစ်ရှာ ဟိုင်းစ် နှင့် ယဉ်မွန်သူ

၂၀၀၅ ခုနှစ် မေလမှ ၂၀၀၇ ခုနှစ် စက်တင်ဘာလအတွင်း ထိုင်းမြန်မာနယ်စပ်မှ ဒုက္ခသည် ၁၇၄ ဦးတို့သည် ဗြိတိသျှနိုင်ငံ ရက်ဖီးမြို့တွင် ရွှေ့ပြောင်း အခြေစိုက်နေထိုင်ကြသည်။ သာလွန်ကောင်းမွန်သည့် ပြင်ဆင်မှုနှင့် ပိုမို၍ လက်တွေ့ကျသည့် အကူအညီတို့က ၎င်းတို့၏ ဗြိတိသျှအသိုင်းအဝိုင်းအတွင်း ပေါင်းစည်းနေထိုင်မှုအတွက် သက်တောင့်သက်သာဖြစ်စေမည်ဖြစ်သည်။

၂၀၀၄ ခုနှစ် မတ်လကတည်းက ဗြိတိသျှနိုင်ငံအနေနှင့် ကာကွယ်စောင့်ရှောက်ရေး စီမံချက်ဝင်ပေါက် Gateway Protection Programme ဟု လူသိများသည့် ပြောင်းရွှေ့နေရာချထားရေးစီမံချက်ကို ခွဲဝေယူထားသည့်ဒုက္ခသည်များ အတွက် စတင်လုပ်ဆောင်ခဲ့သည်။ ဒုက္ခသည်များအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်း ကြီးရုံး၏ ကွင်းဆင်းအရာရှိတို့က ရွေးချယ်၍ ဗြိတိသျှနိုင်ငံသို့ အမြဲတမ်း တရားဝင်အဆင့်အတန်းဖြင့် ရောက်ရှိခဲ့ကြသည်။ ယနေ့အထိ မြန်မာနိုင်ငံ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် လိုက်ဘေးရီးယားနိုင်ငံတို့မှ ဒုက္ခသည်များ အနေနှင့် ဤ စီမံချက်မှတဆင့် ရောက်ရှိခဲ့ကြပြီး ရက်ဖီး၊ ဟူးလ်နှင့် နော့ရစ်ရှ် မြို့ကြီးများတွင် နေထိုင်စရာနေရာ ပေးအပ်ခဲ့ကြသည်။

အများစုက ထိုင်းမြန်မာနယ်စပ်တလျှောက် ဒုက္ခသည်စခန်းများတွင် နေထိုင်ကြသည့် ကရင်တိုင်းရင်းသားအုပ်စုမှ ဖြစ်ကြသည်။ ကျန်သူများမှာ အခြားအုပ်စုများဖြစ်သည့် မွန်၊ ပအို့ဝ်၊ ရိုဟင်ဂျာနှင့် ၁၉၈၈ ခုနှစ်တွင် စစ်အာဏာသိမ်းအုပ်စုအား ဆန့်ကျင်ခဲ့သည့်



Htun Linn Latt

အမျိုးသားအရေးတော်ပုံနောက်ပိုင်း နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်လာကြသည့် မြန်မာကျောင်းသားများဖြစ်၍ ထိုသူများသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာ မင်းကြီးရုံးနှင့် သက်ဆိုင်သူများအဖြစ် အသိအမှတ်ပြုခံထားရသူများ ဖြစ်ကြပေသည်။

ဗြိတိသျှအစိုးရက နိုင်ငံတကာရွှေ့ပြောင်းနေထိုင်သူများအတွက်အဖွဲ့အစည်း ၊ ဒုက္ခသည်သစ်ရောက်ရှိရေးစီမံကိန်းနှင့် ဒုက္ခသည်ကောင်စီစသည့် ဗြိတိသျှအဖွဲ့အစည်း သုံးခုနှင့် ဤရွှေ့ပြောင်းနေရာချထားရေး ပံ့ပိုးမှုများအား လုပ်ဆောင်လျှက်ရှိသည်။ ဗြိတိသျှနိုင်ငံသို့ရောက်သည်နှင့် ဒုက္ခသည်ကောင်စီက လူမှုဝန်ထမ်းအလုပ်၊ အိမ်ယာချထားခြင်းနှင့် ဘာသာပြန်ထောက်ပံ့ခြင်းတို့အား ရက်ဖီးအသိုင်းအဝိုင်းအခွင့်အလမ်းအဖွဲ့ ဘာသာပြန်ဌာနနှင့် အိမ်ယာချထားရေးအစည်းအရုံး၊ ယော့ခ်ရှိုင်းယားလုံခြုံသည့်ခိုလှုံရာအဖွဲ့တို့ နှင့်ပူးပေါင်းဆောင်ရွက်၍ ရောက်ရှိလာသည့်လူသစ်များအတွက် ပထမ ၁၂ လတာတွင် ထောက်ပံ့ပေးသည်။ ၁၂ လ ပြည့်သည့်အခါ ဒေသခံနိုင်ငံသားအကြံပေးအစိုးရဌာန၊ မြောက်ပိုင်းဒုက္ခသည်ဗဟိုဌာနနှင့် အစိုးရ၏ အမှန်စတင်ရေးစီမံချက်တို့က ထောက်ပံ့အကူအညီပေးကြသည်။

မြန်မာဒုက္ခသည်များရွှေ့ပြောင်းနေရာချထားရေးက ဘဝများအား ပြန်လည်ထူထောင်ရန်နှင့် ဂုဏ်သိက္ခာပြန်လည်ရရှိရေးခွင့်ပြုထားသည်မှာ သံသယဖြစ်စရာမလိုပေ။ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများအနေနှင့် အရေးပေါ် ကွာဟမှုကွက်လပ်များပြည့်နှက်နေသည့် ပတ်ဝန်းကျင်အား တင်းကျပ်စွာချုပ်ကိုင်ထားခြင်းခံရသည်။ ထိုလုပ်ငန်းများက အထူးသဖြင့် ဒုက္ခသည်တို့၏ ကာကွယ်စောင့်ရှောက်မှု၊ ပညာရေးနှင့် သင်တန်းများတို့နှင့် ထင်ရှားသည့် ကြာညောင်းလှသည့် ပဋိပက္ခသဘာဝနှင့် စခန်းတွင်းနေထိုင်ရသည့်ဘဝများ၏ တိုက်ရိုက်အကျိုးသက်ရောက်မှု၏ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များစောင့်ရှောက်ရေး တို့နှင့်ဆက်စပ်နေပေသည်။ ရက်ဖီးသို့ရောက်ရှိလာသည့် ဒုက္ခသည်များအနေနှင့် စခန်းပတ်ဝန်းကျင်ကြောင့် ကိုယ်စွမ်းဉာဏ်စွမ်းမဲ့နေရသည့်အနေအထားမှ အခွင့်အရေးပြန်လည်ပေါ်ပေါက်ဖြစ်ထွန်းမှုတစုံတရာရှိသော်လည်း စခန်းတွင်းဘဝက ရွှေ့ပြောင်းနေရာချထားရေးလုပ်ငန်းစဉ်အားထိခိုက်စေသည်။ ဤအချက်အား အကူအညီပေးအပ်မှုများစီမံခန့်ခွဲရေးလုပ်ဆောင်ရာတွင် ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ ပြောင်းရွှေ့အခြေချလာသည့်ဒုက္ခသည်များအတွက် အချို့အကြံပေးဌာနများထံမှအကူအညီရနိုင်သော်လည်း စောင့်ဆိုင်းရသည့်ကာလနှင့် ဤစောင့်ရှောက်မှုအားရရှိရေးအခက်အခဲများမှာ ပြဿနာဖြစ်သည်။ လူတို့၏ကြမ်းတမ်းသည့်အတွေ့အကြုံကြောင့်ဖြစ်ပေါ်လာသည့် စိတ်ဒဏ်ရာများအား အကူအညီပေးရာတွင် အကြံပေးလုပ်ဆောင်ရေးအတွက် အပိုဆောင်းရံပုံငွေလိုအပ်သည်။

ရက်ဖီးတွင် ဘဝအထာကျရေး လုပ်ဆောင်နေကြသည့် စာရေးသူ မယဉ်မွန်သူ အပါအဝင် ရွှေ့ပြောင်းအခြေချ မြန်မာဒုက္ခသည်များ ကါ

ဗြိတိသျှနိုင်ငံသို့ရောက်ရှိလာသည့်အပေါ် ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်နှင့်အသားကျအောင်မိတ်ဆက်ပေးခြင်း၊ အခွင့်အရေးနှင့် ခံစားပိုင်ခွင့်တို့နှင့်ဆိုင်သည့် အချက်အလက်များက ၎င်းတို့ကိုယ်ကိုယ်ကိုယုံကြည်မှုပိုမိုတိုးတက်စေပေမည်ဖြစ်သည်။ ဥပမာ – ၎င်းတို့အနေနှင့် ဘာသာပြန်များအား အသုံးချနိုင်ခွင့်နှင့် အကူအညီတောင်းပိုင်ခွင့်တို့ ဖြစ်သည်။ ရက်ဖီးသို့ရောက်ရှိပြီးနောက် လအနည်းငယ်အကြာတွင် ၎င်း၏တိုက်ခန်းအတွက်



IOM 2007/MTH0229/Thierry Falise

အမေရိကန် ယဉ်ကျေးမှု မိတ်ဆက် ကဏ္ဍအတွင်း ရွှေ့ပြောင်း နေထိုင်ရေး အတွက် နိုင်ငံတကာ အဖွဲ့ကြီး ၏ ဝန်ထမ်း အဖွဲ့ဝင်နှင့် မြန်မာ လူငယ် ဒုက္ခသည်များ

လျှပ်စစ်သွယ်တန်းမှုအားပြင်ဆင်ရန်လိုအပ်သည့် ဒုက္ခသည်အမျိုးသမီးတစ်ဦးက အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့သည်။

"ကျမသူတို့ကို ဆက်ပြီးတိုင်တာတောတာတွေ လုပ်မနေချင်တော့ပါဘူး။ ကျမက ဆက်တိုက်တိုင်တောနေတယ်ဆိုပြီး သူတို့ရဲ့ဒေါသတွေကျမအပေါ်ကျလာမှာတို့ ကျမအကူအညီတောင်းတာ လစ်လျူရှုမှာတို့ကို စိုးရိမ်ပါတယ်။"

၎င်းအဖြစ်က ကိုယ်ကိုယ်ကိုယုံကြည်မှုအပြည့်အဝမရှိမှုဖြစ်ပြီး မည်သည့်အာဏာပိုင်ကိုမဆို ကြောက်ရွံ့ခြင်းက ရွှေ့ပြောင်းအခြေချနေထိုင်ရေးအတွက် အခြားမရှိမဖြစ်လိုအပ်သည့် အကူအညီများအပေါ် အတားအဆီးတစ်ခုပင်ဖြစ်သည်။ ၎င်းကြောက်ရွံ့သည့်အခြေခံ အကြောင်းတရားအား ရွှေ့ပြောင်းအခြေချပေးရေး အကူအညီပေးဌာနများအနေနှင့် အခြေခံစဉ်းစားရန်လိုအပ်မှုက ၎င်းလုပ်ငန်းစဉ်အတွင်း အစောပိုင်းကတည်းကရှင်းလင်း ထင်ရှားနေခဲ့သည့်ပြင် အစဦးပိုင်း ၁၂ လ ဟူသည့် ကူညီထောက်ပံ့ခြင်းက လုံလောက်မှုမရှိသည့်အခြေအနေအဖြစ် ကျယ်ပြန့်စွာစဉ်းစားခဲ့ကြသည်။

ထိုအချိန်အတိုင်းအတာကျော်လွန်သည့်အခါ ၎င်း ရွှေ့ပြောင်းနေရာချထားမှုကနဦးကာလ၏ စိန်ခေါ်မှုသုံးရပ်မှာ ထင်ရှားလာသည်။ ထိုစိန်ခေါ်မှုတို့မှာ ဘာသာစကားကွဲများ၊ နည်းပညာနှင့်ပတ်သက်သည့်ပြဿနာများနှင့် ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်သစ်တို့၏ကွဲပြားမှု အတွင်း နေရေးထိုင်ရေးခက်ခဲမှုများတို့ဖြစ်ကြသည်။

## ဘာသာစကားကွဲများ

ဗြိတိသျှနိုင်ငံသို့ရောက်ရှိလာခဲ့သည့် အခြားခိုလှုံသူများနှင့် ရွှေ့ပြောင်း အခြေချသူသစ်များနှင့်အတူ မရောက်ခင် ဘာသာစကားပြောသင်တန်းအချို့ပို့ ချပေးခဲ့သော်လည်း ဘာသာစကားပြောဆိုဆောင်ရွက်မှုများက ဆက်သွယ်မှုအတွက် အတားအဆီးဖြစ်ရသည်။ ဥပမာ – လူတို့အား အရေးပေါ်တယ်လီဖုန်းနံပါတ်များအား ဂရုထားစေရန်လေ့ကျင့်ပေးထားသည်။ သို့သော် မည်သည့်အချိန်တွင် အသုံးပြု ရမည်ဆိုသည်နှင့် တယ်လီဖုန်းလာကိုင်ပါက မည်သို့လုပ်ရမည်၊ ပြောရမည်တို့ကို သင်တန်းတွင်သင်ပေးရန် ကျန်ရှိနေခဲ့သည်။ အကျိုးစီးပွားဆိုင်ရာအထောက်အကူပြု ဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရေးသည်လည်း တင်ပြထားသည့် ကွဲဖြစ်သည်။ ပြဿ

> "ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ ကွင်းဆင်းအရာရှိများရောက်လာပြီး စခန်းများအတွင်းရှိ ဒုက္ခသည်တို့အနေနှင့် ဗဟုသုတမရှိ သို့မဟုတ် သူတို့သွားရောက်နိုင်သည့် နိုင်ငံများ၏ အချက်အလက်များအား မသိရှိဘဲ ၎င်းဘဝပြောင်းလဲရေး ဆုံးဖြတ်ချက်အား ချကြရသည်။"

နာနှင့်သို့မဟုတ် ဆူညံသည့်ပတ်ဝန်းကျင်နှင့် ရင်ဆိုင်ရခြင်း၊ ကားလက်မှတ်ဝယ်ယူခြင်းနှင့် လမ်းညွှန်ဆိုင်းဘုတ်များအတိုင်း လိုက်လံသွားလာခြင်းတို့ပင်။

အင်္ဂလိပ်ဘာသာစကားထောက်ပံ့မှုသည် အဓိကအချက်ဖြစ်သည်။ ဗြိတိသျှနိုင်ငံသို့စက်တင်ဘာလပတ်ဝန်းကျင်တွင် ကျောင်းစာရင်းသွင်းချိန်အတွင်း ရောက်ရှိခဲ့သူများအနေနှင့် သင်တန်းများတက်ခွင့်ရသည်။ ကလေးထိန်းကျောင်းတွင်ကလေးများကို ထားရှိခွင့်ကိုလည်း အကျိုးခံစားခွင့်ထိုလက်မှတ်ရှိသူများ အတွက် အခွင့်အလမ်းပေးထားသည်။ ဒုက္ခသည်ကောင်စီလုပ်အားပေးများက အိမ်စာနှင့် အခြားအပိုဆောင်းလေ့လာရေး အထောက်အပံ့တို့ဖြင့် ကူညီကြသည်။ ကျောင်းအလိုက် ကျောင်းအပ်စာရင်းပေးထားသည့် ကလေးများက တိုင်းရင်းသားလူနည်းစု သင်ကြားရေးအထောက်အကူတို့ အားလေ့လာသင်ကြားရန် သင့်လျော်သည်ဟုဆိုကာ ခွင့်ပြုခဲ့သည်။ သို့သော် ထိုနေရာတို့မှာ ၎င်းတို့၏အိမ်များနှင့် မနီးသည့်အတွက် ကားနှင့်သွားကြရသည်။ ထိုအခါ ဆက်သွယ်ဆောင်ရွက်ရေးပြဿ နာများနှင့် တွေ့ကြုံကြရပြန်သည်။

ဘာသာစကားနှင့် အလုပ်အကိုင်ကွဲများသည် ခွဲခြားမရလောက်အောင် ဆက်နွယ်မှုရှိနေပေသည်။ ကရင်အမျိုးသား တစ်ဦးက အောက်ပါအတိုင်းတင်ပြခဲ့သည်။

> "ကျနော်အင်္ဂလိပ်စကားမပြောတတ်ဘူး။ အဓိပ္ပါယ်က အဲဒီတော့ အလုပ်ရှာဘို့ခက်တာပေါ့။ အကျိုးခံစားခွင့်ဌာနကို ကျွန်တော်အမှန်အတိုင်းပြောပြတော့ အလုပ်မရှာရကောင်းလားဆိုပြီး ကျွန်တော့ရဲ့ ခံစားခွင့်ကို တခါတည်းဖြတ်ပစ်လိုက်တယ်။"

ထိုအခြေအနေများအတွင်း အလုပ်ရှာရေးလုပ်ဆောင်နေပါသည် ဆိုသည့်သက်သေပြမှုက အထူးသဖြင့် ခက်ခဲလှသည်။ အကယ်၍ ၎င်းတို့နဖူးတွေ့ဒူးတွေ့တွေ့ရသည့် အလုပ်ဌာန၏ အရာရှိမှာ ခက်ထန်တင်းမာနေသည့် အနေအထားနှင့် ဘာသာပြန်ပေးမည့်သူလည်းမရှိပါက ပွိုလ်ရေးဖိအားဖြစ်လာကာ အကျိုးခံစားခွင့်ရပ်တန့်ရသည့် နားလည်မှုလွဲသည့်အခြေသို့ဦးတည်နေပေသည်။ အကယ်၍ ဒုက္ခသည်တစ်ဦးအနေနှင့် အရည်အချင်းမလိုအပ်သည့် အလုပ်အကိုင်ရရှိပါက လုံခြုံအန္တရာယ်ကင်းစွာလုပ်ကိုင်ရေး စည်းကမ်းများအား နားလည်လိုက်နာနိုင်ခြင်းမရှိမှုသည် ပြဿနာတစ်ခုဖြစ်လာပြန်သည်။ ဗြိတိသျှနိုင်ငံရှိ ဒုက္ခသည်အလုပ်အကိုင်နှင့် သင်တန်းပို့ချမှုပေးအပ်နေသူများအနေနှင့် ထိုင်းနိုင်ငံမှလာသည့် ဒုက္ခသည်များတွင် စခန်းပြင်ပသို့ထွက်၍ အလုပ်လုပ်ကိုင်ခွင့်အား တင်းကြပ်စွာတားမြစ်ပြဌာန်းထားခဲ့သည့်အပေါ် အလုပ်လုပ်ကိုင်ရန် အခွင့်အရေး အနည်းငယ်သာရှိသည်ကိုသတိပြုမိရန်လိုအပ်သည်။ အလုပ်အကိုင်အတွက် သင်ကြားပေးခဲ့ခြင်းမရှိခဲ့သည့် စက်မှုနိုင်ငံတစ်ခုတွင်ပြန်လည်အခြေချနေထိုင်သည့် ဒုက္ခသည်တို့၏ ဒုက္ခအတိုင်းအဆအား တာဝန်ယူစိတ်ဖြင့် ဖြေရှင်းရန်လိုသည်။ ဒုက္ခသည်များစွာတို့ အနေနှင့် အရည်အချင်းမြှင့်တင်ရေး သို့မဟုတ် ရှိပြီးသားအရည်အချင်းတို့အပေါ် အသိအမှတ်ပြုလက်မှတ် လိုအပ်ပေမည်။ သို့မဟုတ်က ၎င်းအနေအထားက ၎င်းတို့ အား စိတ်ကျစေခြင်းနှင့် အင်အားမဲ့ဖြစ်စေခြင်းတို့ ဖြစ်စေပေမည်။ ၎င်းတို့အနေနှင့် အရည်အချင်းများလိုအပ်သည်ဆိုသည့်တိုင် အသိအမှတ်ပြုလက်မှတ်ပေးခြင်း သို့မဟုတ် သင်တန်းများထပ်မံပေးခြင်းတို့က သပွတ်အူလိုက်နေသည့် အတားအဆီး ဖြစ်နေစေသည်။ ကရင်အမျိုးသမီးဒုက္ခသည်တစ်ဦးက အောက်ပါအတိုင်းရှင်းပြခဲ့သည်။

> "ဒုက္ခသည်စခန်းထဲမှာ ကျမ သားဖွားဆရာမအနေနဲ့လုပ်လာတာ အနှစ် ၂၀ ရှိပြီ။ဒါပေမယ့်ဒီမှာတော့ ကျမကိုယ်ကျမ ဒွိတနီးပါးလောက် အသုံးမကျဖြစ်နေရတယ် ထင်တယ်။"

## စက်မှုနည်းပညာ

နေ့စဉ် ရေတွင်းမှရေကို သယ်ယူသုံးစွဲနေရသည့် ဒုက္ခသည်စခန်းမှထွက်လာခဲ့၍ ရေဘုံဘိုင်ခေါင်းမှ ရေပူရေအေးအလွယ်တကူရရှိနိုင်သည့် မြို့ပြသို့ရောက်ရှိလာကြသည်။ သို့သော်ငြားလည်း စက်မှုနည်းပညာက ဘဏ်အသုံးပြုခြင်း၊ ကွန်ပြူတာအသုံးပြုခြင်း သို့မဟုတ် အင်တာနက်အသုံးပြုခြင်းတို့က လေ့လာရန်အချိန်ယူရသည်။ ပြည်ထဲရေးမှထုတ်ပေးထားသည့် နေထိုင်သူများအဖြစ်သက်သေခံစာရွက်များအား အကျိုးခံစားခွင့်ရရှိငွေကို လက်ခံရန် မရှိမဖြစ်လိုအပ်သည့် ဘဏ်စာအုပ်လက်မှတ်ဖွင့်ရန်အတွက် ဘဏ်တိုင်းလက်ခံသည်မဟုတ်ချေ။ ငွေသားလက်ငင်းပေးခြင်း သို့မဟုတ် အလိုလျောက်စက်ယန္တရားများ အသုံးပြုခြင်း တို့ဖြင့် ငွေထုတ်ယူရေး စသည့် အခြေခံဘဏ်လုပ်ငန်းများသည်လည်း သင်ယူရန်ခက်ခဲသည့်အနေအထားအဖြစ် သက်သေပြခဲ့သည်။ စခန်းများအတွင်းနေထိုင်ခဲ့သည့် ငွေအသုံးပြုခဲ့သည့် ဒုက္ခသည်တို့အနေနှင့် ဘဏ်စနစ်အား လွယ်ကူစွာလက်ခံသည်မဟုတ်ပေ။ တခါတရံ လွယ်ကူစွာအသုံးပြုနိုင်ရေးအတွက် ၎င်းတို့၏ ငွေများအား လက်ဝယ်သိမ်းထားလေ့ရှိသည်။

အချို့လူသစ်ရောက်လာသူများအနေနှင့် မီးဖိုချောင်အထောက်အကူပြုပစ္စည်းများ အား အပြည့်အစုံ ရင်းနှီးစွာ အသုံးပြုနိုင်ရေးအတွက် အချိန် ၆ လပတ်ဝန်းကျင်ကြာသည်။ ဘတ်စ်ကားများပေါ်တွင် တံခါးမည်သို့ဖွင့်မည်၊ ဓါတ်လှေကားမည်သို့အသုံးပြုမည်တို့သည်လည်း လေ့လာရန်အချိန်တစုံတရာလိုအပ်သည်။ ကနဦးရွှေ့ပြောင်းအခြေချမှုအတွင်း ဒုက္ခသည်များအား ထိုနေ့စဥ်စိန်ခေါ်မှုများအားဖြေရှင်းနိုင်ရေးအတွက် လုပ်အားပေးများစနစ်ကို အသုံးချခွင့်ရသည်။

ရောက်လာသည့်လူသစ်တို့အတွက် ကျားမအဆင့်အတန်းခွဲခြားမှုမရှိသည့် အပြင်ချက်ပြုတ်လျှော်ဖွတ်ရန်၊ ကလေးအစာကျွေးရန်၊ သန့်ရှင်းရေးနှင့် ဈေးရောင်းခြင်းတို့ပြုလုပ်ရန် လိုအပ်ချက်တို့က အမျိုးသမီးများတွင် ထိုအရည်အချင်းများတိုးတက်ရေးအတွက် သို့မဟုတ် နောက်ထပ်ပညာရေးအတွက် အခွင့်အရေးအနည်းငယ်သာ ရှိသည်ဟု အဓိပ္ပါယ်ရသည်။ ဤကိစ္စဖြေရှင်းနိုင်ရေး စီမံကိန်းများနှင့် အမျိုးသမီးများလုပ်ပိုင်ခွင့် အာဏာတိုးမြှင့်ရေးတို့က အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ အိုမင်းသည့်အမျိုးသမီးများအတွက် စက်မှုနည်းပညာ အသုံးချရေး ကိုယ်ကိုယ်ကိုယုံကြည်စိတ်ချမှုမြှင့်တင်ရေးက မရှိမဖြစ်လိုအပ်ချက်ပင်ဖြစ်သည်။ ယခင်ကတည်းက ထိုစဥ်းစားချက်အများစုတို့အား ကောင်းမွန်စွာစုစည်းထား၍ ထိုအချက်များစွာတို့ကို သိထားရန်လိုအပ်သည်။ ယခင်ကတည်းက ဖြေရှင်းနိုင်မှု မရှိခြင်းက မြန်မာဒုက္ခသည်များ၏ လူမှုရေးကွာများကို သေးသည်ထက်သေးငယ်သွားစေမည်ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးနှင့် စက်မှုနည်းပညာ ပြဿနာများကြောင့် အချို့ပုဂ္ဂိုလ်တို့အနေနှင့် အိမ်အပြင်သို့ထွက်ရန် စိုးရိမ်ကြောက်လန့်နေကြ၍ ၎င်းတို့အုပ်စုမှ အခြားသူများကို တောက်လျှောက်အားကိုးနေရမည်ဖြစ်သည်။ အခြားမြန်မာဒုက္ခသည်များနှင့် နီးကပ်စွာထိစပ်နေထိုင်လိုမှုက ထိုအချက်ကြောင့်အဆန်းတကြယ်မဟုတ်ဘဲ အသိုင်းအဝိုင်းအဖွဲ့ဝင်တို့နှင့်နီးစပ်မှုဖြစ်စေရန် ယခင်ဒုက္ခသည်အုပ်စုအနေနှင့် အင်အားစိုက်ထုတ်မှုတို့သည် ဒုတိယဝင်ရောက်လာသူအားကူညီပေးအပ်မှုတို့ကလည်း နှိုင်းယှဥ်နိုင်သည့်အချက်ဖြစ်သည်။

## မတူကွဲပြားသည့် ယဥ်ကျေးမှုနှင့် ပါတ်ဝန်းကျင်

"အားလုံးမွှောအစ္စီယ်မှန်ရဲ့လား။" ရုက်ဖီးသို့ရောက်လာကြသည့် ဒုက္ခသည်များက အင်္ဂလိပ်လို လပ်ဗ် 'love' ဟူသည့်စကားလုံးအား ပုဂ္ဂိုလ်ရေးဆက်ဆံမှုနှင့်နွယ်၍ တရင်းတနှီးရှိကြသည်။ ရုက်ဖီးသို့ရောက်လာသည့်အပေါ် ဒေသခံတို့က ဤစကားလုံးအား နှုတ်ဆက်စကား အဆုံးတွင်ထည့်သွင်းပြောဆိုလာသည့်အခါ ၎င်းတို့အနေနှင့် သက်တောင့်သက်သာမဖြစ်ကြသည့်အနေအထားရှိသည်။ ဤအနေအထားသည်ပင် အသေးငယ်ဆုံး ယဥ်ကျေးမှုအရ ထိမ်းသိမ်း ဆောင်ရွက်ရန်ဖြစ်သော်လည်း လူသစ်များအတွက် အခက်အခဲရှိသည်။ ကနဦး ဗြိတိသျှ၏ ရာသီဥတုအပေါ် အံ့အားသင့်စွာကြုံတွေ့ရပြီး လိုက်လျော ညီထွေရှိလာပြီးနောက်ပိုင်း ဥပဒေ၊ နိုင်ငံရေးစနစ်နှင့် အသိုင်းအဝိုင်း၏ ချရေးမထားသည့် စည်းကမ်းများအား နားလည်သဘောပေါက်အောင် ပြုလုပ်ခြင်းတို့ ပါဝင်လာသည်။ ၎င်းတို့က အနေအထား ဆုံးရှုံးမှုများစွာအား တွေ့ကြုံခဲ့သည် (အထူးသဖြင့် စခန်းတွင်း အချိန်ပြည့်အလုပ်လုပ်ကိုင်ခဲ့သူများအတွက်)၊ ကျားမအရ လုပ်ပိုင်ခွင့်များနှင့် ယဥ်ကျေးမှုအရကွဲပြားသတ်မှတ်ချက် တို့ပြောင်းလည်းခဲ့သည်။ မြန်မာ သို့မဟုတ် ကရင်အမျိုးသမီးတစ်ဦးအနေနှင့် လက်ဆွဲနှုတ်ဆက်ခြင်းနှင့် လူစိမ်းတစ်ဦး၏ ပွေ့ဖက်မှုသည် အထူးသဖြင့်ထိုတစ်စိမ်းသူက အမျိုးသားဖြစ်နေပါက ဤအတွေ့အကြုံမှာ လုံးဝစိမ်းသည့်အခြေအနေပင်ဖြစ်သည်။ လူကြားထဲတွင် နှုပ်ခမ်းခြင်းနမ်းရှုံ့ခြင်း သို့မဟုတ် စကပ်တိုနံ့နံ့ ဝတ်ထားသည့်အမျိုးသမီးများကို လူသစ်များအနေနှင့် မိန်းမဖြစ်ဖြစ် ယောက်ျားဖြစ်ဖြစ် အံ့အားသင့်ကြပေမည်။ အမျိုးသားတစ်ဦးက အောက်ပါကဲ့သို့မှတ်ချက်ခြသည်။

"ကားဂိတ်ကျွန်တော့ရှေ့မှာ သူတို့နမ်းရှုံ့နေကြတော့ ကျွန်တော်အရမ်းရှက်ပြီး မျက်နှာမထားတတ်လောက်အောင် ဖြစ်ရတယ်။"

အားလုံးအတွက် ကျန်းမာရေးနှင့် ပညာရေးစောင့်ရှောက်မှုတို့မှာ အခမဲ့ဖြစ်ကြောင်း သိနားလည်ခြင်းက သတင်းကောင်းပင် သို့သော် ထိုဒုက္ခသည်တို့အနေနှင့် အတ္တရာယ်ရှိသူများနှင့် မွေးဖွားပြီးစမိခင် စောင့်ရှောက်မှုအခြေ အနေကြားရောက်နေသူတို့ကဲ့သို့ မတူညီသည့်ယဥ်ကျေးမှုတို့နှင့် လိုက်လျော ညီထွေ ဖြစ်ရန် လိုအပ်သည်။ မြန်မာ့ရိုးရာဓလေ့ထုံးစံအရ မွေးဖွားပြီးစမိခင် စောင့်ရှောက်ရေးအတွက် မိခင်အနေနှင့် ၄၅ ရက်အိမ်တွင်းအောင်းရန် လိုအပ်၍ အစားအသောက်ဆင်ခြင်ရခြင်းကဲ့သို့ တိကျသည့်ကျန်းမာရေးစောင့်ရှောက်မှုတို့အား လိုက်နာရန်လိုသည်။ မွေးဖွားမိခင်စိတ်ကျခြင်းအပေါ် အဓိကထားချက်က ယခင်က မြန်မာအမျိုးသမီးများ နဖူးတွေ့ဒူးတွေ့ကြုံရသည့်အဖြစ်တို့နှင့် ဆန့်ကျင်နေပေမည်။ ထို့ပြင် ဆရာဝန်နှင့်တွေ့ရမည့်အချိန်က အယူအဆသစ်ဖြစ်နေသည့်ပြင် ထိုချိန်းဆိုချက်များပျက်ကွက်မှုတို့ကြောင့် အသိုင်းအဝိုင်းအတွင်း 'လုပ်မလား၊ဒါမဟုတ် အလုပ်ဖျက်မလား' ဆောင်ပုဒ်ချထားရခြင်းဖြစ်သည်။ စိတ်ဓါတ်ကျခြင်း၊ အထီးကျန်ခြင်းနှင့် အသိုင်းအဝိုင်းအကူအညီမပြည့်စုံမှုတို့အားလုံးကို ခွဲခြားသတ်မှတ်ထားပြီးဖြစ်သည်။ သို့သော် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးတည်ရှိမှုဝန်းကျင်ရှိ အရှက်တရားနှင့် အကြံပြုခြင်းတို့က မကြာမကြာ ဆေးသောက်ခြင်းကိုပိုနှစ်သက်ကြသည့်အတွက် ကျဆင်းရသည်။ ဤသည်မှာ ဘာသာပြန်သူများက ထိုအသိုင်းအဝိုင်းအတွင်း မှဖြစ်နေခြင်းနှင့် ဒုက္ခသည်များက ၎င်းတို့၏ပြဿနာတို့အား လူသိမည်စိုးသောကြောင့် ဖြစ်ပေါ်ရခြင်းပင်ဖြစ်သည်။

ရောက်လာမည့်သူများအား ကလေးကာကွယ်စောင့်ရှောက်ခြင်း သို့မဟုတ် အိမ်တွင်းအကြမ်းဖက်မှုနှင့် ပတ်သက်သည့် အချက်အလက်တို့အား ကြိုတင်ဝေငှထားပြီးဖြစ်သော်လည်း တွေ့ရသည်များက ထိုဥပဒေများနှင့် ပတ်သက်၍ဖြစ်ပွားသည့် ပြင်းထန်သည့် အခြေအနေများအပေါ် ၎င်းတို့ ပြည့်ဝစွာ နားလည်သဘောပေါက်ထားခြင်း မရှိကြောင်း တွေ့ရသည်။ ထိုကိစ္စများအပေါ်ဆွေးနွေးရန် လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲများအား ထိလွယ်ခိုက်လွယ် ကိုင်တွယ်မှုများအတွက် လိုအပ်မည်ဖြစ်သည်။ သို့သော် လုပ်ငန်းစဉ်တွင်း သို့မဟုတ် ရွှေ့ပြောင်းနေရာချထားရေးများအတွင်း အကူညီဖြစ်စေမည်ဖြစ်သည်။ မြန်မာ့ဓလေ့ထုံးတမ်းအရ မြစ်ဖျားခံလာသည့် ခွဲခြားမှု ထိမ်းသိမ်းထားရန်နှင့် တချိန်တည်း ပိုင်ဆိုင်မှုအမြင်အား တိုးတက်ရေးလုပ်ဆောင်ရန် စိန်ခေါ်မှုက လွယ်ကူသည့်အရာမဟုတ်ပေ။ ရွှေ့ပြောင်းအခြေချခဲ့သည့် မြန်မာဒုက္ခသည်များထောက်ပံ့မှုနှင့် နှိုင်းယှဥ်ကြည့်မည်ဆိုပါက အမေရိကန်နိုင်ငံသို့ ၁၉၈၀ ခုနှစ်များအတွင်း လော၊ ဗီယက်နမ်နှင့် ခမာဒုက္ခသည်များအား ကြိုတင်၍ ခြောက်လ ဆက်တိုက်အင်္ဂလိပ်စာလေ့လာရေးသင်တန်းနှင့် ယဥ်ကျေးမှုမိတ်ဆက်သင်တန်းများအား မထွက်ခွာမီ ရရှိကြ၍ ဤဆောင်းပါးတွင်ပါဝင်သည့် မီးမောင်းထိုးပြခဲ့သည့် ကိစ္စရပ်များစွာတို့အား လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့သည်။ အကယ်၍ ဤအထူးတာရှည်ခံမည့် ဖြေရှင်းမှုအား အောင်မြင်မှုအတွက် အကောင်းဆုံးအခွင့်အရေးအတွက် ပေးအပ်လိုပါက မြန်မာဒုက္ခသည်တို့အတွက် ပိုမိုကောင်းမွန်သည့် ရွှေ့ပြောင်းအခြေစိုက်ရေးမိတ်ဆက်ဆောင်ရွက်မှုကို ဦးစားပေးလုပ်ဆောင်သင့်သည်။

## မူဝါဒဆိုင်ရာ အကြံပြုချက်

- တင်ကြို၍ သွားရောက်အခြေချမည့်နိုင်ငံများသို့ မရောက်ရှိမီ ဒုက္ခသည်တို့အား ထိုနိုင်ငံတို့နှင့်ပတ်သက်သည့် အချက်အလက်တို့အား ပိုမိုကောင်းမွန်သည့် ပေးအပ်မှုပြုလုပ်ရန်
- ရောက်လာသည့်အချိန်တွင် ဒုက္ခသည်တို့အတွက် အခွင့်အရေးများ၊ ခံစားပိုင်ခွင့်များနှင့် စည်းမျဉ်းစည်းကမ်းတို့အား ကောင်းမွန်သည့် အရည်အသွေးနှင့် လက်ခံနိုင်မည့် အချက်အလက်တို့အား ပေးဝေရန်
- လုပ်ငန်းစဉ်တစ်ခုလုံးအတွင်း အကြံပေးဌာနများအတွက် အရံရံပုံငွေ ထောက်ပံ့ရန်
- ပထမပိုင်း ၁၂ လ ထောက်ပံ့မှုကာလအား တိုးမြှင့်ပေးရန်
- ပဏာမ လုပ်ဆောင်မှုများအတွင်း ဗျူရိုကရေစီအရလုပ်ဆောင်မှု အနေအထားနှင့် နေ့စဉ် လက်တွေ့စိန်ခေါ်မှုများအား အကူအညီပေးရန် ဒုက္ခသည် အားပေးစောင့်ရှောက်သူများအားအသုံးပြုရေး
- အမျိုးသမီးများပိုမိုအခွင့်အရေးနှင့် လုပ်ပိုင်ခွင့်ရလာစေရေးအတွက် သင်တန်းစီမံချက်များအားထားရှိရေး
- အလုပ်အကိုင်အတွက် လက်လှမ်းမီစေရေး အရည်အချင်းဖြည့်စည်းမှုသင်တန်းများပေးရေး
- ကာကွယ်စောင့်ရှောက်ရေးစီမံချက်ဝင်ပေါက်၊ အေနတပေ့မသအနခအသေည္မသါမဘေန စီမံကိန်းဌာန၏ ရည်ရွယ်ချက်နှင့် အောင်မြင်မှုတို့အား ပုံမှန် အကဲဖြတ်မှုလုပ်ဆောင်ရေး
- စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကျွမ်းကျင်သူများအား လက်လှမ်းမီစေရေးအတွက် ယဥ်ကျေးမှုဆိုင်ရာ ထိလွယ်ခိုက်လွယ်အနေအထားများအား ဖွံ့ဖြိုးရေးလုပ်ဆောင်ရန်
- ရောက်လာသည်နှင့် ကလေးကာကွယ်စောင့်ရှောက်ရေးနှင့် အိမ်တွင်းအကြမ်းဖက်မှု အပါအဝင် အိမ်တွင်းရေးဆိုင်ရာဥပဒေကို သိနားလည်စေရေးအတွက် လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲများ ထောက်ပံ့ပေးအပ်ရန်တို့ဖြစ်သည်။

*ပက်ထရစ်ရှာ ဟိုင်းစ် **(t.hynes@mdx.ac.uk)** သည် ထိုင်းမြန်မာနယ်စပ်တွင် ၁၉၉၆ မှ သက္ကရာဇ် ၂၀၀၀ အတွင်း ဒုက္ခသည်တို့အတွက် အကူအညီပေးရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့သူဖြစ်သည်။ မယဥ်မွန်သူ **(soa07ymt@sheffield.ac.uk)** သည် ၂၀၀၅ ခုနှစ်မှစ၍ ရောက်ရှိလာသည့်ဒုက္ခသည်သစ်များ အတွက် ရှက်ဖီးမြို့တွင် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများလုပ်ကိုင်နေသူဖြစ်သည်။*

*ဤဆောင်းပါးသည် လေ့လာထားချက်များ၊ လူတွေ့မေးမြန်းချက်များနှင့် စာရေးသူများ၏ အတွေ့အကြုံတို့အပေါ် အခြေခံထား၍ မည်သည့်အဖွဲ့အစည်းကိုမျှ ကိုယ်စားပြုထားသည့် အယူအဆများမဟုတ်ပါပေ။*

၁ အစိုးရမဟုတ်သည့်အဖွဲ့အစည်းဝန်ထမ်းနှင့် စကားလက်ဆုံပြောခြင်း၊ ထိုင်းမြန်မာနယ်စပ်၊ ၂၀၀၇ ခုနှစ် မတ်လ

၂ www.iomlondon.org

ဤမြန်မာဘာသာဖြင့်ထုတ်ဝေသည့်
နေရပ်မှအတင်းအဓမ္မရွှေ့ပြောင်းခံရခြင်းစာစောင်
(FMR) အား ပုံနှိပ်ထုတ်ဝေမှု
ပြုလုပ်နေသည့်အနေအထားတွင်
ဣာဂက နာဂစ်စ်ဆိုင်ကလုံးမုန်တိုင်း၏
မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားတို့အပေါ်
ဖွတ်ဖွတ်ညက်ညက်ကြေသည့်ထိခိုက်မှုအား
အာရုံစိုက်စောင့်ကြည့်နေကြပေသည်။
အသေအပျောက်နှုန်းနှင့် ဆုံးရှုံးမှုပျက်စီးမှု
များကိုလည်း နေ့စဉ် မြန်ဆန်စွာသိနေရပေသည်။
FMR အနေနှင့် မြန်မာပြည်သူပြည်သားတို့၏
ရှင်သန်ရေးအတွက် ကြိုးပမ်းအားထုတ်မှုနှင့်
ဘေးအန္တရာယ်အပြီး ပြန်လည်တည်ဆောက်ရေးတို့
အတွက် မြန်မာလူထုနှင့်ထပ်တူ
သွေးစည်းညီညွတ်မှုရှိ
နေမည်ဖြစ်ပါကြောင်း ဤနေရာမှ အလေးအနက်
ဖော်ပြအပ်ပါသည်။



NCA-ACT International



DCA-ACT International